
www.burmeseclassic.com




# လမင်းမိုမို

## အဖြူကိုအရောင်ဆိုးသူများ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





# လမင်းမှိုမှို

## အဖြူကို

## အရောင်ဆိုးသူများသို့

စီစဉ်သူ

မောင်ကျော်လှိုင် (စေတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com







# ၁

ငွေစင်သည် မီးပူခလုတ်ကို ပိတ်ပစ်လိုက်ကာ ဖူးခနဲ လေပူတွေ မှုတ်ထုတ်ပစ်လိုက်ပါသည်။ ရာသီဥတုကလည်း ပူလိုက်တာ။ ပူရတဲ့ကြားထဲ နေ့လယ်နေ့ခင်းကြီးမှာ မီးပူတွေ တစ်ပုံကြီး ထိုင်တိုက်နေရ၍ တစ်ကိုယ်လုံး ပူလောင်ကာ ချွေးပြိုက်ပြိုက်ကျလာသည်။

ငွေစင်က အလွယ်တကူပင် ဝတ်ထားသော တီရှပ်ဖားဖားရဲ့ အင်္ကျီအောက်နားကိုလှန်ကာ နဖူးစပ်က ချွေးသီးချွေးပေါက်တွေကို ပွတ်သုတ်ပစ်လိုက်ပါသည်။ မီးပူတိုက်ရတဲ့အလုပ်ကို ငွေစင် အမုန်းဆုံး။ အဝတ်တွေ တစ်ပုံကြီး ထိုင်လျှော်လိုက်ရတာကို လုပ်ချင်သေးသည်။ မီးပူတိုက်ရမှာကိုတော့ စိတ်ပျက်လှပါသည်။ ဒါပေမဲ့ မတိုက်လို့လည်း မဖြစ်ဘူးလေ။ ငွေစင်မှ



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကို မီးပူမတိုက်ရင် ဘယ်သူတိုက်ရမှာလဲ ဆိုတော့ မေမေ။

ဟိုနတ်သမီးနှစ်ပါးက အလုပ်မှ လုပ်တာမှမဟုတ်တာ။ အကြီးမဆိုရင် ကျောင်းစာအုပ်လေး ရှေ့မှာဖြန့်ချထားလိုက်ရုံနှင့် တာဝန်အရပ်ရပ်မှ ကင်းလွတ်ခွင့် ရနေတော့သည်။ ကိုးတန်းကျောင်းသူကြီးမို့ အရေးကြီးနေပြီတဲ့။ အပျင်းလည်း ကြီးလှပြီး သူ့လက်သည်းတွေကို နည်းနည်းမှ အထိခိုက်မခံနိုင်တဲ့ အကြီးမ "ရှင်မင်းဦး"ဟာ စာကျက်ချင်ချင် မကျက်ချင်ချင် သူရှိရာအရပ်မှာ သူ့ရှေ့၌ ဗလာစာအုပ်တစ်အုပ် ပွင့်လျက်သား ချထားလေ့ရှိသည်။

ထမင်းစားရင်းလည်းပဲ ကျောင်းဗလာစာအုပ်က ရှေ့မှာဖွင့်လျက်။ လူကသာ တွေးချင်ရာတွေးနေမှာ စာအုပ်ကိုတော့ ထုံးစံမပျက် ရိုးရာမပျက် အချိန်ပြည့်ဖွင့်ကာ လှန်ထားမြဲပင်။ သို့သော်လည်းပဲ ပြောသာပြောရတာ။ အဲဒီဂုဏ္ဍာမလေးက စာတော့တော်သည်။ ဒီတော့လည်း သူ့ရှေ့မှာ စာအုပ်တစ်အုပ် ဖွင့်လှန်ထားခြင်းဟာ ဒီအိမ် ဒီမိသားစုအတွက် အရေးထား ဦးစားပေးရမယ့်ကိစ္စတစ်ခု ဖြစ်လာကာ ဒီလိုစာအုပ်ဖွင့်လှန်ထားရင် သူ့ကိုဘာမှ မခိုင်းရ၊ မဆူရ၊ မပြောရ၊ မကန့်ကွက်ရ၊ မဆန့်ကျင်ရ၊ ... ... ရ၊ ... ... ရ။





ဒုတိယနတ်သမီးတစ်ပါးဖြစ်တဲ့ "ရှင်နှောင်းထွေး"ကတော့ အလကားနေရင်းနဲ့ကို သူ့ကို ကြောက်နေရတာဖြစ်သည်။ သူပဲ အိမ်မှာဗိုလ်။ အရာရာဟာ သူ့သဘောကျ သူ့စိတ်တိုင်းကျ ဖြစ်ရသည်။ သူ့အဖေရဲ့ အသည်းကျော်ဖြစ်၍ သူ့အဖေကတောင် သူ့ကို မျက်နှာအညိုမခံလေရာ ကျန်တဲ့လူတွေအဖို့ ပြောစရာမရှိ။

သူကြိုက်တဲ့ဟင်း ဥပမာ ... ဆိတ်သားဒွာပနာနှင့် အာလူးကက်တလိတ်ဆိုလျှင် ဒီနေ့လည်း ဆိတ်သားဒွာပနာ အာလူးကက်တလိတ်၊ နောက်နေ့လည်း ဆိတ်သားဒွာပနာအာလူးကက်တလိတ်၊ နောက်နေ့လည်း ...။ ဤသို့ဖြင့် သုံးလေးရက် သူ ရိုးအီတဲ့အထိ ကျန်တဲ့အိမ်သားတွေ တငြီးငြီးတငွေ့ငွေ့လိုက်စားရတတ်သည်။

ရှင်နှောင်းထွေးကို မေမေ ဆူလျှင် ရိုက်လျှင်ပင် သူ့အဖေက မကြိုက်ပါ။ ဒီတော့ မေမေ ကိုယ်တိုင်သည်ပင်လျှင် သူ့အဖေ စိတ်ဆိုးမှာစိုးပြီး ရှင်နှောင်းထွေးကို အရိပ်အကဲကြည့်ကာ ဟန့်ရ တင်းရသည်။ သူတို့အဖေ ဦးတင့်ဇော် မျက်နှာမကြည်သာတော့ဘူး ကြိုက်ပုံမပေါ်တော့ဘူးဆို မေမေ အရှိန်သတ်ရသည်။

"ကလင် ... ကလင် ... ကလင်"

အိမ်ရှေ့က ဘဲလ်မြည်သံကြောင့် ငွေစင်က နားစွင့်လိုက်ပါသည်။ ဒါဟာ ရှင်မင်းဦး ကျူရှင်က ပြန်လာတာ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ဒီအချိန်ပင်။ အိမ်မှာ မေမေ၊ ငွေစင်နှင့် ရှင်နှောင်းထွေးတို့ရှိသည်။ မေမေက ရေချိုးနေသည်။ ရှင်နှောင်းထွေးက စီဒီယိုအခွေ ကြည့်နေသည်။ အခွေကြည့်နေသည်မှာ ညှော်ခန်းမှာ။

သူ ထ,ဖွင့်ဖို့ အနီးလေးဖြစ်၍ ဖွင့်မှာပဲလို့တွေးကာ ငွေစင်က ထိုင်နေရာမှမထ။

သားမှာ ကျန်နေသေးတဲ့ မီးပူတိုက်ဖို့အဝတ်ပုံကြီးကို ကြည့်ရင်း ခဏအအိုက်ဖြေနေသည်။

"ကလင် .... ကလင် ... ကလင်"

"မကြီး"

ရှင်နှောင်းထွေးရဲ့ အော်သံ။

ငွေစင်သည် စိတ်တိုတိုနှင့် ကိုယ့်ညီမဖြစ်တဲ့ ရှင်နှောင်းထွေးကိုပင် ပါးစပ်တလှုပ်လှုပ် ရေရွတ်ကာ ကျိန်ဆဲမိသည်။ အပျင်းမ၊ အာပြဲမ၊ တစ်ကိုယ်ကောင်းမ။ ထိုင်ရာက မထချင်အောင် အပျင်းကြီးတတ်လှ၍ တစ်နေ့သောအခါ ဖင်ကအမြစ်ထွက်ပြီး ထိုင်နေတဲ့နေရာမှာ တွယ်နေပါစေ။ ထလို့မရတော့ဘဲ အမြစ်တန်းလန်းနဲ့ အိနဲ့ အိနဲ့ ဖြစ်နေပါစေ။

ငွေစင်သည် "တကယ်ဖြစ်ပါစေ"လို့ အဆုံးသတ်လေး ကျိန်ဆဲပြီး ထိုင်ရာကထ,ကာ အိမ်ရှေ့သို့ အပြေးထွက်ခဲ့ပါသည်။ အိမ်ရှေ့ သံဘာဂျာတံခါး အပြင်ဘက်မှာ ရပ်နေရတဲ့ ရှင်မင်းဦးသည် စိတ်ဆိုးမာန်ဆိုးနှင့် ...





"မကြီးက ဘာလုပ်နေတာလဲ၊ ဦး ... ဘဲလ်တီးတာဖြင့် ကြာလှပြီ၊ ဘာလို့ ချက်ချင်းလာမဖွင့်တာလဲ"

ငွေစင်က ရှင်နှောင်းထွေးဘက် မျက်စောင်းလှည့်ထိုးရင်း ...

"ဟိုအငယ်မက ဒီနားတင် ရှိနေတာ သူ ထ,ဖွင့်မယ်လို့ ထင်မိလို့ပေါ့ဟဲ့"

"သူလား ထ,ဖွင့်မှာ၊ မကြီးဘဲ ဖွင့်ရမှာကို စောစောတည်းက လာဖွင့်လိုက် ပြီးရော၊ မြန်မြန်ဖွင့်လေ"

"ဖွင့်မှာပေါ့"

ငွေစင်သည် ကိုယ်က အကြီးပင် ဖြစ်လင့်ကစား တစ်ခါတစ်ခါတော့ ဘယ်တုန်းကမှ မရဘူးတဲ့ အနိုင်ကို မထိခလုတ်ရယူချင်တတ်ကာ ရသလောက် ကတ်ဖိုးကတ်ဖဲ့ တိုက်တတ်သည်။ ခုလည်းပဲ တံခါးဖေကို အရင်လာပြီးမှ စကားတစ်ခွန်းနှစ်ခွန်းပြောနေသေးပြီးမှ အတွင်းကို ပြန်လှည့်ဝင်၍ သော့ပြန်ယူသည်။

ခုနက ထွက်လာကတည်းက တစ်ခါတည်း သော့ကိုယူလာခဲ့ရင် ရသော်လည်း ကိုယ့်လိုပဲ အများသူငါ စိတ်အနှောင့်အယှက် ဖြစ်ပစေဦးဆိုတဲ့ စိတ်ပုပ်စိတ်ယုတ်ကလေးနှင့် တမင်တကာ ကတ်ဖဲ့တိုက်တာပင်။ အပြင်က စောင့်ရတဲ့သူက အသည်းတွေယားချင်စရာ ဖြစ်သော်လည်း ဖြစ်ပစေပေါ့။ ကိုယ်ချည်းသာ အမြဲတမ်း အညှဉ့်ခံရ၊ သည်းခံရတဲ့ဘဝမို့ သူများကိုလည်း သည်းခံရတဲ့အဖြစ်မျိုး ကြုံစေချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မကြီး ... မြန်မြန်လုပ်ပါဆိုမှ"

"အော်မနေနဲ့ မဦးရေ၊ မဦး အော်လေ သူက ပိုပြီးကြာကြာယူလေဖြစ်မှာ၊ သူ့အကြောင်း သိသားနဲ့"

ရှင်နှောင်းထွေးက ဓိမ်မပျက် ဗီဒီယိုကြည့်ရင်းက လှမ်းအော်သည်။

"နင် ငါ့ကို ပြောစရာမလိုဘူး၊ ဒီအိမ်မှာ ဘယ်သူမှ နင့်လောက် မပျင်းဘူး"

"ပျင်းတော့ ဘာဖြစ်လဲ၊ ပျင်းတဲ့လူက ရိုးသားတယ်၊ မကြီးလို ကတ်ဖွဲ့တိုက်တတ်တဲ့ လူမျိုးကသာ စိတ်ထားမကောင်းတာ၊ သူများကို နည်းနည်းကလေးဖြစ်ဖြစ် စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ရမှဆိုတဲ့ စိတ်ကမှပုပ်တာ"

"အေး ... သိရင်ပြီးတာပဲ"

တမင် မခံချင်အောင် ပြန်ပြောလိုက်ပြီး သော့ကိုယူကာ တံခါးလာဖွင့်ပါသည်။ အဲသလောက် ပြန်ပြောတာထက်လည်း ပိုပြီး အရေးယူလို့ မရဘူးလေ။ ဘာမှလုပ်ခွင့်မရှိဘူးလေ။ ဟိုးတုန်းကတော့ ပြောပြီး တစ်ချက်လောက် ဖိတ်ထုပစ်လိုက်တာမျိုး၊ ခေါင်းခေါက်ပစ်လိုက်တာမျိုး လုပ်ခဲ့ဖူးသည်။ အဲဒီအပြုအမူမျိုးရဲ့ အကျိုးဆက် အဆုံးသတ်မှာ မေမေနှင့် ဦးတင့်ဇော် ရန်ဖြစ်ရခြင်း၊ မေမေ မျက်ရည်ပေါက်ကြီးငယ် ကျရခြင်းတို့သာလျှင်ဖြစ်ကြောင်း





အကြိမ်ကြိမ် သာဓကကြုံရပြီးတဲ့အခါတွင် ငွေစင်သည် ဘယ်လောက် အသည်းယားပါစေ၊ ဒေါသထွက်ပါစေ၊ ကိုယ့်ရဲ့အမေတူအဖေကွဲ ညီမရင်းကို လက်ဖျားနဲ့ မထိမိအောင် ထိန်းချုပ်မျိုသိပ်ကျင့် ရခဲ့ပါသည်။

ငွေစင့် အသက်ဟာ နှစ်ဆယ်ထဲမှာ။ ရှင်မင်းဦးက ဆယ့်ငါးနှစ်ထဲမှာ။ ရှင်နှောင်းထွေးက ဆယ့်လေးနှစ်ထဲမှာ။ ကိုယ့်ထက် ငါးနှစ် ခြောက်နှစ် ငယ်ကြတဲ့ ညီမတွေဖြစ်ပေမယ့် မှားရင်လည်း ဆူခွင့်မရှိ ပြောခွင့်မရှိ။ အနိုင်ကျင့်တယ် ဗိုလ်ကျတယ်လို့ အစိပ္ပာယ်ကောက် ခံရသည်။ နှုတ်နှင့်ပြောတာတောင်မှ တအားကြီး နစ်နစ်နာနာ ပြောခွင့်မရှိ။

သူတို့နှစ်ယောက်ကတော့ အဖေ့တော်တုတ်အားကိုးနှင့်မို့ အစ်မဖြစ်သူကို မရိုမသေလည်း ပြောရဲသည်။ ပမာမခန့်လည်း နှုတ်လှန်ထိုးရဲသည်။ ရန်လည်းစဝံ့သည်။ သည်းခံနိုင်ရင်ခံ။ မခံနိုင်ရင် မကြားချင်ယောင်ဆောင်။ မဆောင်နိုင်ရင် လွှတ်ကင်းရာကို ခဏတဖြုတ်ထွက်သွား။

မေမေက သမီးကြီးဘက်မှ ဘယ်တော့မှ ရပ်ပေးရိုးထုံးစံမရှိ။ ဒါဟာ အရှည်သဖြင့်အတွက် တမင်တကာ မေမေရွေးချယ်ထားတဲ့ လမ်းစဉ်ပါလို့ နလုံးသားထဲက နားလည်နေသော်ငြား တစ်ခါ တစ်ခါတော့ ထိုနလုံးသားက နာသည်။ မေမေဟာ လုံးလုံးအိမ်ရှင်မ။ ဦးတင့်ဇော် ပေးသမျှငွေကိုသာ တွက်ချက်



www.burmeseclassic.com

www.burmeseclassic.com



ဆေခြမ်းသုံးစွဲရတာဖြစ်၍ ဦးတင့်ဇော် မျက်နှာကို အမြဲကြည့်နေရသည်။

အရင်အိမ်ထောင်နဲ့ရှိခဲ့တဲ့ သမီးအကြီးကို လက်ရှိခင်ပွန်းက မကြည်ဖြူဘူး၊ မကျေနိုင်ဘူးဆိုတဲ့ အခြေအနေအထိ ဖြစ်မလာအောင် မေမေက ရပ်တည်တတ်ပါသည်။ ဤအတွက် နာကျင်ခဲ့ရသည်တို့ကတော့ ငွေစင့်ရဲ့နှလုံးသားအပြင် ... အသား။ အငယ်တွေနှင့် ဖက်၍ရန်ဖြစ်လျှင် မေမေက ငွေစင့်ကိုသာ ထုနက်ဆုံးမတတ်၍ ချက်ချင်း ပါးစပ်ပိတ်သွားအောင် လုပ်တတ်ပါသည်။ နာကျင်သွားရတဲ့ အသား၊ နာကျင်သွားရတဲ့ နှလုံးသားတို့နှင့် အမှန်ဟာ ဘယ်လိုဟာလို့ နားလည်တယ် မှန်သော်လည်း တစ်ခါတစ်ခါ မေမေ့ကို နာကြည်းမိတတ်ပြန်လေသည်။

ယောက်ျားကို မျက်နှာလိုအားရ၊ နောက် သမီးတွေကိုသာအရေးပေး အလေးထားတယ်လို့ စွပ်စွဲလျှင် မေမေ့အသည်းနာလှသည်ကို သိသော်လည်း တစ်ခါတလေတော့ ငွေစင်သည် မေမေအသည်းနာလည်း နာစေတော့ဟု စိတ်ပေါက်ပေါက်နှင့် မိုက်မိုက်မဲမဲ စကားနာထိုးတတ်သည်။

အဲသည်အခါ ကျဆင်းတဲ့ မေမေ့ မျက်ရည်တို့က ငွေစင့်ရင်ကို ပူလောင်စေလှပါသည်။ လောကကြီးဟာ ဘာကြောင့် တစ်ဖက်စောင်းနင်း ဆန်လှတာလဲ။ ငွေစင့်ဖေဖေကရော ဘာဖြစ်လို့ ရုတ်တရက် သေသွားရတာလဲ။ မေမေဟာ ဝဋ်ကြီး





တယ်ပဲ ဆိုရမည်။ မွေးကတည်းက မဆင်းရဲလွန်းသော်လည်း မပြည့်စုံတဲ့ဘဝနှင့် ကြီးပြင်းရကာ ပြည့်စုံလွန်းတဲ့သူနှင့် ချစ်ကြိုးသွယ်မိသည်။

ပြည့်စုံလွန်းတဲ့သူဘက်က သဘောမတူ လက်မခံခြင်းကို မျက်စိစုံမှိတ် ဖွတ်တိုးဆန့်ကျင် ရှေ့ဆက်ကြ၍ ဘဝအစက အဆင်မပြေပါ။ ငွေစင့်ကို မွေးအပြီး ငွေစင် နှစ်နှစ်သမီးအရွယ်မှာ ဖေဖေဟာ သူမောင်းနေတဲ့ အငှားကားနှင့် နောက်တစ်ကား တိုက်ခိုက်မိတဲ့ မတော်တဆမှုနှင့် ပွဲချင်းပြီး ကွယ်လွန်ခဲ့ပါသည်။

ကျောထောက်နောက်ခံလည်း ဘာမှမရှိတဲ့ မေမေဟာ ငွေစင့်လက်ကိုဆွဲပြီး ရသလို ဖြစ်သလို ရုန်းကန်ခဲ့ရှာပါသေးသည်။ သို့သော် ကုသိုလ်ကံကိုက ဆိုးတာလား။ မေမေက ခွဲမရှိတာလား ဆိုတာတော့ ငွေစင် ဉာဏ်မမီ။ ငွေစင် လေးနှစ်ကျော်ကျော်မှာ မေမေက ဦးတင့်ဇော်နှင့် ထပ်မံအိမ်ထောင်ပြုလိုက်ပါသည်။

အဲဒီတုန်းက ဦးတင့်ဇော်ဟာ မေမေ့ အခြေအနေထက်တော့ သာသော်လည်း သာမန်ကုန်သည်ပွဲစား သေးသေးကွေးကွေးမျှသာ။ မေမေနှင့် လက်ထပ်ပြီးတဲ့နောက် စီးပွားဖက်အဖြစ် ကံစပ်တဲ့ အိမ်ထောင်မျိုးဟု သတ်မှတ်ရလောက်အောင် တစ်ရှိန်ထိုး စီးပွားတက်လာတာ။



www.burmeseclassic.com

www.burmeseclassic.com



မွေးလာတဲ့ ကလေးတွေက စီးပွားတက်စေတဲ့ ကလေးတွေလို့ ကြံဖန်နှာမည်ကောင်း ရကြတာပေါ့။ ရှင်မင်းဦး မွေးပြီး တစ်ကြိမ်စီးပွားတက်တာက ခပ်သာသာပင်။ ရှင်နှောင်း တွေး မွေးပြီးတဲ့နောက် စီးပွားတက်ပုံကမှ ကြမ်းသည်။ ကုသိုလ်ကံ အကျိုးပေးချိန်တန်တော့ လက်နဲ့ထိတာ ရွှေဖြစ်နေသလိုကို စီးပွား ဖြစ်တာ။

ဦးတင့်ဇော် လှောင်တဲ့ကုန်ဆိုလျှင် ဈေးကခုန်တက် သွားပြီ။

အဲဒီတော့လည်း ဦးတင့်ဇော်ဟာ မာန်တက်လာ သည်။ တကယ်ပါ။ မေမေနှင့် လက်ထပ်ကာစက ဦးတင့်ဇော်က ရိုးရိုးကုပ်ကုပ်ပင်။ လွယ်အိတ်တစ်လုံး လွယ်ထားတတ်တဲ့ သူ့ပုံ ကို မှတ်မိနေပါသေးသည်။ တဖြည်းဖြည်း အောင်မြင်မှုနှင့်အတူ မာန်ပါတက်လာတဲ့ ဦးတင့်ဇော်ဟာ မေမေ့အပေါ် ဆက်ဆံပုံရော ငွေစင့်အပေါ် ဆက်ဆံပုံရော ပြောင်းလဲခဲ့ပါသည်။

သူ့လို သူတော်ကောင်းကြီးမို့သာ ငွေစင့်ကိုပါ မငြို မငြင် ရှာဖွေတင်ကျွေးထားတာ ဆိုတဲ့ သဘောမျိုး သက်ရောက်တဲ့ စကားတွေ အမူအရာတွေနှင့် မလျှော့တိုင်လည်း တက်တက်လာ သည်။ မေမေကတော့ "အဲဒီလို မတွေးရဘူး သမီး"လို့ ငွေစင့် ကို ဆုံးမပါသည်။





သို့သော် ငွေစင်သည် ကျွေးထားတာကို ကျေးဇူးတင် တာထက် နင့်သမီးကို ကျွေးထားရတယ်ဆိုပြီး မေမေ့အပေါ်အနိုင် ယူ ဗိုလ်ကျတာကို မုန်းတီးတာကပိုသည်။ ကျေးဇူးရှင်စာရင်းသွင်း ဖို့ထက် မကျေမနပ် မကြည်မညိုခြင်းက ပိုလာသည်။ ယောကျ်ား ကြီးတန်မယ့် သူ့သမီးရင်းတွေထိ ဓားကြည့်ဆိုတဲ့ပုံမျိုး ဖမ်းထား သည်မှာ အန်ချင်စရာကြီး ကောင်းတယ်လို့ ငွေစင် ခံစားရသည်။

အဲဒါကြောင့်လည်း မေမေဟာ ကိုယ်ကမွေးတဲ့ ကိုယ့်သမီးရင်းတွေကိုပင် မပြောရဲ မဆိုရဲ၊ အမေဖြစ်ပြီး မပိုင် မနိုင်ရှိလှပါသည်။ အဲဒီထက်ပို၍ မေမေ ဝင့်ကြီးသေးသည်မှာ အနိမ်ခံသမီးအကြီးကလည်း အရည်အချင်း အစွမ်းအစကလေး နှင့် တော်သလားဆိုတော့ ဆယ်တန်းကို တဖုတ်ဖုတ်ကျခဲ့သည် မှာ သုံးနှစ်ရှိပြီ။ ဒီနှစ်ဖြေဖို့ ရည်ရွယ်မထား။ ဖြေရမှာ ရှက်လာပြီ။

ငွေစင် ဆယ်တန်းတော့ အောင်ချင်ပါသေးသည်။ ခုတောင် မျက်နှာသာမရတာ။ ကိုယ်က ဆက်ကျနေပြီး ငါးနှစ် နီးပါးငယ်တဲ့ ညီမက ဆယ်တန်းအောင်သွားရင် ပိုပြီးသိမ်ငယ် စရာဖြစ်မည်။ တစ်ခါတစ်ရံတော့ စိတ်ကူးယဉ်မိသည်မှာ ဆယ် တန်းတွေအောင်၊ ဘွဲ့တွေရ၊ မေမေ့ကို ငွေစင် လုပ်ကျွေးတော့မည် ရယ်လို့ လက်ကိုဆွဲပြီး အိမ်ပေါ်ကဆင်းကာ သားအမိနှစ်ယောက် တည်း ထွက်လာတာမျိုးကို မကြာမကြာ စိတ်ကူးယဉ်မိတတ်ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း စိတ်ကူးသာ ယဉ်တတ်ပြီး တကယ်တမ်း အသုံးမကျ။ အနုံမ အညံ့မလို့ ကိုယ့်ကိုယ်ကိုယ်လည်း ကျိန်ဆဲတာပင်။ ဘာကိုမှ မကျေနပ်။ လောကကြီးမှာ အရာရာကို မကျေနပ်တာတွေများနေတဲ့ မိန်းမငယ်တစ်ယောက်အဖို့ ဘာထွက်ပေါက်မှလဲ မရှိဘဲ အရာရာက မုန်းစရာဟာ ကောင်းနေသည်။

ငွေစင်သည် အများအမြင်တွင် ဂျစ်ကန်ကန် ပေကတ်ကတ်။ ဘာမှအသုံးမကျ အားမကိုးရ၊ အမေအပေါ် မသိတတ်၊ အလကား လေနေတဲ့ ဆန်ကုန်မြေလေးမ,တစ်ယောက်လိုပင်။ တကယ်တော့ ဂျစ်ကန်ကန် ပေကတ်ကတ်ဟာ ဘဝပေးအခြေအနေအရ ဖြစ်လာတာ။ အမေအပေါ်လည်း ရင်ထဲအသည်းထဲက အလေးအနက် သိတတ်ကာ နားလည်ပေးနိုင်သော်လည်း သိတာကတခြား အရွဲ့တိုက်မိတာကတခြား၊ မဆင်ခြင် မထိန်းချုပ်မိအောင့်အည်းနိုင်ဘဲ ဖြစ်နေလို့ပင်။

အလကားတော့ ပျင်းရိပြီး လေနေချိန်မရှုပါ။ "ကုန်ဈေးနှုန်းတွေတက်တယ်" "တစ်လထက်တစ်လ ကုန်ကျစရိတ်တွေများလှတယ်" "ခြိုးခြံနိုင်သမျှ ခြိုးခြံရမယ်"ဆိုတဲ့ ဦးတင့်ဇော်ရဲ့ ထပ်ခါ ထပ်ခါ ပြောစကားကြောင့် မေမေဟာ အိမ်ကအိမ်ဖော်တွေကို နှစ်ယောက်ကနေ တစ်ယောက်ကို တစ်ကြိမ်လျှော့။ နောက်နှစ်မှာ ကျန်တစ်ယောက်ကိုပါ လျှော့ပစ် ဖြုတ်ပစ်လိုက်ရာ အိမ်မှာ အလုပ်သမားမရှိတာ တစ်နှစ်ခွဲလောက် ရှိပါပြီ။ အဝတ်လျှော်ပြီးပြန်ိတဲ့ နေ့စားသမား ခေါ်ထားသေးသော်လည်း နောက်တော့ သူ့ကိုပါ ဖြုတ်လိုက်ရပါသည်။





အဲဒီကတည်းက အိမ်မှာရှိသမျှအလုပ်တာဝန်၊ မေမေနှင့် ငွေစင်သာ ခွဲဝေတာဝန်ယူလိုက်ကြရတာ။ အိမ်တစ်အိမ်ရဲ့ ကိစ္စဝိစ္စ ဝေယျာဝစ္စတွေဟာ နည်းလှတာမဟုတ်။ တကယ်တမ်း ထိထိရောက်ရောက်လုပ်လျှင် တစ်နေကုန် တစ်ချက်မှ နားရတာမဟုတ်။ အများထင်သလို အလကား ပျင်းနေ လေနေလို့မရဘဲ ချွေးပြိုက်ပြိုက်ကျအောင် အိမ်ထဲမှာ လုပ်နေရတာ။

"မေမေရော"

"မေမေ ရေချိုးနေတယ်"

"မဦး ပူတင်းဝယ်ခဲ့လား"

"ဝယ်ခဲ့တယ်"

"ဟေး ... ဟေး"

ရှင်နောင်းထွေးက ဗီဒီယိုကားကို ပေါ့စ်နှိပ်၍ ရပ်ထားခဲ့ကာ ရှင်မင်းဦး ဝင်သွားတဲ့ ထမင်းစားခန်းဘက်ဆီ အပြေးလိုက်သွားပါသည်။ သူ စားချင်တာ စားရဖို့ကျတော့လည်း ဒီ ဗီဒီယိုကားကို အာရုံဖြတ်သား။ ငွေစင်ကလည်း အလိုအလျောက်ပင် ထမင်းစားခန်းထဲ ဝင်သွားမိပါသည်။

"ဟဲ့ ... နေဦး၊ ပန်းကန်ထဲထည့်ပြီး ဖေဖေနဲ့ မေမေဖို့ ဖရစ်ချ်ထဲ ထည့်ထားဦးမယ်လေ၊ နင် အရင်မနှိုက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်မှာ ရှင်နှောင်းထွေးကို တရားဝင် အပြောဆိုရဲဆုံးသူမှာ ရှင်မင်းဦး ဖြစ်ရာ ခုလည်း မုန့်ဘူးထဲ လက်နှင့်နှိုက်နေပြီဖြစ်တဲ့ ရှင်နှောင်းထွေး လက်ကို ရှင်မင်းဦးက ဖျတ်ခနဲရိုက်ရင်း ပြောလိုက်တာဖြစ်သည်။

"မကြီး ပန်းကန်သွားယူ"

မီးဖိုချောင်ဘက် တစ်ကွေ့ကို ကိုယ့်ဘာသာ သွားမယူလိုက်ဘဲ ထုံးစံအတိုင်း ငွေစင့်ကို အော်ခိုင်းလိုက်တဲ့ ရှင်နှောင်းထွေးကို ငွေစင်က မျက်စောင်းရွယ်ရင်း မီးဖိုထဲဝင်၍ ဖန်ပန်းကန်ပြန့်ပြန့်ကလေးတစ်ချပ် ယူလာခဲ့ပါသည်။ ကတ်ထူစက္ကူမုန့်ဘူးကို ထမင်းစားပွဲပေါ်တင်၍ ရှင်မင်းဦးက အဖုံးလှန်ချလိုက်ကာ ငွေစင်ယူလာတဲ့ ပန်းကန်ထဲသို့ ပူတင်းတုံးကြီးနှစ်တုံးကို ယူထည့်လိုက်ပြီး ရေခဲသေတ္တာတွင်း တစ်ခါတည်း ထည့်လိုက်ပါသည်။

ဘူးထဲမှာ ကျန်တာက ပူတင်းနှစ်တုံး။

ငွေစင်သည် ရင်ထဲတွင် ဟိုက်ခနဲနေအောင် နာကျင်သွားမိပါသည်။ မစားချင်ပါ။ စားချင်စိတ်ကြောင့် လုံးဝမဟုတ်ပါ။ အပြင်က မုန့်ဝယ်လာတာ မုန့်က လေးတုံး။ သူတို့အဖေဖို့နှင့် မေမေ့ဖို့ နှစ်တုံးကို ဖယ်ထားတော့ နှစ်တုံးကျန်သည်။ ရှင်နှောင်းထွေးက ပိုကြီးမှာတစ်ခုကို ဘယ်ပြန်ညာပြန်ရွေးကာ နှိုက်ယူလိုက်ပါသည်။

"ဟဲ့ ... သိပ်ရွေးမနေနဲ့၊ အတူတူကြီးပဲ"





"ဒါက နည်းနည်းပိုကြီးတာ ... ဟား ဟား"

သူတို့ဟာ ငွေစင့်ကို အစ်မအကြီးတစ်ယောက်အဖြစ် မိသားစုဝင်တစ်ယောက်အဖြစ် တစ်ခါတလေ မေ့လျော့လို့များ နေကြသလား။ ဒီလိုအဖြစ်အပျက်မျိုးဟာ မကြာ မကြာတွေ့ကြုံရတတ်သည်။ အစားအသောက်ရယ်မှ မဟုတ်။ ဘာပစ္စည်းပဲဖြစ်ဖြစ် အိမ်အတွက် ဝယ်ခြမ်းလာလျှင် ငွေစင့်ကို သတိတရမရှိကြတာများသည်။ ဤအပြုအမူဟာ သူတို့အဖို့ အမှတ်မထင် ဖြစ်လျှင်ဖြစ်မည်။ ငွေစင့် အဖို့တော့ ရင်ထဲထိခိုက်စေလွန်းသည်။ နာကျင်စေလွန်းသည်။

ဝမ်းနည်းဒေါသနှင့် ငွေစင့် မျက်နှာက သွေးရောင်လျှမ်းကာ နေလိမ့်မည်။

"မကြီး ဇွန်းယူပေး"

"ဘာလို့ယူပေးရမှာလဲ၊ ကိုယ့်ဟာကိုယ် သွားယူပါလား၊ နင့်မှာ ခိုင်းဖို့ပါးစပ်တစ်ပေါက်ပဲ ပါလား၊ လက်မပါဘူးလား"

"ဘာဖြစ်နေတာလဲ၊ ဇွန်းလေး ယူခိုင်းတာကို"

"ငါ နင့်ကျွန် မဟုတ်ဘူး"

"ဘယ်သူကမှ ကျွန်လို့မပြောဘူး၊ သူ့ဟာသူ ဖြစ်နေတာ"

"နင်တို့သိထားဖို့က ငုံ့ငုံ့ခံတိုင်း သိပ်ရောင့်မတက်ကြနဲ့၊ ငါ နင်တို့နဲ့ တစ်မအေတည်း မွေးထားတဲ့ နင်တို့အစ်မ



www.burmeseclassic.com

www.burmeseclassic.com



အရင်း သိရဲ့လား၊ အစ်မကို အစ်မလို ဆက်ဆံသင့်တယ်၊ ခွဲခြမ်း ခွဲခြား သိပ်လုပ်ဖို့ မလိုဘူးဆိုတာ မှတ်ထား”

ရှင်မင်းဦးက မျက်ခုံးလေးတွန့်ကာ ...

“မကြီးက ဘာဖြစ်နေတာလဲ”

“ဘာဖြစ်ရမလဲ၊ နင်တို့ ပူတင်းကို စားချင်လွန်းလို့ ငတ်လွန်းလို့ ပြောနေတာ မဟုတ်ဘူး၊ ဒီအိမ်မှာ စုစုပေါင်းမှ လူငါးယောက်နေတာ၊ မုန့်ဝယ်လာတာ လေးခုဝယ်လာတယ် ဆိုတာဟာ နင်တို့ ငါ့ကို လူစာရင်းထဲ မထည့်လိုက်တာလား၊ ငါ နင်တို့ရဲ့အစ်မအရင်း တော်တယ်၊ နင်တို့ အမေဟာ ငါ့အမေပဲ၊ နင်မို့လို့ အဲသလိုလုပ်ရက်တယ် လုပ်ဝံ့တယ်၊ နည်းနည်းလေးတောင် အားမနာဘဲ မျက်နှာပြောင်တယ်၊ နင်ဝယ်လာတဲ့မုန့်ကို ငါ မစားချင်ဘူး သိရဲ့လား၊ ဒါပေမဲ့ ငါ သိပ်ဝမ်းနည်းတယ်၊ စိတ်လည်းနာတယ်”

“ဘာဖြစ်နေကြတာလဲ၊ ငွေစင် ... သမီးကြီး ဘာဖြစ်တာလဲ”

ငွေစင်ရဲ့ ပေါက်ပေါက်ကွဲကွဲ တုန်ခတ်နေတဲ့အသံကြောင့် မေမေ ခပ်လှမ်းလှမ်းကနေ အပြေးလှမ်းလာပါသည်။

“မကြီးဘာသာ အလကား စိတ်နာနေတာ၊ ဦးက ပိုက်ဆံ တစ်ထောင်ပဲပါတော့လို့ လေးတုံးပဲ ဝယ်လာတာကို၊ လေးတုံးကို တစ်ထောင်အတိပဲ”





“ထားဝါတော့ အဲဒီတော့၊ ဒါဖြင့် အဲဒီလေးတုံးကို ဘယ်လိုဝေခြမ်းဖို့ နင် စိတ်ကူးထားလို့လဲ၊ ပြောလေ၊ ဟိုမှာ နှစ်တုံးဖယ်လိုက်ပြီ၊ အခု နှစ်တုံးကျန်တယ်လေ၊ နင်ဘယ်လိုခွဲဝေပြီး ငါ့ကိုကျွေးမယ် စိတ်ကူးထားလဲ”

“နှောင်းက ကိုယ့်ဟာကိုယ် တစ်တုံးပဲ”

ရှင်နှောင်းဆွေးက သူ့ဟာသူ ထ,ယူလိုက်တဲ့ဇွန်းနဲ့ ပူတင်းတုံးကို ခပ်မြန်မြန် ဖွဲ့ဝါးလိုက်ပါသည်။ ရှင်မင်းဦး မျက်နှာ ညို၍ မှုန်နေသည်။

“နင် ငါ့ကို လုံးဝမကျွေးချင်ဘူးလောက် အထိတော့ ငါ မစွပ်စွဲဘူး၊ နင် ငါ့ကို မေ့ကိုမေ့နေတာ၊ ခေါင်းထဲမရှိတာ”

မေမေက ရေခဲသေတ္တာဆွဲဖွင့်လိုက်ကာ ...

“ကဲ ... သမီး ငွေစင်၊ ဒီကတစ်တုံး ယူစားလိုက်”

ငွေစင်သည် ပိုပြီးစိတ်အနှောင့်အယှက်ဖြစ်ကာ မေမေ့ဘက်လှည့်လိုက်ရင်း ...

“မစားပါဘူး၊ ဘာဖြစ်လို့ စားရမှာလဲ၊ မေမေ အဲလိုလုပ်လိုက်တော့ ငွေစင်က ငတ်လို့ အတင်းတောင်းစားနေရာကျတာပေါ့၊ လုံးဝမစားဘူး၊ စားချင်လို့ ပြောနေတာကို မဟုတ်ဘူး၊ မိသားစုစာရင်းထဲ ငွေစင်က မပါဘူးလား၊ သူတို့အဖေနဲ့ ဘာမှမဆိုင် ဘာမှမတော်တာနဲ့ပဲ ငွေစင်က မိသားစုဝင် မဟုတ်ရတော့ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"တဲ့ပါ သမီးရယ်၊ မိသားစုက မိသားစုပဲပေါ့၊ စိတ်တွေ တိုမနေပါနဲ့တော့"

မေမေသည် ထုံးစံအတိုင်း ပျာပျာယာယာကလေး ဝင်၍ ဖျန်ဖြေသည်။ မေမေ ပါလာတာမို့ ရှင်မင်းဦးက မျက်ရည်ဝဲရင်း ...

"တော်ပြီ၊ ဒါဆို ဦးရဲ့တစ်တုံး မကြီးပဲ စားလိုက်တော့"

"ဦးရဲ့တစ်တုံး ! ဟုတ်လား ! အဲဒီမှာ ရှင်းနေတာပဲ၊ နှင့်အဖေအမေအတွက် နှစ်တုံး၊ ရှင်နှောင်းတစ်တုံး၊ နင်တစ်တုံးလို့ နင်ရည်ရွယ်လာတာလေ"

"စားလိုက်လို့ ပြောနေပြီမှလား"

"ဘာလို့စားရမှာလဲ၊ ဒီမှာ ဦးရယ်၊ မပြောဘဲ မနေနိုင်လွန်းလို့ အရှက်ကွဲခံပြီး ငါပြောနေတာဆိုတာ နင်နားလည်စမ်းပါ၊ နင်တို့တွေဟာ ငါ့ရင်ထဲက သံယောဇဉ်တွေကို သတ်ဖြတ်နေကြတဲ့ သူတွေပဲ"

"ကဲ ... တော်ပါတော့၊ ဒီလောက်ကြီး ပုံကြီးမချဲ့စမ်းပါနဲ့ ငွေစင်ရယ်၊ ဒီတစ်တုံးကို စားလိုက်ပါဆို ... ရော့ ... ရော့"

"အာ ... မေမေကလည်း မစားဘူး ဆိုနေမှ၊ မေမေလုပ်တာ ငွေစင် အောက်တယ် သိလား၊ စားချင်လို့ ပြောနေသလိုကြီးပဲ လိုက်အတင်းကျွေးနေတယ်"

"သမီးဖို့ တစ်တုံးရှိရင် ပြီးတာပဲ မို့လား"





"ကျွတ်"

ငွေစင်သည် စိတ်ဆိုးမာန်ဆိုးနှင့် မေမေ ကမ်းလာတဲ့ လက်ကို တွန်းထုတ်ပစ်လိုက်ရာ မေမေ့လက်ထဲမှ ပူတင်းတုံးသည် ကြွေပြားခင်းကြမ်းပေါ် ဖြတ်ခနဲ ပြုတ်ကျအက်ကြေသွားရှာပါတော့သည်။

"ဟယ်"

"ဟယ်"

ညီအစ်မနှစ်ယောက်က ပြိုင်တူ အာမေဋိတ်။ မေမေ့မျက်နှာကလည်း ကွက်ခနဲပျက်သွားရကာ ...

"ငွေစင် ... အမြဲပဲ ပြဿနာကို မကြီးကြီးအောင် ရှာမနေစမ်းပါနဲ့၊ ငါ တောင်းပန်ပါတယ်၊ အလကားနေရင်း ဘာလို့ ပြဿနာတက်ချင်ရတာလဲ၊ သူကပေးပေး ငါကပေးပေး ညည်းရဲ့ဝေစုကိုတော့ ရရင်ပြီးနေတာပဲ မဟုတ်လား"

ငွေစင်သည် ရင်ထဲ အခံရခက်လှကာ မျက်ရည်တွေဝဲတက်လာပြီး ...

"မေမေ ပြောတာ ငွေစင့်ကို တအားသေးသိမ်စေတာပဲ၊ အဲသလိုကို မဟုတ်ဘူး၊ မေမေ ငွေစင့်ကို နားကိုမလည်ဘူး၊ ဘယ်သူမှ ဘာမှ နားမလည်ကြဘူး၊ ပြဿနာကို ငွေစင် လုပ်နေတာ မဟုတ်ဘူး၊ အားလုံးဝိုင်းလုပ်နေတာ၊



www.burmeseclassic.com

www.burmeseclassic.com



မေမေ ငါ်ဖြေရှင်းသမျှဟာလည်း ပြဿနာရဲ့အဓိက ထွက်ပေါက ကို မဟုတ်ဘူး၊ နောက်ဆုံးမှာ ငွေစင့်ပဲ အမြဲအပြစ်ဖြစ်ရ ာယ်၊ သိပ်စိတ်ညစ်တယ် သိလား”

“ပြော် ... အေး ... အေး၊ ညည်း အပြစ်မရှိဘူးပေါ့၊ မအေလက်ထဲကမုန့်ကို ပုတ်ချလိုက်တာတောင် အပြစ်မရှိဘူးပေါ့နော်”

ငွေစင်သည် မေမေ့ကို မျက်ရည်ပြည့်အိုင်သော မျက်လုံးကြီးဖြင့် စိုက်ကြည့်နေရာက ချာခနဲလှည့်၍ အိမ်ထဲက အပြေးထွက်လာခဲ့လိုက်ပါတော့သည်။

*❤*





## ( ၂ )

ရပ်ကွက်ရဲ့ အလယ်ဗဟိုတည့်တည့်က ပန်းခြံကလေးထဲမှာ လာထိုင်နေရာက ငွေစင်သည် ဗိုက်ထဲက တဗွီဗွီအော်မြည်လာသည်။ သူထိုင်နေတဲ့ ခုံတန်းလေးက နေပူလာပြန်သဖြင့် နေရာရွှေ့ဖို့ ထ,လိုက်ရပြန်သည်။

ငွေစင်က ဝင်ထိုင်လိုက်၊ ထိုခုံပေါ် နေရောင်ထိုးလာလိုက်၊ နောက်တစ်ခုံရွှေ့လိုက် သုံးကြိမ်လုပ်ပြီးပြီမို့ နေလွတ်တဲ့ ခုံတန်းမကျန်တော့။ မကျန်တော့ဆို မွန်းလွဲကျော်လာပြီကိုး။ ခုံတန်းတွေရှိတဲ့ ဟိုဘက်တစ်ခြမ်းဟာ ကျနေထိုးတဲ့ဘက်ခြမ်းဖြစ်နေသည်။

ခုံတန်းက ထ,လာတဲ့ ငွေစင်သည် ရှည်ရှည်ဝေးဝေး တွေးမနေဘဲ အနီးဆုံးက နေရိပ်ကျနေတဲ့ လျှော်ကြီးဆီ လျှောက်လာကာ လျှော်ရဲ့လျှော်ကားထစ်များကို တက်လိုက်သည်။ အောက်



www.burmeseclassic.com

www.burmeseclassic.com



ကို လျှော့မချခင် ဖိုးအပေါ်ထိပ်က ယိုင်စရာနေရာကွက်ကွက်ကလေးမှာ တက်ထိုင်နေလိုက်ပါသည်။

ဒီပန်းခြံလေးဟာ ဒီလမ်း ဒီရပ်ကွက်ထဲကလူတွေ သီးသန့်အပန်းဖြေဖို့ရာ ပန်းခြံငယ်လေးပင်။ သံပန်း ခြံစည်းရိုး ခပ်နိမ့်နိမ့်ကလေး ခတ်ထားပြီး အထဲမှာ လျှောကြီးကြီးနှစ်ခု၊ သေးသေးတစ်ခု။ ဒန်းက နှစ်ခုတွဲလေးတွေ သုံးနေရာ။ ဆီးဆော ကြီးက အိုမင်းနေကာ နှစ်ခုရှိသည်။ ပြီးတော့ ကလေးပေါက်စတွေ တွယ်တက်လို့ရတဲ့ လှောင်အိမ်ငယ်လို လုပ်ထားတဲ့ သံပန်းကွက်တွေနဲ့ ခြောက်ထောင့်ပုံ အိမ်ငယ်။ ဝင်ပေါက်ကြီးပါကာ ကလေး ကိုယ်လုံးလေးတွေနဲ့ဆိုရင် အထဲဝင် အပြင်ထွက် တွယ်တက်ဆော့လို့ ကောင်းတဲ့အရာ။

ဒီရပ်ကွက်ထဲ ပြောင်းရွှေ့လာနိုင်လောက်အောင် ဦးတင့်ဇော် စီးပွားတက်လာချိန်မှာ ငွေစင်က အပျိုဖြန်းဖြစ်နေခဲ့ပြီ။ ဒီလိုဆော့ကစားရမယ့်အရွယ် မကတော့။ ဒီတော့ အငယ်မနှစ်ကောင် ကစားတာကိုသာ လိုက်စောင့်ရှောက်ခဲ့ရသည်။ သူတို့နှစ်ယောက် တဟီးဟီး တခစ်ခစ် တွယ်တက်ကြ လျှောစီးကြ ဒန်းကိုအမြင့်ကြီးလွှဲကြတာတွေကို တဟဲ့ ဟဲ့နှင့် လိုက်ထိန်းရသည်။

ပန်းခြံကိုပတ်ထားတဲ့ ကားလမ်းကနေ တစ်ဖက် တစ်ချက်ကို လမ်းသွယ်တွေ မြာသွားတဲ့ပုံစံရှိတဲ့ ဤရပ်ကွက်လေးဟာ သူဌေးရပ်ကွက်လို့ ခေါ်လို့ရအောင် ခြံဝင်းတွေနှင့် တိုက်





အိမ်တွေချည်းသာ။ ငယ်ငယ်တုန်းက နေခဲ့ရဖူးတဲ့ အခြေအနေ အနေအထားနဲ့တော့ ကွာလှတာ အမှန်ပင်။

အချိန်တန် စားဖို့လည်း မပူရ။ (အငယ်မနှစ်ကောင်ထက် လျှော့ကာ) ဝတ်ဖို့လည်း မပူရ။ နေဖို့လည်း (ရပ်ကွက်ကောင်း အိမ်ကောင်းမှာ) မပူရပေမယ့် စားဝတ်နေရေး ဤသုံးခု ပြည့်စုံဖူလုံရုံမျှနှင့် လူတစ်ယောက်ရဲ့ဘဝဟာ စိတ်ရောကိုယ်ပါ လုံခြုံချမ်းမြေ့ရတယ် မဆိုနိုင်ပါ။

ငွေစင်ရဲ့ရှေ့ရေးဟာ ဘယ်လိုလဲ။ သူ့ရဲ့ဘဝအာမခံချက်က ဘယ်မှာလဲ။ စိတ်ထားအသေးသိမ်ကြီး မဟုတ်သော်လည်း စိတ်ထားပြည့်ဝသူလည်း မဟုတ်တဲ့ ပထွေးဖြစ်သူ ဦးတင့်ဇော် ဆီကတော့ ဘာမှမြော်မြင်မိခြင်း မရှိရိုးအမှန်ပါ။ ကိုယ်တိုင်ကိုကလည်း အသုံးမကျတဲ့သူ (ခုထိ ဆယ်တန်းကို မအောင်နိုင်သေးတဲ့ အဖျင်းမ) ဖြစ်နေရာ ကိုယ့်ရဲ့ရှေ့ရေးဆိုတာဟာ ဘယ်လိုမှ မှန်းဆမျှော်လင့်လို့ မရဘဲ ရှိသည်။

ထွက်ပေါက်ရယ်လို့လည်း ဘာကိုမှ **စဉ်းစား**မရ။ ဆယ်တန်းကို အောင်ချင်လှတာတော့ ရင်ထဲ **အသည်း**ထဲက ကြီးမားပြင်းထန်တဲ့ ဆန္ဒပင်။ သို့သော် ... နဂိုကိုက **ဉာဏ်**ရည်က အထက်မြက်ကြီး မဟုတ်လှတာရယ်၊ ဘာ Extra **tuition** မှလဲ အပိုသင်ခွင့် မရခဲ့တာရယ်၊ ဒီနှစ်ခုအပေါ် ငွေစင်က **ဆယ်**တန်း မအောင်ရခြင်းကို ပုံချထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာလည်း တကယ်တော့ ကိုယ့်ကိုယ်ကိုယ်တော့ ညာတာကြက်မွေးနှင့်သပ်ကာ ကိုယ့်အပြစ်ကို ကိုယ်ဖော့တိမ်ပစ်တာပဲလို့ တစ်ခါတစ်ရံတော့ နားလည်မိပါသည်။ ဟိုးတောရှာဇနပုဒ်တွေက ချို့ချို့တဲ့တဲ့လေးတွေထဲကတောင် ဂုဏ်ထူးတွေ အစီအရီ ပါတတ်တာတွေကို ကြားသိနေရတာပဲ မဟုတ်လား။

ဒါပေမဲ့ ပုထုဇဉ်ပီပီ ကိုယ့်ဘက်ကိုဖော့ပြီး ထခြားဘက်ကို ပြစ်တင်ပုံချကာ အောင်စာရင်းထွက်တဲ့နေ့တိုင်း သူ့ကို စိတ်မကောင်းခြင်း၊ စိတ်ပျက်ခြင်း၊ အားမလိုအားမရဖြစ်ခြင်း၊ မျိုးသိပ်အောင့်အည်းခြင်းတွေနဲ့ ကြေကြေကွဲကွဲ ကြည့်တဲ့ မေမေ့မျက်လုံးတွေဒဏ်ကို မခံနိုင်မရပ်နိုင်နှင့် ...

"မေမေ့ ငွေစင့်ကို ဒီလိုမကြည့်နဲ့၊ ငွေစင့်မှာ ဘယ်မှာလဲ ကျူရှင်ကောင်းကောင်း၊ ကျောင်းက ဖြေတုန်းက ထားပါတော့၊ အပြင်ဖြေမယ့်နှစ်မှာ စာမှမသင်ရဘဲ၊ အထူးထုတ်တွေပဲ ကိုယ့်ဟာကိုယ် ရမ်းသမ်းဖတ် ဖြေရတာလေ၊ မေမေ့သမီး အငယ်မတွေ တက်နေကြတဲ့ဝိုင်းတွေ သမီးတက်ရသလား"

ဤသို့ပြောလိုက်လျှင် မေမေသည် ကြေကွဲစိတ်ဆင်းရဲသွားတတ်ကာ ဘာစကားမှ ဆက်မပြောတော့။ မေမေ့ကိုသနားလှပေမဲ့ ကိုယ့်ကို ဖိဆွဲမလာအောင် ငွေစင် လှုပါးဝတာလည်း အမှန်ပင်။ ဝိုင်းတွေမှာ ငွေစင့်ကို ငါးသောင်း ခြောက်သောင်း





ပေးပြီး တက်စေဖို့ မေမေ့မှာ ပါမစ်မကျပေမယ့် တစ်ဘာသာမှ ထောင့်ငါးရာလောက်ပဲ လခပေးရတဲ့ အလုံးစုံ ကိုးထောင် တစ်သောင်းလောက်ကျမယ့် လူခပ်ကျပ်ကျပ် ကျူရှင်ခန်းတွေကိုတော့ ငွေစင် တက်လိုက တက်နိုင်အောင် အိမ်သုံးစရိတ်ရတဲ့အထဲက လှည့်ပတ်ခြိုးခြံပြီး ငွေပိုထွက်အောင်လုပ်မည်ဟု မေမေ တိုက်တွန်းကမ်းလှမ်းပါသည်။

ကြီးကျယ်လို့တော့ မဟုတ်။

"ရော့ ... မင်း,သမီးကြီး ငွေစင်အတွက် ဒီလကျူရှင်ခကိုးထောင်"

... လို့ လိုလိုချင်ချင် စေတနာရှိရှိ ပေးတာမျိုးမဟုတ်ဘဲ အိမ်စရိတ်သုံးဖို့အထဲက ဒီငွေလောက်ကို မကျန်,ကျန်အောင် ဖဲ့ချန်ရမယ့်အဖြစ် (ရှင်းရှင်းပြောရရင် ခိုးသုံးရတဲ့အဖြစ်)မျိုးနှင့်တော့ ငွေစင်က ကျူရှင်တစ်ခု တက်မနေချင်တော့ပါ။

မေမေ့သမီး အငယ်နှစ်ယောက်က ဒီတိုင်းနေရင်တောင်မှ ဟင်းကလည်း မကောင်းဘူး ဘာဘူးနဲ့ ဟင်းကြေးခပ်များများရယ်။ အဲသလိုများ အိမ်စရိတ်ထဲက ကျူရှင်ဖဲ့ယူနေမိရင် မေမေ့ခေါင်းပေါ် သူ့ခေါင်းပေါ် အပြစ်တွေ တစ်ပြုံတစ်ခဲ စုပုံပြီး ကျရဦးမည်။ ရှက်ရ ရင်နာရ ဒေါသဖြစ်နေရဦးမည်။ နားအေးအောင် သူတစ်ပါးမကြည်ဖြူ မသထာတဲ့ငွေကို မသုံးချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ သူ့ဟာသူ တစ်ထောင်လောက်ပေးရတဲ့ အထူးထုတ်လေးတွေ ဝယ်ပေးလာတာကို မချင့်မရဲ ဖတ်ရသည်။ ဉာဏ်က မထက်လှတော့ အကျိုးကမရှိ။ ဤသို့ဖြင့် ဘယ်ထွက်ပေါက်က လွတ်မြောက်ရမည် မသိတဲ့ ငွေစင့်ဘဝရဲ့ အသေးအဖွဲ အဖြစ်အပျက်တို့ အကြားမှာ ငွေစင်ဟာ ခေါင်းမာမာ ဂျစ်ကန်ကန် ပေကတ်တက် ရွဲ့တဲ့တဲ့ ထောင့်မကျိုးတဲ့ပုံစံ ဖြစ်နေပါသည်။

ဒီတော့ ...

"ခင်နွယ် တစ်ယောက်တော့ ယောကျ်ားနဲ့ သူ့သမီးကြီး ကြားမှာ တဖားဖားပဲ၊ ငွေစင် တစ်ယောက်ဟာ အသက်လည်း နှစ်ဆယ်ရှိနေပြီ၊ ခုထိ မအေကို မသိတတ်ဘူး၊ အမေကို မသနားဘူး၊ ထောင့်မကျိုးတဲ့ဟာ"

မေမေ့အမျိုးတချို့ အပေါင်းအသင်းတချို့က ဤစကားမျိုးမဲ့ သံတူကြောင်းကွဲ အသီးသီး ပြောကြသည်။ ပြောကြပါစေ။ အဲဒီ ငွေစင်ဟာ သူတို့ပြောသလို ပေတိပေကတ် ထောင့်မကျိုးတဲ့ကြားကပဲ အိမ်မှာ အဝတ်လျှော် မီးပူတိုက် ကြမ်းတိုက် အိမ်သာဆေး စသဖြင့် မေမေ့ကို သူ မလုပ်စေရက်သမျှ အလုပ်တို့ကို တဆူဆူ တဆောင့်ဆောင့်နဲ့ပဲ လုပ်နေတဲ့သူပါ။ နာမည်ကောင်းတော့လည်း တစ်ချက်မှရဖို့ မထိုက်အောင် ရုပ်ကရှစ်ခေါက်ချိုးတဲ့အခါချိုး၊ ပမာမခန့်တဲ့အခါ မခန့်။





တကယ်တော့ ငွေစင်ဟာ Problem child လို့ပြောလို့ရပါသည်။ ရင်ထဲ အသည်းထဲမှာ မကျေနပ်မှုတွေက နင့်သည်းနေသည်။ လူတွေကိုမကျေမချမ်း မုန်းတီးနေတတ်တဲ့သူ။ လောကကြီးမှာ မေမေ့တစ်ယောက်ကိုတော့ သိပ်ချစ်ပါသည်။ ဒါပေမဲ့ မေမေ့ကိုလည်း စိတ်ချမ်းသာအောင် မထားမိ မထားဖြစ်တဲ့ သမီးမိုက်။ ငွေစင်က သက်ပြင်းတစ်ချက်ချရင်း ...

"မိုက်ဆာလိုက်တာကွာ"

တိုးတိုးညည်းညူသည်။ လှေကားရဲ့အောက်မှာ အိမ်မွေးခွေးတစ်ကောင်သည် လှေကားထိပ်မှာထိုင်နေတဲ့ ငွေစင့်ကို အထူးတဆန်း လာရပ်ကြည့်နေသည်။

"ဟဲ့ ခွေး၊ နင် ငါ့ကို ဘာရပ်ကြည့်နေတာလဲ၊ တောက် ... ရှူး ... ရှူး"

ငွေစင်က ဘာမှမပါတဲ့လက်နှင့် ပစ်ပေါက်မလိုဟန်ဆောင်ရွယ်တော့ ခွေးက တုံ့ပြေးမည်ပြင်ကာ ဘာမှမရှိမှန်း တကယ်မပေါက်မှန်း ရိပ်မိလျှက် ပြန်ကြည့်နေပြန်သည်။

"ငါများ ဘာကျွေးမလဲလို့များ နင် စိတ်ကူးယဉ်နေလား၊ နင့်ရှိတာတောင် ကျွေးခဲ့ဦး ... နော်၊ [illegible]"

ထိုစဉ် ပန်းခြံအပြင်ဘက်မှ ပါးစပ်ကို လျှာနှင့်ခတ်၍ ထွက်လာတဲ့အသံမျိုး "ကလတ် ... ကလတ်"နှင့် ခွေးခေါ်သံ ထွက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဒီ ... ဘာဒီ ... လာ ... လာ ...၊ ကလတ် ... ကလတ်"

ငွေစင်က လှမ်းကြည့်လိုက်လျှင် လူကြီးတစ်ယောက်က လျှောခြေရင်းက ခွေးငယ်ကို ခေါ်နေတာဖြစ်ပြီး ခွေးကလည်း ချက်ချင်းပဲ လှည့်ပြေးထွက်သွားပါသည်။ ခွေးပိုင်ရှင်နဲ့ခွေး လမ်းလျှောက်လာကြတာဖြစ်ပြီး ခွေးကအရင် ရှေ့ကပြေး၍ ပန်းခြံထဲ ခဏဝင် စပ်စုတာ။ သူ့သခင်လာတော့ ပြန်ပြေးလိုက်သွားတာပင်။

ဒီလောက် နေပူနေတဲ့အချိန်မှာ ရှပ်လက်ရှည်ဝတ်ထားတဲ့ လူကြီးကို ငွေစင်က နှာခေါင်းရှုံ့ပြီး လိုက်ကြည့်နေမိပါသည်။ ဟိုးအတွင်းဘက် ချောင်ထဲကျကျက ခြံအိုကြီးကို ပြောင်းလာတဲ့ လူသစ်ကြီးလေ။ ငွေစင် သိနေရတာက အဲဒီခြံအိုကြီးကို ပတ်ပြီး ဝိုက်ကွေ့သွားတဲ့ ဖြတ်လမ်းဟာ ဈေးကိုအနီးဆုံးလမ်းတိုမို့ လမ်းပဲလျှောက်လျှောက်၊ စက်ဘီးနဲ့ပဲသွားသွား၊ အပြင်လမ်းမကနေ မသွားဘဲ ငွေစင်က ထိုဖြတ်လမ်းတိုမှ သွားနေကျမို့ပင်။

လွန်ခဲ့တဲ့ တစ်လလောက်ကတော့ ငွေစင် ဈေးကအပြန် အဲဒီရွက်ကြွေဖြတ်လမ်းလေးက စက်ဘီးနင်းလာတုန်း အဲဒီခြံအိုကြီးကို ထိုလူသစ်ကြီး ပြောင်းရွှေ့လာတာနှင့် တည့်တည့်ဆုံတာ။ ထိုလူကြီးက အိမ်ပြောင်းရွှေ့ကုမ္ပဏီတစ်ခု တံဆိပ်ကပ်ထားတဲ့ ကားကြီးနှင့် ပြောင်းရွှေ့နေတာဖြစ်သည်။ သူကတော့ ငွေစင့်ကို မမြင်ဘူးထင်သည်။ ငွေစင်ကတော့ နောက်ထပ်လည်း သုံးလေးခါ သူ့ကိုမြင်သေးသည်။





ဈေးသွားဈေးပြန်တွေမှာပဲဖြစ်ကာ မြင်တိုင်းလည်း သူ့ကိုပင်။ တခြားအိမ်သား မိသားစုတွေ ရှိပုံမရ။ တစ်ယောက်မှ လူပုံမတွေ့။ ဒီလူကြီးကိုပဲ ခြံထဲမှာ တစ်ခုမဟုတ်တစ်ခု လုပ်နေတာတွေ့သည်။ တွေ့တိုင်းလည်း သူက သူ့ခြံပြင်ပတ်လမ်းက ဖြတ်သွားတဲ့ ချာတိတ်မတစ်ယောက်ကို စိတ်ဝင်တစား အရေးလုပ်ပြီး လှမ်းမကြည့်ပါ။

မျက်နှာခပ်တင်းတင်းကြီးနှင့် မသိကျိုးကျွန်ပါပဲ။ အဲဒီလူကြီးရဲ့ ထူးခြားချက်ကတော့ သူ့ရဲ့မျက်နှာဘယ်ဘက်ခြမ်းမှာ နားထင်ကနေ ပါးပေါ်ကန့်လန့်ဖြစ်နေတဲ့ အမာရွတ်ကြီးတစ်ခုပင်။ ထိုအမာရွတ်ကြီးက ဘေးကအရေပြားတွေကိုပါ ရှုံ့ဆွဲထားသလို ဖြစ်နေတော့ အတော်ကြည့်ရဆိုးပါသည်။ အသက်ကတော့ ငါးဆယ်လောက်ပဲ ရှိမလား မသိ။ သူ့ကိုတွေ့ရင် ရှပ်လက်ရှည်နှင့် ဘောင်းဘီရှည် သပ်သပ်ရပ်ရပ် သားသားနားနား ဝတ်စားထားတာချည်းဖြစ်သည်။

ထိုလူကြီးနှင့် ခွေးက လမ်းရဲ့ဟိုးတစ်ဖက်ထိပ်ကို လျှောက်သွားနေကြသည်။ အဲဒီတစ်ဖက်ထိပ်မှာ တော်တော်စုံစုံလင်လင်ရတဲ့ Mart လေးတစ်ခုရှိသည်။ မုန့်ပဲသရေစာ၊ အအေး၊ အရက်ယမကာ၊ စည်သွပ်ဘူးသွပ်စားစရာ၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်းများ၊ ဖရီဇာမှာထားတဲ့ အေးခဲစာ သားငါးတွေကအစ အတော်ကလေး စုံစုံရတဲ့ဆိုင်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဆိုင်က ဟိုးတစ်နေ့က ငွေစင် ဝယ်သောက်တဲ့ နွားနို့ဘူးကလေးဟာ တော်တော်ကောင်းသည်။

"နွားနို့၊ အား ... ဗိုက်ပိုဆာလာပြီ"

ငွေစင်က ရေရွတ်ညည်းတွားလိုက်မိသည်။ ဆာမှာ ပေါ့။ ငွေစင် အိမ်ကထွက်လာချိန်ဟာ မကြာခင် နံနက်စာစား တော့မည့် အချိန်မျိုးလေ။ ရှင်မင်းဦး ကျူရှင်ပြန်ချိန်ဆိုတော့ ဆယ်နာရီခွဲပေါ့။ မနက်က ပေါင်မုန့်နှစ်ချပ်နှင့် ကော်ဖီတစ်ခွက် စားသောက်ထားပေမယ့် ဒီကြားထဲ အဝတ်တွေလျှော်ညှစ်လှန်း တံမြက်လှည်း ဖုန်သုတ်၊ မီးပူတိုက်နဲ့ ဗိုက်ကဟာနေပြီ။

ပါးစပ်ထဲ တစ်ချိန်လုံး Snacks တွေ Junk foo တွေ တရစပ်ပစ်ထည့် စားသောက်နေကြတဲ့ ဟိုညီအစ်မက မနက်စာထမင်းကို ဆယ့်နှစ်နာရီလောက်မှ စားကြပေမယ့် ငွေစ ကတော့ ဆယ့်တစ်နာရီဆိုရင် အမြဲဆာပြီ။ ခုတော့ ဒီပန်းခြံ စိတ်ပျက်လက်ပျက် လာထိုင်နေတာ၊ ခုဆိုရင် မွန်းလွဲပြီး တစ်နာ ခွဲ နှစ်နာရီလောက်တောင် ရှိနေပြီ။

အူတွေက ဗွီဗွီတင်မကဘဲ ဂွတ်ဂျက်နှင့်တော မြည်လာပြီ။ ခြောက်သယောင်းနေပြီလေ။ ငွေစင်သည် ရုတ်တရက် သတိရကာ မျှော်လင့်တကြီးနှင့် မျက်နှာလေး ဝင်းလက်သွား သည်။ လွယ်ထိပ်မှာ ဖင်ချထိုင်တဲ့ပုံစံမှ တင်ပါးတစ်ဖက် နည်းနည်းကြွမြှောက်ပြီး ဂျင်းဘောင်းဘီရဲ့ နောက်အက်အိတ် လက်ဖဝါးထိုးနှိုက် စမ်းသပ်လိုက်ပါသည်။





"ဟား ... ဟား"

အရွက်တစ်ရွက်တော့ စမ်းမိသည်။ တစ်ထောင်လား၊ ငါးရာလား၊ နှစ်ရာလား။ ဘာပဲဖြစ်ဖြစ် တစ်ခုခုပဲ။ ဟိုတစ်နေ့က ဒီဂျင်းဘောင်းဘီထဲမှာ ပိုက်ဆံအပိုကျန်တာ သေချာသည်။

"ဦးဖွ"

ငွေစင်က ငွေစက္ကူရွက်ကို ဆွဲထုတ်ပြီး ဖျတ်ခနဲ ကြည့်လိုက်ပါသည်။ ငါးရာ။ အတော်ပဲ။ တစ်ထောင်လောက် မကောင်းပေမယ့် နှစ်ရာလောက်လည်း မဆိုး။ ငွေစင်က လျှော ကြီးပေါ်မှ ကလေးလိုစီးကာ လျှောချလာခဲ့ပြီး လမ်းတစ်ဖက်ထိပ် ဘက် ခပ်သွက်သွက် ပြေးလာခဲ့ပါသည်။

သူ ဦးတည်ရာက ဟို Mini Mart ကလေးကိုပေါ့။ အဲဒီက ပန်းရောင်နို့ဘူးကလေးဟာ ငါးရာပဲ။ Mini Mart ကလေး ကိုရောက်လျှင် ငွေစင်သည် မှတ်မိနေတဲ့ စင်ကလေးတစ်ခုဆီ တန်း၍ ချိုးကွေ့ဝင်ရောက်ကာ ပန်းရောင်နို့ဘူးကလေးကို ရှာသည်။

"တွေ့ပြီ"

ငွေစင်က ဘူးလေးတစ်ဘူးနှင့် ပိုက်လေးတစ်တံကို ယူကာ ငွေချေတဲ့ကောင်တာဆီ လာခဲ့ပါသည်။ ငွေချေတဲ့ကောင် တာမှာ ငွေချေနေတဲ့သူက ဟိုလူကြီး။ အဲဒီလူကြီးက သူ့နံဘေး လာရပ်တဲ့ ငွေစင့်ကို တစ်ချက်ငုံ့ငဲ့ကြည့်ပြီး သူ့ဟာသူ သူ့ပစ္စည်း တွေကိုသာ ဆက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးဝယ်ထားလိုက်တာ ပစ္စည်းတွေက မနည်းမနော။ သားငါးဟင်းသီးဟင်းရွက် အသီးအနှံတွေပါ။ မိန်းမကြီးတစ်ယောက် ဈေးဝယ်သလိုမျိုးကို စုံလင်လှသည်။ နို့ဆီ သကြားတွေ နက်စ်ကော်ဖီမှုန့်ပုလင်းတွေလည်းပါရဲ့။ အောင်မယ် ... မြန်မာဘီယာကတော့ ပုံးလိုက်ကြီး။ သူဝယ်တာတွေကများတော့ ငွေရှင်းဖို့ ကွန်ပျူတာရိုက်သွင်းရတာကိုက ကြာနေပြီ။

ငွေစင့်ဗိုက်ကလည်း အသံမြည်နေပြီ။ ငွေစင်က စိတ်မရှည်လှတော့ဘဲ ကွန်ပျူတာရိုက်စာရင်းသွင်းနေတဲ့လူကို ...

"ဒီမှာ ... ဒီမှာ"

"အစ်မ ... ဒီဦး နောက်မှာ တန်းစီပေးပါခင်ဗျာ၊ နော်"

"ဟိုလေ ... ကျွန်မ ဝယ်ထားတာ ဒီတစ်ဘူးတည်း၊ အဲဒါ"

"အစ်မဟာ တစ်ဘူးတည်းပေမယ့် တန်းပဲစီရပါမယ် ခင်ဗျာ၊ ဒီမှာလည်း စာရင်းသွင်းလက်စ ကြားဖြတ်လုပ်ပေးလို့ မရပါဘူး ခင်ဗျာ"

အမလေး ... သူကလည်း ထင်တာ ရမ်းတုတ်နေသည်။ ငွေစင့်ကို ကြားဖြတ်ငွေရှင်းချင်သူ ထင်နေသေးသည်။ သူ့စကားကြောင့် ဒေးကလူကြီးကလည်း ငွေစင့်ကို စည်းကမ်းမဲ့ ရန်ကော၊ စိတ်မရှည် သည်းမခံနိုင်ရန်ကောရယ်လို့ မျက်နှာပုပ်ကြီးနဲ့ ငဲ့ကြည့်လာသည်။ ငွေစင်က သူ့ကို ဘာကြည့်ကြည့်လာတဲ့ လူကြီးကို "ဘာကြည့်တာလဲ"ဆိုတဲ့ရုပ်နှင့် မျက်စောင်းပိတ်ထိုးပစ်ပြီး ...





"ဒီမှာ ! ကြားဖြတ်နေတာ မဟုတ်ဘူး"

"ဒါဖြင့် အစ်မက"

"ဗိုက်ဆာလို့"

"ဗျာ"

"စကားဖြင့် ဆုံးအောင်နားမထောင်ဘဲနဲ့၊ ကျွန်မ ဗိုက်ဆာနေလို့"

"အစ်မဗိုက်ဆာနေတော့ ကျွန်တော်တို့က !! "

"ဒီမှာ ဝယ်ထားတဲ့နို့ဘူး တွေ့တယ်မဟုတ်လား၊ ဒီတစ်ဘူးတည်းဝယ်တာ၊ ငွေမရှင်းရသေးပေမယ့် ဖောက်သောက်လိုက်ပါရစေ၊ ဒီမှာ ဗိုက်က အောင့်တောင်အောင့်နေပြီ၊ နောက်မှာ တန်းစီနေပါမယ်၊ အချိန်ကျတော့ ငွေရှင်းမယ်၊ နို့ဘူးကို အရင်သောက်နှင့်မယ်၊ အဲဒါ ရလားလို့၊ အဲဒါ မေးတာ"

ကောင်လေးက စိတ်ရှုပ် ခေါင်းကုတ်နေရင်းက ...

"ရတယ်ဗျာ၊ ရတယ်၊ သောက် သောက်"

ငွေစင်က နို့ဘူးထိပ်က ငွေပြားလေးကို ပိုက်တံချွန်နှင့် ထိုးဖောက်လိုက်ကာ တစ်ရှိန်ထိုး စုတ်သောက်လိုက်ပါသည်။ အဆက်မပြတ် အသက်မရှူစတမ်း တရှူးရှူး စုတ်သောက်လိုက်ရာ ချက်ချင်းပဲ နို့ကကုန်သွားပြီ၊ အောက်ခြေနားကပ်တဲ့အခါ ဘူးက လေကိုစုပ်မိတဲ့အသံ ဂူး ... ဂူးနှင့် အသံကြီး ထွက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်စက်မကျန် ရပ်သောက်ပစ်နေတဲ့ ငွေစင့်ထံက ရူးရူး အသံကြီးကြောင့် ဆေးကလူကြီးကော တချို့လူတွေပါ ငွေစင့်ကို ငဲ့ကြည့်ကြသည်။ ဘယ်လိုဟာလေးပါလိမ့်ပေါ့။ အပျို လေးတန်မဲ့ တစ်စက်တောင် အလွတ်မပေး ဝေါ်ကြီးကျရကောင်း လားလို့ ရှုတ်ချတဲ့ အကြည့်တွေပင်။

ငွေစင်ကတော့ ဂရုမစိုက်ပါ။ ဗိုက်ထဲမှာလည်း အတော်နေသာထိုင်သာ ရှိသွားပြီမို့ နှုတ်ခမ်းကိုတောင် လျှာနှင့် လျက်လိုက်သေးပြီး ဘူးလွတ်ကိုင်ကာ ကိုယ်ကို နည်းနည်းစောင်း စောင်းလုပ်ရင်း ရပ်စောင့်နေလိုက်ပါသည်။

"ဦး နှစ်သောင်းကိုးထောင်ကိုးရာ့ငါးဆယ်ပါ ခင်ဗျ"

လူကြီးက သူ့လက်ထဲ ကိုင်ထားတဲ့ ဝတ္ထုစာအုပ် အရွယ်လောက် ပိုက်ဆံအိတ်မည်းမည်းဖောင်းဖောင်းထဲမှ ထောင် တန်အထပ်ငယ်သုံးထပ်၊ သုံးသောင်း ထုတ်ယူ၍ စားပွဲပေါ် ချလိုက် သည်။

"ဦး ... ငါးဆယ်တန်များ ပါပါသလား"

"မပါဘူး ထင်တယ်"

လူကြီးက သူ့အိတ်ကို မွှေနေဆဲ။

"ဩော် ... အစ်မက နို့ဘူးတစ်ဘူးဖိုး ရှင်းရမှာ၊ ငါးရာ့ ငါးဆယ်၊ ဒီက ငါးဆယ်အမ်းပေးမယ် ဦး"

"အေး ... အေး"





ငွေစင်သည် မျက်လုံးလေးဝိုင်းရင်း ...

"နို့ဘူးက ငါးရာမှလား"

"ငါးရာ့ငါးဆယ် အစ်မ"

"ဟယ် ... ဟိုတစ်ပတ်ကဝယ်တာ ငါးရာပဲ"

"ဈေးတက်သွားတာ အစ်မ၊ ငါးရာ့ငါးဆယ်ပါ"

ငွေစင်သည် ငါးရာတန်ကို စားပွဲပေါ် ချဖိထားရင်းက လက်ထဲက နို့ဘူးအလွတ်မှာ တန်ဖိုးကပ်ထားတဲ့ စတစ်ကာ လေးကို ရှာဖတ်လိုက်သည်။ Ks-550 ...။ ဟိုက် ...။ ဘာဖြစ်လို့ ငါးဆယ်တက်သွားရတာလဲ။ တောက် ...၊ ဒုက္ခပါပဲကွာ။ ရှက် စရာကြီးကောင်းလိုက်တာ။

"အစ်မ ငါးဆယ်တန်ပါရင် ဒီဦးကို အမ်းရအောင်လို့"

ငွေစင်က ဆေးကလူကြီးကို တစ်ချက်ခိုးကြည့်လိုက် ပြီး ...

"မပါဘူး၊ ငါးရာပဲ ပါတာ၊ ငါးရာလို့ပဲ ထင်တာကိုး၊ ဒုက္ခပဲ၊ စိတ်ညစ်လိုက်တာ၊ ဘယ်လိုလုပ်မလဲ၊ နို့ဘူးက လည်း သောက်ပြီးသွားနေပြီ၊ ငါးဆယ်မပါတော့ဘူး"

ကောင်လေးဟာ ငွေစင့်ကို အတော်စိတ်ရှုပ်ပုံနှင့် ခေါင်းကုတ်ကြည့်နေပါသည်။ သို့သော် မကြာ မကြာ ဝယ်နေကျ တွေ့နေရတဲ့ ဖောက်သည်ကလည်း ဖြစ်နေရာ ...

"အစ်မ ဒီနားမှာပဲ နေတာထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ဝေးတယ်"

အိမ်ပြန်ယူနိုင်းမှာစိုးပြီး ခပ်သွက်သွက် ငြင်းလိုက်ပါသည်။ အိမ်ကို ပိုက်ဆံငါးဆယ်လေး ကမန်းကတန်း ပြေးမတောင်းချင်။ စိတ်တိုပြီး ထွက်လာပါတယ်ဆိုမှ။

"ဒါဖြင့်"

ကောင်လေးကလည်း ငါးဆယ်ကိုမှ လျှော့လိုက်ရမှာလား။

ဘာလုပ်ရမလဲ ရုတ်တရက် အဖြေထွက်ပုံမရ။

"ကဲ ... ကဲ ... ကဲ၊ မင်း ငါ့ကိုအမ်းရမယ့် ငါးဆယ်ကို အမ်းမနေနဲ့တော့၊ သူ့အတွက် ငါးဆယ်ကို စိုက်သာယူလိုက်တော့"

ဘေးကလူကြီးက နားတွေငြီးလာပုံနှင့် ခပ်ပြတ်ပြတ်ဝင်ပြောသည်။ စေတနာပါတဲ့ လေသံလေးနှင့်ပြောရင် ဘယ်လောက်ကောင်းမလဲ။ အခု သူပြောပုံက နားကြားပြင်းတွေကတ်ပြီး ရှုပ်နေတာတွေကို သူပဲ အနစ်နာခံ ဖြတ်ချပစ်လိုက်ပါပြီဆိုတဲ့ စိတ်လက်မရှည်ပုံကြီးနှင့်မို့ ငွေစင့်မှာ အောင့်သက်သက်ဖြစ်ရသည်။

"ကဲ ... အထုပ်တွေက ဒါအကုန်ပဲနော်"

"ဟုတ်ကဲ့ ... ဦး ... ဟုတ်ကဲ့"

"သွားမယ်"





ကောင်လေးကိုပြောပြီး လူကြီးက ဖျတ်ခနဲ ထွက်သွားတော့ရော ...

"ဟို ... ဟို ... ဒီမှာ ... ဦး"

ငွေစင်က နောက်က ခပ်သုတ်သုတ်လေး လိုက်ခေါ်သည်။ တကယ်တော့ ရှက်ကိုးရှက်ကန်း လုပ်မိလုပ်ရာ လုပ်တာ။ ဟိုလူကြီးက လှည့်မကြည့်ဘဲ တမတ်မတ် ဆက်သွားနေတာမို့ ...

"ဦး ... ဒီမှာ ... ခဏ"

ငွေစင်က တဖုတ်ဖုတ်ပြေးပြီး သူ့ရှေ့ကိုကျော်တက်ရပ်လိုက်ပါသည်။ သူ့ခြေလှမ်းတွေ တုံ့သွားပြီး မျက်မှောင်ကုတ်ကြီးနှင့် ငွေစင့်ကို ငုံ့စိုက်ကြည့်လိုက်လျှင် ငွေစင်က ရုတ်တရက် အနည်းငယ် ရင်ထိတ်သွားရပါသေးသည်။ ဘုရား ... ဘုရား ... ဒီလူကြီးမျက်နှာ အဲဒီဘက်တစ်ခြမ်းက အတော်လေး ကြောက်စရာကောင်းတာ။ ရုပ်ပျက်ဆင်းပျက် နိုင်လိုက်တာ။

"ဘာလဲ"

"ဟို ... ဟို ... ဟိုလေ"

"ဘာလဲ ... မြန်မြန်ပြော"

"ဟို ... အဲဒီပိုက်ဆံ ငါးဆယ်ကို ငွေစင်က ပြန်ဆပ်မှာပါလို့"

"ဆပ်ရမှာပေါ့၊ ဒါအပြောအလွှား လိုက်ပြောနေစရာမဟုတ်ပါဘူး၊ နှစ်ဦးနှစ်ဖက် သိပြီးသား အကြောင်းအရာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



အပိုတွေပြောနေတဲ့သူကို စိတ်မရှည်လှဘူးဆိုတဲ့ ဟန်မူရာနှင့် ထိုလူကြီးက ခပ်သုတ်သုတ် ဆက်ထွက်သွားလျှင် ငွေစင်က ပါးစပ်လေးအဟောင်းသားနှင့် ကျန်ရစ်ပါသည်။ ပြန်ဆပ်ပါမယ်လေး ဘာလေး အရှက်ပြေသာ လိုက်ပြောတာ။ ငါးဆယ်ကျပ်ဆိုတဲ့ ငွေပမာဏကို ဒီလူကြီးက ပြန်ယူနေတော့မှာ မဟုတ်ပါဘူးလို့ အပိုင်ထင်ထားမိသည်။

ခုတော့ ကြည့်စမ်း။ ငါးဆယ်လည်း ပြန်ယူတာပဲ။ ကပ်စေးနည်းကြီး ထင်ပါရဲ့။ ငွေစင်က ဆိုင်လေးရှေ့မှာ အမိုးခုံးလေးနှင့် ထုတ်ထားတဲ့ ဆေးပြာသုတ် သစ်သားခုံတန်းရှည်ကလေးမှာထိုင်လိုက်ပါသည်။ အိမ်ကိုလည်း မပြန်ချင်သေးလို့ရယ်၊ ဘယ်သွားရင် ကောင်းမလဲ တစ်ခဏအကြံထုတ်ဖို့ရယ်။

"တကယ့်ကို မမှတ်မိလောက်အောင် ရုပ်ပျက်ဆင်းပျက်ကို ဖြစ်သွားတာပဲနော်"

"ကိုယ် မပြောဘူးလား"

"အေးကွယ်၊ ကားမှောက်တာလေ၊ အဲဒီတလောက သူနဲ့ ပတ်သက်တဲ့ ကောလာဟလတွေ အများကြီးထွက်လာတာယူ မကြားဘူးလား"

"ကြားတော့ ကြားတယ် ဝေဝေရဲ့၊ အတိအကျတော့ မသိဘူးပေါ့၊ ကြားတော့ ကြားတာပဲလေ"



ငွေစင်က ဘေးက အမျိုးသမီးကြီးနှစ်ယောက်ကို လှည့်ကြည့်ရင်း သူတို့စကားတွေကို နားထောင်နေမိသည်။ ဆိုင်ရဲ့အပြင်နံရံမှာထုတ်ပြီး ကပ်ထားတဲ့ စင်ကလေးတွေပေါ်က သစ်သီးဝလံတို့ကို ရွေးချယ်နေကြတဲ့ လေးဆယ်ကျော်အမျိုးသမီးကြီးနှစ်ယောက် ဟိုလူကြီးထံ လှမ်းကြည့်လိုက်၊ တစ်ယောက်ကို တစ်ယောက် လှမ်းပြောလိုက် လုပ်နေကြတာ။

ဟိုလူကြီးအကြောင်း ပြောနေကြတာ သေချာသည်။

"နဂိုမြော်စရာ သင်းသင်းရယ်၊ ဒီလောက်ချောတဲ့လူ ကြည့်ကောင်းတဲ့လူမှ မျက်နှာပေါ်မှာ ရုပ်ပျက်လောက်အောင် ဒဏ်ရာရ,ရတယ်လို့"

"မကောင်းတာတွေလုပ်လို့ ဝဋ်လည်တာဖြစ်ရင် ဖြစ်မှာပေါ့"

"အဲဒီသတင်းကို သင်းသင်း ယုံလား"

"မပြောတတ်ဘူး ဝေရယ်၊ ကာယကံရှင်မှပဲ သိနိုင်မှာပေါ့၊ လူသိရှင်ကြားဟိုးလေးတကြော်တော့ အမှုဖြစ်ခဲ့တာပဲလေ၊ နောက်တော့ သက်သေအထောက်အထား မခိုင်လုံဘူးဆိုပြီး သူ့ကို တရားသေ လွှတ်လိုက်တာ မဟုတ်လား။ သက်သေခိုင်လုံတာ မခိုင်လုံတာက တကယ် ကျူးလွန်တာ မကျူးလွန်တာနဲ့ အစိုပ်ဟွာယ်မတူဘူး မဟုတ်လား"

"သူ့အမေကြီး သင်း သိတယ်မို့လား"

www.burmeseclassic.com

www.burmeseclassic.com



“သိတာပေါ့၊ တက္ကသိုလ်မှာ သင်းတို့ဆရာမကြီးနဲ့ သင်ခဲ့ဖူးသေးတယ်၊ အင်္ဂလိပ်စာပြတာ သိပ်ကောင်းတာ”

“ပညာတော်တဲ့မျိုးရိုးကိုး၊ သူ့အမေကြီးခမျာ အဲဒီပြဿနာတွေလည်းဖြစ်ရော အိပ်ရာထဲ ပုံလဲသွားတော့တာ ဘာခံတော့လို့လဲ၊ ခဏနေတော့ ဆုံးတာပါပဲ”

“စိတ်တော့ မကောင်းစရာပေါ့လေ၊ ဒါပေမဲ့ သူသာဒီအမှုတွေကို တကယ်ကျူးလွန်ရိုး မှန်ရင်တော့ မည်သူမပြုမိမိမှုပဲ”

ငွေစင်သည် သိသိသာသာလေး နားစွင့်ထောင်နေမိသည်။ စကားတွေက စိတ်ဝင်စားစရာပဲလေ။ ဒီလူကြီးရဲ့မျက်နှာက အမာရွတ်ဒဏ်ရာဒဏ်ချက်ဟာ ကားမှောက်ပြီး ရလာတာ။ အဲဒါအပြင် အဲဒီလူကြီးမှာ ဆိုးဆိုးဝါးဝါး ပြစ်မှုတစ်ခုရှိသေးသည်။ ဒါတွေကို သူတို့စကားတွေထဲက သိရသည်။

“ခင်စောသိုက်ကတော့ နိုင်ငံခြားအပြီးထွက်သွားတယ်နော်”

“သူလည်း ရှက်မှာပေါ့”

“သူတို့အတွဲလေးက သိပ်လိုက်တာ၊ မှတ်မိပါသေးရဲ့၊ စာသင်ခန်းဆောင် ကော်ရစ်ဒါကနေ သူတို့အတွဲ ဖြတ်လျှောက်သွားရင် စာသင်တဲ့ဆီကို စိတ်မဝင်စားနိုင်တော့ဘူး၊ အထူးသဖြင့် မိန်းကလေးတွေ အကုန်လုံးလိုလိုဟာ သူတို့ပျောက်သွားတဲ့အထိကို မြင်ရသလောက် လိုက်ငေးကြည့်ကြတာ”





“အဲဒီတုန်းကတော့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ကြီးလေ”

“ဘာပဲဖြစ်ဖြစ် နှမြောတော့ နှမြောစရာပဲ၊ သူကပညာသိပ်တော်တာလေ၊ အခုလိုကြီး ဇာတ်မြုပ်နေလိုက်တော့ သူတတ်ထားတဲ့ပညာတွေ အလကားပဲ၊ သူ စာသင်ရင် သိပ်နားထောင်လို့ ကောင်းတာပဲ၊ သိပ်ရှင်းတာပဲ၊ သိပ်ကိုတော်တာ”

“ဝေဝေ သင်ဖူးလား”

“ဝေတို့ကိုတော့ သူ မသင်ရပါဘူး၊ သူ ဒေါက်တာဘွဲ့ရပြီး ပြန်လာတော့ ဝေတို့မှီပေမယ့် သူက အောနားစ်အတန်းကိုသင်တယ်၊ အိုး ... အဲဒီအတန်းမှာဆိုတာ ဆိုင်တဲ့သူတွေရော မဆိုင်တဲ့သူတွေရော မိန်းကလေးတွေမှ ဝင်သင်နေလိုက်ကြတာ ပြည့်လျှံနေတော့တာပဲ”

“တအားငယ်ငယ်ကလေးနဲ့ ဒေါက်တာဖြစ်တာ”

“ငယ်ငယ်လေးနဲ့ ဘွဲ့ရ၊ ချက်ချင်း သွားဆက်တက်တာကိုး၊ ငွေကြေးကလည်း ပြည့်စုံတော့ တက်နိုင်တာပေါ့လေ၊ ဒဏ်ရာကြီးကြောင့်ရော စိတ်ဓာတ်တွေ ဘာတွေပါကျလို့ ရုပ်က ရင့်ရော်သွားပေမယ့် သူက ကိုယ်တို့ထက်သုံးလေးနှစ်ပဲကြီးမှာ၊ လေးဆယ့်ငါး လေးဆယ့်ခြောက်ပေါ့”

“ငါးဆယ်ကျော်လောက်တောင် မှန်းရတယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



"ပစ်စလက်ခတ်လည်း နေနေလို့ပါ၊ မျက်နှာကြီးကိုလည်း တင်းထားတာကိုး၊ နဂိုရုပ်အခံ ချောတာကတော့ မျက်နှာတစ်ခြမ်းမှာ မပျောက်သေးပါဘူး၊ ဟိုဘက်မျက်နှာတစ်ခြမ်းက ချောတုန်းပါ"

"ဝေဝေရယ်၊ ကျောင်းတုန်းက တိတ်တခိုးတောင် ရင်ခုန်ခဲ့သေးသလား တွေးချင်လာမိပြီ ... ဟင်း ... ဟင်း၊ သံယောဇဉ်မကင်းတဲ့ စကားတွေနဲ့ပါလား"

"အို ... သင်းသင်းကလည်း၊ လုံးဝမညာတမ်း မဖုံးဖိတမ်း ဝန်ခံကြေးဆိုရင် အဲဒီအချိန် အဲဒီနှစ်တွေတုန်းက တက္ကသိုလ်မှာ ဒေါက်တာနေမဝင် ဆိုတဲ့ ကထိကကို ကျိတ်ပြီးစိတ်ကူးမယဉ်ခဲ့တဲ့ မိန်းကလေး မရှိသလောက်ပါ။ ပွင့်ပွင့်လင်းလင်းသာ ဝန်ခံလိုက်စမ်းပါ၊ မိန်းကလေးတိုင်းကို စိတ်လှုပ်ရှားစေခဲ့၊ ရင်ခုန်စေခဲ့တဲ့သူဆိုတာ လိမ်လို့ညာလို့ မရပါဘူးကွယ် ...

သံယောဇဉ်မကင်းဘူးပြောပြော၊ မကုန်ဘူးပြောပြော သူ့မှာရှိတဲ့ အမည်းစက်ကြီးဟာ ဟုတ်သည်ပဲဖြစ်ဖြစ် မဟုတ်ဘူးပဲဖြစ်ဖြစ် တစ်ချိန်က ကိုယ့်နှလုံးသားကို မသိမသာကလေး မိုးမိုးခဲ့ဖူးတယ် ဆိုတာဟာ စိုးမိုးခဲ့ဖူးတယ်ပဲပေါ့၊ သင်းသင်းရော ! ကဲ ... ! "





သင်းသင်းဆိုတဲ့ အန်တီက တဟင်းဟင်း တညင်းညင်း ရယ်နေပါသည်။

"သူကသာ တောင်းဆိုကမ်းလှမ်းရင် ငြင်းမယ့်သူ တစ်ယောက်မှ စဉ်းစားမရဘူး၊ မိန်းမတွေကကို ချဉ်းကပ်လာရေလာမြောင်းပေးကြတာ၊ အဲဒီတော့လည်းပဲ ခုလို အမှုပြဿနာ အရုပ်အထွေးတွေ ဖြစ်ရတော့တာပေါ့"

"ဘာပဲဖြစ်ဖြစ် ဒေါက်တာနေမဝင်နဲ့ ခင်စောသိုက် ကွဲသွားကြတာကိုတော့ တကယ်စိတ်မကောင်းဘူး၊ ခင်စောသိုက်လည်း အသည်းကွဲသွားခဲ့ရတယ်၊ သူလည်းပဲ အသည်းကွဲခဲ့မှာပါပဲ"

"အေးကွယ် ... စိတ်မကောင်းဘူး၊ နှစ်ရှည်လများ ဘယ်သွားပျောက်နေသလဲ မသိဘူးနော်။ လူတွေနဲ့ မဆုံအောင်ကို ရှောင်ပုန်းနေတာ"

"ဒါပေမဲ့ တွေ့တွေ့ချင်း ပြန်မှတ်မိတယ် မဟုတ်လား"

"ရုပ်မပျက်တဲ့ သူ့မျက်နှာတစ်ခြမ်းက မေ့နိုင်စရာလား သင်းသင်းရယ်"

အန်တီနှစ်ယောက်ဟာ သစ်သီးတွေ ရွေးထည့်ထားတဲ့ ခြင်းကလေးတွေဆွဲရင်း ငွေရှင်းဖို့ အထဲပြန်ဝင်သွားကြပါသည်။ ငွေစင်သာ ခုနကခုံတန်းကလေးမှာပဲ ဆက်ပြီးငူငူကလေးထိုင်တွေကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာနေမဝင် ...။

အားပါးပါး။ အတော်မိုက်တဲ့ နာမည်။ "နေမဝင်" တဲ့။ သူတို့ခေတ်ကဆိုရင် အလွန်ကို ရှားပါးဆန်းကြယ်နေမည့် အမည်မျိုးပဲ။ ပြီးတော့ ဒေါက်တာ။ ဘာ,ဘာသာရပ်မှာ ဒေါက်တာဘွဲ့ရပါလိမ့်။ ကထိကတဲ့။ ပညာသိပ်တော်တာတဲ့။ စာသင်လည်း ကောင်းလှတယ်ဆိုပဲ။ ပျိုမေတို့ရဲ့အသည်းစွဲ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်။ သူ့ကိုရရင် ယူမည့်သူချည်းပဲတဲ့။

မိန်းကလေးတိုင်းရဲ့ နှလုံးသားတွေကို အနည်းနဲ့ အများ စိုးမိုးစေစားလှုပ်ရှားစေ့ခဲ့သူ။ မိန်းမတို့ရဲ့စိတ်ကူးယဉ်အိပ်မက်။ တစ်ယောက်တည်းသော ကံထူးရှင်ဆိုသူက"ခင်စောသိုက်" ဆိုပါလား။ သူ့ကျတော့ မဟာဆန်တဲ့ နာမည်ယဉ်ယဉ်ကလေးနဲ့။ ခုတော့ နိုင်ငံရပ်ခြားကို အပြီးထွက်သွားခဲ့ပြီတဲ့။ အသည်းကွဲသွားခဲ့တာဆိုတော့ သနားစရာပေါ့။

ဒီလူကြီးဘဝကို ဆိုးဆိုးဝါးဝါး ပျက်စီးပြိုပျက်သွားအောင်အထိ ဖြစ်ပျက်ခဲ့တဲ့အမှုက ဘာလဲ။ လူတောထဲ တိုးမဝင်တော့ဘဲ လူတွေကို ရှောင်ပုန်းသွားရလောက်အောင် သူ ဘာကိုများ နာကြည်းရက်စွဲ့သွားပါလိမ့်။

ငွေစင်သည် ကြားရသမျှအပေါ် စိတ်ဝင်စားမဆုံးရှိကာ အတွေးဆက် မပြတ်ဘဲ ရှိတော့သည်။ ကိုယ်နဲ့ဘာဆိုင်လို့လဲ။ ဆိုင်တယ်တော့ မဆိုနိုင်ပေမယ့် စိတ်တော့ဝင်စားတာအမှန်



ပေ။ သူက စာသင်ကောင်းလှတဲ့ တက္ကသိုလ်ဆရာတစ်ယောက်ဆိုတာကိုလည်း အံ့အားသင့်နေမိသည်။ ငွေငါးဆယ်ကျပ်ကိုတော့ ဆပ်ဖြစ်အောင် သွားပြီးဆပ်လိုက်ဦးမည်။

* ❤ *

www.burmeseclassic.com

www.burmeseclassic.com



## ၂

"ကလောင် ... ကလောင် ... ကလောင်"

ငွေစင်သည် ခြံတံခါးမှာတွေ့ရတဲ့ ခေါင်းလောင်းကို ကြိုးဆွဲ၍ လှုပ်လိုက်ပြီးသော် နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါသည်။ အသံကလည်း အ,အကြီး။ အ,မှာပေါ့။ ခေါင်းလောင်းက သံချေး ထူထူနှင့် အသွေးအရောင်ကလည်း မထွက်သလို အသံလည်းမထွက်။

အသံတော့ မြည်ပေမယ့် တခြားခေါင်းလောင်းသံတွေလို လွင်လွင်သာသာမရှိ။

"ကလောင် ... ကလောင်"

ဒါပဲရှိတော့လည်း ဒါကိုပဲ ထပ်ခါထပ်ခါ တီးရသည်။ ခြံတံခါးဝနှင့် အိမ်ကြီးဟာ ပေငါးဆယ်လောက်တော့





ဝေးသည်။ ဒီထက်လည်း ပိုချင်ပိုမည်။ အိမ်ကြီးကိုတွေ့နေရပေမယ့် လူသူလှုပ်ရှားမှု မတွေ့ရ။ အိမ်ကြီးက တိုက်တော့ တိုက်ဖြစ်ပေမယ့် အတော်ဟောင်းကာ အိုမင်းနေပြီ။ ရှေးတုန်းက တိုက်ကြီးမျိုးမို့ ထုထည်ကြီးကတော့ ကောင်းသည်။

"ဗျို့"

ငွေစင်က ဘယ်လိုခေါ်ရမှန်းမသိ၍ ဗျို့ပဲဟစ်လိုက်ပါသည်။ "ဦးနေမဝင်"လို့ ခေါ်ရမလား။ ရယ်စရာကြီး။ ဒေါက်တာနေမဝင် ဆိုရင် ပိုတောင်ရယ်ရသေး။

"ဗျို့ ... အိမ်ရှင်တို့"

ငွေစင်က တစ်ယောက်တည်းအော်ရင်း မောကာ တစ်ယောက်တည်း ရင်ကလေးဖိပြီး စိတ်တိုလာပါသည်။ ဒီလူကြီး ရှိပါတယ်။ တံခါးမရှိတဲ့ တိုးလျှိုးပေါက်မြင်ရတဲ့ ဂိုဒေါင်ထဲမှာ သူ ရဲ့အိစ္စူစူးဒပ်ဘယ်လ်ကက်ဘ် ကားအနီကို တွေ့နေရသည်ပဲဟာ။

ခေါင်းလောင်းကို ဆွဲလှုပ်လွန်း၍ ခြံတံခါးလဲပြိုမှာ ဆောင် စိုးရသည်။ အိမ်က ခိုင်ခံ့ပုံရပေမယ့် ခြံစည်းရိုးခြံတံခါး ဒို့ကတော့ မခိုင်ခံ့တော့ပါ။ ခြံစည်းရိုးက ခုခေတ်စည်းရိုးတွေလို အုတ်စည်းရိုး သံပန်း သံတိုင်စည်းရိုးတွေ မဟုတ်ဘဲ သစ်သားတိုင် စည်းရိုးတွေ။ အဲဒီသစ်သားချောင်းတွေကိုမှ အပင်တွေ ချုံနွယ်တွေက ရစ်ပတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စည်းရိုးထဲက အချို့သော သစ်သားချောင်းတို့သည် ဆွေးနေတာ ကျိုးနေတာ အခြေက်ယိုင်နေတာ စသဖြင့် အမျိုးမျိုး ယိုယွင်းနေသော်လည်း သူ့ပေါ်မှာ ရှုပ်ယှက်ခတ်နေတဲ့ ချုံတွေ နွယ်တွေက ပြန်တုပ်ပြီး ထိန်းထားသလိုဖြစ်ကာ ခြံစည်းရိုးပြိုလဲ ပေါက်ပြဲနေတာမျိုးတော့မရှိ။

"ဗျို့"

"ဝုတ် ... ဝုတ် ... ဝုတ်"

အဆင်းကုန်းလျှောလမ်းအတိုင်း တစ်ရှိန်ထိုးပြေး ဆင်းလာတဲ့ခွေးကို ကြည့်ပြီး ပထမလန့်သွားရပြီးမှ တံခါးပိတ် ထားတာပဲဆိုတာ သတိရ၍ ...

"ဘာဒီ ... ဘာဒီ"

ဟိုလူကြီး သူ့ခွေးကို ခေါ်သံကို သတိရမိပြီး ငွေစင်က တရင်းတနှီး အသံပြုလိုက်ပါသည်။

"ဟဲ့ ... ဘာဒီ၊ နင့်သခင်ကြီးကို သွားခေါ်"

"ဝုတ် ... ဝုတ်"

"ဘာလုပ်နေလဲ၊ နင့်သခင်ကြီးဟာ ဒီအချိန်ဆိုတော့ နေ့ လယ်ထမင်းစားပြီး ထမင်းလုံးစီနေမှာပေါ့"

ငွေစင်က ပါးစပ်မှ ဗလွတ်ရွတ်တောက် ပြောနေဆဲ ခွေးကလေးက ခြံစည်းရိုး တစ်နေရာဆီပြေးကာ သူသိထားတဲ့ ခွေးတိုးပေါက်တစ်ခုကနေ တိုးခွေ့ပြီး ထွက်လာသည်။





"ဟိတ် ... ဘာဒီ"

ခွေးကလေး အပြင်ရောက်မှပဲ အသံနက်ကြီးထွက် လာပါသည်။ သူ့ခွေး ပြေးထွက်သွားပြီဆိုတော့ ဒီခွေးတိုးပေါက် က ထွက်မှာတော့မည်ဆိုတာ ကြိုသိနေသလို ခုမှ ကမန်းကတန်း။ ချည်ထည်အစင်း ဘောင်းဘီရှည်ပွပွကြီး အပြာနုက ကြေမွနေ ကာ အပေါ်မှာတော့ ထုံးစံအတိုင်း လက်ရှည်အဖြူ။ ရှပ်တော့ မဟုတ်။ စွပ်ကျယ်သားတီရှပ်ပုံ လက်ရှည်ဖြစ်သည်။

"ဟဲ့ ... ရှူး ... ရှူး"

ငွေစင်က သူ့ခြေဖျားထိုပ်လေးကို ပြေးလာနမ်းနေ တဲ့ ဘာဒီကြောင့် ကြောက်လည်းကြောက် အသည်းလည်းယား ကာ တစ်ကိုယ်လုံးကို ကျုံ့ပြီး မသိမသာ တိုးစိစိကလေးနှင့် ခောင်းထုတ်နေမိသည်။

"ဟဲ့ ... ရှူး ... သွား"

"ဟိတ်ကောင် ... ဘာဒီ"

ဟိုလူကြီးက ခြံတံခါးရဲ့နောက်ကို ခပ်မြန်မြန်ကြီး ပဲ ရောက်လာသည်။

"ဘာဒီ ... လာ၊ ဝင်"

သူ့အသံကြီးက ခွေးမပြောနဲ့။ လူတောင်မှ အမြီးရှိ ရင် တစ်ခါတည်း ကုပ်သွားချင်အောင် ဟိန်းဟိန်းကြီးနဲ့ ကြောက် စရာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ရှူး ... သွား၊ ရှူး ... သွား"

"မင်း အဲသလို မဖြစ်ညစ်ကျယ် လုပ်နေတာကိုက ခွေး အသည်းယားအောင် လုပ်သလိုဖြစ်နေတယ်၊ နေမြဲတိုင်း နေရင် ဘယ်ခွေးမှ ဘယ်လူ့ကိုမှ မကိုက်ဘူး၊ အလကား နေရင်း ကိုက်တယ်ဆိုတာ ခွေးရူးရယ်၊ လူစိမ်းလာရင် အနံ့စိမ်းရင် ကိုက်အောင်ကို သင်ထားတဲ့ခွေးရယ်၊ ဒီလို ခွေးတွေပဲ ကိုက်တာ ...

သာမန်ခွေးတွေက သူ့ဟာသူ နေမြဲတိုင်းနေတဲ့လူ ကို ဘယ်တော့မှ မကိုက်ဘူး၊ လူစိမ်းလာ လူကျက်လာ ရှုကြည့် ကပ်ကြည့် စူးစမ်းရင် စူးစမ်းမယ်၊ အလကားနေ ရင်း မကိုက်ဘူး၊ အဲဒါ မှတ်ထား၊ လူနဲ့ခွေးဆိုတာမှာ ခွေး ကသာ လူကိုကြောက်တာ၊ သူ့ကို ခဲနဲ့ပစ်မလား တုတ် နဲ့ရိုက်မလား ခွေးက စိတ်ထဲကရှိန်နေတာ၊ အဲဒီအချိန်မှာ လူတွေက ရှုံ့တွန့်တွန့် ကြောက်တောက်တောက်ပုံသွားပြ ရင် ခွေးကရောင့်တက်ရော ...

ငါ့ကိုကြောက်ပါကလားလို့သိရင် ဖြဲခြောက်တတ် တယ်၊ မာန်ဖီတာတွေ ဘာတွေ စ,လုပ်ရော၊ ခပ်တည်တည် သာနေကြည့်၊ ခွေးက ကိုယ့်ကို အရင်ရှိန်တယ်၊ ဒါပေမဲ့ သူ့ကို ရန်ပြုမယ့်ပုံ ပြရင်လည်း ခွေးတွေဟာ ကြောက်ကန် ကန်ပြီး ရမ်းတတ်သေးတယ်၊ ခွေးကိုသွားပြီးတော့လည်း





မခြောက်မလှန့်ရဘူး၊ သူတို့က ဂီးခနဲ ပြန်မာန်ဖီလိုက်မှ ကိုယ်က တွန့်သွားရင် ခွေးကပါးတယ်၊ သူ့ကိုကြောက် မှန်းသိပြီး သူက ရောင့်တက်လာတယ်၊ အဲဒါမှတ်ထား"

ငွေစင်သည် ပါးစပ်အဟောင်းသားနဲ့ ဦးနေမဝင်ကို ခဏငေးစိုက်ကြည့်နေမိပါသည်။ ကျောင်းဆရာဆိုတာ မပြောဘဲ သိနိုင်အောင် အတော်ကို လက်ချာရိုက်တာပါလား။ ခွေးနဲ့ပတ် သက်ပြီး ခုမှ သေချာစကားစပြောဖူးမည့် သူတစ်ယောက်ကို သင်ကြားနေလိုက်တာ အရှည်ကြီး။

"အဲဒါ မှတ်ထား" "အဲဒါ မှတ်ထား"ဆိုတာက ပါသေး။

"ပြောနေတာ ကြားလား"

ဟော ...။ ခုထိ ဆရာညဉ်က မကုန်ဘဲ သူ့ကိုယ်သူ ဆရာ၊ ငွေစင့်ကို တပည့်လို့ သဘောထားနေပုံပဲ။ မေးခွန်း ထုတ်လိုက်သေးသည်။ ငွေစင်က သိပ်မကျေမနပ်နှင့်ပင် ပြန်မဖြေ ဘဲလည်း မနေဝံ့တာမို့ ...

"ဟုတ်ကဲ့"

မပွင့်တပွင့် ပြန်ဖြေလိုက်ပါသည်။

"အေး ... နောက်ဆိုရင် ခွေးကိုလာလာမစနဲ့"

ဦးနေမဝင်က နောက်ဆုံးတစ်ခွန်း ခပ်တည်တည် အဆုံးသတ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဒီ ... လာ"

သူ့ခွေးကို အမိန့်သံနှင့်ခေါ်ပြီး လှည့်ထွက်လိုက်ပါသည်။ ဟင် ...။ ဘာမှတောင် မပြောရသေးဘူး။ သူက ခြံဝက နေလာပြီး သူ့ခွေးကိုလာစ,တယ်လို့ ထင်တာကိုး။

"ဒီမှာ၊ ဦးလေး ... အဲ ... ဟို ... ဆရာ"

ငွေစင်သည် ဒီလူကြီးကို သိပ်သာမကျေနပ် မကြည်လင်လှတယ်။ စိတ်အတွင်းထဲမှာတော့ ခပ်ရှိန်ရှိန် ဖြစ်နေမိတာမို့ သူ့ကို လှမ်းခေါ်ဖို့ရာပင် ကပေါက်တိကပေါက်ချာနှင့် ဦးလေးပဲ ခေါ်သင့်လား၊ ဆရာလို့ပဲ ခေါ်သင့်လား မရေမရာ စဝေစဝါရှိကာ ပါးစပ်က ထွက်ချင်သလို ထွက်သွားသည်။

ဦးနေမဝင်က ဆတ်ခနဲရပ်က တစောင်းလှည့်ကြည့်လိုက်ရင်း ...

"မင်း ငါ့ကို ဘယ်လိုခေါ်တယ်"

"ဟို ... ဦး ... ဦးလေးလေ"

"ဦးလေး မဟုတ်ပါဘူး"

"ဆ ... ဆရာ"

"ဆရာ ! ဟုတ်လား"

သူက တည်တည့်လှည့်လာကာ ခါးနှစ်ဖက် အသေအချာ အကျအနထောက်လိုက်ပါသည်။

"ငါ့ကို ဘာဖြစ်လို့ ဆရာလို့ ခေါ်တာလဲ"



"ဟို ... ဆရာ ဆိုတာက၊ ဦးက ဆရာပဲ မဟုတ်လား"

"ဘာဆရာလဲ"

"တက္ကသိုလ်က ဆရာလေ"

"မင်းကို ဘယ်သူပြောလဲ"

"ဒီလိုပဲ ... ဟို ... သူများပြောတာ"

"သူများပြောတာ ဟုတ်လား၊ နေပါဦး ဘယ်သူများလဲ"

ငွေစင်က မျက်ခုံးကြီးတွန့် ခါးကြီးထောက်ထားတဲ့ ဦးနေမဝင်ကို ခပ်ရွံ့ရွံ့ကြည့်ရင်း ...

"ဘယ်သူလဲတော့ မသိဘူး၊ ဒီလိုပဲ လူတွေပြောကြတာ"

"ဘယ်သူတွေလဲ၊ ငါ တကယ်သိချင်လို့ မေးနေတာပါ၊ ငါ ဒီကိုပြောင်းလာပြီးကတည်းက ငါဟာ တက္ကသိုလ်က ဆရာပါလို့ ဘယ်သူ့ကိုမှ မပြောမိပါလား၊ ငါလည်းမပြောဘဲနဲ့ ဘယ်သူက ငါ့ကိုတက္ကသိုလ်က ဆရာလို့ လျှောက်ပြောနေတာလဲ"

"ဟို ... မဟုတ်ဘူးလားဟင်"

"မင်းကို ဘယ်သူက ပြောတာလဲ"

"ဟို ... ဟိုတစ်နေ့ကလေ၊ သမီးကို မုန့်ဆိုင်မှာ ပိုက်ဆံ ငါးဆယ် စိုက်ပေးသွားတဲ့ နေ့တုန်းကလေ"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဆိုင်မှာ အန်တီနှစ်ယောက်က စျေးဝယ်နေရင်း ဦး ... ဦးလည်းထွက်သွားရော နောက်ကကြည့်ရင်းနဲ့ပြောနေကြတာ"

ဦးနေမဝင်က ငွေစင့်ကို တစ်ခဏ စေ့စေ့စိုက်ကြည့်နေပြီး ခေါင်းကိုတဆတ်ဆတ် ညိတ်လိုက်ပါသည်။

"အင်း ... ဆိုပါဦး၊ ဘာပြောနေကြတာလဲ"

"ဦးက အရင်က တက္ကသိုလ်က ဆရာတဲ့"

"အင်း ... နောက်ကော"

"ငယ်ငယ်လေးနဲ့ ဒေါက်တာဘွဲ့ ရလာတာ၊ ဒေါက်တာနေမဝင်တဲ့"

"နောက် ဘာပြောသေးလဲ"

"ဟို ... ဟို ... ဒါပါပဲ"

ဦးနေမဝင်က ငွေစင်ရဲ့ ဘေးလွဲထားတဲ့မျက်ဝန်းကို စိုက်ကြည့်ရင်း ...

"ဒါပဲတော့ မကဘူး ထင်တယ်"

"ဟိုလေ ... အရင်တုန်းက ဦးနေမဝင်က အရမ်းချောတာတဲ့"

"ဒါပဲလား"

"ဟုတ်ကဲ့"



"နောက်ကော ဘာတွေ ပြောသေးလဲ၊ ဒါပဲမက,လောက်ပါဘူး"

"ဟို ... ပို ... ပို့တိုင်းကြိုက်တဲ့ ... နှင်း ... နှင်း ..."

"ဒါပဲလား"

ဦးနေမဝင် အသံက ဟိန်းဟောက်ခြောက်ကာ မေးနေသလိုမို့ ငွေစင်သည် ရင်တုန်ပန်းတုန်နှင့် လှုပါတုန်တုန်ယင်ယင် လန့်လာပါသည်။

"ဒါ ... ဒါပဲ"

"မဟုတ်ဘူး၊ ဒါပဲမက,နိုင်ဘူး၊ ထပ်ပြော၊ ကျန်ရှိဦးမယ်၊ သူတို့ ဘာပြောသေးလဲ"

"မကျန်တော့ပါဘူး"

"ကျန်သေးတယ် ပြော၊ ဘာတွေပြောလဲ"

"ဟို ... ကား ... ကားမှောက်ပြီးတော့ ဒဏ် ... ဒဏ်ရာရတာတဲ့"

"နောက်ကော"

"ဒါပဲ"

"မဟုတ်ပါဘူး၊ တခြား ဘာတွေပြောသေးလဲ"

ငွေစင်သည် လူကြီးတစ်ယောက်က ငေါက်နေတာမို့ ကြောက်လည်းကြောက်၊ ထူပူကာ ချွေးသီးချွေးပေါက်တွေလည်း သီးလာရပြီးမှ စိတ်လည်း တိုလာသည်။ သည်းညည်းခံတတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ခံစေချိတ်ရှိုး မဟုတ်လေရာ မဏတော့ အရှိန်နှင့် ကြောက်လန့်နေစေမယ့် ကြာတော့ ကျွမ်းတိုလာသည်။ သူက အဖေအရွယ်လောက် ဟုတ်တယ်ပဲ ထားပါဦး။ နေရင်းထိုင်ရင်း လူကိုဘာငေါက်စရာလိုသလဲ။

ကိုယ့်မှာလဲ ဘာအပြစ်မှမရှိ၊ ဘာမှလဲ မမှားယွင်းဘဲ သူဟောက်တာကို ဘာကြောင့်မို့များ ငွေစင်ကတော ငုံ့ခံနေရမှာလဲ။

"ဒါပဲရှင့်"

"မကုန်သေးဘူး ... ဆက်ပြော၊ ဘာတွေပြောလဲ"

"ဒါပဲ"

"မဖြစ်နိုင်ဘူး"

"မဖြစ်နိုင်လည်း မတတ်နိုင်ဘူးဗျာ၊ ဒါပါပဲဆိုမှ ထပ်ပြောနိုင်းနေတော့ ဘာတွေပြောရမှာလဲ၊ ဦးက ဘာတွေထပ်ကြားချင်နေသေးလို့လဲ"

ခပ်ဆတ်ဆတ် ခပ်စွာစွာအသံနှင့် ငွေစင်က လက်သီးလေးဆုပ်ပြီး ခံအော်လိုက်လျှင် ဦးနေမဝင်သည် ကြောင်တက်တက် ဖြစ်သွားကာ မျက်နှာကြောလည်း အနည်းငယ် လျော့သွားပါသည်။ အတော်ကြာမှ ...

"ဟုတ်ပြီလေ ဟုတ်ပြီလေ၊ ဒါပဲပေါ့ ဟုတ်လား"

ဦးနေမဝင်က ဖျတ်ခနဲ ပြန်လှည့်သွားရာ ...



"ဦး"

ငွေစင်က ဆူအောင့်အောင့် လေသံနှင့် ထပ်ခေါ်လိုက်၍ မျက်နှာပဲ ပြန်လှည့်ရင်း ...

"ဘာတုံး"

"သမီးက ဘာဒိုကို လာစ,တာလည်း မဟုတ်ဘူး"

"မဟုတ်ရင်လည်း ပြီးရောပေါ့ကွာ"

သူက ပြန်လှည့်သွားပြန်ရာ ...

"ဦးလေး ... တစ်ဆိတ်လောက် စိတ်ရှည်ပါဦး၊ သမီးပြောနေတာ ပြီးမှမပြီးသေးဘဲ၊ ကိစ္စရှိသေးတယ်"

"ဘာကိစ္စ ရှိစရာရှိလို့လဲ"

"သမီးတို့အိမ်က ခြံနံပါတ်နှစ်ဆယ်မှာ၊ ဟိုးဘက်ထိပ်နားမှာပါ၊ ဒီတော့ သမီးတို့ချင်းက တစ်လမ်းတည်းသားချင်း၊ တစ်ရပ်ကွက်တည်းသားချင်းတွေ ဖြစ်ပါတယ်၊ သမီးကလည်း အခု ကိစ္စရှိလို့ လာတာပါ၊ အကျိုးမဲ့ အကြောင်းမဲ့ အားအားလျားလျား လာနေတာ မဟုတ်ပါဘူး၊ ပုံမှန်အခြေအနေမှာ ဦးအနေနဲ့ အိမ်နီးနားချင်းတစ်ယောက်အပေါ် ဖော်ဖော်ရွေရွေ ခင်ခင်မင်မင်ပဲ ရှိသင့်တာပါ နေရင်းထိုင်ရင်း အဆတ်အဆဲ မလုပ်ချင်သလို တင်းမာနေတာဟာ အဓိပ္ပာယ်လည်း မရှိဘူး၊ တစ်မျိုးကြီး ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးနေမဝင်က ရပ်နားထောင်နေရာက တစ်ကိုယ်လုံး ပြန့်လှည့်လာကာ လက်နှစ်ဖက်ကိုပိုက် ခြေကို ခပ်ကျဲကျဲ ဟန်ကျ ပန်ကျ ရပ်လိုက်ရင်း ငွေစင်ကို သဘောကျတဲ့ အကြည့်မျိုးဖြင့် ...

"ဆိုပါဦး ... ဘယ်လိုတစ်မျိုးကြီး ဖြစ်နေလဲ"

"သဘာဝကို ဆန့်ကျင်နေတယ် ဆိုတာဟာ နောက်ကွယ်မှာ နောက်ခံအကြောင်းတစ်ခုခု ရှိလို့လို့ ယူဆစရာဖြစ်နေတာပေါ့"

"ဟင်း ... ဟင်း"

သူက မရယ်ချင့်ရယ်ချင် ရယ်လိုက်ပြီး ...

"အေး ... နောက်ကွယ်မှာ နောက်ခံအကြောင်းတစ်ခုကလည်း ရှိတယ်လေ၊ အဲဒါ ဘာလဲဆိုတော့ ငါကလူတွေကို မခင်တတ်ဘူး၊ လူတွေကို သိပ်အပေါင်းအသင်း မလုပ်ချင်ဘူး၊ အဲဒါ နောက်ခံအကြောင်းပဲ၊ မင်း နားလည်ပြီလား"

"လူဆိုတာ လူကိုပဲ အချင်းချင်း ပေါင်းသင်းရမှာမဟုတ်လား ဦး"

"လူလူချင်း ပေါင်းသင်းရမယ် ဆိုပေမယ့် လူချင်းမတူကြဘူး၊ များသောအားဖြင့် လူတွေဟာ တရင်းတနှီးပေါင်းသင်းလောက်အောင် အဖက်မတန်ဘူး၊ လူတွေဟာတန်ဖိုး





ချင်းညီတဲ့သူအချင်းချင်းပဲ ပေါင်းလို့သင်းလို့ဖြစ်တယ်၊ ငါ့တန်ဖိုးက မြင့်နေပြီး နောက်တစ်ယောက်ရဲ့တန်ဖိုးက နိမ့်နေရင် ဒီလူနဲ့ ငါ ပေါင်းဖို့မဖြစ်နိုင်ဘူး၊ လောကမှာ များသောအားဖြင့်သော လူတွေက ငါ့မှာရှိတဲ့ တန်ဖိုးထက်နိမ့်တဲ့လူတွေ ဖြစ်နေတယ် ...

အေး ... အဲဒါကြောင့် ငါက တော်ရုံတန်ရုံလူကို မပေါင်းသင်းတတ်ဘူး၊ တော်ရုံလူဟာ ငါပေါင်းဖို့ မတန်ဘူး၊ လူများစုဟာ စိတ်ဓာတ်မမြင့်မြတ်ကြဘူး၊ အဲဒါကြောင့် တွေ့ကရာလူကို ငါ မဖော်ရွေနိုင်တာ ဝမ်းနည်းပါတယ်ကွယ်"

ငွေစင်သည် ဦးနေမဝင်ကို စိုက်ကြည့်နေရင်းက စိတ်ထဲမှာ သဘောကျနှစ်ခြိုက်မှုတစ်မျိုး ဖြစ်ထွန်းလာပါသည်။ ဒီလူကြီးဟာ ခပ်ဘွင်းဘွင်းလည်း ပြောတတ်ပြီး ဖြောင့်မတ်ပွင့်လင်းပုံရသည်။ သူ့ကိုယ်သူ သူများနဲ့ မတူမတန်ဘူးလို့ မာန်တက်နေတာကလည်း ပညာတတ်တာအပြင် နာကြည်းချက်တစ်ခုခုရှိခဲ့တာကြောင့်သာဖြစ်မည်။

ဘာပဲဖြစ်ဖြစ် ဒီလူကြီးရဲ့ ပြောပုံဆိုပုံ ခွကျပုံကို တစ်မျိုးနှစ်ခြိုက်မိတဲ့ ငွေစင်က အပေါင်းအသင်းရှိပုံ မပေါ်သေးတဲ့ ဦးနေမဝင်နှင့် ရင်းနှီးအဖွဲ့ကျလိုစိတ် ဖြစ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးက တွေ့ကရာလူကို မဖော်ရွေနိုင် မရင်းနှီးနိုင်ဘူးဆိုပေမယ့် သမီးကိုတော့ ရင်းနှီးနိုင်မယ် ထင်ပါတယ်၊ သမီးနာမည်က ငွေစင်ကြယ်ပါ"

ဦးနေမဝင်သည် လှည့်ဝင်မယ်လုပ်လိုက် ဒီကောင်မလေး စကားဆက်ရှည်နေ၍ ပြန်လှည့်နားထောင်လိုက် ဖြစ်နေရာက ဒီတစ်ခါတော့ ရယ်တောင် ရယ်ချင်သွားကာ သင်းကများရာရာစစလို့လည်း ကျိတ်တွေးလိုက်မိပါသည်။

"ဆိုပါဦး၊ မင်းကို ဘာကြောင့် ရင်းနှီးဖော်ရွေထိုက်လဲဆိုတာ"

"ဘာဖြစ်လို့လဲဆိုတော့ သမီးကလည်း လူတွေတိုင်းကို သဘောမကျတတ်တဲ့သူမို့လို့၊ သမီးမှာလည်း ဦးလိုပဲ ပေါင်းဖို့အဖက်မတန်ဘူးလို့ ထင်ထားတဲ့သူတွေ ရှိတယ်၊ သမီးထက် တန်ဖိုးနိမ့်တယ်လို့ သတ်မှတ်ထားတဲ့သူတွေ ရှိတယ်"

ဦးနေမဝင်က မျက်ခုံးကိုမြှင့်၍ ငွေစင့်ကို စိုက်ကြည့်သည်။ အသက်နှစ်ဆယ်ဝန်းကျင်လောက် ခန့်မှန်းရတဲ့ ဒီကောင်မလေးရဲ့မျက်နှာပေါ်မှာ တခြားအသက်နှစ်ဆယ်တွေမှာ တွေ့ရတတ်တဲ့ ပေါ့ပါးလွတ်လပ်ခြင်းမျိုး မတွေ့ဘဲ သုန်သုန်မှုန်မှုန်နှင့် မကျေနပ်ခြင်းတွေ စွန်းထင်းပေရေနေတဲ့ မျက်ဝန်းမာမာတွေရှိနေသည်။



"ငါကတော့ မင်းအတွက် ပေါင်းသင်းထိုက်တယ် ! ဒီလိုလား !"

"ဟုတ်ကဲ့"

"ဘာဖြစ်လို့လဲ"

"ဦးက ပညာအရမ်းတော်တယ်ဆိုတာ တစ်ချက်"

ဦးနေမဝင်က ခေါင်းကို ခပ်ဖြည်းဖြည်းလေး ယမ်းရင်း ...

"အဲဒါက ဘာဆိုင်လဲ"

"သမီးက စာသိပ်ညံ့တယ်၊ အဲဒီတော့ အဲဒီနေရာမှာ ဦးက သမီးထက် တန်ဖိုးတအားပိုပြီး မြင့်မားတယ်၊ အဲဒီတော့ လေးစားအားကျတဲ့စိတ်နဲ့ ဦးကို ခင်မင်ချင်တာ၊ သိပ်တော်တယ်ဆိုတဲ့ သူတွေကို သမီးက အထင်ကြီးတယ်"

"မင်းက ဘာလို့စာညံ့တာလဲ၊ ဒီတိုင်းဆိုရင် ငါနဲ့ပေါင်းခွင့်ရတာ မင်းကသာပြီး ငါကလူညံ့နဲ့ ဆင်းပေါင်းရမှာ၊ ငါ့ဘက်က ရှုံးနေ နာနေတာပေါ့"

"ဦးက လူတော်ဆိုတော့ သာတာတွေ နာတာတွေ တွက်မယ်လို့ မထင်ပါဘူး"

"ဟင် ... ဘာဆိုင်လဲ၊ လူတော်ဆိုတော့ ပိုတောင်တွက်သေးတာပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



"တွက်မယ်ဆိုရင်လည်း ပညာနဲ့ ပတ်သက်ရင်တော့ လူညံ့နဲ့ဆင်းပေါင်းရတယ်ဆိုပြီး ဦး ရှုံးချင်ရှုံးမှာ ဖြစ်ပေမယ့် တခြားနေရာတွေမှာတော့ သမီးက တော်ပါတယ်"

"တခြားနေရာတွေမှာ တော်တယ် ဟုတ်လား၊ ကဲ … ဒါဖြင့် မင်းရဲ့အကောင်းဆုံး အရည်အချင်းတစ်ခုကို ပြောပါဦး"

"အကောင်းဆုံး အရည်အချင်း ဆိုရင်တော့ သမီးက စိတ်ကောင်းရှိတယ်"

ဦးနေမဝင်က မသိမသာ ပြုံးလိုက်မိပါသည်။ ဒီကောင်မလေးရဲ့ ပြောရဲဆိုရဲ ပွင့်ပွင့်လင်းလင်း ရှိပုံဟာ တစ်မျိုးသဘောကျစရာ အချက်ဖြစ်သည်။

"ဒါပေမဲ့ မင်းနဲ့ငါက သူငယ်ချင်းမိတ်ဆွေပေါင်း ပေါင်းရအောင်တော့ ရွယ်တူမဟုတ်ဘူးနော်"

"သမီးက သူငယ်ချင်းမိတ်ဆွေလို ပေါင်းချင်တာလည်း မဟုတ်ပါဘူး"

"ဘယ်လိုပေါင်းချင်တာလဲ"

"ဆရာတပည့်လို ပေါင်းချင်တာပါ"

ငွေစင်က အနည်းငယ် ထက်သန်လာတဲ့ မျှော်လင့်ချက် မျက်ဝန်းလေးနှင့် …



"ဦးက တက္ကသိုလ်က ဆရာ၊ နိုင်ငံခြားမှာ ဘွဲ့ရခဲ့တဲ့ ဒေါက်တာနေမဝင် ဆိုတာ တကယ် ဟုတ်တယ်နော် !"

"အင်း … ဟုတ်တယ်၊ ဒါပေမဲ့ ငါ စာမသင်တာကြာပြီ၊ ဒီတော့ ဒါတွေကို မေ့ထားလိုက်တာလည်း ကြာပါပြီ၊ လောလောဆယ်မှာတော့ ငါက ဆရာမဟုတ်ဘူး"

"ဒါဖြင့် ဘာလဲဟင်"

"ပန်းစိုက်နေတဲ့သူပဲ၊ တစ်နေ့ တစ်နေ့ ပန်းတွေမျိုးစုံပွင့်အောင် ကြိုးစားအားထုတ်နေတဲ့ အလုပ်ပဲ ငါလုပ်တော့တယ်။ ဒါကြောင့် မင်းနဲ့ငါ ဆရာတပည့်လို ပေါင်းဖို့လဲ မဖြစ်နိုင်ဘူး"

"ဟာ … သမီးလည်း ပန်းတွေဘာတွေ စိုက်တတ်၊ ရေလောင်းတတ်ပါတယ်၊ အိမ်မှာလည်း ပန်းပင်တွေရှိတာပဲ၊ မေမေ့ကို ကူလုပ်ပေးနေကျပါ"

ဦးနေမဝင်က ခေါင်းတစ်ချက် ဆတ်လိုက်ရင်း လက်မှာပတ်ထားတဲ့ လက်ပတ်နာရီကို တစ်ချက်ငုံ့ကြည့်ကာ …

"ကဲ … မင်းနဲ့ စကားပြောတာ အချိန်တောင် အတော်ကြာသွားပြီ၊ တော်လောက်ပြီပေါ့"

"ခဏလေးပါ ဦး"

ငွေစင်က ဦးနေမဝင်ကို တိုးလျှိုးသံကလေးနှင့် တားမြစ်လိုက်ပါသည်။ ဒီလူကြီးနှင့် စကားလေးငါးဆယ်ခွန်းပြော

www.burmeseclassic.com

www.burmeseclassic.com



ပြီးကတည်းက ဒီလူကြီးဟာ သူ့ရဲ့ပထွေး ဦးတင့်ဖော်လို သဘောထားခပ်သေးသေးနှင့် ခုတစ်မျိုး တော်ကြာတစ်မျိုး စိတ်အပြောင်းအလဲမြန်တဲ့သူ မဟုတ်ဘူး၊ အမြင်ကျဉ်းပြီး တိုထွာစေးနည်းတဲ့သူ မဟုတ်ဘူး၊ ကိုယ့်မှာသာ မိန်းမရှိရင် နို့င်ထက်စီးနင်း တစ်ဖက်စောင်းနင်း ဗိုလ်ခပ်ကျကျ ဆက်ဆံမယ့်သူစားမျိုး မဟုတ်ဘူးလို့ အလိုအလျောက် သိနေသည်။

မျက်နှာတစ်ခြမ်းဟာ ပုံပျက်ပန်းပျက် ရုပ်ဆိုးလှပေမယ့် ကျန်တဲ့ မျက်နှာတစ်ခြမ်းက သူဟာ အဆင့်အတန်းရှိတဲ့ ဉာဏ်အမြော်အမြင်ကျယ်တဲ့ စိတ်ထားပြည့်ဝတဲ့ ဖြောင့်မတ်တည်ကြည်မယ့် လူစားမျိုး ဖြစ်တယ်လို့ ယုံကြည်စေလောက်အောင် တင်းမာတဲ့ကြားက သိမ်မွေ့ညက်ညောရနေသည်။

အဖေဆိုတာကို ရေရေရာရာတောင် မမှတ်မိတော့တဲ့ ငွေစင်ဟာ ဒီလူကြီးကို စကားလေးငါးဆယ်ခွန်း ပြောအပြီးမှာ ခင်မင်နှစ်လိုခြင်းများစွာ ဖြစ်ခဲ့မိသည်။ သူဟာ မေမေ့အရွယ်လောက်ပဲလေ။ ဒီတော့ ဖေဖေ့အရွယ်လောက်လည်းပဲ ဖြစ်နိုင်တာပေါ့။ သားအဖ တူဝရီးဆိုတဲ့ အရွယ်ချင်းမို့လည်း ငွေစင့်ရင်ထဲ အတန်ငယ် ပိုပြီးရဲရဲတင်းတင်း ရင်းရင်းနှီးနှီး ဖြစ်နေသည်။

ပြီးတော့ ရုတ်တရက် ပေါ်ပေါက်လာတဲ့ စိတ်ကူးမျှော်လင့်ချက်တစ်မျိုးကလည်း ရင်ထဲ တက်သန်မောက်လျှံလာသည်။





"ဦးက ဘာ,ဘာသာရပ်နဲ့ ဒေါက်တာဘွဲ့ ရတာလဲဟင်"

"သချာ်"

ငွေစင့် မျက်လုံးလေးတွေ တလက်လက်တောက်ပြောင်သွားတာကို မြင်လိုက်တဲ့ ဦးနေမဝင်က ဒီကောင်မလေးဘာတွေ စိတ်ကူးကြံစည်နေတယ်ကို သဘောမပေါက်ဘဲ ရှိနေပါသေးသည်။

"သမီးက ဆယ်တန်းကို သုံးကြိမ်ကျထားပါတယ်"

"ဗိုး ... မင်းနှယ်ကွာ"

"အခု ဒီနှစ်တော့ မဖြေဘူးဆိုပြီး ပစ်ထားလိုက်တယ်။ ဖြေခွင့်တင်မထားဘူး၊ ဒါပေမယ့် သမီး ဆယ်တန်းတော့ အောင်ချင်ပါတယ်"

"အောင်ချင်ရင် ကြိုးစားပေါ့၊ မင်းပဲ အဓိကပဲ၊ ဘယ်သူမှ လုပ်ပေးနိုင်တဲ့ကိစ္စ မဟုတ်ဘူး"

"ကြိုးစားမယ်လို့လည်း ဆုံးဖြတ်ထားပါတယ်"

"မင်း ဆုံးဖြတ်တာက နှစ်အနည်းငယ် နောက်ကျမနေဘူးလား၊ ခုမှပဲထပြီး ဘာဖြစ်လို့ အောင်ချင်လာရတာလဲ"

"ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ချင်လာလို့ပါ"

ဦးနေမဝင်က စိတ်ထဲကကျိတ်ကာ "အလဲ့"လို့မြည်တမ်းလိုက်မိသလိုလို ဖြစ်သွားပါသည်။ ပြောပုံကတော့ အတည့်ပေါက်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... အဲဒါ၊ အဲဒါ ... ဦးများ သမီးကို သချာင်္သင်ပြပေးနိုင်မလားဟင်၊ သမီးက သချာင်္နဲ့ ကျနေတာပါ"

ဦးနေမဝင်က မျက်ခုံးတွေ ပင့်တက်သွားပြီး ...

"ဟာ ... မဖြစ်သေးပါဘူး၊ မပြနိုင်ဘူး၊ ဘယ့်နှယ်၊ မဟုတ်တာ ငါ ဆရာ မဟုတ်တော့ပါဘူးလို့ ခုပဲ ပြောနေတယ်၊ ပညာရေးနဲ့ ပတ်သက်တာတွေ ငါ့ခေါင်းထဲမှာ ဘာမှမရှိတော့ဘူး၊ စာလည်း ဘယ်တော့မှ မသင်တော့ဘူး"

"ဘယ်တော့မှ မသင်တော့ဘူး ဆိုတာက ဘာကြောင့်လဲဟင်"

"မသင်ချင်လို့"

"ဦးက ပညာသိပ်တော်တဲ့ သူတစ်ယောက်လေ၊ အဲဒီပညာတွေကို သူများကိုပြန်ပြီး မဖြန့်ဝေရင် နမြောစရာကြီးဖြစ်မှာပေါ့"

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စတော့ မင်း မေ့ပစ်လိုက်ပါ၊ ငါမသင်နိုင်ဘူး၊ မင်းကိုရယ်လို့ မဟုတ်ဘူး၊ ဘယ်သူ့ကိုမှ ဘာစာမှ မသင်တော့ဘူး၊ ငါ့ဟာငါ အေးအေးဆေးဆေး ပန်းပင်လေးတွေနဲ့ပဲ အချိန်ကိုကုန်လွန်နေတာ၊ စိတ်တော့မရှိပါနဲ့ကွာ၊ မသင်နိုင်ဘူး ငြင်းရတာလည်း ငါ့အလွန်မရှိပါဘူး၊ ငါက ကျူရှင်ဖွင့်ထားတာလည်း မဟုတ်၊ မင်းဟာမင်း ငါ့





အကြောင်း အပြင်က နားစွန်နားဖျား ကြားလာပြီး စိတ်ကူးယဉ်ပြီး လာတောင်းဆိုတာ ...

ငါက ငါ့ဆုံးဖြတ်ချက်နဲ့ငါ၊ ဘယ်တော့မှ စာမသင်တော့ဘူး၊ လူတွေနဲ့ဝေးဝေးကင်းကင်း အေးအေးပဲ နေတော့မှာ၊ စိတ်မရှိနဲ့ ကလေးမ၊ ကျူရှင်တွေမှ အများကြီးပါ၊ မင်းတက်စရာ ကျူရှင်သင်တန်းတွေ ပြည့်လို့ပါ"

"သမီး ကျူရှင်တက်ဖို့ အခွင့်အရေး မရှိပါဘူး"

"ဘာဖြစ်လို့လဲ"

"မေမေ့ယောကျ်ားက သမီးအတွက် ကျူရှင်လခ ထုတ်မပေးပါဘူး၊ မေမေကလည်း သူ့ယောကျ်ားဆီကရတဲ့ ပိုက်ဆံကလွဲရင် တခြားပိုက်ဆံ မရှိဘူး"

ဦးနေမဝင် မျက်ခုံးက တွန့်သွားရပြီး ...

"မေမေ့ယောကျ်ား ဆိုတာက !! "

"ပထွေးပါ"

ဦးနေမဝင်က ခေါင်းမာပုံရတဲ့ ကောင်မလေးရဲ့ရုပ တော့ပူဆာတော့မည့် ရုပ်မျိုးလေးကို အမှုသေအချာကြည့်ရင်း ပြည်းပြည်း ခေါင်းယမ်းလိုက်အုံ့ညည်း။

"လူတစ်ကိုယ်စီတိုင်းမှာ အခက်အခဲတွေ ဒုက္ခတွေ ပြဿနာ တွေဆိုတာမျိုးက အမြဲ ရှိနေတတ်ကြတာပါပဲ၊ မင်းမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



မင်းပြဿနာနဲ့ မင်းပေါ့လေ၊ မင်းအခက်အခဲကိုတော့ စာနာပါတယ်၊ ဒါပေမဲ့ ငါ စာသင်ပေးဖို့တော့ လုံးဝမဖြစ်နိုင်ဘူး၊ မင်းလည်း ဒီနေရာမှာပဲ မျှော်လင့်ချက်ကို တစ်ခါတည်းဖြတ်လိုက် ...

ရများရနိုင်ဦးမလားနဲ့ မျှော်လင့်ချက် အမျှင်တန်းပြီး ဆက်ထားနေမိရင် မင်းပဲ ရင်မောလိမ့်မယ်၊ တခြားနည်းနဲ့ ဖြေရှင်းလိုက်ပါ၊ ငါ မင်းကို စာလည်းသင်မပေးနိုင်၊ အပေါင်းအသင်းလည်း လုပ်မပေးနိုင်တာ ဆောရီးပါပဲ"

ငွေစင်သည် ရုတ်တရက် ပေါ်လာခဲ့တဲ့ ဆန္ဒနှင့် မျှော်လင့်ချက် ဖြစ်ပေမယ့် ခေါင်းမာခွဲနပ်ကြီးတတ်ပြီး တော်ရုံနှင့်လည်း လက်မလျှော့တတ်တဲ့ ပေကတ်ကတ်သူတစ်ယောက် ဖြစ်လေရာ ...

"ပြန်စဉ်းစားပါဦး ဦး၊ သမီးက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ချင်လို့ ဆယ်တန်းအောင်ချင်နေတဲ့ကျောင်းသူတစ်ယောက်ပါ"

"အင်း ... ဒါပေမဲ့ အဲဒါ မင်းဘဝပဲလေ၊ ငါနဲ့ဘာမှမဆိုင်ဘူး"

"ကိုယ့်ဘဝနဲ့ကိုယ် ဖြစ်ကြပေမယ့် ဦးကူမယ်ဆိုရင် ကူညီနိုင်တယ် မဟုတ်လား"



"မကူညီနိုင်ဘူး၊ ငါ့မှာ အချိန်လည်း မပိုဘူး၊ ဆန္ဒလည်း မရှိဘူး၊ ကဲ ... ကဲ ... ဒါပဲ၊ မင်းလည်းပြန်တော့၊ ကြာနေပြီ၊ မင်းအိမ်က စိတ်ပူနေမယ်"

"မပူပါဘူး၊ ပူမယ့်သူလည်း မရှိဘူး၊ ပူရိုးထုံးစံလည်း မရှိဘူး"

ဦးနေမဝင်က ခေါင်းကြောမာလှတဲ့ ကောင်မလေးကို မျက်မှောင်တွန့်နှင့် စိုက်ကြည့်နေရာက ထပ်မံနှုတ်ဆက်မနေတော့ဘဲ ချာခနဲလှည့်လိုက်ပြီး အိမ်ဘက်ပြန်လျှောက်လာခဲ့ပါသည်။

"ဦး"

"... ... ..."

"ဦး ...၊ ဒီမှာ ဦးကိုဆပ်ရမယ့် ပိုက်ဆံငါးဆယ်၊ သမီး အဲဒါ လာပေးတာပါ"

ဦးနေမဝင်က လှည့်မကြည့်တော့ဘဲ ...

"ငါပြန်မယူတော့ဘူး"

"ပြန်ယူပါ၊ ငါးဆယ်ဆိုတဲ့ ပိုက်ဆံလေးနဲ့ သူများကြွေးတင် မခံချင်ဘူး"

"မယူတော့ဘူး"

ငွေစင်သည် လုံးဝလှည့်မကြည့်တော့ဘဲ ဝေးကွာသွားပြီဖြစ်တဲ့ ဦးနေမဝင် ကျောပြင်ကိုကြည့်ကာ စိတ်တွေတိုင်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီခြံတံခါးကြားမှာ ညှပ်သွားမှာ"

"ကြိုက်တာလုပ်"

ဦးနေမဝင်က လုံးဝကို ပြန်လှည့်မကြည့်တော့ပါ။

* ❤ *



# ၄

"မင်းတို့သားအမိက ဘယ်လိုလဲ၊ ပိုက်ဆံက ဘယ်လောက်ပဲပေးပေး လောက်ငနိုင်တယ်ပဲ မရှိပါလား၊ ရှေ့ကပေးတဲ့သူကပေးပေမယ့် နောက်ကနေ ဘယ်တော့မှ လူနဲ့သူနဲ့တူတဲ့ ဟင်းတူတူတန်တန်ကို မချက်ကြဘူး"

ထမင်းစားပွဲမှာထိုင်ပြီး ပွစိပွစိလုပ်နေတဲ့ ဦးတင့်ဆွေကို ငွေစင်သည် မုန်းတီးတဲ့မျက်ဝန်းအစုံနှင့် တစ်ချက်လှမ်းကြည့်ကာ တီဗီရှေ့ကြမ်းပြင်ပေါ်မှာထိုင်၊ ပေါင်ပေါ် ဆန်ကာတင်ပြီး နွာနေလက်စ ကြက်သွန်အဖြူအနီတွေကို ဆက်နွာနေလိုက်ပါသည်။

နက်ဖြန်မနက် ကျောင်းထမင်းဘူးထဲကို ဘာလချောင်ကြော် မပါမနေရလို့ ညကြီးမင်းကြီးကျကာမှ ထ,ပူဆာတဲ့ အငယ်မ ရှင်နှောင်းတွေးကြောင့် ငွေစင့်မှာ ကြက်သွန်ဖြူတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ညတွင်းချင်းနွှာရ လှီးထားရပါမည်။ မနက်မှ ဒါကိုထလုပ်ရင် တခြား ထမင်းဟင်းတွေလည်း ချက်ပြုတ် Breakfast လည်း စီစဉ်ပေးရဦးမှာနှင့် ရှစ်နာရီ ကျောင်းအပို့မှာ ဘာလချောင်ကြော်မှီမှာမဟုတ်။

စားချင်တယ်ဆို အခု။ ဒီလိုပူဆာခွင့်လည်း သူတို့မှာရှိပေတာကိုး။

ကြိုတင်လည်းမပြော။ "သန်ဘက်ခါမှ ထည့်ယူပါ သမီးလေးရယ်"လို့ မေမေက ချော့ပြောတာလည်း လက်မခံ။ သန်ဘက်ခါမှ ထည့်မယ်ဆိုရင် နက်ဖြန်နေ့လယ်တို့ ညနေစောင်းတို့ နည်းနည်းအားတဲ့ ချောင်တဲ့အချိန် ကြော်ထားလိုက်လို့ရတာပေါ့။ ခုတော့ နက်ဖြန်မှတဲ့။

"အဲဒါကြောင့် အိမ်မှာကို ထမင်းမစားချင်တာ"

ဦးတင့်ဇော်က သူ့ရှေ့က ငါးခုတ်သား(ငါးတန်)ဟင်းပန်းကန်ကို ဓောင့်ခနဲ တွန်းဖယ်ပစ်လိုက်ရင်း ဆိုသည်။

ငါးတန်က ဝက်သား ကြက်သားတွေထက် ဈေးပေါတာလည်း မှန်သည်။ ဒါပေမဲ့ မေမေက ဈေးပေါလို့ချည်း ချက်တာမဟုတ်။ အမဲသားမစားတဲ့ ဦးထင့်ဇော်ကြောင့် အိမ်မှာ ဝက်၊ ကြက်၊ ဆိတ်ကိုပဲ အလှည့်ကျချက်ရတာများသည်။ ငါးဖယ်ဆိုရင် ညှီတယ်ပြောပြီး ပုစွန်ကျတော့ အကောင်သေးတွေက သူ့ကို ယားစေတယ်လို့ဆိုကာ မချက်ခိုင်း။





သူကအဆန်း။ ပုစွန်ဘော့ချိတ်တို့ ဘာတို့ဆို ယားပြီး ပုစွန်တုပ်ကျ မယားဘူးတဲ့။ သူ မယားပေမယ့် သူပေးတဲ့ ဈေးဖိုးနှင့် မေမေဟာ ပုစွန်တုပ်ကို တစ်လနေလို့ တစ်ခါမချက်နိုင် မချက်ဖြစ်ပါ။ ဒီတော့ ချက်စရာဟင်းအမည် ရှားသည်။ ဒီတော့ မေမေက ဈေးမှာ ခုတ်သားလို့ခေါ်တဲ့ ငါးတန်ကိုတစ်ပတ်မှာ တစ်ရက်လောက် ခုပြီးချက်သည်။

မေမေ ငါးတန်ချက်တာ ကောင်းပါသည်။ ထမင်းဆိုင်တွေမှာဆိုရင် ဒါကိုပဲ ငါးမြင်းဟင်းလို့ ပြောရောင်းနေကျပဲဟာ။ ခရမ်းချဉ်သီးလေးစိတ်ကွဲကို အုပ်ကာ နံနံပင်လေးလွှမ်းထားတဲ့ မေမေ့ငါးတန်ဟင်းဟာ ကောင်းသားနှင့်။ သူလည်းတစ်ခါတစ်ရံ ကြိုက်တဲ့အခါ ကြိုက်သော်လည်း စိတ်နဲ့အခန့်မသင့်တဲ့အခါတွေမှာ အပေါစားဟင်းဆိုပြီး ပြဿနာလုပ်တတ်သည်။

"ပြောနေတဲ့ ကြားကကို ဒါပဲချက်နိုင်မယ်ဆိုပြီး တမင်တကာ ပညာပြနေတာလား၊ မင်းတို့သားအမိက ... ဟင်! "

"မင်းတို့သားအမိ မင်းတို့သားအမိနဲ့ သမီးက ဘာဖြစ်လို့ ပါနေရတာလဲ ဦးဇော်၊ ဦးဇော် ပြောချင်ရင် ဦးဇော်မိန်းမကိုပြောပေါ့"

ငွေစင်သည် နားငြီး မခံမရပ်နိုင်လွန်းလာကာ ကြက်သွန်နွှာနေရာမှ ပက်ကနဲ နှုတ်လှန်ထိုးလိုက်ပါသည်။ မေမေ့အပေါ် ပိုဖိပြီးငြိုးမှာစိုးလို့ ငုံ့ငုံ့ခံရတာကလွဲရင် ငွေစင်က ဦးတင့်



www.burmeseclassic.com

www.burmeseclassic.com



ဇော်ကို မကြောက်ပေ။ ကိုယ့်ကြည့်မရတာနှင့် မေမေ့ကို ပိုနှိပ်ကွပ်မှာပဲ စိုးတာ။

ငွေစင့် စိတ်ထဲတွင် သမာသမတ်မရှိတဲ့ ဦးတင့်ဇော်ရဲ့ မျက်နှာကြီးကို မှုစရာ လေးစားစရာရယ်လို့ကို မမြင်။ ကိုယ်ငယ်ငယ်လေးတုန်းက၊ သူလည်းစီးပွားတွေ သိပ်မဖြစ်ခင် ရုန်းကန်နေရတုန်းက၊ သူ့သွေးရင်းသမီးတွေလည်း ထပ်မမွေးခင်တုန်းက ...။ အဲဒီတုန်းက ဦးတင့်ဇော်သည် ခုလောက်မာန်မတက် လူပါးမဝသေးရာ ငွေစင့်ကိုလည်း ဒီလောက်မခွဲခြားပါ။ မေမေ့အပေါ်လည်း ကြင်နာသည်။ ယုကာစ,ကိုး။

အဲဒီတုန်းက ငွေစင်သည် ဦးတင့်ဇော်ကို ခင်မင်ရင်းခဲ့ရှိသည်။ ကိုယ့်မှာ အဖေမရှိတော့ အဖေနေရာရောက်လာတဲ့ လူတစ်ယောက်ကို အဖေလိုပဲ ချစ်ရမှာပဲလို့ သဘောထားကာ ချစ်တောင် ချစ်ခင်မိခဲ့ပါသေးသည်။

သူလည်း အဲဒီတုန်းက ငွေစင့်အပေါ် ကောင်းခဲ့စေတနာရှိခဲ့သေးတာပါပဲ။

သူ့သမီးရင်းတွေ မွေးလာတော့လည်း မခွဲခြားသေးပါ။ စီးပွားစတက်လာမှ ပြောင်းလဲသွားတာ။ ငွေကြေးချမ်းသာကြွယ်ဝလာမှုဟာ လူတစ်ယောက်ရဲ့စိတ်နေစိတ်ထား အပြုအမူတို့ကို များစွာပြောင်းလဲသွားစေသည်။ ဘဝင်မြင့်လာတာလည်းပါသည်။ သူက ဘုရင်တစ်ဆူလို မင်းမူချင်လာတဲ့ အချိန်မှာ ငွေစင်က အဲသလို ပြောင်းလဲအောက်ကျို့ ခ,စားမလာဘဲ အရင်အတိုင်းလောက်ပဲ ရှိတာကို သူက သဘောမကျတာ။



သို့သော် ဦးတင့်ဇော်သည် သူ့သည်းညည်းကိုင့်ခံ၊ သူ့ အော်သမျှ ဟောက်သမျှ တင်စီးသမျှကို ဘာတစ်ခွန်းမှ နှုတ်လှန်မထိုးတဲ့ မေမေ့ကို နိုင်စားသလောက် မထင်ရင် မထင်သလို ပက်ခနဲ ဒေါက်ခနဲ ပြောချင် ပြန်ပြောပစ်လိုက်တတ်တဲ့ ငွေစင့်ကို မေမေ့လောက် တိုက်ရိုက်မနိုင်စားရဲ မဟိန်းဟောက်ရဲ။

ငွေစင့်ကို သူ နှိပ်ကွပ်ချင်ရင် မေမေကတစ်ဆင့်သာ။ ငြိုငြင်ချင်တာ၊ မသထာတာ စေးနည်းတိုထွာလာတာတွေဟာလည်း မေမေ့ထံမှတစ်ဆင့်သာ ဖြတ်သန်းလာသည်။

ငွေစင့်ကို တိုက်ရိုက်တည့်တည့် သဘောထားသေးရမှာကို ဦးတင့်ဇော်က အနည်းငယ် ရှက်ကိုးရှက်ကန်း ရှိသေးသည်။

"ဦးဇော် မေမေဖျားနေတယ်၊ လက်ထဲမှာ ပိုက်ဆံနည်းနေလို့ ဆေးခန်းမသွားဘူး လုပ်နေတယ်၊ ဆေးခန်းမပြရင် ဘယ်မြန်မြန်နေကောင်းမလဲ၊ တစ်အိမ်လုံး အလုပ်လုပ်နေရတာ၊ မေမေမှ နေမကောင်းရင် တစ်အိမ်လုံး ထမင်းငတ်ကုန်မှာပေါ့၊ ဆေးခန်းသွားကိုသွားပြရမယ်လို့ သမီးကပြောတာ၊ ပိုက်ဆံမရှိဘူးတဲ့၊ အဲဒါ ဦးဇော် အခု ပိုက်ဆံတစ်သောင်းလောက်ပေးပါ၊ ဆေးခန်းသွားလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ငွေစင် ပိုက်ဆံသွားတောင်းလျှင် (မေမေ ဒီလိုတောင်းပါက ပွစိပွစိလုပ်ဦးမှာ သေချာတဲ့ ဦးတင့်ဇော်က) ငွေကို အသာတကြည် ထုတ်ပေးကာ ...

"တွေ့လား ... ညည်းအမေဟာ အလုပ်ကို မဟုတ်ဘူး၊ မချွေတာရမှာကျရင် ချွေတာ၊ ချွေတာရမှာကိုကျတော့ မချွေတာ၊ ဆေးခန်းသွားဖို့ ပိုက်ဆံမရှိတာကို လာမတောင်းတာ၊ အဲဒါ ငါ့ကို သက်သက် နှာမည်ဖျက်တာပဲ ... ကျွတ်"

ဒါကြောင့် ငွေစင်က တစ်ခါတလေကျရင်တော့ အောင့်အည်းမနေဘဲ ပြောချင်တာကို ဖွင့်ပြောပစ်လိုက်သည်။ အကယ်၍ အဲဒါကို ဦးတင့်ဇော်ဟာ မကျေနပ်သွားဘူးဆိုရင်တော့ ငွေစင် ပြောတုန်းမှာ ဘာမှမဆန့်ကျင်ဘဲ နောက်မှ မေမေ့ကိုပိုပြီး ဖိပြောတတ်သည်။ နောက်တစ်မျိုးနှင့် သွယ်ဝိုက်အပြစ်ရှာသည်။

ဒါကြောင့် အခါခပ်သိမ်းတော့လည်း ငွေစင်က ဝင်ဝင်မပြော။ ခုတော့ မင်းတို့သားအမိ မင်းတို့သားအမိနှင့် ငွေစင့်ကိုပါ အပြစ်မရှိ အပြစ်ရှာ ဆွဲထည့်နေတာကို နားကြားပြင်းကပ်ကာ လှည့်ပက်လိုက်တာပင်။

"ဟဲ့ ... ငွေစင်၊ အဲလို ပြောစရာလား"

တွေ့လား။ မေမေဟာ သူ့ဟာနဲ့သူကို မနေ။ မျက်နှာလိုအားရ ဝင်ပြောပြန်သည်။ မေမေ့ကို ငွေစင်က ...





"မေမေဟာလေ၊ သူလည်းမပြောရဲ၊ ငွေစင်က တစ်ခုခုပြန်ပြောရင်လည်း မျက်နှာလိုအားရနဲ့ ယောကျ်ားဘက်ကဝင်ဝင်ကာကွယ်ပြောတယ်"

ဤသို့ စကားနာထိုးတဲ့အခါ ...

"အေးပါအေ၊ ငါက မျက်နှာလိုအားရ ဝင်ပြောတယ်ပဲထားလိုက်ပါ၊ အဲဒါ ငါ့အတွက် မဟုတ်ပါဘူး၊ ညည်းအတွက်ပါ ငွေစင်ရယ်၊ မေမေ လုပ်သမျှဟာ ညည်းအတွက်ဆိုတာ ညည်း သိထား၊ ငုံ့ခံတာလည်း ညည်းအတွက်ပဲ၊ မျက်နှာလိုအားရ သူ့ဘက်က ဝင်ပြောတာလည်း ညည်းအတွက်ပဲ၊ အစစအရာရာဟာ 'ညည်းအတွက်ချည်းပဲ"

"ငွေစင့်အတွက်ချည်းပဲ ငွေစင့်အတွက်ချည်းပဲနဲ့ ဟိုသမီးနှစ်ယောက်အတွက်ကျ မေမေက ဘာမှလုပ်မပေးဘူးဆိုတဲ့အတိုင်းပဲ၊ အားလုံးဟာ သမီးအတွက်ဆိုတော့ သူများကြားရင် ငွေစင်ဟာ အခွင့်ထူးခံနေရတယ် ထင်မှာပဲ၊ ဟွန်း"

ငွေစင်က ဤသို့ အငေါ်တူးတတ်သည်။

"ညည်းအတွက်ချည်းမဲပေါ့၊ အငယ်နှစ်ယောက်အတွက်ဆိုပြီး ငါဘာမှအထူးတလည် လုပ်ကိုင်ပြောဆိုမနေဘူး သိရဲ့လား၊ သူတို့အတွက် ငါ ဘာမှပြောပေးစရာ လုပ်ပေးစရာ မလိုဘူး သိရဲ့လား၊ သူတို့အတွက် ငါ ဘာမှမလုပ်လဲ



www.burmeseclassic.com

www.burmeseclassic.com



သူတို့အဖေ လုပ်လိမ့်မယ်၊ ကြည့်မနေဘူး၊ ငါ့ရဲ့ဒီသမီးကြီး ညည်းတစ်ယောက်အတွက်ပဲ ငါ ရပ်တည်နေတာပါအေ"

ဤသို့ မေမေ ဝမ်းပန်းတနည်း ပြောဆိုလျှင် ငွေစင် သည် တုံဏှိဘာဝေ ရှုးသလိုနေလိုက်ပြီး ကွယ်ရာကျမှ တစိမ့်စိမ့် ပြန်တွေးကာ မျက်ရည်အသွယ်သွယ် ကျရတတ်သည်။

"ဟုတ်တယ်လေ မေမေကလည်း၊ ဦးဇော် ပြောနေပုံက အဲဒီငါးခုတ်သားဟင်းကို ငွေစင်ကပါ သူ့ကို အလိုတူ အလိုပါ ချက်ကျွေးသလိုလို၊ ဒီနေ့ နှစ်ဆယ့်လေးရက်နေ့ မေမေ့လက်ထဲ နောက်တစ်ပတ်စာ ပိုက်ဆံဘယ်လောက် ရှိတော့တယ်ဆိုတာ ပြောပြလိုက်ပါလား၊ ဘာမှမပြောဘူး ငြိမ်နေတာပဲ၊ ပြီးမှလုပ်ချင်ရာလုပ်တော့ ဦးဇော်ကလည်း အပြစ်ပြောမှာပေါ့ ...

ဒီမှာ ဦးဇော်၊ ဘာမှမပူနဲ့၊ နက်ဖြန်လည်း ဘဲဥဟင်း ပဲ စားရမယ်၊ ဘဲဥက တွက်သားကိုက်တယ်၊ နောက်တစ် ပတ်လုံး ဟင်းကောင်းချက်ဖို့ မေမေ့လက်ထဲမှာ ပိုက်ဆံ အလုံအလောက် မကျန်ဘူးဆိုတော့ ဦးဇော်လည်း အပြင် မှာသာစားလိုက်ရင် စားလိုက်ပေတော့၊ နို့မို့ရင် နေ့တိုင်း စိတ်တိုနေရမယ်"

"ငွေစင်"





မေမေက ထုံးစံမပျက် ဟန့်သည်။ ဦးတင့်ဇော်သည် ငွေစင့်စကားကို မည်သို့ချေပပြောဆိုရမည် မသိဘဲ ခပ်အမ်းအမ်း ငြိမ်နေသည်။ ငွေစင့် စကားက သူ့ကိုပြန်ပြောတာ မှန်သော်လည်း လေချိုနှင့် ကြည်ကြည်သာသာ။ ခံပက်ရာလည်းမရောက်၍ ဗွေယူ ရလည်းတစ်ခက်။ သားအဖအရာမှာရှိ၍ လူကြီးနှင့်လူငယ် တစ် ယောက်တစ်ပြန် ထုပေါ့နေရမှာမျိုးလည်း မလိုလား။

"မင်းတို့က အဲဒါမဟုတ်တာ"

နှုတ်ပိတ်ပြီးလည်း မနေချင်၍ မရေမရာ တစ်ခွန်း ဆိုလိုက်သည်။

"ပိုက်ဆံကုန်ရင် ကိုယ့်ယောက်ျားပဲဟာ၊ ကိုယ်တောင်းပေါ့ လို့ ငွေစင်က ပြောတာ၊ အဲဒါလည်းမေမေက မဟုတ်ဘူး၊ ဦးဇော်က လုံလောက်အောင် ရှာမပေးနိုင်တဲ့သူ ဆိုရင်လည်း တစ်မျိုးပေါ့၊ ဦးဇော်က အရည်အချင်းရှိတဲ့ ဖခင်တစ်ယောက် ပဲဟာ၊ တောင်းရင်လည်း ပေးနိုင်တဲ့ငွေ ရှိတယ် ...

ဒီလောက်နဲ့ လောက်တယ်ထင်လို့ ဦးဇော်က ဒီ လောက်ပဲ ပေးတာ မဟုတ်ဘူးလား၊ မလောက်မှန်းကို ရေရေရာရာ ရှင်းပြရင် ဦးဇော်လည်း ဘယ်ကတ်သတ်ပါ့ မလဲ၊ ပေးမှာပဲပေါ့၊ မေမေ တစ်ယောက်တည်း စားနေတဲ့ စရိတ်မှ မဟုတ်တာလို့ ငွေစင်က ပြောတာ၊ အားလုံးစား နေတာပဲဟာ၊ ငါးယောက်စရိတ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... တော်စမ်းပါ ငွေစင်ရယ်၊ ညည်းဆုံးမတာ အားလုံးက နားထောင်နေရမလို ဖြစ်နေပြီ"

ဦးတင့်ဇော်က အောင့်သက်သက်ဆိုသည်။

"ငွေစင်က မေမေ့အစား အသည်းယားလို့ ပြောတာပါ"

"တော်တော့၊ ညည်းအမေပြောလိမ့်မယ်၊ ညည်းက ကလေး"

ထားပါတော့ ကလေးလို့ပဲ။ အရေးအရာ မပါဘူးပေါ့။ တစ်ခါတလေတော့လည်း လူကကြီးလှပြီ နင့်သမီးက လက်လျား လတ်လျားနဲ့လို့ မေမေ့ကို ပြောတတ်ပြန်သည်။

"ကဲ ... ပြောပါဦး ဒေါ်ခင်နွယ်၊ ဘာတွေ ဘယ်လိုဖြစ်လို့ မလောက်ငပြန်ဘူးဆိုတာ၊ ဈေးတက်တာတွေချည်းတော့ ပြောမနေနဲ့၊ ကိုယ်တစ်ယောက်တည်းအတွက် ဈေးကတက်နေတာ မဟုတ်ဘူး၊ သူများတွေလည်း ဒီလိုပဲ ကြည့်သုံးတိုင်းသုံးနေကြရတာပဲ၊ တစ်လစာပေးထားတာလည်း နည်းတာမဟုတ်ဘူး၊ ထမင်းဝိုင်းကြည့်လည်း ဘာမှသိပ်ထူးပြီး လေးငါးမျိုး ချက်နေတာ မဟုတ်ဘဲနဲ့"

လေးငါးမျိုး မဟုတ်ပေမယ့် သုံးမျိုးလေ။ ငါးပိရည်တို့စရာကလည်း ပါရသေးတာလေ။ အသားဟင်းတစ်မျိုး၊ အရည်သောက်တစ်မျိုး၊ အသီးအရွက်ကြော်တာဖြစ်စေ သုပ်တာလေးဖြစ်စေ ရှိရသေးတာလေ။ အဲဒါပဲ နည်းလား။ ဆန်ဆိုလည်း ထူးရှယ်မစားတာ။ ဆီဆိုလည်း ပဲဆီသန့်။ ဆန်တွေ ဆီတွေက ဂရိတ်





လျှော့ချရင်လည်း ပိုက်ဆံဒီလောက်တောင် ပေးထားရက်နဲ့ ဆန်ညံ့နဲ့၊ ကျန်းမာရေးထိခိုက်မယ့် ဆီကို ကျွေးရကောင်းလားလို့ အပြောခံထိဦးမှာ။

မေမေဟာ ဘာမှကိုမပြော။ နှုတ်ကြီးပိတ်၍ မျက်လုံးအောက်ချပြီး ငြိမ်နေသည်။ သူ့မှာပဲ အပြစ်ရှိသလိုလို။ အကျီတောင် အသစ်မဝယ်မချုပ်တာ ကြာလှပြီဖြစ်ပါရဲ့နဲ့။ အားလုံးကျွန်မအပြစ်တွေပါပဲဆိုတဲ့ ရုပ်နဲ့ ငိုင်စိုက်ပြီးနေတာကို အသည်းတွယားတာ။ ငွေစင်ဟာလည်း ကိုယ့်အဖေအရာကို ဒီထက်ပိုပြီး ဝင်မပြောသင့်တော့ဘူးလေ။

"ပြောဆိုရင်လည်း မပြောဘူး၊ ပါးစပ်ကို ပိတ်ထားတယ်၊ ပြီးတော့ မလောက်ဘူး မလောက်ဘူးဆိုတဲ့ အသံကထွက်တယ်၊ မင်းကို ပေးတာက မီးဖိုစရိတ်ပဲလေ၊ ကလေးတွေ မုန့်ဖိုး ကျူရှင်ဖိုး ကျန်တဲ့စရိတ်တွေက ငါ သတ်သတ်ပေးနေတာပဲဟာ၊ ဟင်းဖိုးဆိုရင် ဟင်းဖိုးပဲ သုံးပေါ့၊ တခြားဟာတွေ ထည့်မသုံးနဲ့ပေါ့"

အဲဒီတော့ မေမေကပဲ ဟင်းဖိုးထဲကနှိုက်ကာ တခြားနေရာတွေ ကြိုက်ရာသုံးပစ်နေသလိုလို။

"အဲဒီဟင်းဖိုးကိုက မလောက်တာ ဦးဇော်၊ ငွေစင်က ကိုယ်ပဲ ဈေးသွားနေရတာမို့ သိနေတယ်၊ တစ်နေ့ကပဲ ဦးဇော် ဘောင်းဘီရှည်လျှော်ဖို့ယူတော့ ဘောင်းဘီအိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲက စားသောက်ဆိုင်မှာ ငွေရှင်းထားတဲ့ ဘီလ်စာရွက် ထွက်လာတယ်၊ ငွေစင် ကြည့်လိုက်မိတော့ အားလုံးပေါင်း သိန်းကျော်တောင်ကျတာ၊ တစ်သိန်းနှစ်သောင်းလား မသိဘူး၊ တစ်ကြိမ်တည်း ဟိုတယ်မှာစားတာတောင် တစ်သိန်းနှစ်သောင်း ကျနေတာ၊ ဟိုတယ်စာ မဟုတ်ပေမယ့် အိမ်မှာ တစ်လလုံး စားကြတာဟာ အထိုက်အလျောက်တော့ ကျမှာပဲပေါ့”

“ကဲ ... ညည်းက မအေလား၊ ဒေါ်ခင်နွယ်က မအေလား၊ ကျွတ် ... သမီးလုပ်တဲ့သူက စကားတတ်တိုင်း ပါးစပ်ဖျားကနေ ဘလစ် ဘလစ်နဲ့၊ မအေကကျတော့ မေးရင်မဖြေ၊ မျက်နှာအောက်ချပြီး သူ့ကိုနှိပ်စက်နေတဲ့အတိုင်း စိတ်ပျက်ဖို့ကို ကောင်းတယ်”

“ငွေစင် ပါးစပ်ပိတ်တော့”

မေမေသည် ဦးတင့်ဇော် ဒေါသကြီးလာတော့မည်ကို ကြိုမျှော်သိပုံနှင့် ငွေစင့်ကို ခပ်တင်းတင်းတစ်ချက် လှမ်းပြောလိုက်၍ ငွေစင်က ပါးစပ်ပိတ်လိုက်ပါသည်။

“အစ်ကိုရယ် ... တချို့လလည်းလောက် တချို့လလည်း မလောက်ပေါ့၊ နွယ်က အစ်ကို့ကို စိတ်အရှုပ်လည်းမပေးချင်လို့ တော်ရုံတန်ရုံ ပြောမနေတာပါ၊ တစ်ခါတလေ လျှော့ဝယ်လိုက်ပြီး ဟင်းမလောက်ရင် ငွေစင်နဲ့ နွယ်နဲ့





သားအမိနှစ်ယောက် ငါးပိရည်နဲ့ နယ်ဖတ်စားရင်လည်း စားလိုက်တာပါ”

“အဲဒီတော့ကော ကောင်းမလားကွ၊ မင်းတို့သားအမိကျမှ ငါးပိရည်နဲ့ ငါတို့က ဟင်းကောင်းနဲ့ဆိုတဲ့ စကားကကော ကောင်းမလား၊ မင်းတို့က အနစ်နာခံသလိုလို ဆိုပေမယ့် ငါ့သိက္ခာက ကျသေးတယ်”

“မိသားစုထဲ ပြောတဲ့စကားပါ၊ အစ်ကိုလည်း သိက္ခာမကျစေရပါဘူး၊ ငွေစင်လည်း ဘာပဲဖြစ်ဖြစ် အနစ်နာခံရမှာပေါ့၊ သူက အကြီးပဲ၊ အငယ်တွေကို ဦးစားပေးရမှာပဲပေါ့”

“တော် ... တော် ... မင်းပြောပုံက ငါကပဲ ခွဲခြားထားသလိုလို၊ အငယ်တွေကို ဦးစားပေး၊ ငွေစင်က အနစ်နာခံဆိုတဲ့ စကားမျိုး မင်းဟာမင်း ဘာသဘောထားနဲ့ပြောပြော သူများကြားရင် ငါ့သိက္ခာကျတယ်၊ နောက်မပြောနဲ့ ငါမကြိုက်ဘူး”

ငွေစင်သည် မေမေ့ကို အသံနက်ကြီးနှင့် ဟိန်းဟောက်နေတဲ့ ဦးတင့်ဇော်ကို မုန်းမုန်းနှင့် ကြက်သွန်ကိုသာ အားစိုက် နုပ်နုပ်စင်းနေသည်။ သိပ်မုန်းတာပဲ။ အမှန်ကိုပြောတာ ဘာဖြစ်လဲ။ ငွေစင်က အနစ်နာခံရတယ်ဆိုတဲ့ စကားကို ကြိုက်ရင် သူနဲ့ သူ့သမီးရင်းနှစ်ယောက် အနစ်နာခံကြပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"မကြီးဟာတွေက မှန်တယ်ကွာ"

"ဘာ"

"အဲဒီကြက်သွန်တွေက ဘာကိစ္စ နှောင်းနှားမှာ လာလိုးနေရတာလဲ၊ လွတ်လွတ်ကျွတ်ကျွတ် သွားလိုးပါလား၊ တီဗီရှေ့ လာလိုးရတယ်လို့"

ငွေစင်သည် စိတ်တိုလက်စနှင့် ...

"ဟဲ့ ... အဲဒါ နင်စားဖို့ လုပ်နေရတာလေ"

"ဘာပဲဖြစ်ဖြစ် အလုပ်လုပ်တာ မီးဖိုထဲသွားလုပ်ပေါ့"

"လိုးနေရတဲ့သူ မှန်ဖို့ထားပါဦး၊ သူက အဝေးကြီးကနေ လှမ်းမှန်နေသေးတယ်"

"မှန်တာပဲပေါ့၊ အနံ့တွေက လေထဲလွင့်လာတဲ့ဟာ"

"ဟဲ့ ... ငါလည်း ဒီအချိန်ထိ လုပ်လို့ကိုင်လို့ မပြီးနိုင်သေးတာ တီဗီလည်း ကြည့်ချင်သေးတာပေါ့။ အဲဒါကြောင့် တီဗီရှေ့ လာလိုးနေတာပေါ့"

"အဲဒါကို လာမလိုးနဲ့ မှန်တယ်လို့ ပြောနေတာ"

"နင်စားမယ့်ဟာ မဟုတ်ဘူးလား"

"စေတနာမပါရင် မလိုးနဲ့ပေါ့၊ မစားတော့ဘူး"

"ဘာ"

"ငွေစင်"



ငွေစင်က မေမေ့အသံ ထွက်လာရာဆီ ဆတ်ခနဲ လှည့်ကြည့်လိုက်ပါသည်။ အငယ်လုပ်တဲ့သူက ပြောနေတာတော့ မေမေ မဟာနံ့ဘူးလားလို့ ပြန်ပြောဦးမလို့ပင်။ ဆတ်ခနဲ အလှည့်မှာ မေမေ့မျက်နှာကို မြင်လိုက်တဲ့အခါမှာတော့ ငွေစင့် ရင်ထဲ ပူပြင်းဆို့နင်သွားပါသည်။

မေမေ့မျက်နှာပေါ်က အရိပ်အကဲကို ရင်ထဲအသည်းထဲက နားလည်လိုက်ပေမယ့် တခြားလူတစ်ဖက်သား နားလည်အောင်တော့ ငွေစင် အဓိပ္ပာယ်ဖော် ပြောမပြတတ်တော့ပါ။ ငွေစင်ရဲ့ စေ့ပိတ်လိုက်ရတဲ့ နှုတ်ခမ်းလေးတွေသာ တဆတ်ဆတ် တုန်လာပါသည်။

"မီးဖိုထဲသွားလိုး သမီး"

မေမေ့အသံက ခပ်တိုးတိုး။

ငွေစင်သည် ပလတ်စတစ်ဆန်ကာ၊ တင်လိုးတဲ့ ခဉ်တီတုံးပြား၊ ဓား၊ ခုံပုလေး၊ ကြက်သွန်လိုးပြီးသားတွေ ထည့်ထားတဲ့ ဇလုံတို့ကို ကောက်ယူစုပြုံမ,ကာ မီးဖိုဘက်ကို ခပ်သွက်သွက် ဝင်လာခဲ့ပါသည်။

ထမင်းစားပွဲမှာ ငှက်ကြီး တင်းတင်းကြီး ဆက်ထိုင်နေတဲ့ ဦးတင့်ဖော်ကိုရော သွေးရင်းတစ်ဝက်ရောတဲ့ ညီမငယ်ကိုရော မုန်းနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်မှာလည်း မနေချင်ဘူး။ မျက်နှာငယ်ငယ်နဲ့လည်း လူမလုပ်ချင်ဘူး။ မေမေ ဘာမှပြန်မပြောဝံ့တဲ့ ဘဝကိုလည်း ရင်နာတယ်။ ငွေစင်ဆိုတဲ့ သမီးတစ်ယောက်သာ သူ့ဘက်ကမပါဘူးဆိုရင် မေမေကလည်း ဒီလောက်မျက်နှာငယ်ရ အနစ်နာခံရမှာ မဟုတ်ဘူး။ တကယ်တော့ ကိုယ်ဟာ ပိုနေတာ။ မရှိလည်း ဘာမှမဖြစ်ဘူး။ လူပိုသက်သက် ဖြစ်နေတာ။

* ❤ *





## ခန်း ၁ ကြော်

ငွေစင်သည် စက်ဘီးကိုနင်းကာ ဖြတ်လမ်းအတိုင်း ချိုးပတ်ဝင်လာရင်း ဦးနေမဝင်ရဲ့ခြံထဲဆီကို မျှော်ကြည့်လိုက်သည်။ ဈေးအသွားကတည်းက "ဦးရာဂျစ်"ကို ဒီခြံဝမှာ တွေ့ခဲ့သည်။ လှမ်းမေးကြည့်ခဲ့သေးသည်။

"ဦးရာဂျစ် ဘာလုပ်ဖို့လဲ ဒီခြံမှာ"

"ဒီခြံကဆရာ ခေါ်ထားတယ်"

ဦးရာဂျစ်ဟာ ဒီရပ်ကွက်တည်းက မဟုတ်တဲ့ ကုလားလူမျိုးတစ်ယောက် ဖြစ်ကာ ဒီရက်ကွက်ထဲ လမ်းထဲက ခြံအတော်များများမှာ မြက်ခုတ်၊ ခြံစည်းရိုးပင်ညှိ၊ ပန်းအိုးတွေ နေရာချ၊ အိုးဟောင်းလဲ၊ ခဲထု၊ အုန်းဆံထု စသဖြင့် ပန်းပင်တွေနှင့် ပတ်သက်တဲ့ အလုပ်မျိုးတွေ လုည့်လုပ်ပေးတဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလမ်းထဲ နေ့တိုင်းနီးပါးလာကာ တစ်ခြံပြီးတစ်ခြံကို "ဘာလုပ်စရာရှိလဲ" ပတ်မေးတတ်သည်။ တစ်ခြံမဟုတ်တစ်ခြံကလည်း တစ်ခုခု လုပ်စရာရှိတတ်သည်သာ။ နေ့တိုင်းလိုလို အလုပ်လုပ်စရာရသည်။ တစ်ခါတစ်ခါ သူရောက်မလာ၍ သူ့ကိုတောင် မျှော်ကြရပါသည်။ နီးစပ်ရာ ခင်မင်ရာ အိမ်ချင်း ...

"ရာဂျစ်တစ်ယောက်လာရင် ဒီအက်ခြံလည်း လွှတ်ပေးပါဦးနော်"

စသဖြင့် မှာထားတတ်ကြပါသည်။ တစ်ခါတလေ လမ်းထိပ်ဘက်က ဝင်လာပြီး ထိပ်အိမ်က ခေါ်ခိုင်းလိုက်လျှင် လမ်းတွင်းရောက်မလာတော့ဘဲ တစ်နေကုန်သွားရင် သူက လမ်းထိပ်ကပဲ လှည့်ပြန်သွားတာမို့ တစ်ခါတစ်ခါ သူ့ကိုမျှော်ရ မှာရ ရှာရသည်။ ခြံပေါက်စေ့ ရှေ့ကဖြတ်လျှောက်ကာ ဦးရာဂျစ်များ ရောက်နေလား ရှာပြီး ရှိနေရင် ကိုယ့်ခြံထဲက ခိုင်းစရာရှိတာပြောပြီး နောက်နေ့ မှာရသည်။

ငွေစင်တို့အိမ်မှာ မကြာမကြာ အပင်ကိစ္စတွေ ခေါ်ခိုင်းဖူး၍ ရင်းနှီးခင်မင်သည်။ ဒါ့အပြင် ဟိုးအရင်က အိမ်မှာလူမရှိချိန် တစ်ပတ်တလေ တစ်လတလေမျိုး ဦးရာဂျစ်မိန်း "မနူး" ကို အဝတ်ခေါ်လျှော်ခိုင်းဖူးသည်။ အိမ်က အလုပ်သမားတွေ ထုတ်ပစ်အပြီးမှာလည်း လနဲ့ချီပြီး ခေါ်လျှော်ခိုင်းဖူးပါသေးသည်။ နောက်မှရပ်လိုက်တာ။ နေ့တွက်လည်းပေး၊ စားစရာလေးတွေပေး၊





အဝတ်ဟောင်းလေးတွေပေးနှင့် နှစ်ကြာလာတော့ ရင်းနှီးခင်မင်နေကြတာပင်။

ဘယ်တုန်းကတည်းက ဒီလမ်းထဲက ခြံတွေမှာ အလုပ်ပတ်လုပ်နေခဲ့သည် မသိဘဲ ငွေစင်တို့ ပြောင်းလာပြီးချိန်မှာ ဦးရာဂျစ်ကြီးကို လမ်းထဲမှာတွေ့။ သူများတွေ ခေါ်ခိုင်းတာတွေ့နှင့် ကိုယ်ပါ လိုအပ်တာခေါ်ခိုင်းဖြစ်တော့တာ။ နှစ်ပေါင်းများစွာ ဒီလမ်းထဲမှာပဲ လှည့်ပတ်လုပ်နေတာမို့ အိမ်တိုင်းကလည်း သူ့ကိုသိနေကာ အကျင့်စာရိတ္တလည်းကောင်းတော့ ယုံကြည်စိတ်ချကြသည်။

ဦးနေမဝင်လည်း ဦးရာဂျစ်ကိုတွေ့ပြီး ခိုင်းဖို့ခေါ်ထားပြီပေါ့။ ဈေးကိုရောက်တော့ ပုံရောင်းနေသော ကလေးဝတ်အင်္ကျီသေးသေးပါးပါးကလေးတွေကို တွေ့လေရာ မနူးကို သွားသတိရမိသည်။ မနူးက ကလေးမီးဖွားထားတာ အလွန်ဆုံးရှိ သုံးလပေါ့။ ကလေးအင်္ကျီလေး ပေးချင်စိတ်ပေါက်ကာ ငွေစင်က ကလေးအင်္ကျီပေါက်စလေး နှစ်ထည်ဝယ်လာခဲ့ပါသည်။

အပြန်ကျတော့ ဦးနေမဝင် ခြံထဲကို လည်ပင်းရှည်အောင် မျှော်ကြည့်ပြီး ဦးရာဂျစ်ကို ရှာရာမတွေ့။ ငွေစင်က ကယ်ရီယာပေါ်က ဈေးခြင်းကို ဂရုစိုက် ဟန်ချက်ထိန်းပြီး စက်ဘီးကို ဒေါက်ထောက်ရပ်လိုက်ပါသည်။ ခြံတံခါးဆီ လျှောက်လာကာ သံဈေးတက် ခေါင်းလောင်းကို ဆွဲလှုပ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးရာဂျစ် ... ဦးရာဂျစ်"

"ကလောင် ... ကလောင်"

"ဗျို့ ... ဦးရာဂျစ်"

ဦးနေမဝင်က ခေါင်းထောင်နားစွင့်ကာ ...

"ခင်ဗျားကို ခေါ်နေတယ်နဲ့တူတယ် ဦးရာဂျစ်"

"အာ ... ဟုတ်ဘယ် ဆရာ"

"ဘယ်သူလဲ မသိဘူး"

"မသိဘူး ဆရာ၊ သွားကြည့်လိုက်ဦးမယ်"

"သိပ်မကြာနဲ့ဗျာ"

ဒီနေ့ ဦးနေမဝင်က ဦးရာဂျစ်ကိုခေါ်ကာ သဇင်တိုင်အသစ်တွေ စီးနေတာဖြစ်သည်။ တိုင်အတွက် မမသားသစ်လုံးတိုင်တွေ ဝယ်ထားပြီးပြီ။ အုန်းဆံဖတ်တွေ ဝယ်ထားကာ ရေကြိုစိမ်ထားပြီးပြီ။ အုန်းဆံကြိုးလည်း ဝယ်ပြီးပြီ။ သဇင်တိုင်အတွက် သစ်လုံးတိုင်မှာ အုန်းဆံဖတ် ပတ်လည်အတွင်းခံကာ အပေါ်က အုန်းဆံကြိုးနှင့် ပတ်ပြီးစီးရတဲ့ အလုပ်ဟာ ခွန်အားလည်းလိုသည်။ ညီညာသေသပ်ဖို့လည်း လိုသည်။

အခန့်မသင့်ရင် အုန်းဆံကြိုးရှပြီး လက်တွေပေါက်ပြတတ်သည်။ လုပ်ခံနေမကျရင် အားသိပ်မပါဘဲ လျော့တီလျော့ရဲဖြစ်ကာ မသပ်မရပ် ရွဲကျလာတတ်သည်။ အားကုန်သုံးကာ



ကျစ်နေကျပ်နေအောင် ပတ်ရတဲ့အလုပ်ဖြစ်သည်။ သုံးတိုင်လောက်ပတ်မှာမို့ ဦးနေမဝင်က ဦးရာဂျစ်ကို မှာထားလိုက်ခြင်းဖြစ်သည်။

ဦးရာဂျစ် ထ,ပြေးသွားလျှင် ဦးနေမဝင်ကလည်း ထိုင်ရာက ထ,ကာ ခြံထိပ်ဘက်သို့ ခပ်ဖြည်းဖြည်း လျှောက်ခဲ့ပါသည်။

"ဦးရာဂျစ်"

"ငွေစင် ... ဘာခိုင်းမလဲ၊ ဒီနေ့တော့ မအားဘူးလို့ အမားကိုပြောပါ"

"ခိုင်းစရာမရှိပါဘူး၊ ဦးရာဂျစ် ဒီမှာဘာလုပ်နေတာလဲ"

"သဇင်တိုင် ပတ်နေတာ"

"ဪ ... ငွေစင်က ဦးရာဂျစ် ကလေးအငယ်လေးအတွက် အင်္ကျီလေးတွေ ဝယ်လာလို့ပါ"

"အာ ... ဘာလို့ဝယ်လာတာလဲ ငွေစင်၊ အင်္ကျီရှိပါတယ်၊ ဝယ်ပေးထားပါတယ်"

"ရှိလည်းပဲ အလဲအလှယ် များများလေး ဝတ်ရတာပေါ့ ဦးရာဂျစ်ရယ်၊ မနူးကော နေကောင်းလား"

"ကောင်းပါတယ်၊ ဒါပေမဲ့ အိမ်မှာပဲ နေတုန်းပဲ"

"ကလေးလေးရော"

"နေကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ချောလား"

"ချောတာပေါ့၊ ရာဂျစ်နဲ့ မိန္နးကမွေးတယ်နော်၊ ချောချော လှလှပဲ ထွက်တယ်၊ မလှတာ မထွက်ဘူး"

"အမယ်လေး ... ကိုယ့်ကလေး ကိုယ်ပြောတတ်တယ်၊ ကလေးကဘယ်လောက်ရသွားပြီလဲ၊ သုံးလလား"

"ဟုတ်တယ်၊ သုံးလနီးပြီ"

"ရော့ ... ဦးရာဂျစ်၊ မန္နးကို ပေးလိုက်နော်၊ ငွေစင်က သတင်းမေးတယ်လို့လည်း ပြောပြလိုက်နော်"

ဦးရာဂျစ်က ငွေစင် ကမ်းပေးတဲ့ စက္ကူအိတ်ထုပ်လေးကို လှမ်းယူရင်း ...

"ပြောပြလိုက်မယ်၊ ပြောပြလိုက်မယ်"

ငွေစင်သည် ဟိုးနောက်ဘက် ခပ်လှမ်းလှမ်းထိ ရောက်လာပြီး ရပ်ကြည့်နေတဲ့ ဦးနေမဝင်ကို လှမ်းကြည့်၍ပြုံးပြလိုက်ပြီး ...

"သွားလိုက်ပါဦးမယ် ဦး"

ဦးနေမဝင်က ခေါင်းတစ်ချက်သာ မပြုံးမရယ်ဆတ်ပြလိုက်လျှင် ငွေစင်က စက်ဘီးဒေါက်ဖြုတ်ကာ အပြေးနှင်းပြီး ထွက်ခွာသွားပါတော့သည်။ လမ်းကလေးအတိုင်း ခြံတွင်းဘက် ပြန်ဝင်လာတဲ့ ဦးရာဂျစ်ကို ဦးနေမဝင်က လှမ်းကြည့်နေရာက ...

"ဘာတဲ့လဲ ကိုရာဂျစ်"





"ခြံနံပါတ်နှစ်ဆယ်မှာနေတဲ့ ကောင်မလေးဆရာ၊ ကျွန်တော့် မိန်းမကလည်း သူတို့အိမ်မှာ အဝတ်ပါလျှော်ပေးဖူးတော့ ခင်နေတာပါ၊ မိန္နး ကလေးမီးဖွားထားတာသိလို့ ကလေး အင်္ကျီလေး ဝယ်လာပေးတာပါ"

"သြော် ..."

သခင်တိုင်တွေနား နှစ်ယောက်လုံး ပြန်ရောက်လာကြရင်း ရာဂျစ်က အလုပ်ပြန်စသည်။ ဘေးကနေ ဦးနေမဝင်က သိတာကူနေရင်း ...

"ဒီကောင်မလေး နာမည်က ငွေစင်ကြယ်လား"

"ဟုတ်ကဲ့ ဆရာ၊ ငွေစင်ကြယ်တဲ့၊ သူ့အောက် ညီမနှစ်ယောက်ရှိသေးတယ်၊ ရှင်မင်းဦးတဲ့ ... ရှုဒ်နှောင်းထွေးတဲ့"

"သြော် ... သူတို့နာမည်တွေကျတော့ တစ်မျိုးပါလား"

"သူတို့က ဒီလို ဆရာ၊ အောက်နှစ်ယောက်က အရင်းပါ၊ သူကတော့ အမေတူပေါ့၊ သူ့အမေက နောက်အိမ်ထောင်ပြုထားတာပါ"

"သြော် ... သူ့အဖေက သေသွားတာပေါ့"

"သူ ငယ်ငယ်ကလေးကတည်းက သေတာတဲ့ ဆရာ"

"ဒါဖြင့် အမေကအရင်း အဖေက ပထွေးပေါ့"

"ဟုတ်ကဲ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ပထွေးက ကောင်းရဲ့လား"

"ပထွေးက ကျွန်တော်နဲ့တော့ စကားသေချာမပြောဖူးဘူး ဆရာ၊ ဦးတင့်ဇော်လို့ ခေါ်တယ်၊ သူ့ဒွေးပဲ ဆရာ၊ ဒါပေမဲ့ မယားပါသမီးကိုတော့ သိပ်အကုန်မခံဘူးပေါ့၊ ကျွန်တော်တို့က ဝင်ထွက်နေတာကြာပြီဆိုတော့ ကြားနေ မြင်နေ သိနေတာပါ၊ သူ့အမေလည်း သနားစရာပါ ..."

ဒီကောင်မလေးက စိတ်သဘောလေးက ကောင်းပေမယ့် ဂျစ်ကန်ကန် ဆရာရဲ့၊ အားလုံးထဲ သနားဖို့ကောင်းတာ သူ့အမေ၊ ယောက်ျားကိုလည်း တော်တော်ကြောက်ရပုံပေါ်တယ်၊ ယောက်ျားကြောက်ရတာက ထားပါတော့၊ သူ့ခမျာ သူ့သမီးတွေကိုပါ တစ်ယောက်တစ်မျိုး ကြောက်ရတာ"

"ဘာဖြစ်လို့လဲ"

"ဒီယောက်ျားနဲ့ မွေးထားတဲ့ သမီးအငယ်နှစ်ယောက်ကို ဆူမိပြောမိရင် မိုးမီးလောင်တော့တာပဲ၊ ယောက်ျားကဖွင့်မပြောပေမယ့် သူ့သမီးတွေကို ဆူပူရင် လုံးဝမကြိုက်ဘူး၊ အငယ်ကို ဆူတာဟာ အကြီးမကို ပ,စားပေးတာနဲ့ ဘာမှမဆိုင်ပေမယ့် အဲဒီသဘောကို ဆွဲညှိလိုက်တယ်ပေါ့ ဆရာရယ် ..."





သမီးအငယ်နှစ်ယောက်က တကယ်မသိတတ်ကြတာ၊ ဖအေအားကိုးနဲ့ မအေကို ဂရုကိုမစိုက်ကြဘူး၊ လိုချင်တာရမှ၊ အကြီးမကြီးကျတော့ သူ့အမေတော့ သူသိတတ်ရှာပါတယ်၊ ဒါပေမဲ့ သူ့ကျတော့လည်း တခြားဘက်မှာ ငုံ့ခံရ သည်းခံရသမျှ အမေကို ထွက်ပေါက်ပြန်ပြန်လုပ်တတ်တယ် ..."

အဲဒီ အကြီးမ ဌေးစင်က ကျွန်တော့်မိန်းမနဲ့လည်း ခင်တော့ သူ ရင်ဖွင့်သမျှ ကျွန်တော့်မိန်းမ မိန္နူးက နားထောင်ပေးရတာပေါ့၊ နှစ်သိမ့်ရတာပေါ့၊ ခုတော့ ပထွေးက ဖြည်းဖြည်းချင်း အိမ်ကအလုပ်သမားတွေကို တစ်ယောက်ဖြုတ် နှစ်ယောက်ဖြုတ်၊ အဝတ်လာလျှော်တဲ့ မိန္နူးကိုပါဖြုတ်နဲ့ မိန္နူးက သွားမလျှော်ရတော့ဘူး"

"တခြားလူ ခေါ်လိုက်တာပေါ့"

"ဘယ်ခေါ်မလဲ ဆရာရဲ့၊ ဒီကောင်မလေး ဌေးစင် လျှော်ဖွပ်ပေါ့၊ သူကလည်း ပြောရရင် အားနေတယ် မဟုတ်လား"

"ဆယ်တန်းအကျဆို"

"သုံးခါကျ"

"တော်တော်ညံ့တယ်နေမယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"စာတော့ မတော်လှဘူး ဖြစ်ရင်ဖြစ်မှာပေါ့၊ ဒါပေမဲ့ ဒီကောင်မလေးခမျာလည်း မသထာရေစာနဲ့ ကျောင်းနေရသလို ဖြစ်နေတာပေါ့ ဆရာရယ်၊ ကျူရှင်တွေ ဘာတွေလည်း ပေးမတက်တဲ့ သဘောပေါ့၊ ပထွေးက သွားတက်ဆိုမှပဲ တက်ရမှာလေ၊ ပထွေးက သူ့စေတနာနဲ့သူ ဘာမှ မကမ်းလှမ်းရင်တော့ ငွေစင့် အမေက ဘာမှပြောရဲတာမှ မဟုတ်တာ ...

ကောင်မလေးကလည်း မသထာရေစာနဲ့ ကျူရှင်မတက်ဘူးပေါ့၊ ခေါင်းမာတာ၊ ပထွေးပေးတဲ့ တစ်လစာက မလောက်မငရင် သူ့ကို ကျူရှင်ထားလို့ ဘာဖြစ်ပါတယ် ညာဖြစ်ပါတယ် အသံအထွက်မခံနိုင်ဘူးလို့ မိန်းကိုပြောတာ၊ ထွက်မှာပဲ ဆရာရဲ့၊ အငယ်မနှစ်ယောက်ဟာ အိညက်ညက်လေးတွေနဲ့ အပျော့ဆွဲဆိုးတာ၊ အိမ်အလုပ်လည်းမကူ၊ ဟင်းလည်းကြေးများသလား မမေးနဲ့၊ လိုချင်တာ အခုရမှ ...

သူတို့က ဟင်းမကောင်းဘူး တစ်ချက်အော်လိုက်ရင် ဖအေက မျက်ထောင့်နီနဲ့ ဘာဖြစ်လို့ ကောင်းကောင်းဝယ်မချက်လဲ၊ ပိုက်ဆံတွေ ဘယ်သုံးလိုက်လို့လဲ ဆိုတဲ့ အကြည့်မျိုး လာတော့တာ၊ သူတို့ဟာက အပြန်အလှန်





ဒီပုံစံအတိုင်း သွားနေတယ်၊ ငွေစင်က အကြီးပေမယ့် အငယ်မတွေလောက်တောင် မှန့်ဖိုးဘယ်ရမလဲ၊ အလုပ်လေး ဘာလေး လုပ်ဖို့ကျပြန်တော့လည်း ဆယ်တန်းမအောင်တော့ အရောင်းစာရေးမလောက်တောင် တူတူတန်တန် မရ ...

အရောင်းစာရေးထက် နိမ့်တဲ့အလုပ်မျိုးလည်း သူတို့မှာ ဘယ်လုပ်လို့ ဖြစ်မှာလဲ၊ သူပဲ စာကျက်အားနည်းလို့လား၊ စာမေးပွဲကလည်း မအောင်၊ အလတ်မတောင် ဒီနှစ် ကိုးတန်းရောက်လာပြီ"

"ခုပဲ နှစ်ကုန်ဆိုတော့ စာမေးပွဲတွေတောင် စစ်တော့မယ်"

"သူ ဒီနှစ်တော့ ဆယ်တန်းမဖြေဘူး ပြောတယ် ဆရာရဲ့"

"ဟာ ... ဘာဖြစ်လို့ မဖြေတာလဲ"

"ဘာမှ အဆင်သင့် မဖြစ်ဘူးတဲ့"

"ဒီတော့ ဒီကောင်မလေးက တစ်နေ့တစ်နေ့ ဘာလုပ်နေလဲ၊ လေနေတာလား"

"အိမ်အလုပ်တော့ သူနဲ့ သူ့အမေပဲ ဒိုင်ခံလုပ်ရတာလေ၊ ခြံထဲမှာလည်း ကြီးကြီးမားမား လုပ်စရာရှိမှ ကျွန်တော့်ကို ခေါ်တာ၊ ရေလောင်း မြက်ရိတ်လောက်ကတော့ သူပဲလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရတာ၊ ခုနောက်ပိုင်း ကျွန်တော်လည်း မသွားရတာကြာပါ ပြီ၊ ကျွန်တော့်ခေါ်နိုင်းလို့ ပိုက်ဆံကုန်ရမယ့်အစား သူတို့ သားအငိုကပဲလုပ်လိုက်ပြီး အိမ်စရိတ်ထဲက အလျှော့အပွန်း မခံတော့ဘူးပေါ့"

"သူ့အမေ ယောက်ျားကလည်းဗျာ၊ ပိုက်ဆံရှိတယ်ဆိုရင် တော့၊ အင်းလေ ... ဒါ သူတို့အရေးပါ၊ ကိုယ့်အရေး မဟုတ်ပါဘူးလေ"

ဦးနေမဝင်သည် စိတ်ကသိကအောက်နှင့် ပြောမိပြီး မှ လျှော့ချလိုက်ရပါသည်။ သူများမိသားစုရဲ့ အိမ်တွင်းရေးကို ကိုယ်က စွက်စွက်ဖက်ဖက် မဝေဖန်သင့်ပါဘူး။ သူတို့ဟာနှင့် သူတို့ ညှိနှိုင်းချင့်ချိန်ရတာတွေ ရှိမှာပေါ့။

"ဘာပဲဖြစ်ဖြစ် အဲဒီငွေစင်ဆိုတဲ့ ကောင်မလေးကတော့ ခင်စရာကောင်းတယ် ဆရာ၊ ပြောရရင်တော့ သူ့ဘဝသူ မကျေနပ်၊ လောကကို မကျေနပ်ဖြစ်နေတဲ့ ကောင်မလေး ပေါ့၊ ဆယ်တန်းလေး ဘာလေး အောင်သွားရင်လည်း မဆိုးဘူးပေါ့၊ တော်သေးတာပေါ့ ဆရာရယ်"

ဦးနေမဝင်က သက်ပြင်းတစ်ချက် ခပ်မှုင်းမှုင်းချ လိုက်ပါသည်။ ဆရာတစ်ယောက်ရဲ့ဝိညာဉ် စွဲဝင်ပူးကပ်နေသလား မသိနိုင်တဲ့ သူ့ရဲ့နှလုံးသားတွေ ဦးနှောက်တွေဟာ ဒီလိုအခြေအနေ





မျိုးကို သိရ ကြားရလျှင် လှုပ်ရှားရုန်းကြွလာတတ်သည်။ ပညာ ရေးမှာ အကြောင်းအမျိုးမျိုးကြောင့် အားနည်းချက် ရှိနေတဲ့ ကလေးမျိုးကို "အရည်အချင်းမရှိတဲ့သူဆိုတာ မရှိပါဘူး"လို့ ပတ် ခန်းကျင်ကို သက်သေပြချင်စောမျိုးနှင့် တက်ကြွထက်သန်လာ တတ်သည်။

အရင်တစ်ခါလည်း အဲသလိုပဲ။ တော်ပါတော့။ ဒီ တစ်ခါတော့ တော်ပါတော့။ ကိုယ်နှင့်မဆိုင်ရင် မဆိုင်သလိုနေ တတ်စမ်းပါ။ နေရာတကာမှာ ဆရာ့ဝိညာဉ်နှင့် ဝင်ဝင်မပါချင် စမ်းပါနဲ့။ ဦးနေမဝင်က သူ့ကိုယ်သူ အထပ်ထပ် သတိပေးဆုံးမ နေမိပါသည်။ ညံ့နေတဲ့ကလေးတွေကိုတွေ့ရင် တော်လာအောင် သင်ပြလိုက်ချင်တဲ့ ရူးသွပ်မှုတစ်မျိုးဟာ သူ့ကိုယ်ထဲမှာ ပြင်းထန် စွာ ရှိသည်။

ခုလောက်ကြားရလျှင်ကိုပဲ ဦးနေမဝင်သည် ငွေစင် ဆိုတဲ့ ကလေးမလေးကို စာသင်ပေးချင်လိုက်တာဆိုတဲ့ ဆန္ဒက စတင်နိုးကြား ထက်သန်လာပြီ။ အဲဒါကိုပဲ ကိုယ့်ဟာကိုယ် စိတ် ပျက်နေမိပါသည်။

"ဟိုလေ ဆရာ ... ဆရာ့ကို ကြုံတုန်းလေး တစ်ခုလောက် မေးပါရစေ"

"မေးပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကလေးငယ်လေးက ဆရာ သုံးလထဲမှာပါ။ ည,ညကျတော့ ထိုးပြီး ရှူးရှူးဝါးဝါး သိပ်ငိုတတ်တာပဲ။ အဲဒါကို မိန္ဒးကတော့ လေနာတာလို့ ပြောတယ်၊ ဟုတ်လား မသိဘူးဆရာ၊ ဟို ... ပြီးတော့လေ မွေးစကလေးကို မြန်မာဆေး လျက်ဆားတို့ ဘာတို့ပေါ့ ဆရာရယ်၊ ကျွေးလို့ရလား"

"ဟာ ... မွေးကာစ ကလေးကို လျက်ဆားတော့ မကျွေးပါနဲ့ဦး၊ ကျွေးလို့ရမရတော့ ကျွန်တော်လည်း မသိပေမယ့် မကျွေးရင်တော့ ကောင်းမယ် ထင်တယ်ဗျာ"

"ဆရာ ... လေနာတာရော ဟုတ်လား"

"အာ ... ဒါတော့ ကျွန်တော်လည်း ဘယ်သိမလဲ၊ ခင်ဗျားကလည်း"

"ဆရာများ သိလားလို့ပါ၊ ဒါနဲ့ ဆရာ ... မိန္ဒးက ကာကွယ်ဆေးလည်း ထိုးချင်တယ်တဲ့၊ ဘယ်အရွယ် စ,ထိုးရမလဲ"

"ကာကွယ်ဆေး ထိုးချင်ရင် ဒေသန္တရကျန်းမာရေးကို သွားမေးပေါ့ဗျ၊ ကျုပ်နဲ့ ဘာဆိုင်လို့တုန်း"

"ဟင် ... ဆရာက ဆရာဝန်ဆို"

"ဘယ်သူပြောလဲ ခင်ဗျားကို"

"ဟိုနားက ဒန်းနဲ့အိမ်ကလေ၊ အဲဒီက အစ်မကြီးပြောတာပဲ၊ သူ့ခြံ မနေ့က သွားလုပ်ရင်း ဒီနေ့ ဒီခြံမှာဆိုတာ စကား





စပ်မိတော့ သူက ဒီခြံမှာနေတဲ့သူက ဒေါက်တာတဲ့၊ ဒေါက်တာနေမဝင်လို့ ပြောတယ်ဗျ"

"ဒေါက်တာနေမဝင်တော့ ဟုတ်တယ်၊ ဒါပေမဲ့ စာသင်တဲ့နေရာမှာသာ ဒေါက်တာဘွဲ့ရတာ၊ ဆေးကုတဲ့ ဒေါက်တာ မဟုတ်ဘူးဗျ ကိုရာဂျစ်ရ"

ရာဂျစ်က "ဩော်"ဟု တအံ့တဩ ရေရွတ်နေသည်။

* ❤ *



www.burmeseclassic.com

www.burmeseclassic.com



# ဆဲ့ခြောက်

ညှော်ခန်းထဲ ဖြတ်အဝင်မှာ ဒီဘက် ထမင်းစားခန်းထဲ ဖျတ်ခနဲ ဝဲသွားခဲ့တဲ့ ကိုသဝဏ်ရဲ့ မျက်ဝန်းများက ငွေစင့်နှလုံးသားတို့ကို နွေးမြတဲ့ရေစင်နဲ့ ပက်ဖျန်းသွားသလို သိမ့်ခနဲပူနွေးသွားစေခဲ့သည်။ လွန်ခဲ့တဲ့ တစ်မိနစ်ကနဲ့ မတူဘဲ အသိမကပ်တဲ့ပုံစံနှင့် လုပ်လက်စအလုပ်ကို ဆက်လုပ်နေပေမယ့် မျက်လွှာလေးချထားတဲ့ ငွေစင့် အာရုံတို့က အိမ်ရှေ့ခန်းကိုသာ အပြည့်အဝ ရောက်ကာနေပါသည်။

"ဖေဖေ ပြန်မရောက်သေးဘူး ကိုကို"

ကိုယ့်အစ်ကိုရင်း အစ်ကိုဝမ်းကွဲလည်း မဟုတ်ပါဘဲနှင့် သူစိမ်းလူတစ်ယောက်ကို ကိုကိုလို့ခေါ်တာဟာ နွဲ့လွန်းတယ်လို့ ငွေစင် ထင်သည်။ ကိုယ်လည်းမခေါ်ရဲ။ သူများခေါ်ရင်လည်း မကြိုက်။ ရှင်မင်းဦးက အစကတော့ ကိုကိုသဝဏ်လို့ ခေါ်ပါသည်။





နောင် တဖြည်းဖြည်း ရင်းနှီးလာတော့ အမည်ဖြုတ်ကာ "ကိုကို" ပဲ ကျန်ရစ်သည်။

"ခဏနေ ရောက်မှာပါ"

"အလျှုတစ်ခု သွားဖို့ရှိတယ်လို့တော့ ဦးက ပြောထားတယ်"

"ဒီလမ်းထဲမှာပဲလေ၊ အိမ်မှာလုပ်တဲ့ ဆွမ်းကျွေးပါပဲ၊ သွားတာ နာရီဝက်လောက် ရှိပြီဆိုတော့ ခဏနေရင် ရောက်မှာပါ"

သဝဏ်က ခေါင်းတစ်ချက် ညိတ်လိုက်ပါသည်။ သဝဏ့်အဖေ ဦးထွန်းမြတ်နှင့် ဦးတင့်ဇော်တို့က နှစ်ဦးရှယ်ယာပူးပေါင်း၍ ဒီကုမ္ပဏီကို ထူထောင်ထားတာဖြစ်ကာ ဦးထွန်းမြတ်က ရာထူးကြီးကြီး နိုင်ငံ့ဝန်ထမ်းတစ်ဦးလည်း ဖြစ်နေ၍ ကုမ္ပဏီရဲ့လုပ်ငန်းကိစ္စအဝဝ၌ မပါဝင် မဆောင်ရွက်နိုင်။ ဦးတင့်ဇော်ကိုပဲ အားလုံး လွှဲအပ်စိတ်ချထားပါသည်။

အခုတော့ ဦးထွန်းမြတ်ရဲ့သားဖြစ်သူ သဝဏ်ဟာ တက္ကသိုလ်က စီးပွားရေးဘွဲ့လည်း ပြီးပြီ။ အမ်ဘီအေလည်း ထပ်တက်ပြီး၊ ပြီးဆုံးခဲ့ပြီ။ လုပ်ငန်းခွင်ထဲဝင်ဖို့ အသင့်ဖြစ်ပြီဟုဆုံးဖြတ်ကာ ဦးတင့်ဇော်နှင့်အတူ ကုမ္ပဏီထဲမှာ ဝင်ရောက်တာဝန်ယူနေတာ လေးငါးခြောက်လသာ ရှိပါသေးသည်။

ဟိုးအရင်ကတည်းက ကုမ္ပဏီမှာ ဝင်မလုပ်ပေမယ့် အိမ်ကို မကြာမကြာ ရောက်နေကျ။ မိဘတွေရော သဝဏ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ရော ဒီအိမ်ကို ရောက်တတ်ကြပါသည်။ စာရွက်စာတမ်း စာရင်းဇယားတွေ၊ ငွေကြေးအပေးအယူတွေကို သဝဏ်ပဲ အရင်ကတည်းက ဝင်ထွက်ဆောင်ရွက်နေကျ။

ဒါကြောင့်လည်း တစ်အိမ်လုံးနှင့် သဝဏ်ဟာ ရင်းရင်းနှီးနှီးရှိသည်။ ငွေစင် တစ်ယောက်နှင့်သာ သိပ်မရင်းနှီးတာ။ မရင်းနှီးဆို အသက်နှစ်ဆယ်တွင်း အပျိုဖားဖားဖြစ်တဲ့ ငွေစင်ဟာ နှစ်ဆယ့်လေးနှစ်ပဲ ရှိသေးတဲ့ မတီမ်းမယိမ်း လူပျိုတစ်ယောက်ကို တရင်းတနှီး ဆက်ဆံဖို့ ရှိန်တာလည်း ပါသည်။

ဒါ့အပြင် ငွေစင်ဟာ ညှဲ့သည်လာရင် ထွက်ထိုင်စကားပြော ညှေ့ခံရတဲ့နေရာမျိုးလည်း မရ။ မေမေ့သမီးကြီးဖြစ်ပေမယ့် ဦးတင့်ဇော်ရဲ့သမီးကြီးကတော့ ရှင်မင်းဦးပဲ ဖြစ်ရာ၊ ဦးတင့်ဇော် ညှေ့သည်တို့ကို ရှင်မင်းဦးကပဲ အမြဲလူကြီးကလေးလို ညှေ့ခံတတ်သည်။

ရှင်မင်းဦးဟာ ဆယ့်ငါးနှစ်ထဲ ဆိုပေမယ့် အရပ်ရှည်ကာ လူထွားတော့ တကယ့်အပျိုကြီးလို ဖြစ်နေပါသည်။ အဲဒီအပြင် ဆယ့်သုံးနှစ်လောက်ကတည်းကကို အပျိုကြီးလို အလှကြိုက်တာ ပြင်ဆင်တာ ပဲများတာတွေ ဖြစ်လာခဲ့တာ။ ခုလောက်မှာတော့ သူ့ပုံစံဟာ အပျိုလှလှလေးနေရာမှာ ဟန်ကျပန်ကျ အံဝင်ခွင်ကျ ဖြစ်လို့နေပြီ။ တခြား ကိုးတန်းကျောင်းသူတွေထက်ကို သူက လူကြီးဂိုက်ဖမ်းသည်။



"ကိုကို ကားလဲလိုက်တာလား"

"ဟုတ်တယ်၊ ဘာရယ်မဟုတ်ပါဘူး၊ သူငယ်ချင်းတစ်ယောက်က နိုင်ငံခြားထွက်ပြီဆိုတော့ သူ့ကားကကောင်းတော့ နှမြောတာနဲ့ ယူထားလိုက်တာ"

"လှတယ်နော်၊ ကူရှင်တွေက အရမ်းကောင်းတာ သိသာတယ်၊ စီးကြည့်ချင်လိုက်တာ၊ သမီးကို နေ့လယ်ကျကျူရှင်လိုက်ပို့ပေးပါလား၊ ပို့ရုံပါပဲ၊ ကားတစ်ပတ် စီးကြည့်ချင်လို့"

ငွေစင်သည် ဆယ့်ငါးနှစ်နှင့် ဒီအပြောမျိုးလေးတွေ တတ်တဲ့ ညီမကို ချီးပဲကျူးရလား၊ အံ့ပဲဩရမလားမသိ။ ရှင်မင်းဦးဟာ ကိုသဝဏ်နှင့် နှစ်ယောက်တွဲပြီး (ခရီးတိုတိုလေးပဲဖြစ်ဖြစ်) ထွက်ခွင့်ရအောင် အမြဲကြံဖန်သည်။ တစ်မျိုးမဟုတ်တစ်မျိုး မရှိးရအောင်လည်း အကြောင်းပြတတ်သည်။

ဦးတင့်ဇော်ကလည်း ကိုသဝဏ်နှင့် ရှင်မင်းဦးတို့ သိအစ်မ ရင်းနှီးမှုကို မကန့်မကွက် အားပေးတတ်သူဖြစ်ရာ မေမေသည်လည်း ဘာမှပြောနေစရာ မလိုတော့ပါ။ ဟိုးအရင်တွေတုန်းက ...။ သဝဏ်ဆိုတဲ့ လူတစ်ယောက် ဒီအိမ်မှာ စတင်ဝင်ထွက်ကာစလောက်က ...။ အဲဒီတုန်းကတော့ ကိုသဝဏ်နှင့် ငွေစင်ဟာ အနည်းငယ်ကလေး မျက်မှန်းတန်းတာထက်လွန်ကာ ရင်းနှီးမယောင် ရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုသဝဏ်ကလည်း အေးချမ်းတာ။ ငွေစင်ကလည်း ဦးတင့်ဇော်ရဲ့ ပါတနာရဲ့သားကို သိပ်တရင်းတနှီးကြီး မဆက်ဆံခဲ့တာ။ အဲဒီလို နေးကွေးစေခဲ့တဲ့ အခြေအနေတွေထဲမှာ တရိပ်ရိပ် တိုးတက်အရွယ်ရောက်လာတဲ့ ရှင်မင်းဦးက သဝဏ်ကို စိတ်ဝင်တစား ရှိလာကာ ပူးကပ်ရင်းနှီးလာခဲ့တာ။

ရှင်မင်းဦးမှာတော့ ဟန့်တားမယ့်သူလည်းမရှိ၊ ဟန့်တားမယ့် အခြေအနေလည်း မရှိ။ သူဟာ ဦးတင့်ဇော် သမီး၊ သဝဏ်ဟာ ဦးထွန်းမြတ် သား။ အနေအထားက တင့်တယ်သလိုလို။ လုပသလိုလို။ အသက်ကလေး ကွာတာပဲရှိကာ အရွယ်ချင်းကတော့ ကလေးနဲ့လူကြီးလို့ ဖြစ်မနေဘဲ လိုက်ဖက်ရုံလိုလို ဖြစ်နေတဲ့ သူတို့နှစ်ယောက်ရဲ့ ရင်းနှီးကျွမ်းဝင်မှုကို ဦးတင့်ဇော်ကိုယ်တိုင်က ပြုံးရယ်ပီတိကျကာ သဘောတွေ တွေ့နေတာဖြစ်ရာ မေမေဟာလည်း ယောက်ျားဖြစ်သူရဲ့ အရိပ်အယောင်အတိုင်းလိုက်ပြီး ပြုံးပြုံး ပြုံးပြုံးနှင့် ကျေနပ်နေလေတဲ့အခါ … …။

အင်း …။

ငွေစင်သည် သက်ပြင်းတစ်ချက် ခပ်နက်နက်ရှိုက်ထုတ်ပစ်လိုက်ပြီးနောက် ဖျော်လက်စ မစ်လ်ခ်ရှိတ်ခ်တွေကို Jug ထဲမှ ဖန်ခွက်ရှည်တစ်ခုထဲသို့ ငှဲ့သွန်ထည့်သည်။ နွားနို့စစ်စစ်ကို ကျိုပြီး စထရော်ဘယ်ရီနှင့် အိမ်မှာလုပ်တဲ့ စထရော်ဘယ်ရီမစ်လ်ခ်





ရှိတ်ခ်ကို ရှင်နှောင်းထွေးက အင်မတန်ကြိုက်သည်။ လက်နဲ့ဖျော်တာမဟုတ်ဘဲ Blander ထဲ ထည့်မွှေလိုက်၍ အမြှုပ်တွေပါထ, …ကာ ဆိုင်ကပုံစံနှင့် တစ်ပုံစံတည်းဖြစ်ပြီး ဆိုင်ကအရသာထက် အိစိမ့်စိမ့်ပျစ်နှစ်နေတဲ့ စပါယ်ရှယ်မစ်လ်ခ်ရှိတ်ခ်လေ။ ဖျော်ပြီး ခရစ်ချ်ထဲထည့် အေးထားပေးလိုက်ရင် နေ့လယ်ထမင်းစားအပြီး သောက်ရင် အတော်ပဲ။

ဖျော်တုန်းက ငါးခွက်စာ။ ဒါပေမဲ့ ညည့်သည် ကိုသဝဏ်ကို ထုံးစံပုံမှန်လေး ကော်ဖီတစ်ခွက်လောက် တိုက်တာမျိုး မတိုက်ချင်တော့ဘဲ အရသာရှိရှိလေးကို အထူးတခြားလေး တိုက်ချင်တဲ့အတွက် ငွေစင် မသောက်တော့ဘဲ နေလိုက်တော့မှာပေါ့။

ဗန်းကလေးကိုင်ပြီး ထွက်လာတဲ့ ငွေစင် ညည့်ခန်းအကူးကို ရောက်သည်တွင် ရှင်မင်းဦးက အပြေးအလွှားရောက်လာပြီး …

"ပေး … ဦးကိုပေး၊ သွားတော့ ရတယ်"

ငွေစင်သည် ကြောင်အမ်းအမ်းဖြစ်ကာ ရှင်မင်းဦးလက်ထဲသို့ ဗန်းကိုလွှတ်ပေးလိုက်ရပါသည်။ ကိုသဝဏ်ကို တစ်ချက်တော့ ဖျတ်ခနဲ လှမ်းကြည့်မိရာ ငွေစင်ကို လှမ်းကြည့်နေတဲ့ သူ့မျက်ဝန်းနှင့် ဆုံပြန်သည်။ သူက တစ်ချက်ပြုံးပြလိုက်တာမို့ ငွေစင်ကလည်း ခပ်ဖွဖွ ပြန်ပြုံးပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း ...။ အိမ်ကိုရောက်လာခဲ့ရင် သူ့မျက်ဝန်းတွေဟာ ငွေစင့်ကို ရှာဖွေပါတယ်လေ။ အဲဒါကို ငွေစင့်နှလုံးသားက သေချာပါတယ်။ ဒါပေမယ့် ဒီထက်တော့ သူ့ရဲ့လှုပ်ရှားမှုက မပိုတဲ့အခါ ငွေစင်ဟာ ရှင်မင်းဦးလို သူ့နံဘေးထိုင်ပြီး ညော့်ခံဝံ့ခြင်း မရှိပါဘူး။

"မကြီး"

အပေါ်ထပ်က တခုံးခုံးပြေးဆင်းလာရင်း အော်ခေါ်လာတဲ့ ရှင်နှောင်းတွေးက ညော့်ခန်းထဲကဖြတ်ကာ ထမင်းစားခန်းထဲ ဝင်လာပြီးလျှင် စားပွဲပေါ်က မစ်လ်ခ်ရှိတ်ခ်ထည့်ထားတဲ့ ဖန်ချိုင့်ကိုကြည့်ရင်း ...

"ဒါပဲလား"

"အေးလေ"

"ဟာ ... နည်းနည်းလေး"

"ဘယ်မှာနည်းလို့လဲ မိနှောင်းရယ်၊ နွားနို့တစ်ပိဿာနဲ့ လုပ်ထားတာ၊ တကတဲမှပဲ တိုးတိုးပြောစမ်းပါ၊ အိမ်ရှေ့မှာ ညော့်သည်နဲ့"

"ညော့်သည်ရှိလည်း ဘာဖြစ်လဲ၊ သူ့ကို ဘာဂရုစိုက်နေစရာလဲ"

"ဟဲ့ ... အဲဒါ နှင့်အဖေညော့်သည်လေ"





"မပိုပါနဲ့၊ လွဲမချပါနဲ့၊ ဖေဖေ့ညော့်သည် ဆိုတာထက် မကြီး ဂရုစိုက်တဲ့သူမို့ အဖြစ်သည်းနေတာ၊ ဘာဖြစ်လို့ သူ့ကို မစ်လ်ခ်ရှိတ်ခ် တိုက်ရတာလဲ၊ ခါတိုင်းလိုပဲ ကော်ဖီ တိုက်လည်း ရတာပဲ"

ငွေစင်သည် စိတ်တွေတိုကာ ...

"ဟယ် ...၊ ငါဖျော်နေလက်စမို့ တိုက်တယ်ဟယ်၊ အဲဒါ ဘာဖြစ်လဲ"

"သိတယ်လေ၊ ကိုကိုသဝဏ်ကို စေတနာတွေ ရေစီးကမ်းပြိုနေတယ်ဆိုတာ၊ ဘာမှ အဲလောက် စေတနာပိုစရာမလိုဘူး၊ ကော်ဖီတိုက်လည်း ရတာကို၊ နှောင်း သောက်ချင်လို့ ဖျော်ခိုင်းထားတဲ့ဟာ တိုက်ပစ်တယ်"

"ဟဲ့ ... ဒီမှာ အများကြီးရှိတယ်လေ"

"ရှိရှိပေါ့၊ ဟိုကလည်း သူ့ကိုဂရုစိုက်တာလည်း မဟုတ်ဘဲနဲ့ သူက တစ်ဖက်သတ် လိုက်စေတနာပိုနေတာ၊ သူများ သောက်ဖို့ထဲက လျော့တယ်"

"တော်တော့နော် နှောင်း၊ ငါ စိတ်တိုလာပြီ၊ ငါ့ကိုအဲသလို ပြောစရာ မလိုဘူး၊ နင်လည်း အဲသလောက် ချစ်တီးကျနေစရာ မလိုဘူး၊ ငါ မသောက်ဘူး၊ ငါသောက်မယ့်ဟာကို တိုက်လိုက်တာလို့ပဲ ထားလိုက်၊ နင့်ထဲက မလျော့ရင် ပြီးရောပေါ့ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ကိုယ်သောက်ရမယ့်ဟာကိုတောင် တိုက်ပစ်တာကိုး၊ မေတ္တာတွေ စေတနာတွေ ကြီးမားလိုက်တာ၊ အဲဒါဖြင့်လည်း ပြီးရော၊ နှောင်းဟာ မထိရင် ပြီးတာပဲ၊ ရော့ ... နှောင်းကို ခွက်ကြီးကြီးနဲ့ များများထည့်ပေး"

ငွေစင်သည် စိတ်တိုတာကို အောင့်အည်းချုပ်တီးကာ နှောင်းရဲ့ဖန်ခွက်ရှည်ကြီးထဲ ငုံ့ထည့်ပေးရင်း မျက်ခုံးလေးကတော့ တွန့်မှုန်နေပါသည်။

"မကြီး"

ရှုတ်တရက် ထမင်းစားခန်းထဲ ဝင်လာတဲ့ ရှင်မင်းဦးကို မော်ကြည့်ရင်း ...

"ဘာလဲ"

"ဘယ်လိုဖြစ်လို့ အသံတွေက ဒီလောက် ကျယ်နေတာလဲ၊ နှင်လည်းပါတယ် နှောင်း၊ ရှက်ဖို့တောင်ကောင်းတယ်၊ စေတနာပိုတာတွေရော မေတ္တာပိုတာတွေရော၊ ဘယ်လိုဖြစ်နေတာလဲ၊ မျက်နှာတွေပူတာ လှီးတောင်ချပစ်ချင်တယ်"

"အဲဒါ နှင့်ညီမအသံတွေလေ၊ သူ့ကြောင့်ပေါ့"

"မကြီး အသံလည်း ပါတာပဲ"

"ငါ ဘာပြောလို့လဲ"

"မကြီးသောက်မယ့်ဟာကို တိုက်လိုက်တာ ဆိုတာလေ"





ငွေစင်သည် တကယ်ရှက်သွားပါသည်။ ဧည့်ခန်းမှ ဒီလောက်ကြားသာမည် မထင်၍ ပြောလိုက်မိတာပင်။ စိတ်လိုက်ဓာန်ပါမို့ အသံကကျယ်သွားသည် ထင်သည်။

"ကိုကိုသဝဏ် မကြား,ကြားအောင် အမှတ်တွေယူနေတာလား၊ ဟွန်း၊ မကြီးက အကြီးဖြစ်ပြီး မရှက်ပေမယ့် ဦးရှက်တယ်၊ ယောကျ်ားတစ်ယောက်ကို အဲသလောက် စေတနာတွေပိုကြောင်း သူ မကြား,ကြားအောင် အသံကျယ်ဟစ်နေတာ မရှက်ဘူးလား ... ဟင်၊ ဟိုကလည်း သူ့ကို ဂရုစိုက်တာ မဟုတ်ဘဲနဲ့၊ မကြီးက မိန်းမဖြစ်ပြီး"

"ရှင်မင်းဦး"

ငွေစင့် အသံသည် အံ့သြဝမ်းနည်းခြင်းနှင့် တုန်ခါသွားပါသည်။

ရင်ထဲမှာ တော်တော်နင့်သွားပါသည်။

"ငါ့ကို နင် ဒီလောက်ပြောစရာ မလိုဘူး ရှင်မင်းဦး၊ ငါ နင့်အစ်မ တော်သေးတယ်"

"အစ်မပေမယ့် အတင်းကိုပဲ သိသိသာသာနဲ့ ကိုကိုသဝဏ်ကို အရောလိုက်ဝင်ချင်တာ ညီမက မျက်နှာပူနေရတယ် သိရဲ့လား၊ အတင်းပဲအစားအသောက်ဗန်း ထွက်ချချင်ရတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ညွှံ့သည်လာရင် အစားအသောက်ဇန်း ထွက်ချရတာ အားလုံး ပြင်ဆင်လုပ်ကိုင်ရတာ အမြဲ ငါလုပ်နေရကျတွေ ပဲ မဟုတ်လား၊ သူ့ကိုကျမှ ငါ မထွက်ရ မနေနိုင်ထွက်ချင် နေတာ မဟုတ်ဘူး၊ နင်ကသာ သူ့ကိုကျမှ ငါထွက်ချ ကောင်းလား ဖြစ်နေတာ၊ ငါက ရိုးရိုးပဲ ဧည့်သည်ကို မှန့်ထွက်ချတာ၊ နင် တားမြစ်တာကသာ ဆန်းဆန်းဖြစ် နေတာ"

"ဆန်းဆန်းဖြစ်လည်း ဘာဖြစ်လဲ၊ လုပ်ငန်းပါတနာချင်း သားနဲ့ သမီးပဲ၊ ဖေဖေကလည်း ကိုကိုသဝဏ်ကို ရင်းရင်း နှီးနှီး နေခိုင်းထားတယ်၊ ကိုယ့်ဟာကိုယ် အဲလိုနေနေတော့ ဘာဖြစ်သေးလဲ၊ အဲဒါကို ကြားထဲကဝင်ပြီး စေတနာတွေ တအားပိုပြီးတော့ အပြင်ထွက်ချ၊ ကိုယ်အငတ်ခံပြီး သူ့ကို ပေးတာပါဆိုတာ သိအောင် ကြားအောင်လည်း အထဲက အော်ပြ၊ အဲဒါ ရှက်ဖို့ကောင်းနေတာ၊ ဦးက သူ့နားထိုင် နေတုန်း ဦးအစ်မက အထဲကနေ စေတနာပိုကြောင်းတွေ အော်ဟစ်ပြောနေတာ ရှက်လွန်းလို့ သေတော့မယ်"

"သေပေါ့ဟယ်၊ သေချင်လည်း သေလိုက်ပေါ့"

ငွေစင်က နာနာကျင်ကျင်နှင့် အံကြိတ်ပြီး ပြောပစ် လိုက်ပါသည်။ ရင်ထဲမှာ ကတုန်ကယင် အခံရခက်လာသော်လည်း ဘာစကားမှ ပြန်ပြောစရာလည်း မရှိ။ သူ့ကို ဆန့်ကျင်ငြင်းခုန်





အောင်ကလည်း ကိုယ်ကအကြီး၊ ပြီးတော့ ကိုသဝဏ်ဟာလည်း ကိုယ်နဲ့ဘာမှလဲ ဆိုင်တာမဟုတ်ဘဲ စကားနိုင်လု ငြင်းခုန်နေရမှာ က အရှက်တကွဲ အကျိုးနည်း။

သူတို့ချင်းက သူ ပြောသလိုပဲ လုပ်ငန်းပါတနာ ချင်း သားနဲ့ သမီး။ ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ကိုယ်ကသာ ကြားထဲကနေ စေတနာပိုနေတာ၊ သဒ္ဒါလွန်နေတာ။ ကိုယ့်ထက် ငယ်သည့် ညီမတွေကိုပင် ကိုယ်ကပိုင်ပိုင်နိုင်နိုင် ဖိဖိစီးစီး ဟိန်းရဲ သောက်ရဲ ဆုံးမရဲတဲ့ အနေအထားမျိုးလည်း မရှိ။ ပြိုင်ပြောစရာ ကြတိုင်း ကိုယ်ရှုံးဖို့ပဲ ဆိုတာလည်း သိနေရတော့ မျိုသိပ်ရင်း မျိုသိပ်ရင်းက အစိုင်အခဲတွေဟာ ရင်ဝမှာဆို့ပြီး နင်နေပြီ။

ငွေစင်သည် ချာခနဲလှည့်ပြီး နောက်ဖေးပေါက်က ထွက်။ ကိုယ့်ရဲ့စက်ဘီးခပ်ဟောင်းဟောင်းလေးကိုဆွဲပြီး တရကြမ်း ပဲ နင်းထွက်လာခဲ့သည်။

"သူက ဆူလိုက်ရင် စိတ်လုပ်သွားရင် အိမ်ကနေထွက်သွား တာကကော ဘာအချိုးလဲ၊ မိန်းကလေးဖြစ်ပြီးတော့ မပြော မဆို တစ်နေကုန်ပျောက်ပြီး သွားချင်ရာသွားနေတာ၊ ထစ် ခနဲရှိရင် အဲသလို ထွက်သွားတာကို မင်းကြပ်ကြပ်သတိ ပေးထားဦး ခင်နွယ်"

ခုလို ငွေစင် ထွက်သွားလျှင် နောက်မှာ မေမေအဆူ ခံရပြီး ကျန်ရစ်ခဲ့တတ်သည်။ ငွေစင် ဒီနားက ပန်းခြံထဲပဲသွား



www.burmeseclassic.com

www.burmeseclassic.com



သွားထိုင်နေတာမှန်း သိနေတဲ့ မေမေက နောက်ကလိုက်ခေါ်ခြင်းအားဖြင့် အနှောင့်အယှက် ပေးမနေတော့ပါ။ လွှတ်ထားလိုက်တတ်သည်။ ပန်းခြံထဲ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်သွားထိုင်နေရတာက ငိုချင် ရှိုက်ချင်နေတာတွေကို ချုပ်တည်းအောင့်အည်းမျိုချပြီး အိမ်ထဲမှာ ဆက်ပြီးတေပေငြိမ်နေရတာထက်လူကိုသက်သာစေတာပေါ့။

ဒီလိုလေးမှ ပန်းခြံထဲ သွားမထိုင်ရဘဲ အောင့်အည်းတေပေပြီး ဘာမှလဲ ပြန်ပြောခွင့်မရှိဘဲ ငုံ့ခံနေရမယ်ဆိုလျှင်အတိုင်းအတာတစ်ခု ကုန်ဆုံးသွားချိန်မှာ ငွေစင်ဟာ တစ်အိမ်လုံးကိုသော်လည်းကောင်း ပေါက်ခွဲဖျက်ဆီးပစ်လိမ့်မည်။ ရူးသော်လည်းကောင်း ရူးသွားလိမ့်မည်။

ညီမအငယ်တွေကို ဘာမှပြန်မပြောရဘဲ ကိုယ့်ကိုမရှိမသေ မလေးမစား ရှိလှတာကို နေ့စဉ်နဲ့အမျှ ငြိမ်ငုံ့ခံနေရတာဟာ သိမ်ငယ်စေလှပါသည်။ အလုပ်ကလေးတစ်ခုလောက် ရရင်လည်း ကောင်းသား။ အိမ်မှာမရှိရတဲ့အချိန် များနေတော့ ပြဿနာနည်းသွားနိုင်တာပေါ့။

ငွေစင်သည် ပန်းခြံထဲက ဒန်းပေါ်ထိုင်ပြီး တအားလွှဲကာ လွှဲကာ စီးပစ်ပြီးသကာလ ခေါင်းမူးသလိုလို ရှိလာသောအခါမှာတော့ ဒန်းကိုရပ်ကာ နေအရိပ်ဆုံး ခုံကလေးမှာ ဝင်ထိုင်လိုက်ပါသည်။ တန်းပေါ် ခေါင်းမော့မှီတင်ကာ မျက်လုံးနှစ်ဖက်ကို





လက်ဝါးနှင့်အုပ်ပြီး အသံမထွက်အောင် မျက်ရည်ချည်းသာစီးကျအောင် အောင့်ကျိတ်ပြီး ငိုနေလိုက်ပါသည်။

"ဟော့ ... ဟိုချာတိတ်မလေး"

အသံကို ကြားလိုက်သည်နှင့် ဒါ ဦးနေမဝင်ရဲ့အသံဆိုတာ ချက်ချင်း မှတ်မိသိရှိလိုက်ပါသည်။ လက်ဝါးအောက်ကနေတစ်ဖက်တစ်ချက်ကို စီးကျနေမယ့် မျက်ရည်တွေကို လက်စဖျောက်ဖို့ မလွယ်လေရာ ငွေစင်သည် ဘာကိုမှ ဖုံးကွယ်ဖို့ မကြိုးစားဘဲအသံလာရာဘက်သို့ လက်ဝါးဖယ် မျက်စိဖွင့်ကာ ကြည့်လိုက်ပါသည်။

"ဟော့ ... ချာတိတ်မ၊ ညည်းနာမည် ငွေစင် ဆိုလား ...!ဟင် ! "

ဦးနေမဝင်သည် သူ့ဘက်လှည့်လာတဲ့ မျက်ရည်လည်ရွဲ မျက်နှာလေးကို ရုတ်တရက်မြင်ကာ ခြေလှမ်းတွေပင်ရပ်သွားသည်။ ပြောင်တလင်းခါနေတဲ့ မျက်နှာလေးပေါ်မှာ မျက်လုံးမို့မို့အစ်အစ်တွေထဲက တလိမ့်လိမ့် ကျနေတဲ့ မျက်ရည်တွေဟာမျက်နှာတစ်ပြင်လုံးကို ရွဲနေစေသည်။

သူ့မှာ ဘာပြဿနာနဲ့လဲ။ ခံမှန်ပူးသော စာသူငယ်(ကိုယ်ကတော့ စာအဘိုးကြီးပေါ့)လို့ ဆိုရမယ့် သင်ခန်းစာအသိကြောင့် ဦးနေမဝင်က ရှေ့ကို တစ်လှမ်းမှမတိုးဘဲ ခြေစုံရပ်မျက်မှောင်ကုတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဖြစ်လို့လဲ"

"ဦး ဘာလိုချင်လို့လဲ"

ငွေစင့်အသံက ငိုထား၍ နှာခေါင်းပိတ်သံ ပေါက်နေသည်။

"ဘာဒီမျှား ဒီနားရောက်လာလား မေးမလို့ပါ၊ အရေးမကြီးပါဘူး"

"ဘာဒီ မတွေ့လိုက်ပါဘူး၊ သမီးကလည်း မျက်စိမှိတ်ငိုနေတော့ မသိဘူး ဦး"

ဦးနေမဝင်သည် ငွေစင့်ကို စိတ်ရှုပ်ရှုပ်နှင့် ခဏရပ်ကြည့်နေမိပြီး ဒီအတိုင်းလှည့်ပြန်လိုက်ဖို့တော့ စိတ်ကူးပါသေးသည်။ သို့သော် ...

"ဘာအခက်အခဲ ရှိနေလို့လဲ"

လေသံတင်းတင်းနဲ့ပဲ (တယုတယ မနိုင်အောင်) မေးမိလိုက်ပါသည်။

"အိမ်ကပြဿနာပါ၊ အရေးမကြီးပါဘူးလေ၊ နေ့တိုင်းလိုလိုလည်း ကြုံနေတော့ ဟုန်ပြီး ခံနိုင်ရည်လည်း ရှိနေပြီးသားပါ၊ ခဏပါ၊ ခဏငိုလိုက်ရရင် ပြီးပါတယ်၊ အိမ်မှာ မငိုတာကတော့ သူတို့ရှေ့မှာ အမြဲတမ်း အကြိမ်ကြိမ် ရှုံးသထက် မရှုံးချင်လို့ပါ ဦးရာ"





တရင်းတနှီး ပုံလေးနှင့် ဆွေးဆွေးနွေးနွေးလေးလိုလို ပြောနေတဲ့ ငွေစင့်ကို ဦးနေမဝင်က စိတ်မကောင်းစွာ စိုက်ကြည့်နေမိသည်။ ရာဂျစ်ဆီကလည်း အတော်များများကို သိခဲ့ပြီးပြီမို့ ဒီကလေးမလေးကို သနားကိုယ်ချင်းစာနေမိတာ အမှန်ဖြစ်ပေမယ့် ဒါကိုလည်း အသိသာကြီး မပြဖြစ်ပြန်။

"ဦး အလှူမသွားဘူးလား"

"ဘယ်အလှူလဲ"

"ခြံနံပါတ်ရှစ်လေ"

"ဟုတ်လား ... သိမှ မသိတာ"

"တစ်လမ်းလုံးကို ဖိတ်တာတဲ့"

"အင်း ... ငါက လမ်းအစွန်မို့ မဖိတ်ဘူး ဖြစ်မှာပေါ့ ... ဟား ဟား"

"အစွန်လည်း ဘာဖြစ်လဲ၊ ဦးနဲ့ကပ်ရက်ခြံက ဦးခန့်လျံတို့တောင် လာဖိတ်သွားမှပဲဟာ၊ ဦးခြံဘက် ဆက်သွားလိုက်ရုံပဲဟာ၊ ဦးခန့်လျံတို့ လင်မယား မနက်က သွားတာတွေ့လိုက်တယ်"

"ဘေးခြံအထိ ဖိတ်သွားတာ မှန်ရင်တော့လည်း ငါ့ကိုမဖိတ်ချင်လို့ ဖြစ်မှာပေါ့လေ"

"ဘာလို့ မဖိတ်ချင်ရမှာလဲ၊ ဦးကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"မဖိတ်တာဟာ မေ့ကျန်တာနဲ့ တမင်မဖိတ်တာ နှစ်မျိုးပဲ ရှိတယ်လေ၊ ဘာကြောင့်ပဲဖြစ်ဖြစ် အရေးမကြီးပါဘူး"

"စိတ်မရှိပါနဲ့ ဦး၊ မေမေတို့လည်း သွားနေကြတာမို့ သတိရပြီး မေးမိတာပါ"

"စိတ်မရှိပါဘူး၊ ဘာလို့ရှိရမှာလဲ၊ ကဲ ... ဘာဒီလိုက်ရှာ လိုက်ဦးမယ်"

ဦးနေမဝင်က လှည့်ထွက်လိုက်သည်။ လေးငါးလှမ်း လျှောက်ပြီးသည်တွင် ...

"ဦး"

ဟော ...။

သူ့ကို အဲသလိုပဲ နောက်ကလှမ်းခေါ်လိုက်လိမ့်မယ် လို့ကို စိတ်က အလိုလို ထင်နေသိနေတာ။ ဦးနေမဝင်က ခြေလှမ်းရပ်ကာ လှည့်၍ပြုံးရင်း ...

"ပြော"

"ဟိုလေ"

ငွေစင်က မျက်နှာပေါ်က စိုစွတ်ခြင်းတွေကို လက်ဖဝါး လက်ဖမိုးတွေနှင့်ပဲ ပွတ်ကာ ပွတ်ကာ အရင်သုတ်ပစ်နေသေးသည်။ အားလုံးစင်မှ သက်ပြင်းတစ်ချက်ချရင်း ဦးနေမဝင်ကို မျက်မှောင်ကုတ်လေးနှင့် လှမ်းကြည့်ကာ ...





"သမီးကို အလုပ်လေးတစ်ခုခုလောက်ကော မပေးနိုင်ဘူး လား"

ဦးနေမဝင်က မဖြေဘဲ စိုက်ကြည့်နေလိုက်ပါသည်။

"အနည်းဆုံးတော့ အိမ်မှာနေရတဲ့ အချိန်နည်းသွားအောင် အလုပ်လေးတစ်ခုခုရရင်ရ မရရင်တော့ ..."

ငွေစင်က စကားတစ်ဝက်တစ်ပျက်နှင့် မရေမရာတွေးငေးငေးလေး ဖြစ်သွားပါသည်။ ဒီအရွယ်ကလေးမကလေး အိမ်မှာမပျော်ရွှင်နိုင်ဘဲ အိမ်ကခွာနေရရင် ပြီးရောဆိုတဲ့ အတွေးဝင်နေတာဟာ အန္တရာယ်ကြီးမားလွန်းပါလား။

ဦးနေမဝင်သည် အတော် စိတ်မချမ်းမြေ့ ဖြစ်သွားရင်း ...

"မင်းက ငါ့ကို အလုပ်တောင်းရအောင် ငါက ဘာကုမ္ပဏီများ ထောင်ထားတာ မြင်လို့လဲ၊ ဘာဆိုင်များ ဖွင့်ထားတာတွေ့လို့လဲ သမီး၊ ငါက အလုပ်သမားတွေနဲ့ စီးပွားရေးလုပ်ငန်းကြီး လုပ်နေတာ မြင်လို့လား"

သူက ပေါ့ပေါ့ပါးပါး ပြောလိုက်သော်လည်း ငွေစင့် မျက်လုံးလေးများက တောက်လက်လာပြီး ...

"ဦး ... သမီးက ဦးရာဂျစ် အလုပ်မျိုးလည်း လုပ်တတ်ပါတယ်၊ တကယ်ပါ လုပ်လည်းလုပ်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဦးရာဂျစ်အလုပ်လုပ်မယ် !! ဟား ဟား ဟား"

ငွေစင်က ခုံတန်းကလေးမှာ ထိုင်နေရာက ဖျတ်ခနဲ ခုန်ထလိုက်ပါသည်။ မျက်ရည်တို့ကြောင့် ပြောင်တလင်းခါခဲ့ပြီးတဲ့ မျက်နှာကလေးဟာ ပကတိသဘာဝအလှကလေးပင်။ ဖြူစင်တဲ့ရုပ်ကလေး ပေါ်နေတဲ့ ငွေစင့်ကို သက်ပြင်းတစ်ရှိုက်နှင့် ဦးနေမဝင်က ကြည့်နေဆဲ။ ငွေစင်က လက်ကလေးတစ်ဖက်ကို ခါးထောက်လိုက်ပြီး နောက်လက်တစ်ဖက်က တံတောင်ဆစ်မှ အပေါ်ဖက်ကွေးကာ လက်သီးဆုပ်၍ ဗလထုတ်ပြတဲ့ပုံ လုပ်ပြရင်း ...

"ငွေစင် အားရှိပါတယ် ဦးရဲ့"

"အားရှိလည်း ခွဲတော့ မရှိနိုင်ပါဘူး"

"ခွဲလည်း ရှိပါတယ် ဦး"

"မင်းမှာ တကယ်ခွဲရှိရင် မင်း ဆယ်တန်းကို သုံးနှစ်မဖြေရဘူး"

ငွေစင့်မျက်နှာက ရုတ်တရက် ရှုတည်တည်ဖြစ်သွားပါသည်။ သူ့ရဲ့ဒဏ်ရာချက်ကောင်းကို ထိသွားတာမို့ ဝေဒနာခံစားလိုက်ရပုံ ပေါ်ပါသည်။ ဘာစကားမှတောင် ဆက်မပြောတော့ဘဲ သူ့ကို မှုန်တေတေ စိုက်ကြည့်နေတဲ့ ငွေစင့်ကိုကြည့်ရင်း ပြုံးချင်စိတ်ကို ဦးနေမဝင်က အောင့်ထားရပါသည်။





ဒီကော်င်မလေးကို သူ ကရုဏာသက်ပြီး ကူလည်း ကူညီချင်၊ စာလည်း သင်ပေးချင်တဲ့ ဖြူစင်သော စေတနာမေတ္တာတွေ ပေါက်ဖွားနေခဲ့ပြီ။ ဒါပေမဲ့ သူလိုလူဆီမှာ ဒီမိန်းကလေးငယ် စာလာသင်ဖို့ကို သူ့မိဘများက သဘောတူမှာတဲ့လား။ သူတို့ ဘာမှ မကြား မသိကြဘူး ဆိုရင်တော့ ထူးထူးထွေထွေ သဘောထားရှိမယ် မဟုတ်။

အပြင်လောကမှာ အတော်လူသိများ လွှင့်ပျံ့ခဲ့တဲ့ သူ့ရဲ့ရာဇဝင်ကြောင်းကို ကြားဖူးနားဝ ရှိကြလျှင်ဖြင့် ခါးခါးသီးသီး တားဆီးကန့်ကွက်ကြလိမ့်မည်။

အဲဒါကြောင့် သူ့စိတ်ထဲမှာ တစ်စုံတစ်ရာက တုံ့ဆွဲနေသလို ဝန်လေးနေးကန်ကာ လိုလိုချင်ချင် စာသင်ပေးမယ်လို့ မကမ်းလှမ်းဖြစ်ဘဲ ရှိနေတာပင်။

"ကိုယ် တကယ်ဖြစ်ချင်တယ် ဆိုရင် လုပ်ချင်စိတ်ရှိဖို့ လိုတယ်"

"သမီးမှာ လုပ်ချင်စိတ် ရှိပါတယ်"

"ဒါကတော့ ပါးစပ်ကပြောဖို့ လွယ်တာပေါ့လေ"

"ပါးစပ်က မပြောဘဲနဲ့ သမီး ဘာလုပ်ပြရမလဲ"

ဦးနေမဝင်သည် ငွေစင့်ကို စေ့စေ့ကြည့်ကာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ခြံကို ပတ်ထားတဲ့လမ်းလေ၊ မင်း ဈေးသွားနေကျ ဖြတ်လမ်းပေါ့၊ အဲဒီလမ်းဟာ လမ်းဘေးနှစ်ဖက်က သစ်ပင်ကြီးတွေက ကြွေကျနေတဲ့ ရွက်ခြောက်တွေနဲ့ တစ်လျှောက်လုံး ရှုပ်ပွေနေတယ် … … …"

* ❤ *





## ၇

"အား … အခိုးအငွေ့တွေ မွှန်ထွက်လာလို့ ဘာတွေဖြစ်ကုန်ပြီလဲ လာပြေးကြည့်တာ၊ မင်းက မီးရှို့နေတာကိုး"

ငွေစင်က ဦးနေမဝင်ကို တစ်ချက်ကြည့်ကာ စကားမပြန်။ ပေါက်ပြဲနေတဲ့လက်ဖဝါးနှစ်ဖက်ဟာ စပ်ဖျဉ်းဖျဉ်းတောင်ဖြစ်နေသည်။ ရှည်လျားလှတဲ့ လမ်းတစ်ကွေ့တစ်ပတ်ကြီးက ရွက်ခြောက်တွေကို ဝါးရိုးတပ်တံမြက်စည်းရှည်နှင့် လှည်းရတဲ့အလုပ်က သက်သာတာမဟုတ်။ ကိုယ့်လမ်းလုမ်းမှုနှင့်ကိုယ် လာလုပ်ခဲ့ပြီး တအားပင်ပန်းမောဟိုက်ကာ ခြေကုန်လက်ပန်းတွေကျ၊ လက်ဖဝါးတွေ နာကျင်လာတဲ့အခါ ဘယ်သူ့ကို ဒေါသထွက်ရမယ်မသိဘဲ ရင်ထဲမှာ ဒေါသအလိပ်လိုက် အလိပ်လိုက် ထွက်နေသည်။

ဦးနေမဝင်ကိုလည်း စိတ်နာသည်။ ကိုယ့်ဘဝကိုယ်လည်း စိတ်နာသည်။ ထို့ကြောင့် ဘာမှ ပြောမနေဘဲ 'မြင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ’ဆိုတဲ့ ရုပ်နှင့် ခပ်တင်းတင်းပဲ နေပစ်လိုက်သည်။ ခုန က တံမြက်စည်းလှည်းရင်းလည်း ငိုပြီးပြီ။

“မင်း မီးရှို့တတ်ရဲ့လား”

ဦးနေမဝင်သည် ငွေစင် ဘာဖြစ်နေသလဲ နားလည်ပါသည်။ သနားလည်းသနားပါသည်။ ဒီတော့ စကားရှာကာမေးလိုက်တာပင်။

“မီးရှို့တာက ဘာခက်လို့လဲ ဦး”

“မှန်ပါတယ် မခက်ဘူး၊ မဆိုးပါဘူး မင်းမှာ လုပ်ချင်စိတ်ရှိပါတယ်၊ ဖြစ်အောင်လုပ်မယ်ဆိုတဲ့စိတ် မခံချင်စိတ်ရှိပါတယ်”

ငွေစင်သည် မီးခိုးဝင်ကာ စပ်ဖျဉ်းဖျဉ်းဖြစ်နေတဲ့ မျက်လုံးများကို ပုတ်ခတ်ရင်း ဦးနေမဝင်ကို လှည့်မကြည့်ဘဲ ခေါင်းငုံ့နားထောင်နေသည်။ ကြည့်ချင်စိတ်မရှိ။ လောလောဆယ်တွင် ဒီလူကြီးကိုလည်း မုန်းသည်။ လူကို လုပ်ချင်ကိုင်ချင်စိတ်နှင့် ဖွဲ့ရှိရဲ့လားလေး ဘာလေးနှင့် သူက ဘာစမ်းသပ်ပိုင်ခွင့်ရှိလို့လဲ။ ကဲ ... အဲဒါဆို ကိုယ်ကရော သူ့စမ်းသပ်မှုကို ဘာကြောင့် နာနာခံခံလုပ်နေသေးလဲ။

“မင်း ပြန်ချင်ပြန်တော့လေ ငွေစင်”

“ကိစ္စမရှိပါဘူး၊ ရွက်ခြောက်တွေ မီးရှို့လို့ကုန်မှ ပြန်မယ်”

“ခဏနေ မှောင်လာတော့မှာ၊ မင်းအိမ်က စိတ်ပူနေမယ်”





“မပူပါဘူး၊ အိမ်က အဲဒီလိုသာ စိတ်ပူတတ်ရင် အရေးစိုက်ရင် ငွေစင်ဟာ ဆယ်တန်းလေးအောင်ဖို့ ဒီလောက်ကြီး ရင်းနှီးမြှုပ်နှံပြီး ပေးဆပ်နေစရာဝေဘင် မလိုဘူး၊ သက်သောင့်သက်သာ စာမေးပွဲအောင်သွားဖို့ လုပ်ပေးနိုင်တဲ့နည်းလမ်းတွေ အများကြီးပါ၊ လိုအပ်နေတဲ့ ကဏ္ဍမှာတော့ အရေးမစိုက်မပူပန်ဘဲ မလိုလားအပ်တဲ့ နေရာလာပြီး အရေးလုပ်နေရင်လည်း ငွေစင်က ဂရုစိုက်မှာမဟုတ်ဘူး”

“ကလေးမ ... မင်းမှာက ခါးသီးမှုတွေများလွန်းနေတယ်၊ မင်း ရင်ထဲမှာ အဲသလောက်အခုအခံ အဖုအထစ်တွေများနေရင် မင်း ဘာကိုမှ ချောချောမောမော ပြေပြေလည်လည်လုပ်နိုင်မှာမဟုတ်ဘူး၊ စိတ်ကလေးကို ကြည်ကြည်လင်လင် သိမ်သိမ်မွေ့မွေ့လေးထားကြည့်စမ်းပါ”

ငွေစင်က ဦးနေမဝင်ကို မျက်စိမှေးစင်းကာ ပမာမခန့်သလိုကြည့်သည်။ ဒေါသတွေထွက်ကာ ဒီလူကြီးကိုလည်း မုန်းနေ၍ တမင်တကာ ဒီလိုအမူအရာမျိုးနှင့်ပင် ဆက်ဆံချင်စိတ်ပေါက်နေသည်။

“အဲလိုထားလိုက်ရင် သမီး ဘာရမလဲ”

ဦးနေမဝင်သည် ငွေစင့်ရဲ့နာကြည်းချက်တွေ စိတ်ဋ္ဌိပက္ခတွေကို နားလည်စာနာစွာပြုံးလိုက်ပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ငွေစင် ညည်းကို ငါ စာသင်ပေးပါ့မယ်"

"ရှင်"

ငွေစင်သည် ချက်ချင်း မျက်နှာခေါက်ပြေကာ တစ်မျက်နှာလုံး လန်းရွှင်တက်သွားပြီး လက်ထဲကိုင်ထားကာ မြေပေါ်ထောက်ထားတဲ့ တံမြက်စည်းကို ယောင်ယမ်းတွန်းလှဲပစ်လိုက်ပြီးလျှင် ...

"တကယ်နော်"

"အေး"

"အဟားဟား ... သိပါတယ်၊ သမီး သိပြီးသား၊ ဦး သမီးကို စာသင်ပေးတော့မယ်ဆိုတာ အလိုလို စိတ်ကသေချာနေတာ ... ဟား ဟား"

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

"ဟုတ်ကဲ့"

ငွေစင့်ပုံစံက ချက်ချင်းလက်ငင်းပြောင်းကာ ဦးနေဝင်ကို ရိုရိုသေသေ လေးလေးစားစား ပြန်ဖြစ်လာပါသည်။

"မင်းရဲ့အိမ်က လူကြီးမိဘခွင့်ပြုချက်လိုတယ်"

"သြော် ... ဒါလား ..."

ငွေစင်က တစ်ခဏစဉ်းစားပြီး ...

"ဘယ်လိုလဲ ဦး၊ လက်မှတ်ထိုးယူလာရမှာလား"





"သြော် ... အဲလိုကြီးတော့ မလိုအပ်ပါဘူး၊ မင်းနဲ့ငါ အချိန်ညှိနိုင်းမယ်၊ ငါ့အိမ်မှာ စာလာသင်နေမယ်ဆိုတာကို မင်းအမေ သဘောတူလက်ခံအောင် မင်း ပြောပြခွင့်တောင်းပါ၊ သူ သဘောမတူရင် ငါ သင်မပေးနိုင်ဘူး"

ငွေစင်က ခေါင်းတစ်ချက်ညိတ်လိုက်ပါသည်။

* ❤ *

"ငွေစင် မနေ့ညနေက ဘယ်သွားနေတာလဲ"

ငွေစင်က ပန်းကန်တွေ ဆေးနေရင်းက ဟင်းအိုးမွှေနေတဲ့ မေမေ့ကို ငုံ့ကြည့်လိုက်ပါသည်။ ဒါမျိုး သိပ်မမေးဖူးလှဘဲ အမေးထူးနေ၍ မေမေ သိပြီးဖြစ်လို့ တမင်မေးနေတာလားဟုထင်ကာ မဖြေသေးဘဲ ငြိမ်နေစဉ် ထင်တဲ့အတိုင်းပင် ...

"နှောင်းကပြောတယ် ဟိုးခြံပေါင်းကြီးကို ပြောင်းလာတဲ့လူသစ်နဲ့ သွားရပ်စကားပြောနေတယ်ဆို"

ငွေစင်က ဒေါ်တွေပွကာ ...

"သူကဘာလဲ သမီးကို လိုက်ချောင်းနေတာလား"

"ညည်းက ဘာတွေလုပ်နေတာမို့လို့ သူက အားအားယားယား လိုက်ချောင်းနေရမှာလဲ ငွေစင်ရယ်၊ ညည်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



ညည်းပဲ၊ ရန်လိုဖို့ပဲ၊ နှောင်းက သူ့ဟာသူ စက်ဘီးပတ်
တာပေါ့၊ ညည်းကို ဘာကိစ္စအတွက် လိုက်ချောင်းရမှာလဲ
ညည်းကကော ချောင်းတယ်ထင်ရအောင် ဘာတွေချောင်း
စရာလုပ်နေလို့လဲ ငွေစင်"

"သမီး မဟုတ်တာတွေ ဘာမှမ မလုပ်တာ၊ အပြင်
သွား‚သွားနေတာကတော့ မေမေ အသိပဲ၊ အိမ်မှာနေ
ပြဿနာများတယ်လေ"

"သမီးကလည်း ပြောလိုက်ရင် ဒီစကားမျိုး၊ ဒီယောက်
နဲ့ ဒီသမီးသုံးယောက်ကြားထဲမှာ မေမေ ဘယ်လော
ဦးနှောက်ခြောက်ရသလဲ သမီး နားမလည်ဘူးလားကွယ်"

"မေမေ့ကို ငွေစင် အမြဲနားလည်တယ်၊ မေမေ့ကြောင့်သ
ငွေစင် လုပ်ချင်ရာတွေလျှောက်မလုပ်တာ"

"ဘာတွေများ လျှောက်လုပ်ချင်သေးလို့လဲ ငွေစင်ရယ်"

"အခု မိနှောင်းက ဘာပြောတာလဲ မေမေ"

"ခြံဟောင်းကြီးကို ပြောင်းလာတဲ့လူသစ်နဲ့ သမီးနဲ့ သူ
ခြံရှေ့လမ်းမှာ စကားရပ်ပြောနေတာ တွေ့ခဲ့တယ်
သစ်ရွက်တွေလည်း မီးရှို့နေတယ်ဆိုလား၊ သူ့ဟာ
အမှိုက်မီးရှို့နေတာ သမီးက ဘာဖြစ်လို့ အနားသွားရတာ
ဘာလို့ သွားအရောဝင်ရတာလဲ ငွေစင်"





ငွေစင်သည် ဆပ်ပြာရည်ထိကာ စပ်ဖျဉ်းဖျဉ်းဖြစ်နေ
လက်ဖဝါးတွေကြောင့် မျက်နှာကို ယောင်ရမ်း မရှုံ့မဲ့မိအောင်
သတိထားရရင်း ...

"အရောဝင်တာတော့ ဘယ်ဟုတ်မလဲ မေမေကလည်း၊ ပြောင်းလာတဲ့ အိမ်နားနီးချင်းအသစ်ပဲဟာ၊ စကားပြောတော့ ဘာဖြစ်လို့လဲ၊ သူက သမီးရဲ့ အဖေအရွယ်လောက် လူကြီးကြီးပါ မေမေရယ်"

"အဖေအရွယ်မှန်တယ်၊ လူကြီးလည်းမှန်တယ်၊ ဒါပေမဲ့ ဒီလူကြီးက သိပ်နာမည်မကောင်းဘူး သမီး"

"သူက ပညာတတ်တစ်ယောက်ပါ၊ ဒေါက်တာဘွဲ့ရထားတာ၊ ဒေါက်တာနေမဝင်တဲ့ မေမေ"

"မေမေလည်း သိတယ်၊ ပညာတတ်တာက တတ်တာတစ်ပိုင်းပဲ၊ ပညာတတ်တိုင်း လူကြီးလူကောင်းဖြစ်တာ မဟုတ်ဘူး၊ ပညာတတ်ပြီး အကျင့်ပျက်တဲ့သူတွေလည်း လောကမှာ အများကြီးရှိတယ်၊ အလှူမှာ မေမေ ကြားလာတယ်၊ အလှူရှင်အိမ်က ဒီလူကို တမင်တကာကို မဖိတ်တာလို့ သူတို့ကိုယ်တိုင်ပြောတာ၊ ဘာဖြစ်လို့လဲဆိုတော့ အကျင့်စာရိတ္တကို မကြိုက်လို့ဗျာတဲ့၊ သူနဲ့မပေါင်းချင် မခင်ချင် စကားကိုမပြောချင်လို့မဖိတ်တာတဲ့၊ အဲဒီအတိုင်း ပြောတာ၊ သူ့အကြောင်းသိတဲ့သူအတော်များတာပဲ၊ တခြား



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ဧည့်သည်တွေကလည်း ပြောကြတယ်၊ ဒီရပ်ကွက်ထဲ သူပြောင်းလာတာတောင် တချို့က လုံးဝမကျေနပ်ဘူး၊ အရင်ရောင်းသွားတဲ့အိမ်ရှင်ကိုတောင် အပြစ်ပြောနေကြ တယ် ...

ရောင်းတဲ့သူကလည်း ဒီမှာမနေဘဲ ပိတ်ထားတဲ့အိမ် ဆိုတော့ အရောင်းအဝယ်ဖြစ်တယ်တွေ ဘာတွေ မသိကြ ဘူးပေါ့၊ သိများသိရင် ဖျက်ပါတယ်ဆိုတဲ့သူနဲ့၊ ပိုက်ဆံပို ရင် ကိုယ်ပဲဝယ်ထားလိုက်မယ်ဆိုတဲ့သူနဲ့၊ ကပ်လျက်က ဦးခန့်လျှံတို့အိမ်ကဆိုရင် အဲဒီလူသစ်ရဲ့ဖက်ခြမ်း ခြံစည်းရိုး ကို အပေါ်ကို နှစ်ပေခွဲလောက် ထပ်မြှင့်ပြီး ပိတ်ကာပစ် လိုက်တယ်"

ငွေစင်သည် မေမေ့စကားကို တအံ့တသြ စိတ်ဝင်တ စားနှင့် နားစိုက်ထောင်နေမိသည်။ ဘယ်လိုဖြစ်၍ ဒီလောက်ထိ ခါးခါးသီးကြတာလဲ။

"လူတွေက ဘာလို့ သူ့အကြောင်း သိနေကြတာလဲ"

"သူနဲ့ တစ်ချိန်တည်း ရန်ကုန်တက္ကသိုလ်မှာ ရှိခဲ့ကြတဲ့သူ တိုင်း သိတာတဲ့၊ အထက်နှစ်နှစ် သုံးနှစ် အောက်နှစ်နှစ် သုံးနှစ် သူ့ကို ကောင်းကောင်းသိကြတယ်၊ တက္ကသိုလ် မှာ နာမည်ကြီးတဲ့၊ မေမေက တက္ကသိုလ် မရောက်ခဲ့တော့ သူ့ကို မသိဘူးပေါ့၊ ညည်း ဦးဖေကလည်း နယ်က၊





မန္တလေးက. ဘွဲ့ရတဲ့သူဆိုတော့ သူ့ကို မသိဘူးပေါ့၊ သူ နာမည်ပျက်ခဲ့တာကလည်း ဟိုးလေးတကျော်ပဲတဲ့၊ အသေး စိတ်ကြီးသာ ဆက်မေးလို့ မကောင်းလို့ အထင်သေးစရာ ဖြစ်မှာစိုးလို့ မေမေ မမေးခဲ့တာ ...

သူနဲ့ ရွယ်တူတန်းတူ လူများစုက သူ့ကို သိကြပြီး ဘယ်သူမှမပေါင်းချင် မသင်းချင်ကြဘူး၊ အတော်ဆိုးခဲ့တာ နေမယ်၊ သမီး လမ်းကြုံလည်းပဲ စကားသွားမပြောနဲ့၊ အခုအတော်ခင်နေသလား"

"တွေ့ရင် နှုတ်ဆက်တာလောက်ပါ မေမေ၊ ငွေစင်က အဲဒီကပဲပတ်ပြီး ဈေးသွားနေကျဆိုတော့"

"မသွားနဲ့တော့ပေါ့၊ ဈေးကို အပြင်လမ်းကပတ်သွားပေါ့၊ ပိုဝေးလည်းဝေးပစေ၊ စက်ဘီးနဲ့ပဲဟာ၊ လမ်းလျှောက်ပြီး တော့လည်း အဲဒီဘက်ထဲကို မသွားနဲ့"

ငွေစင်က ငိုင်ငိုင်လေး တွေးနေမိကာ ...

"မေမေ သူ့ကို တွေ့ဖူးလားဟင်"

"တစ်ခါတွေ့ဖူးတယ်၊ ဟို Mini Mart ကလေးမှာ မေမေ လိုတာလေး သွားဝယ်တုန်း သူလည်း ဈေးလာဝယ်တာ တွေ့လိုက်တယ်၊ သူထွက်သွားတာနဲ့ ဆိုင်ထဲမှာ အတင်း ပြောသံ ဝေဖန်သံတွေ လျှံပြီး ကျန်ခဲ့တာပဲ"

"သူ့မျက်နှာကို မေမေ ဘယ်လိုထင်လဲ၊ သူ့ရုပ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ဘယ်လိုထင့်ရမှာလဲ၊ ကြောက်စရာကြီး တော်တော်ရုပ်ပျက်ဆင်းပျက်ကြီးရှုံ့တွန့်နေတာ၊ အဲဒီတစ်ဖက်ခြမ်းကြီးက ရွံစရာကြီးဖြစ်နေတယ်၊ နှစ်ခါတောင် ပြန်မကြည့်ရဲဘူး၊ ရက်စက်မယ့်ရုပ်မျိုးကြီး"

အနာရွတ်ကြီးကြောင့် ရက်စက်မဲ့ရုပ်ကြီးလို့ မေမေ သတ်မှတ်လိုက်မိတာဖြစ်မှာပါ။ သေသေချာချာ စေ့စေ့စူးစူးစိုက်ကြည့်မိမှ ဒဏ်ရာဒဏ်ချက်ကင်းတဲ့ ဦးနေမဝင်ရဲ့ မျက်နှာတစ်ခြမ်းရဲ့ ကျက်သရေရှိမှုကိုရော သူ့မျက်ဝန်းများရဲ့ ရိုးသားတည်ကြည်နူးညံ့သိမ်မွေ့မှုကိုရော မြင်သာတာ။

ခုလို မေမေက မနှစ်မြို့ခြင်း ပြင်းထန်နေတယ်ဆိုတော့ ဦးနေမဝင်ထံ စာသွားသင်မည်ဆိုတဲ့အကြောင်းကို ဘယ်လို များခွင့်တောင်းရပါ့မလဲ။ ရုပ်တောင်မှစကားမပြောနဲ့ဆိုမှတော့ အိမ်မှာ တမေ့တမော စာသွားသင်ဖို့ဆိုတာ ဝေလာဝေး။ ခွင့်မပြုမယ့်အတူတူတော့ ခွင့်တောင်းမနေတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ငွေစင်က ဦးနေမဝင်ထံမှာ မဖြစ်မနေ စာသင်ချင်နေလို့ပါပဲ။

သူ့ဟာသူ ဒေါက်တာပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် သူ့ဘွဲ့ သူရတာတော့ ဟုတ်ပါရဲ့။ စာသင်တာကျတော့ ကောင်း မကောင်း ဆိုတာ ငွေစင်လည်း သိတာလည်းမဟုတ်ဘဲနဲ့ စိတ်ထဲမှာ အလိုလို နေရင်းပင် ဦးနေမဝင် သင်ကြားပြသပေးမှုနှင့် သူ ဆယ်တန်းအောင်တော့မည်လို့ပဲထင်နေမိသည်။ အိပ်မက်ကို မက်နေတာ။





အောင်စာရင်းတွေထွက် စာမေးပွဲတွေအောင်ပြီး မျက်ရည်လည်ရွဲ ပျော်မြူးနေတာအထိ အိပ်မက်မက်ပြီးပြီ။ ယုံကြည်မှုတွေပြင်းထန်ပြီး အလိုလိုကို ဆန်းကြယ်စွာ စိတ်လှုပ်ရှားခွန်အားတွေတက်နေတာမို့ ကိုယ့်မျှော်လင့်ချက် ကိုယ်ပြန်မဖျက်ချင်တော့။ အခုညနေပဲ စ,သင်ရတော့မယ့်ဟာ။ ငွေစင်က ဆေးပြီးသောပန်းကန်တွေကို ရေစစ်၊ သုတ်ကာ သိမ်းအပြီး မီးဖိုထဲမှ ထွက်သွားဖို့ ဟန်ပြင်သည်။

"သမီး"

"ရှင် မေမေ"

"သမီးကို မေမေ တစ်ခုတားမြစ်ရဦးမယ်"

ငွေစင်က မေမေများ သိနေသလားဟု ထိတ်ခနဲဖြစ်ရင်း ...

"ဘာကိုလဲ မေမေ"

ဒေါ်ခင်နွယ်က သက်ပြင်းတစ်ချက်ချလိုက်ပါသည်။ ငွေစင့်မျက်နှာကို မကြည့်ဘဲ ကိုယ့်ဟာကိုယ် မရှိရှိတာ ရှာကြံတစ်ဖက်လှည့်လုပ်နေရင်းက ...

"ဦးဇော်က ..."

"ဦးဇော်နဲ့ သမီး ခုတလော စကားတောင်သိပ်မပြောဖြစ်ဘဲနဲ့ ဘာအပြစ်တွေ ရှိနေပြန်ပြီလဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အပြစ်မဟုတ်ပါဘူး၊ သမီးကိုလည်း ဘာမှမပြောပါဘူး၊ ဦးဇော်က သဝဏ်ကို ရှင်မင်းဦးနဲ့ ရည်ရွယ်ထားတဲ့သဘော ရှိတယ်"

ဒေါ်ခင်နွယ်သည် ငွေစင့်ကိုမကြည့်။ ငွေစင်ကသာ မျက်ခုံးပင့်ပြီး မေမေ့ကို စိုက်ကြည့်နေမိသည်။ ငြိမ်သက်ပြီး စိုက်ကြည့်နေပေမယ့် ငွေစင့်ရင်ထဲ တဒိန်းဒိန်းမြည်ဟည်းခြင်းက တစ်စတစ်စ ပြင်းထန်တုန်ခါလာသည်။

"ရှင်မင်းဦးက ငယ်တော့ငယ်သေးတယ်ဆိုပေမဲ့ သူ့အဖေက ရည်မှန်းထားတယ်ဆိုတာလေး ဖွင့်ပြောထားတော့ ရှင်းရှင်းပြောရရင်တော့ ဟိုတစ်နေ့ကလို ယောက်ျားလေးတစ်ယောက်အတွက်ကိစ္စနဲ့ ညီအစ်မတွေ အော်ကြဟစ်ကြဖြစ်ကြတာလည်း အင်မတန်ရုပ်ဆိုးပါတယ်၊ သူ့ဟာနဲ့သူ ရည်မှန်းချက်ရှိပြီးသားကိစ္စတစ်ခုမှာ ကိုယ်က ကင်းကင်းနေလိုက်စေချင်တာပါ"

ငွေစင်သည် ရက်စွဲ့ဝမ်းနည်းသွားပြီး ဒါကို ချက်ချင်းဖုံးဖိ၍ ဘာမှမဖြစ်သယောင်ပေါ့ပေါ့ကလေးနှင့် ...

"ကိုသဝဏ်ကို ရှောင်ပေါ့ ဟုတ်လား မေမေ၊ အဟားဟား ရယ်ရတယ်၊ ဝတ္ထုဇာတ်လမ်းကြီးကျနေတာပဲ"

"အရှည်သဖြင့်ကောင်းဖို့ပေါ့ သမီးရယ်"





"ဟွန်း ... ငွေစင်နဲ့ ကိုသဝဏ်ကပဲ သံယောဇဉ်တွေ ငြိတွယ်နေသလိုလို၊ ပတ်ပဲပတ်သက်နေသလိုလို၊ တစ်ခါတစ်ခါကျ မေမေက မလိုအပ်တာတွေလည်း သိပ်ပြောတာပဲ၊ ဒါပေမဲ့ မေမေရဲ့ အပြောခံရတဲ့လူဘက်က တစ်ခါတစ်ခါကျ တော့အောင့်တယ်၊ မေမေ အဲဒါကို နားလည်ပါဦး"

ငွေစင်သည် နောက်ပိုင်းစကားတစ်ဝက်ကို ရှိုက်သံလေးပင်ပါမတတ် ငိုသံပါနှင့်ပဲပြောလိုက်နိုင်ကာ ရှက်ဝမ်းနည်းခြင်း၊ အခံရခက်ခြင်း၊ ကြေကွဲအားငယ်ခြင်း ခံစားချက်မျိုးစုံတို့နှင့် မေမေ့အပါးက ချာခနဲလှည့်ထွက်လာသည်။ မေမေ့ကိုပါ စိတ်ထဲက ငြိုငြင်ချင်သလိုဖြစ်မိသည့်တိုင် မေမေဟာ မတတ်သာလို့ ဤစကား ငွေစင့်ကို ပြောရမှန်း ငွေစင် နားလည်နေပါသည်။

နားလည်ရတာ သိပ်ပင်ပန်းတာပဲ။

ငွေစင်သည် ထမင်းတစ်ပန်းကန် ပွဲစားလိုက်ပြီး သတ်မှတ်ထားတဲ့အချိန်ထက်စောကာ အိမ်ကထွက်လာသည်။ ဦးနေမဝင်ရဲ့ ခြံထဲဝင်လာကာ အိမ်အိုကြီးရဲ့ ပေါ်တီကိုအိုကြီးအောက် အိမ်ပေါ်တက်တဲ့ သုံးထစ်သောလှေကားထစ်များပေါ်၌ ငုတ်တုတ်ကလေးထိုင်နေလိုက်ပါသည်။ တစ်နာရီခွဲလောက်တောင်စောနေတာမို့ ဦးနေမဝင်ကို မခေါ်သေးဘဲ ဒီမှာပဲ ထိုင်စောင့်နေဖို့ ရည်ရွယ်ခဲ့သော်လည်း ...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ညည်းက ဘာဖြစ်လို့ အစောကြီးလာရတာလဲ၊ ညည်းကို ငါ ဘယ်နှနာရီလာခိုင်းထားသလဲ"

"စောနေတာ သိပါတယ် ဦး၊ ဒါပေမဲ့ သမီး အိမ်မှာဆက် မနေနိုင်လို့ပါ၊ ဦး နားနေပါ၊ သမီး ဒီကပဲ ထိုင်စောင့်နေပါ့မယ်"

"ဒီလိုကြီးတော့ ဘယ်ဖြစ်မှာလဲ၊ ကဲ ... လာ ဝင် ဝင်"

သူက တံခါးဖွင့်ပေးတော့လည်း ငွေစင်က ဝင်လိုက်ရပါသည်။ ကျယ်ဝန်းလှတဲ့ ဧည့်ခန်းကြီးထဲမှာ ပစ္စည်းတွေကတော့ အိမ်နဲ့မလိုက်ဖက်ဘဲ အနည်းငယ်သစ်လွင်သည်။ ငွေစင်သည် ဟိုမော့ ဒီကြည့်။ ပန်းချီကားတွေ ပန်းပုရုပ်တွေ လက်မှုရှေးဟောင်းပစ္စည်းလေးတွေစသဖြင့် တိုလီထွာလီ ဟိုတင်ဒီတင်ထားတာတွေကအစ စိတ်ဝင်စားစရာတွေချည်းပဲဖြစ်နေ၍ တစ်နေရာရာမှာ ဝင်မထိုင်ဘဲ ဟိုဟိုဒီဒီ စပ်စပ်စုစု လျှောက်ကြည့်နေပါသည်။

ရင်ညွန့်လောက်ပဲမြင့်တဲ့ ရှေးဟောင်းပုံ ဗီရိုပုတစ်လုံးထဲမှာတော့ ဓာတ်ပုံတွေ ဓာတ်ပုံတွေ။ မှန်တံခါးမို့ အထဲကရှိသမျှပုံတွေကို အားလုံးမြင်နေရသည်။ တစ်ခုချင်း ဓာတ်ပုံစတဲန်းတွေနှင့် ထည့်ကာ ဗီရိုထဲစီကာစဉ်ကာ ထောင်ထားပုံမျိုးဖြစ်သည်။ ဦးနေမဝင် လူပျိုလူရွယ် အရွယ်ကပုံတွေပါသလို အမျိုးသမီးတစ်ယောက်ရဲ့ပုံတွေလည်းများလှသည်။





အသက်နှစ်ဆယ်ကျော်အရွယ်လောက်က ချောမောကျက်သရေရှိလှတဲ့ ဦးနေမဝင်ရဲ့ဓာတ်ပုံတွေကို ရင်သပ်ရှုမောဖြစ်ရကာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်တာတောင် နည်းသေးလို့ ထင်မိပါသည်။ ငြိမ်းချမ်းသိမ်မွေ့လှတာကတစ်မျိုး၊ ရုပ်ရည်ရဲ့ အဆင့်မြင့် ကျက်သရေရှိလှပုံကတစ်မျိုး၊ ချောမောညို့ငင်နိုင်စွမ်းတာကတစ်မျိုး။ မိန်းမတွေ ကြိုက်ကြတာအံ့ဩစရာမရှိ။ သူဟာ ထူးကိုထူးခြားသန့်ပြန့်နေတာ။ စွဲမက်ဖို့ကောင်းနေတာ။

"ဘာတွေ လိုက်ကြည့်နေတာလဲ"

"ဟိုလေ ဦး ... ဒီအစ်မကြီးက ဘယ်သူလဲဟင်"

"အစ်မကြီး မဟုတ်ဘူး၊ အခုဆိုရင် မင်းအမေလောက်အရွယ်ရှိတယ်"

"အန်တီပေါ့နော်၊ ဒီအန်တီက ဘယ်သူလဲဟင်၊ ဟိုဘက်က ဖယ်မလီပုံတွေကို မြင်ပြီးသားဆိုတော့ ဦးမှာ မောင်နှမ မရှိနိုင်ဘူးလို့သိပြီးသား။ ဒီအန်တီပုံတွေက အများကြီးပဲ၊ ဘယ်သူလဲဟင်"

"ညည်း ဘာလို့ စပ်စပ်စုစုလုပ်ချင်ရတာလဲ"

ခပ်ဆတ်ဆတ်ပြောလိုက်သော်လည်း ဒေါသသံကြီးတော့မပါလှ၍ ငွေစင်က မရဲတရဲ ငဲ့ကြည့်ကာ အရဲစွန့်၍ ...

"ဟို ... ဦး ... ဦးရဲ့ ချစ်သူလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမဝင်က မဖြေဘဲ သူပါ ငွေစင့်အနားရပ်ကာ ထိုပုံတွေကို ခုမှ မြင်ဖူးသူလို တငေးတမော ကြည့်နေပါသည်။ မဖြေတာဟာ ဟုတ်လို့ပဲ။ ငွေစင်က ထိုသို့အပိုင်တွက်လိုက်ပြီး ...

"ဟာ ... ဟိုမှာ လက်မှတ်ကို ခတ်ပုံပေါ်မှာပဲ ထိုးထားတယ်၊ ဟို ... ခင်စောသိုက် ဆိုလား"

ဦးနေမဝင်က ငွေစင့်ကို မျက်မှောင်ကုတ်ကြည့်လိုက်ပြီး ...

"လက်မှတ်ထိုးထားပေမယ့် ဒီလောက်ပီပီသသ မင်း သိနိုင်လောက်အောင် သူ့လက်မှတ်က မရှင်းပါဘူး၊ ဒီနာမည်ကို မင်း သိပြီးသားဆိုရင်သာ လက်မှတ်ကိုကြည့်ရင် မှန်းနိုင်တာ၊ မင်း သိပြီးသားမဟုတ်လား"

"ဟိုလေ ... ဦး ..."

ငွေစင်က ညာဖို့မရည်ရွယ်တော့ဘဲ ...

"ဟိုဆိုင်လေးမှာ ဦးအကြောင်းပြောတဲ့ အန်တီနှစ်ယောက်ရဲ့စကားထဲမှာ ပါတာပါ"

"ဘာတဲ့လဲ"

"ခင်စောသိုက်က နိုင်ငံခြား အပြီးထွက်သွားတယ်တဲ့"

"......"

"ဟိုလေ ပြီးတော့ သူ အသည်းလည်းကွဲသွားတယ်တဲ့၊ ဦးလည်း အသည်းကွဲမှာပါတဲ့"





"ငါပါ အသည်းကွဲလိမ့်မယ်လို့ ထင်မြင်ယူဆပေးတာကို ကျေးဇူးတင်လို့မဆုံးဘူး"

"သိပ်ချောတာပဲနော် ဦး၊ ချောတာထက် ကျက်သရေရှိတာ ပိုတယ်၊ ရုပ်လေးက သိပ်အဆင့်အတန်းမြင့်ပြီး သိပ်ကြည့်ကောင်းတာပဲ၊ သူ ထွက်သွားမယ်ဆိုရင် ဦးက ဘာဖြစ်လို့ လိုက်မခေါ်ခဲ့တာလဲဟင်၊ ဦးနဲ့ အဲဒီအန်တီ သိပ်လိုက်တာပဲ၊ ပုံစံလေးတွေက တကယ့် Royal familyတွေက ဆင်းသက်လာကြသလို သိပ်သန့်ပြန့်မြင့်မြတ်တာပဲ"

ဦးနေမဝင်သည် ဆွေးမြည့်သောမျက်ဝန်းအစုံနှင့် ခတ်ပုံတွေကို ငေးရီကြည့်ရင်း သက်ပြင်းရှိုက်လျက် ...

"ဟုတ်တယ် သူဟာ တကယ်ပဲ ငါ့အတွက် Royal pricess ပဲ"

ငွေစင်က ဦးနေမဝင်ရဲ့ မျက်နှာပေါ်က ခံစားချက်တွေကို ထူးထူးဆန်းဆန်း အကဲခတ်နေမိသည်။

"အဲဒါဆိုရင် ဘာဖြစ်လို့ ဦးက သူ့ကို ထွက်သွားခွင့်ပြုရတာလဲ"

"အခြေအနေတွေက ဒီအတိုင်းဖန်လာခဲ့တယ်"

ဦးနေမဝင်သည် ချာတိတ်မချွတ်တစ်ယောက်ကို ပြောနေရသည်ရယ်လို့ သူ့ကိုယ်သူ မေ့လျော့နေပုံပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူကသာ ရှိုးကော့စ်ဗီရိုရှေ့ရှိနေသော်လည်း သူ့စိတ်တွေဟာ ဟိုးနှစ်ပေါင်းများစွာ ခပ်ဝေးဝေးဆီ ရောက်နေတာ သေချာလှပါသည်။ ငွေစင့်ရဲ့ စိတ်တွေသည်လည်း လွင့်မြောသွားကာ လူကိုယ်ထဲကပ်ငြိမနေဘဲ လွင့်ပါးနေသလိုရှိလျက် ...

"လူနှစ်ယောက်ရဲ့ရင်ထဲမှာ အပြန်အလှန် ဆတူညီမျှခံစားချက်မျိုး ရှိခဲ့ရင် သူတို့ဟာ ပတ်ဝန်းကျင်ရဲ့ ဖန်တီးပြုပြင်မှုကို ဂရုစိုက်နေဖို့လိုမယ်မထင်ပါဘူးနော် ဦး၊ အချစ်နဲ့ပတ်သက်တဲ့ ခံစားချက် ဆုံးဖြတ်ချက်ဆိုတာ ကာယကံရှင်နှစ်ဦးရဲ့ ပကတိဆန္ဒကလွဲရင် တခြားဘယ်ဟာရဲ့လွှမ်းမိုးမှုကိုမှ ငုံ့ခံနေစရာအကြောင်းမရှိဘူး မဟုတ်လား ဦး"

ဦးနေမဝင်သည် ခပ်ဆွေးဆွေးလေး ကြားလိုက်ရတဲ့စကားကြောင့် ဆတ်ခနဲ အာရုံပြန်လည်ဝင်လာကာ ...

"ဟေး ... ညည်း ဘာတွေ ပြောနေတာလဲ"

"ဟို ... ဟိုလေ အချစ်ဆိုတာ ..."

"ဘာအချစ်ဆိုတာလဲ၊ ညည်း စာသင်ဖို့လာတာလား၊ အရည်အဖတ်မရတဲ့ အာရုံတွေ ပျံ့လွင့်ဖို့လာတာလား၊ အောင်မာ လူကြည့်တော့ ဆယ်တန်းကို တဖုတ်ဖုတ်ကျတာ သုံးခါ၊ စိတ်ကူးကယဉ်ချင်တယ်၊ ကဲ ကဲ ... ထ၊ ဒီပုံတွေနဲ့ ကျောင်းသင်ခန်းစာလည်း ဘာမှ မဆိုင်ဘူး၊ တော်ပြီ





ဒီအိမ်ကိုလာရင် စပ်စပ်စုစု ဟိုမေးဒီမေးလုပ်ဖို့ အာရုံတွေကိုဖြတ်ခဲ့၊ စာလုပ်ဖို့ပဲလာ၊ နားလည်လား၊ ကဲ ... ထုတ်၊ အင်္ဂလိပ်စာ Text Book"

"ဟင် ... သင်္ချာသင်မှာ မဟုတ်ဘူးလား ဦး"

"ငါ ထုတ်ခိုင်းတာ အရင်ထုတ်"

ငွေစင်က မျက်စောင်းတစ်ချက်နှင့် အင်္ဂလိပ်ဖတ်စာအုပ်ကို ထုတ်သည်။

* ❤ *

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



# ၈

"ဦး … ဒီမှာကြည့်စမ်း၊ ပူပူလေး"

ငွေစင်က ကော်ထမင်းဘူးထဲက ပုစွန်ကော်ပြန့်ကြော် တို့ကို ဦးနေမဝင် မြင်အောင် အရင်ဖွင့်ပြပြီးမှ နောက်ဖေးမီးဖို ထဲ ခုန်ပေါက် ခုန်ပေါက် ဝင်လာကာ ပန်းကန်ပြားတစ်ချပ်မှာ လှယ်ထည့်လိုက်ပါသည်။

"ညည်းကို အဲဒါမျိုးတွေ ယူယူမလာပါနဲ့ဆိုတာ"

"အို … ဦးကလည်း၊ ဒါ မေမေလုပ်တာ ဦးရဲ့"

"ဘယ်သူလုပ်လုပ်ပါ"

"မေမေ့လက်ရာက သိပ်ကောင်းတာ၊ ရယ်ဒီမိတ်အထုပ် တွေနဲ့ ဘာမှမဆိုင်ဘူး"

နောက်ဘက်မှာ ပုစွန်အမြီးနီနီလေး တန်းလန်းထွက် နေတဲ့ ကော်ပြန့်လေးတွေက မွှေးပျံ့နေသည်။ ကော်ဘူးထဲ





ငွေစင်က တိတ်တဆိတ် ဖွက်ထည့်နေသော်လည်း မေမေက မြင် သွားခဲ့ကာ …

"ဟဲ့ … ဘာလုပ်တာလဲ ငွေစင်"

"အဟီး … သမီး ပန်းခြံထဲသွားထိုင်မလို့၊ ထိုင်ရင်းနဲ့ စား မလို့"

"အိမ်မှာပဲ စားတာမဟုတ်ဘူး၊ မုန့်ဘူးကြီး တကိုင်ကိုင်နဲ့ ဘူးလည်းပျောက်ကျန်ခဲ့ဦးမယ်"

"မပျောက်စေရပါဘူး မေမေရဲ့"

ရှူးသလို ပေါ့သလိုနှင့် ကော်ပြန့်ဘူးကို ယူခဲ့သည်။ စာအုပ်နှင့် လွယ်အိတ်နှင့် အိမ်ကထွက်ထွက်နေတဲ့ ငွေစင့်ကို ပန်းခြံထဲမှာ စာသွားသွားကျက်နေတယ်လို့ မေမေ သိထားပါ သည်။ အရင်ကတည်းက ငွေစင်က အဲဒီပန်းခြံလေးကို နှစ်ခြိုက် ခုံမင်တာ၊ တစ်ခုခုဆိုရင် သွားထိုင်မြဲဖြစ်တာ မေမေ သိပြီးသား မို့ မယုံသင်္ကာမရှိ။

ဒီတိုင်း အားအားယားယား သွားထိုင်နေတာ မဟုတ် ဘဲ စာသွားသွားကျက်တယ် ဆိုတော့လည်း ဟုတ်တာ မဟုတ် တာ အပထား မေမေက ကျေနပ်နေပါသည်။ စာကျက်နေတာပဲ တော်လှပြီ။

ကျက်ချင်တဲ့ဆီ သွားကျက်လို့ သဘောထားလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ကြော်ပြီးကာစလေးရှိသေးတာ ဦးရဲ့ ဆန်ကာခုံးကြီးထဲမှာ အောက်က တစ်ရှူးတွေခံပြီး မေမေက ထည့်ပြီးတော့ ဆီစစ်ထားတယ်၊ ဘယ်သူမှ မစားရသေးခင်ကို အရင်ဆုံး နှိုက်လာပစ်တာ"

"လူကြီးမိဘ ဦးချဦးမှပေါ့"

"ဒါ မေမေ့ဖို့၊ ဒါ ဦးဇော်ဖို့ ဆိုပြီး ဆန်ကာထဲမှာပဲ အပေါ်ယံလေး ပြန်တင်ပြီး ဦးချခဲ့ပါတယ်"

"အငယ်တွေစားဖို့ ကျန်သေးရဲ့လား"

ဦးနေမဝင်သည် ငွေစင်တို့ရဲ့မိသားစုအကြောင်း၊ အိမ်တွင်းရေးအကြောင်း၊ အဖြစ်သနစ်တွေအကြောင်း နေ့တိုင်းကြားနေရ၍ ဘယ်သူဟာ ဘယ်လိုဆိုတာ အတော်သိနေပါပြီ။

"မကျန်လေ ကောင်းလေ၊ လုံးဝမသထာဘူး"

"ဟော ...၊ အကြီးလုပ်ပြီး ဒီလို ပြောစရာလား"

"သူတို့ကလည်း အငယ်လုပ်ပြီး ကိုယ့်အစ်မကို ဘယ်တော့မှ မသထာဘူး၊ ထည့်ကိုမတွေက်ဘူး၊ ငွေစင် ဆိုတာဟာ အရိုးကိုက်ဖို့၊ အကပ်အသပ်နဲ့ နယ်စားဖို့၊ နည်းနေတာကို ဝေစုဝင်မခွဲဖို့ လူဖြစ်နေတယ်လို့ သင်းတို့က ထင်နေတာ"

ဦးနေမဝင်သည် ရယ်လည်းရယ်ချင်ကာ ငွေစင့်ကို ကရုဏာသက်၍ ရယ်လည်းမရယ်ရက်။

"မင်းက အဲဒီအတွက် လူဖြစ်နေတာ မဟုတ်ဘူးပေါ့"





"ဘယ်ဟုတ်ပါ့မလဲ"

"ဒါဖြင့် ဘာအတွက် လူဖြစ်နေတာလဲ"

"တစ်နေ့သောအခါ အရမ်းချမ်းသာတဲ့ သူဌေးမကြီးဖြစ်ပြီး မေမေ့ကို ငွေစင့်ဆီပဲ ခေါ်ထားဖို့၊ လောလောဆယ် အောင့်အည်းပြီး ဒီဘဝမျိုးနဲ့ လူဖြစ်နေတာ"

"မင်းက မင်းတစ်ကိုယ်တည်းအတွက် ခေါ်သွားတော့ မင်းအမေက လိုက်ပါ့မလား၊ သူ့မှာ တခြားသမီးရော ခင်ပွန်းသည်ရော ရှိနေတာလေ"

"အင်း ... အဲဒါကို စဉ်းစားရင် ရင်ထဲမှာ မောသွားတယ်၊ ငွေစင့်မှာတော့ မေမေပဲ ရှိပေမယ့် မေမေ့မှာကျတော့ ငွေစင် အပြင် တခြားတစ်ဖက်မှာ မိသားစုက ဘာဖြစ်လို့ ရှိနေခဲ့ရသေးတာလဲ၊ ဟိုးတစ်ချိန်က မေမေ ဦးတင့်ဇော်ကို မယူခဲ့ရင် သိပ်ကောင်းမှာပဲ ဦး၊ အဲဒါဆိုရင် သမီးတို့သားအမိ အရမ်းပဲ ဆင်းရဲစုတ်ပြတ်နေမလား၊ ဒါပေမဲ့လည်း အခုကော တိုက်ကြီးပေါ်မှာနေနေပြီး သမီးက ချမ်းသာနေတာမို့လို့လား၊ ဆင်းရဲနေတာပဲလေ"

"ဘာပဲဖြစ်ဖြစ် ဖြစ်လာတဲ့ဘဝပေါ်မှာ အကျိုးရှိအောင်နေတတ်ရတယ်၊ ကိုယ်မဖြစ်ချင်တာ ဖြစ်ခဲ့ရတာတောင်မှ အဲဒီထဲကနေ ပျော်စရာ နှစ်သိမ့်စရာကို ဆွဲထုတ်ပြီး ကိုယ့်ဘဝ မယိမ်းယိုင်သွားအောင် တည်ဆောက်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦး မဖြစ်ချင်တာ ဖြစ်ခဲ့ဖူးလား"

"အသေအချာ ဖြစ်ခဲ့ဖူးတာပေါ့၊ ညည်း အခု ကိုယ့်ဘဝ ကိုယ် စိတ်ပျက်နေတာမျိုးလောက် မဟုတ်ပါဘူး ငွေစင်၊ ဘဝတစ်ခုလုံး စုတ်ပြတ်သတ်အောင် ဖြစ်ခဲ့တာပါ"

ငွေစင်က စားပွဲပေါ် မေးလေးထောက်ကာ ဦးနေမဝင်ကို ငေးကြည့်နေရာက ...

"ဦးမျက်နှာက ဒဏ်ရာက ကားမှောက်တာဆို၊ အဲဒါဘယ်လိုဖြစ်ခဲ့တာလဲဟင် ဦး"

"ငါ့အကြောင်းကို မင်း ဘာမှမမေးနဲ့၊ ဘာမှမသိချင်နဲ့"

"သိချင်တာပေါ့"

"မသိချင်ပါနဲ့ဆိုမှ သိချင်တာပေါ့တဲ့၊ ညည်း ဘယ်လိုကောင်မလေးလဲ၊ ညည်းအိမ်မှာ ညည်းကြုံရတဲ့ မပြေလည်မှုတွေထဲမှာ သူတို့အလွန်ချည်းပဲလည်း ထင်မနေနဲ့၊ ညည်းလွန်တာတွေ၊ ညည်းရဲ့သည်းမခံချင်စရာတွေလည်း ရှိကိုရှိဦးမှာ"

ငွေစင့် မျက်နှာက စူပုပ်သွားပါသည်။ ဘာမှဆက်မပြောတော့ဘဲ ဦးနေမဝင်ကို စိတ်ကောက်သွားသလို သူ့လွယ်အိတ်ထဲက စာအုပ်တွေ ထုတ်နေသည်။

"တစ်နေ့ တစ်နေ့ ကိုယ့်ဟာကိုဖတ်၊ ကိုယ့်ဟာကိုယ်တွက်ကြည့်နဲ့ လုပ်နေရတာ ဘယ်နှလလောက် လုပ်ရမှာလဲ၊





ဦးက စာသင်ပေးမယ် မှတ်တာ၊ ဘာမှလဲ မသင်ပါလား၊ ကိုယ့်ဟာကိုယ် လုပ်ကြည့်နေရတာနဲ့ တစ်လကျော်လာပြီ၊ ကိုယ့်ဟာကိုယ်ကတော့ အိမ်မှာထိုင်လုပ်နေလည်း ရတာပဲ"

ငွေစင်သည် စိတ်မကြည်လျှင် ပါးစပ်ကလည်း ...န်လိုစကားမျိုးတွေ ကွန်ပလိန့်တွေ ထွက်ထွက်လာတတ်မြဲ။

"ရတယ်ဆိုရင် အိမ်မှာ မင်း အမြဲဒီလို ဖတ်နေ တွက်နေလို့လား"

"အိမ်မှာက မေးစရာလူမှ မရှိတာ၊ ဒီမှာက တွက်နေရင်း မသိတာ ဦးကိုလှမ်းမေးလို့ရတယ်လေ၊ အင်္ဂလိပ်စာ Text Book ကိုလည်း ဖင်ပြန်ခေါင်းပြန် ဖတ်နေရတာ ငြီးငွေ့နေပြီ"

"လျှာမရှည်နဲ့၊ ကြေးလည်းမများနဲ့၊ ဖတ်နိုင်းရင် ဖတ်၊ တွက်ခိုင်းရင် တွက်၊ ဒါပဲ၊ ငါပြောတာ လိုက်မလုပ်နိုင်ရင် မလာနဲ့"

ငွေစင်သည် နှုတ်ခမ်းကို စူထော်ထားသည်။ မျက်...ဆောင်းကိုလည်း ခိုးထိုးလိုက်သေးသည်။ ဦးနေမဝင်က တွက်ကြည့်...စမ်း ဆိုတာ ချတွက်ပြီး မရရင် လှမ်းမေးရင်းက အတော်များ...များ ပုစ္ဆာတွေကို မယ်မယ်ရရ မသင်ရသေးခင်ပင် အတော်တွက်...တတ်နေတာ တွေ့ရသည်။ အကျိုးကျေးဇူး ဖြစ်ထွန်းတာကို သိ...သည်။ သို့သော် တမင်ဂျိုတိုက်တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေစင် ထင်တာက အခန်းစဉ် တစ်ခုပြီးတစ်ခု တစ်ပုဒ်ပြီးတစ်ပုဒ် ရှင်းပြလိုက် တွက်ပြလိုက် ငွေစင်က ကူးတွက်လိုက်၊ အလွတ်တွက်လိုက်နှင့် သွားမည်ထင်တာ။ သင်နေရှင်းနေတာမျိုး မရှိဘဲ မသိတော့ဘူးလို့ လှမ်းမေးလျှင် နောက်တစ်ဆင့်စာကိုပဲ ပြောပြလိုက်ကာ ပြည့်ပြည့်စုံစုံ ရှင်းမပြ၍ ကသိကအောက်ဖြစ်နေတာ။

"သမီးက ဦးရှင်းပြတာ လိုချင်လို့ပေါ့"

"ညည်းက စာတွေကို သိသလို မသိသလို တတ်သလို မတတ်သလို ရေးတေးတေးနဲ့ ဝေဝါးဝါး ဖြစ်နေတာ၊ ညည်းကို လုံးဝမတတ်တဲ့သူလို အစက စ,ရှင်းပြလို့ မရဘူး၊ ညည်း လုံးဝမသိတာကိုမှ ငါ သင်ပေးမယ်၊ မသိတာသိပြီးသား မေ့နေတာမျိုးကျတော့ တစ်ခွန်းလောက် ထောက်ပေးရုံပဲ၊ အဲဒါဆို ရသွားတာပဲ မဟုတ်လား၊ အဓိက,က ရဖို့ တွက်တတ်ဖို့ပဲ မဟုတ်ဘူးလား"

"အင်္ဂလိပ်စာကလည်း ဖတ်ပဲ ဖတ်နေရတာပဲ"

"Text book တစ်အုပ်လုံး ဖွတ်ဖွတ်ကြေအောင် ရရင် English ကို လုံးဝမကျတဲ့အပြင် အက်ဆေးပါ ညည်းတော်ခဲ့ရင် ဂုဏ်ထူးတောင် ထွက်နိုင်တယ်၊ ဖတ်သာဖတ်၊ ဖတ်ပြီးရင်းဖတ်"





တစ်ခါတစ်ရံတွင် ဦးနေမဝင်သည် ငွေစင့်ကို စာအုပ်နှင့် ဖတ်ခိုင်းထားခဲ့ကာ သူက တစ်ဖက်ခန်းမှာ ပန်းချီဆွဲရင်ဆွဲနေသည်။ အပင်လေးတွေ ခြံထဲမှာ ခွဲရင်ခွဲနေသည်။ သူစာသင်ဘာက အဲသလို။ တစ်ခါတစ်ရံတွင် ငွေစင်သည် စာအုပ်ဖွင့်ဖတ်ရင်း စားပွဲပေါ်မှောက်ကာ အိပ်ပျော်သွားတတ်သည်။ အဲဒီအခါခေါင်းကို ထုပုသွားအောင် သစ်သားပေတံစောင်းနှင့် လာခေါက်တာ ခံရတတ်ပါသည်။

"ငါက မင်း ဘယ်လောက် အခြေခံ ရထားတယ်ကို သိရအောင် ဒီစနစ်နဲ့ သွားနေတာ၊ သိမှ မင်းကို စာမေးပွဲအောင်အောင် ဘယ်လောက် လုပ်ပေးရမယ် သိမှာပေါ့၊ မင်းမှာ အချိန်တွေ အများကြီးရှိတယ်၊ ဒီနှစ် စာမေးပွဲတောင် မစသေးဘူး၊ မင်းက နောက်နှစ်မှ ပြန်ဝင်ဖြေမှာပဲဟာ၊ အချိန်တွေရတယ်"

"ဦးသာ စောစောပြောင်းလာရင် ငွေစင်နဲ့ စောစောတွေ့ရင် ငွေစင် ဒီနှစ် ဝင်ဖြေနိုင်ရင် ဖြေနိုင်မှာနော်"

ဤသို့ နှမြောဆွေးလျှသ်လေးနှင့်လည်း ညည်းညူတတ်သည်။ တစ်ခါတစ်ရံလည်း စာသင်ရင်း စာလုပ်ရင်းတန်းလန်း ပျင်းရိငြီးငွေ့လာကာ တဝါးဝါးသမ်းပြီး စိတ်တွေပျံ့လွင့်နေတတ်သည်။ ထိုအခါတို့တွင် ဦးနေမဝင်က စာဆက်မလုပ်စေတော့ဘဲ ငွေစင့်ကို ခြံထဲမှာ အမှိုက်ကောက်ခိုင်းတာ၊ မြက်ရိတ်ခိုင်းတာ၊ အပင်ကူစိုက်စေတာတွေ လုပ်ခိုင်းလိုက်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စာသင်ရတာ ပျင်းပါတယ်ဆိုမှ အလုပ်တွေ လုပ်နေရတယ်၊ ဘယ်လိုဝင့်ကြွေးနဲ့ လာတွေ့လဲ မသိဘူး ... ကျွတ်"

ငွေစင်သည် ဦးနေမဝင်ကို ကြောက်လည်းကြောက်သေးတာမို့ မငြင်းရဲဘဲ လုပ်နေရသော်လည်း ပါးစပ်က ဗျစ်တောက်ဗျစ်တောက်နှင့်တော့ ညည်းညူရေရွတ်နေတတ်သည်။ ငွေစင်နှင့် ဦးနေမဝင်ဟာ မျက်နှာချင်းဆိုင်မိရင် ချစ်ခင်ရင်းနှီးနေတယ်ဆိုတာ အရှားသားပါ။ တစ်ယောက်နဲ့ တစ်ယောက် အမြဲပြောနေကြတာဟာ မကျေမချမ်း စကားတွေ။ သို့သော်လည်း တစ်ယောက်ရဲ့ ဘဝကိုနာကြည်းချက်အပေါ် တစ်ယောက်က နားလည်ခံစားနိုင်သည်။

ငွေစင်သည် ဦးနေမဝင်ဟာ လောကကြီးကို ဘာစိတ်နာနေတယ် ရေရေရာရာ မသိပါ။ ဒါပေမဲ့ လောကကို သူ့ဘဝကို လူတွေကို စိတ်နာနေတဲ့သူရယ်လို့တော့ သိထားကာ အဲဒါကိုလည်း ကိုယ်ချင်းစာပြီး ထရာထာသက်နေမိခဲ့သည်။ တစ်ခါတစ်ခါမှာတော့ စိတ်ထဲက တာကယ်ပါလို့ပဲ မဟုတ်ဘဲ အချင်းချင်းရစ်ကာ သူတို့ချင်း မတည့်ကြပြန်ပေ။

"ဦး"

"ဘာလဲ"

"ဦးရာဂျစ်ကို ခေါ်ရင် တစ်နေ့ ဘယ်လောက်ပေးရလဲ"

"နှစ်ထောင့်ငါးရာ"





"ဦးရာဂျစ်ကို ခေါ်နိုင်းရမယ့် အလုပ်မျိုးတွေ သမီးကို မဆန့်မပြီ နိုင်းပြီးတော့ မုန့်ဖိုးလေး ဘာလေးတောင် မပေး;ဘဲ ပြန်လွှတ်တဲ့နေ့မျိုးတွေကျရင် ဦးစိတ်ထဲမှာ စာနာမှု နားလည်မှုဆိုတာတွေ ရှိရဲ့လားလို့ သမီးက အမြဲ တွေးမိတယ်"

ငွေစင်က ထိုသို့ တမင်ရစ်၍ ဂျစ်လေ့ရှိသည်။

"မင်း အဲသလိုတွေးလား"

"ဟုတ်တယ်"

"ဆယ်တန်းကျောင်းသားတစ်ယောက်က အိမ်မှာ ဘာသာစုံ ဆရာခေါ်ပြီး တစ်ယောက်တည်းသင်ရင် ဝိုင်းကြေး ဘယ်လောက်ကျတယ် ဆိုတာကော မင်း သိလား"

"ဟင့်အင်း"

"အဲဒါကော မတွေးဘူးလား"

"ဟင့်အင်း ... မတွေးဘူး"

"တစ်ဘာသာ နှစ်သောင်းလောက်ဆိုရင် တစ်သိန်းနှစ်သောင်းလောက် ကျမယ်၊ ဒါဟာ အနည်းဆုံးဈေးပဲ၊ အဲဒီတော့ တစ်ခါတစ်ခါကျရင် ငါက ငါဟာငွေမမက်ဘူးဆိုပြီး ငွေစကား မပြောဖြစ်တာဟာ ပညာရပ်တစ်ခုကို ပေါပေါပဲပဲ တန်ဖိုးမထားရာ ကျနေပြီလားလို့ တွေးဖြစ်တယ်"

"မကျပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလို့ မကျရတာလဲ"

"အဲဒါ ပညာဒါနလို့ခေါ်တယ် ဦးရဲ့ ... အဟင်း"

"ဒါဖြင့် ကိုယ့်ရဲ့ဆရာကို မင်းကူလုပ်ပေးနေတာက လုပ်အားဒါန ဖြစ်မှာပေါ့"

"မသိဘူး အဲဒါတော့"

ဦးနေမဝင်က အချက်ကျကျ ပြန်ဂျစ်တဲ့အခါ ငွေစင်ဟာ ရှုပ်ပုပ်ပုပ်နှင့်ပဲ ငြိမ်နေလိုက်ရသည်။ ငွေစင့် ရင်ထဲမှာ သူ့ကို အလကား စာသင်ပေးနေတဲ့ ဦးနေမဝင်ကို အမြဲတန်ဖိုးထား ကျေးဇူးတင်နေပါသည်။ အမြဲကြည်ညိုလေးစားပါသည်။ ကိုယ့်မကျေနပ်ချက်နဲ့ကိုယ် စကားကောင်းဆိုတာမျိုးကိုပြောဖို့ အတော်ဝန်လေးတတ်တဲ့ ငွေစင်ဟာ ဦးနေမဝင်ကို ငယ်ကတည်းက အတူနေလာရတဲ့ ဆွေမျိုးသားချင်းရင်းချာ တစ်ယောက်ကဲ့သို့ ရင်းနှီးချစ်ခင်သည်။

သို့သော် ... ပါးစပ်ကတော့ ဝသီပါနေတဲ့အတိုင်းသာ စိမ်းဆတ်ဆတ် ဖောင့်အင့်အင့်။ သို့ပေမဲ့ ဦးနေမဝင် အပေါ် ငွေစင်ဟာ ရင်ထဲ နှလုံးထဲက စေတနာနှင့် လေးစားရိုသေမှုရှိကြောင်းကို ငွေစင် ကိုယ်တိုင်သာမက ဦးနေမဝင်လည်း သိပါသည်။ သိကြောင်း ပါးစပ်ကထုတ်ကာ ကျေးဇူးတင် ချီးမွမ်းစကား မပြောသော်လည်း သိတာကတော့ သိပါသည်။





တစ်ရက်ပြီးတစ်ရက် တစ်ဝတ်ပြီးတစ်ပတ် တစ်လပြီးတစ်လနှင့် သူတို့နှစ်ဦးအကြားက ကူးလူးယှက်သွယ်တဲ့ ရင်းနှီးချစ်ခင်မှုဟာ စေးပိုင်နက်ရှိုင်းလို့ လာခဲ့သည်။ ပါးစပ်က ဘယ်လိုပြောပြော ငွေစင်သည် သူ့ရဲ့ဆရာ ဦးနေမဝင် စားဖို့ ချက်ပြုတ်ရသယ်သွားရ၊ သတ်မှတ်ထားတဲ့ စာသင်ချိန်ထက်စောပြီး အရောက်သွားကာ ဟိုရောက်သည်နှင့် လွယ်အိတ်ကိုချ၍ တံမြက်စည်းလှည်း ရှင်းလင်းဆေးကြောသည်။

လျှော်စရာမြင်ရင် ဆွဲလျှော်ကာ မီးပူမတိုက်ရသေးတဲ့ အပုံမြင်လျှင် တိုက်လိုက်သည်။ ဦးနေမဝင်ဟာ ဟင်းဝယ်စားတာနည်း၍ ကိုယ်တိုင်ချက်စားတာဖြစ်ရာ အမြဲတမ်း လွယ်ကူတဲ့ပြုတ်ကြော် အသားဟင်း တစ်ခွက်တည်းပင်။ ငွေစင် ယူလာတဲ့ ချဉ်ပေါင်ရယ် မှျစ်ရယ် ပုဇွန်ဘော့ချိတ်ရယ်၊ ငရုတ်သီးစပ်စပ်ကြော်ထားတာမျိုးကို ဦးနေမဝင် ထမင်းစားမြိန်နေတာ မြင်ရလျှင် ရင်ထဲသိမ့်ပြီး ပီတိစိမ့်ရပါသည်။

ယောက်ျားမို့ ချက်စားဖို့ ဝန်မလေးတဲ့တိုင် လှည်းကျင်းရှင်းလင်းဖို့တော့ အလွန်ဝန်လေးပုံရကာ ပွတဲ့နေရာ ပွတဲ့အတိုင်း ပစ်ထားတတ်သည်။ ပန်းကန်တွေကို တစ်နေကုန်စားပုံထားတတ်ကာ ညမှ ပေါင်းဆေးတတ်၍ ပန်းကန်ပေတွေဟာ အထပ်လိုက် ရှိတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟဲ့ ... ထားလိုက်စမ်း ငွေစင်၊ သွား ... အချိန်ရှိနေသေးတာ စာဖတ်နေချည်"

"ဒါတွေ မြင်လို့မရပါဘူး ဦးရာ"

"ထားလိုက်ဆို"

"ထားဘူး"

နောက်ပိုင်းတော့ ဦးနေမဝင်ကလည်း တားမရသူကို တားမနေတော့ပါ။ ရင်းနှီးမှုပိုလာတဲ့အခါ သိပ်အားမနာတော့ဘဲ တမင်များ ချန်ထားသလားတောင် ထင်ရသည်။ ထိုအခါ ငွေစင်က ပွစိပွစိ ဗျစ်တောက် ဗျစ်တောက်။

"ဒီကောင်မလေးလာရင် လုပ်လိမ့်မယ် ဆိုပြီးတော့များ တမင်တကာကို ချန်ထားသလား ထင်ရတယ်၊ ဟွန်း ... လုပ်ပေးတယ် လုပ်ပေးတယ်နဲ့ ရေသာခိုအား ကြီးကြီးလာတော့ စိတ်ကမရှည်ချင်ဘူး"

ထိုသို့မထောက်မညှာပြောလျှင် ဦးနေမဝင်သည် မျက်နှာနီတီတီနှင့် မခံချင်သလို စိတ်တိုလာတတ်ပြီး ...

"နင့်ကို ငါ ခိုင်းမိလား၊ ဟင် ...၊ စ,လုပ်တုန်းက သူ့ဟာသူလုပ်ပြီးတော့၊ စေတနာလည်း တကယ်မရှိဘဲနဲ့ ဝင်ဝင်လုပ်မနေနဲ့ဆိုလည်း မရ၊ ကဲ ... တော် ... တော် ...၊ မထိနဲ့ မကိုင်နဲ့၊ ဘာမှမလုပ်နဲ့၊ ပြောတဲ့လေသံကိုက သူက ဆရာမ ငါကတပည့်ကြီး ကျနေတာပဲ၊ သူပဲပြောရဲတယ်"





ထိုသို့ ဒေါတွေပွနေလျှင် ငွေစင်က ကျောခိုင်း၍ ကျိတ်ရယ်ရပါသည်။ လုပ်နေကိုင်နေကျဖြစ်နေတဲ့ ငွေစင့် အဖို့ ဦးနေမဝင်ရဲ့ တစ်ယောက်စာ ဝေယျာဝစ္စဟာ တကယ်တော့ မပြောပလောက်ပါ။ ကိုယ်ခင်မင်သံယောဇဉ်ကြီးရသူ တစ်ယောက်ရဲ့ တစ်ကိုယ်ရည်ကိစ္စတွေကို စီမံဆောင်ရွက်ပေးနေရတာကိုက တစ်မျိုးနှစ်သက်ကြည်နူးဖို့ကောင်းသည်။

အိမ်မှာဆို ကိုယ်ဟာ လုံးဝအရေးမပါ နောက်ဆုံးလူ ဖြစ်နေပေမယ့် ဦးနေမဝင်ရဲ့ အိမ်မှာတော့ ကိုယ်က အရေးပါသည်။ ကိုယ်လုပ်ချင်တာ လုပ်လို့ရသည်။ ဒီဟာကို ဟိုနားရွှေ့ပြောင်းထားလို့လည်းရသည်။ ဒီပစ္စည်း ဟောင်းမြင်းပြီဆိုပြီး လွှင့်ပစ်လို့လည်းရသည်။ ရေခဲသေတ္တာကိုဖွင့်ပြီး ကြိုက်ရာနှိုက်စားပစ်လို့ရသည်။

"ငွေစင် ... ငါ ဒိန်ချဉ်ဝယ်လာတယ်၊ ညည်းဖို့ပါတယ်နော် ယူစား"

"ငွေစင် ... ရေခဲသေတ္တာထဲက ပန်းသီးတွေက ညည်းဖို့နော်၊ ငါ မစားဘူး ငါ မကြိုက်ဘူး"

ဦးနေမဝင် ဝယ်လာသမျှတို့ဟာ အမြဲတမ်း ငွေစင်နှင့်လည်းဆိုင်သည်။ ငွေစင့်ဖို့ မမေ့မလျော့ ထည့်ဝယ်လာတတ်တာတို့ကို ကြိုက်ကြိုက် မကြိုက်ကြိုက် ဝမ်းပမ်းတသာ ကျေနပ်စွာ လက်ခံသည်။ ဦးနေမဝင်ရဲ့ သံယောဇဉ်တွယ်နှောင်မှုကိုလည်း ငွေစင် ခံစားရပါသည်။ နှစ်သိမ့်ကြည်နူးရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စာတစ်ခုတင် သင်ပေးတာ မဟုတ်ဘဲ စိတ်ဓာတ်ကိုလည်း မြှင့်တင်အားပေးတတ်တဲ့၊ တပည့်တစ်ယောက်လိုလည်း ဆုံးမတတ်တဲ့၊ စိတ်ထားတတ်အောင်လည်း ပဲ့ပြင်သွန်သင်ပေးတဲ့ ဦးနေမဝင်ဟာ မေမေပြီးရင် ငွေစင့်ဘဝမှာ အရေးအပါဆုံး လူတစ်ယောက်ဖြစ်လာခဲ့သည်။ တစ်ခါတစ်ခါများ မေမေဟာ ဦးတင့်ဇော်နှင့် မတွေ့ခဲ့ဘဲ ဦးနေမဝင်နှင့် တွေ့ခဲ့ ကြိုက်ခဲ့ရင် အကောင်းသားလို့တောင် ရူးပေါပေါ တွေးကြည့်မိတတ်ပါသေးသည်။

တစ်ခါတစ်ရံတွင် သူ့ကို စာရှင်းပြနေတဲ့ ဦးနေမဝင်ရဲ့ ကြောက်စရာ မျက်နှာတစ်ခြမ်းကို ကရုဏာဗရပွနှင့် ငေးစိုက်ကြည့်နေမိတတ်သည်။ ဒီလောက်ချောမောသန့်ပြန့် ဒီလောက်စိတ်ကောင်းရှိ၊ ဒီလောက်တော်၊ ဒီလောက်ကောင်း၊ ဒီလောက်ပြည့်စုံတဲ့ ဦးနေမဝင်လို လူတစ်ယောက်ဟာ အရုပ်ဆိုး အကျည်းတန်ပြီး အထီးကျန်နေတဲ့ ဘဝမျိုးနဲ့ ဇာတ်ခပ်မြုပ်မြုပ် ရှင်သန်နေရတာကို စိတ်မကောင်း ဖြစ်မိသည်။

ကိုယ်ဝင်မဖြေဖြစ်တဲ့ ဆယ်တန်းစာမေးပွဲတွေ စ,ချိန်မှာတော့ ...

"ဦးသာ ဒီလမ်းထဲ စောစောပြောင်းလာရင် ဒီစာမေးပွဲမှာ ငွေစင် ဝင်ဖြေရမှာနော်"

"မဖြစ်နိုင်တာကို ပြန်တ,သမနေရဘူးလေ၊ နောက်နှစ်ဖြေမှာပဲဟာ၊ တစ်နှစ်တိတိ၊ နောက်နှစ် ဒီအချိန်မှာ ညည်း ဆယ်တန်းဖြေမယ်၊ ဒါကိုပဲ အာရုံထားပြီး ကြိုးစားစမ်း"



"နောက်နှစ်ကျရင် ရှင်မင်းဦးလည်း ဆယ်တန်းဖြေမှာ ဦးရဲ့"

"အဲဒါ ဘာဖြစ်သလဲ ငွေစင်"

"ငွေစင် ကျပြီး သူ အောင်လို့မဖြစ်ဘူးဆိုတာ တွေးမိတာပါ"

"ဘယ်သူဖြေဖြေ၊ မဖြေဖြေ သူများနဲ့ယှဉ်ပြီး လိုက်တွေးမနေနဲ့၊ အဲဒါဆိုရင် သူ့အတွက်ကြောင့် ညည်းအောင်ဖို့ လိုအပ်သလို ဖြစ်သွားမှာပေါ့။ ဘယ်သူ့အတွက်မှ မဟုတ်ဘူး၊ ကိုယ့်အတွက်ပဲ၊ ကိုယ့်အတွက် ကိုယ်ဆယ်တန်းအောင်ဖို့လိုတယ်၊ ဒါပဲ"

"ခုဆို စာက သုံးပုံတစ်ပုံတောင်ကျိုးပြီး ကျေညက်နေပြီ သမီး အောင်တော့မယ်လို့ ထင်နေတယ် ဦး"

ငွေစင် ဤသို့ ရင်တဖိုဖိုလေးပြောလျှင် ဦးနေမဝင်က ကျေကျေနပ်နပ်ကြီးပြုံးကာ နေတတ်ပါသည်။

ကိုးတန်းဖြေပြီးတာနှင့် တစ်ပြိုင်နက် ရှင်မင်းဦးရဲ့ ဆယ်တန်းဝိုင်းက စ,သည်။ တစ်ဝိုင်းမှာ လူကိုးယောက်။ ဘာသာစုံ တစ်ယောက်ကို ကိုးသောင်းပေးရတဲ့ဝိုင်းမှာ ငွေစင်များ ဝင်သင်ချင်သေးသလားလို့ ဦးတင့်ဇော် လောကွတ်တောင် မမေးတာကို ငွေစင် ဘယ်လိုမှမနေ။ တစ်လစာလခကို ကိုယ်တောင်ကြွက်သီးထ,နေတာ။ သိန်းနားကပ်တဲ့ ငွေကြေးက နည်းတာမှမဟုတ်ဘဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါတင် မပြီးသေးဘဲ အိမ်ကို Guide ခေါ်ရပါသေးသည်။ Guide က တစ်ဘာသာတစ်သောင်းနှင့် ခြောက်သောင်း။ စုစုပေါင်း တစ်သိန်းခွဲ။ အဲသလောက် ကုန်ကျပြီးမှတော့ မအောင်လို့ ဘယ်ဖြစ်မလဲ။ ရှင်မင်းဦးဟာ ကိုးတန်းထိတော့ တစ်နှစ်တစ်တန်း မှန်မှန်အောင်လာပေမယ့် စာအတော်ကြီးတော့ မဟုတ်။ ဆယ်တန်းဆိုတာကလည်း ကျန်တဲ့အတန်းတွေနှင့် တူတာမှမဟုတ်တာ။

ဦးတင့်ဇော်က ရှင်မင်းဦးကို ဆေးတက္ကသိုလ်လောက်အထိ မှန်းထားသည်။ သမီးထက် အဖေက ပိုပြီးရည်ရွယ်ချက်ကြီးပါသည်။ ရှင်မင်းဦးက စာပြီးစာ၊ တစ်ချိန်လုံး စာပဲခေါင်းထဲထည့်တဲ့ အမျိုးအစားမဟုတ်။ ဆယ်တန်းရောက်မှ ပိုလည်းလှချင်လာသလို ဖုန်းလည်း ပိုပြောလာသည်။

ဝိုင်းကျူရှင်ဆီသို့ နေ့စဉ်တက်နေရတဲ့ သမီးဖြစ်သူကို ဦးတင့်ဇော်က ဖုန်းတစ်လုံး ထည့်ပေးထား၍ ဖုန်းတကိုင်ကိုင်စကားတပြောပြောနှင့် ရှိတတ်သည်။ ညဘက် စာကြည့်ခန်းစားပွဲမှာ Guide နှင့် ရှင်မင်းဦး စာအတူတူကျက်နေချိန်တို့မှာ ငွေစင်က ကိုယ့်အခန်းထဲမှာပဲ ခုတင်ပေါ် မှောက်လျက်သား စာကိုတိုးတိုးကလေး ရွတ်ဖတ်ကျက်မှတ်သည်။

တစ်ခါတစ်ရံ မေမေက တံခါးဖွင့် လာကြည့်သွားရင်းက ငွေစင့်ကို အားပေးသလို နမ့်းလေး နမ်းသွားတတ်သည်။





မေမေ့အတွက်ကတော့ သမီးချင်းတူတူပင်။ တစ်ယောက်က ဝိုင်းမှာတက်ပြီး Guide နှင့် စာကျက်ရကာ တစ်ယောက်က ကိုယ့်ဟာနှင့်ကိုယ် လုံးလည်ချာလည် ကျက်နေရသောအခါ ငွေစင့်ကို မေမေ သနားနေမှာ ငွေစင် သိသည်။ သို့သော် အရင်နှစ်တွေလိုပဲ အောင်မယ်တော့လည်း မထင်လှပါဘူး ဆိုတဲ့ သဘောထားမျိုးသာ မေမေ့မှာ စွဲနေပုံရသည်။

ငွေစင်ပါ ဒီနှစ်မှ ဆယ်တန်းတက်ရတာ ဆိုရင်တောင် မေမေ ငွေစင့်ကို ဒီထက်ပို၍ ယူကျုံးမရ သနားနေဦးမည်။ ကြားထဲလည်း တစ်နှစ်ခြားသွားကာ အပျင်းပြေလောက်ပဲ ဖြေမှာပါလို့ မေမေ ယူဆထားပုံရပါသည်။ သို့ပေမယ့် အိမ်မှုကိစ္စ အတော်များများကို မေမေက ငွေစင့်ကို အလုပ်မခံတော့ဘဲ ...

"ထားခဲ့သမီး ... သွား ... စာသွားကျက်"လို့ နှင်လွှတ်တတ်သည်။ နွေရာသီ ကျောင်းပိတ်နေတဲ့ ရှင်နှောင်းထွေးကို နည်းနည်းကလေးမျှပြီး ခိုင်းလာသည်။ ရှင်နှောင်းထွေး အပျင်းမက ဆောင့်ကြီးအောင့်ကြီး လုပ်တဲ့အခါလုပ်၊ ခေါင်းရှောင်တဲ့အခါရှောင်။ "မကြီးကို ခိုင်းပါလား"လို့ ငွေစင့်ကို လုပ်သင့်လုပ်ထိုက်သူ တာဝန်ရှိသူ တစ်ယောက်နှယ် ပြောတဲ့အခါပြော။

မေမေသည် ရှင်မင်းဦးနှင့် ငွေစင် ဆယ်တန်းအတူတူ ဖြေဖြစ်ကြမယ်ဆိုတဲ့ အချိန်မှာတော့ ဒီတစ်နှစ်ပါ ငွေစင် ထပ်ကျခဲ့ပြီး ရှင်မင်းဦး အောင်သွားခဲ့သော် ငွေစင့် အခန်းကဏ္ဍသာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ အနိမ့်ဆုံးသို့ ကျဆင်းပြားကပ်ပြီး အိမ်အလုပ်ကလွဲရင် တစ်သက်လုံး ဘာမှလဲ လုပ်ခွင့်ရဖို့ မမြင်တော့ဘဲ ငွေစင့်ဘဝ ဟာ ဒီအိမ်ရဲ့မီးဖိုချောင်မှာပဲ အဆုံးသတ်ရပေတော့မည်ကို သဘော ပေါက်နေဟန် တူပါသည်။

"အစ်ကို ... အဝတ်လျှော်တဲ့ မိန္နီးကို ပြန်ခေါ်မှဖြစ်မယ်"

မရဲတရဲတောင် ခွင့်တောင်းမနေတော့ဘဲ ထမင်းဝိုင်း မှာ ဦးတင့်ဇော်ကို ဆုံးဖြတ်ပြီးသား စကားတစ်ခွန်းနှယ် ယတိ ပြတ် ချပြောလိုက်ပါသည်။ ဦးတင့်ဇော် မျက်ဝန်းများက ငွေစင့် ထံ ဒိုင်းခနဲ ရောက်လာသည်။ ငွေစင်က မျက်လုံးမလွှဲဘဲ မျက် တောင်မခတ် ပြန်စိုက်ကြည့်နေလိုက်ပါသည်။

ဦးတင့်ဇော်က မေမေ့ကို ဖျတ်ခနဲ လှမ်းကြည့်ပြန် သည်။ မေမေသည် ထမင်းပန်းကန်ထဲ လက်နှိုက်ထားပြီး ထမင်း လုတ်ကို မယူသေးဘဲ ရပ်ထားကာ ငွေစင့် အတိုင်းပင် ဦးတင့်ဇော် ကို အဖြေတစ်ခုခုအတွက် ငံ့လင့်စိုက်ကြည့်နေပါသည်။ သူ့ကို ကြည့်နေကြတဲ့ ဒီနှစ်ယောက်မှုံစံက ဦးတင့်ဇော်ကို ဇဝေဇဝါဖြစ် သွားစေသည်။

**"မခေါ်နဲ့"လို့သာ သူ ငြင်းလိုက်ရင် ဒီနှစ်ယောက် ဘယ်လိုများ အစီအစဉ်ရှိသလဲ ဆိုတာကိုပင် တွေးမိလာသည်။ မခေါ်ရရင် တခြားအစီအစဉ်တစ်ခုခု ရှိမယ့်ပုံဟန် ထက်သန်နေတဲ့ မျက်နှာရိပ် မျက်နှာကဲတွေဟာ ဦးတင့်ဇော်ကို ငြင်းရခက်စေသည်။**





ငွေစင်က ဇဝေဇဝါ ဖြစ်နေတဲ့ ဦးတင့်ဇော် နားလည် နိုင်ရန် ...

"ဒီအဝတ်တွေ တောက်လျှောက် ငွေစင် လျှော်လာတာပဲ၊ ငွေစင် လျှော်နိုင်ပါတယ် ဦးဇော်၊ ဒါပေမဲ့ မေမေက ငွေစင့်ကို မလျှော်စေချင်တော့ဘူး၊ စာကျက်စေချင်တော့ မေမေပဲ ယူယူလျှော်တယ်၊ ငွေစင်ကလည်း မေမေ့ကိုပေး မလျှော်ခံနိုင်ဘူး၊ မေမေက လူကြီး၊ သမီးသုံးယောက်ရှိရက် သားနဲ့ ဒီသမီးတွေရဲ့ ထဘီတွေ အတွင်းခံတွေကအစ မေမေ လျှော်နေရတာဆိုရင် ဒီသမီးသုံးယောက်လုံး မသေ ခင် ငရဲအိုးထဲ ရောက်မှာပဲ"

"တော်တော့၊ နားလည်ပြီ ... နားလည်ပြီ၊ အဝတ်လျှော် သမား ခေါ်တာပဲ ခေါ်ပေါ့၊ ရေးကြီးခွင်ကျယ်လုပ်လို့၊ ဘာများလဲလို့၊ မိန္နီးက အရင်ကလည်း လာလျှော်နေကျ မဟုတ်လား၊ ခေါ်လိုက်ပေါ့"

ဤသို့ဖြင့် အိမ်ကို မနူး အဝတ်လျှော်ဖို့ ပြန်ရောက် လာပါသည်။ မနူးက အဝတ်လျှော် မီးပူတိုက် လာလုပ်တယ်လို့ အမည်ခံပေမယ့်လည်း မျက်စိထဲ အမြင်မတော်ရင် မတော်သလို ပန်းကန်တွေကောက်ဆေး၊ တံမြက်စည်း ကောက်လှည်း လုပ်တတ် ၍ မေမေရော ငွေစင်ပါ အင်မတန် သက်သာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေစင့်လူ သက်သက်ဖြစ်တဲ့ မနှူးဟာ ရှင်မင်းဦးတို့ ရှင်နှောင်းထွေးတို့နှင့်ဆိုရင် သိပ်မျက်နှာကြော မတည့်လှဘဲ ခပ်တန်းတန်းသာဖြစ်သည်။

"ကလေးတွေကလည်း အပျိုကြီးဖြစ်တာ မြန်လိုက်တာနော်၊ ကျွန်မ အဆက်ပြတ်နေတဲ့ တစ်နှစ်ကျော်အတွင်း ရှင်မင်းဦးလည်း ရိုတ်ခနဲ ရိုတ်ခနဲကို အပျိုဖားဖား ဖြစ်နေတော့တာပဲ၊ သူက နဂိုကတည်းက အပျိုပုံ ခပ်ဖမ်းဖမ်းဆိုတော့ ခုတော့ တကယ့်ကို မိန်းမကြီးပဲ ..."

ဒါပေမဲ့ အပျိုဂိုက် ဖမ်းလွန်းအား ကြီးတော့လည်း မျက်စိထဲ အသည်းယားတယ်၊ အထူးသဖြင့် ကိုသဝဏ်လာရင်လေ ရှင်မင်းဦး လုပ်နေတဲ့ အမူအရာဟာလေ အူထဲက လိပ်လိပ်ပြီး ယားတယ်၊ အမေတွေ အစ်မတွေကိုကျော်ပြီး သူကပဲ ပျာယာခတ်နေတာပဲ၊ ဘာလဲ ... သူနဲ့များကြိုက်နေကြလားဟင် ... မငွေစင်"

မနှူးက စပ်ကလည်းစပ်စု၊ ဟန်ဆောင်ပန်ဆောင် မရှိဘဲ ပွင့်လင်းသူကလည်းဖြစ်၍ ဒီလိုပဲ ဘွင်းဘွင်းဝေဖန်ပစ်တတ်သည်။

"မကြိုက်ပါဘူး မနှူးရယ်"

"အင်းလေ၊ ဟိုးအရင် ကျွန်မ ဒီလာနေတုန်းကတော့ ကိုသဝဏ်က မငွေစင်နဲ့ ခုထက်ရင်းနှီးသားပဲ၊ သူကလည်း





မငွေစင်ကိုပဲ မျက်လုံးတွေက ရှာနေတာ၊ ခုတော့ ခပ်တန်းတန်းနဲ့"

"ငွေစင် တမင်ရှောင်ရှောင်ပဲ နေလိုက်တာပါ၊ ဒီလိုပါပဲ"

"အင်းလေ ... မငွေစင်က ကိုသဝဏ်လာရင် အိမ်ရှေ့ကို မထွက်တော့ဘူး၊ ဟိုက ရှာပါတယ် မငွေစင်ရဲ့၊ အသံတစ်ချက်ကြားရင် ဘယ်သူထွက်လာတာလဲဆိုပြီး လှမ်းကြည့်လှမ်းရှာနေပုံက တစ်ယောက်ယောက်ကို မျှော်လင့်နေတဲ့ပုံပဲ၊ ကျွန်မကိုလည်း သူ မှတ်မိတယ်၊ နှုတ်ဆက်တယ်၊ ထွက်တွေ့ပါ မငွေစင်ရယ်"

"အို ... ဘာလို့ ထွက်တွေ့ရမှာလဲ မနှူးကလည်း၊ သူနဲ့ ငွေစင်နဲ့ ဘာဆိုင်လို့လဲ၊ သူ့ဟာနဲ့သူ ညှော့ခံမယ့်သူရှိတာပဲ၊ ပြီးပြီပေါ့"

မနှူးဟာ ငွေစင် ဆိုလိုချင်တာနဲ့ ငွေစင့်သဘောထားတို့ကို နားလည်ပုံရပါသည်။ သူနဲ့လည်း ဘာမှမဆိုင်တာမို့ ဒီဆက် ပိုမပြောသာသော်လည်း သူ ခင်မင်တဲ့ ငွေစင့် အတွက် အားမလို အားမရ ရှိပုံရသည်။ ငွေစင်ကတော့ ကိုသဝဏ့်ကို တကယ်ပဲ ရင်နာနာနှင့် လုံးဝကြီးကို ပုန်းရှောင်နေလိုက်တာ။

အဲသလောက် ရှောင်နေပါလျက် နှစ်ဦးချင်းဆုံရဖို့ ကံပါတော့လည်း ကြုံဖန်ပြီး ဆုံရသည်မှာ ... တစ်နေ့ ငွေစင် ဦးနေမဝင်ထံမှ စာသင်ပြီးအပြန်၊ ခြံဝအထိ လိုက်ပို့တဲ့ ဦးနေမဝင်



www.burmeseclassic.com

www.burmeseclassic.com



ကို နှုတ်ဆက်ပြီး ဒီဘက်အလှည့် ဖြည်းဖြည်းဖြတ်မောင်းလာတဲ့ ကားတစ်စင်းက ရှတ်တရက် ရပ်တဲ့ကာ ...

"ငွေစင်"

ငွေစင်က ကားထဲက ကိုသဝဏ်ကို အံ့အားတသင့် ကြည့်နေမိသည်။ သဝဏ်က ငွေစင့်ကိုတစ်လှည့် ခြံဝက ရပ်ဆိုင်းပန်းဆိုး လူကြီးကိုတစ်လှည့် အဖြေရှာကာ ကြည့်နေတုန်းပင်။ ငွေစင့် မျက်နှာပေါ်မှာ မလိုလား မနှစ်သက်တဲ့ အရိပ်အမြွက်ကို မတွေ့ရသည့် ဖြစ်တဲ့အတွက် ဦးနေမဝင်က သူ့ဟာသူ ခြံထဲပြန်လှည့်လျှောက်ကာ ဝင်သွားပါသည်။

"ငွေစင် ဘာလုပ်နေတာလဲ"

"ဩော် ... ငွေစင် ဒီကိုခဏလာတာပါ"

"ဒီလူကြီးက ဘယ်သူလဲ"

သဝဏ်က စိုးရိမ်ပူပန်သလို မေးသည်။ ခြောက်နာရီမို့ အရမ်းကြီး မမှောင်သေးသော်လည်း နေတော့ဝင်ပြီ။ အလင်းက မှိန်ဖျော့နေပြီ။ ဒီအချိန်မှာ ငွေစင့်ကို မမျှော်လင့်ဘဲ ဒီလိုနေရာမှာ တွေ့လိုက်ရ၍ သဝဏ်က အံ့အားတသင့် ဖြစ်နေမိတာ။

"သူက ဒီအိမ်ရှင်ပါ၊ ဦးနေမဝင် တဲ့"

"ဦးနေမဝင် ! "

"ဟုတ်ကဲ့၊ ကိုသဝဏ် ဘယ်ကိုလာတာလဲ၊ ဒီလမ်းထဲ ဘာဖြစ်လို့ ဝင်လာတာလဲ"





"ကျွန်တော် အိမ်ရောက်တော့ အန်တီနဲ့ပဲတွေ့တယ်၊ ရှင်မင်းနဲ့ ရှင်နှောင်းလည်း ရှင်မင်းသူငယ်ချင်း မွေးနေ့ပါတီသွားတယ်တဲ့၊ ကျွန်တော်က ငွေစင်တို့ ညီအစ်မတွေကို သကြြိန်မထွာပ် ရေလာပက်ဖို့လာဖိတ်တာ၊ ငွေစင်ရောလို့ အန်တီကိုမေးတော့ အန်တီက ပန်းခြံမှာဆိုလို့ ပန်းခြံကိုလိုက်တာ၊ ပန်းခြံမှာမတွေ့တော့ ဘယ်သွားနေလဲ မသိဘူးဆိုပြီး ဒီနားတစ်ဝိုက် တွေ့ကရာလမ်းချိုး လမ်းကွေ့အားလုံး လျှောက်ချိုးဝင်နေတာ"

"ဘာလုပ်မလို့လဲဟင်"

"ကိုယ်တိုင်လည်း ဖိတ်ချင်လို့၊ နောက်ပြီးတော့ ပန်းခြံမှာဆိုပြီး ပန်းခြံမှာ မတွေ့တော့ စိတ်လည်းပူသွားလို့"

ရှင်မင်းဦး အိမ်မှာရှိနေရင် ခုလို ငွေစင့်ကို လိုက်ရှာတဲ့အထိဖြစ်ဖို့ နေနေသာသာ "ငွေစင်ရော" လို့တောင် ရှင်မင်းဦးကို ဖွင့်ပြီးမေးဖြစ်မှာမဟုတ်လား။ ဒီစကားကို နှုတ်ကထုတ်ပြီး ဖွင့်မေးရမှာကျတော့ ရှက်ဖို့ကောင်းသည်ဖြစ်၍ မမေးဖြစ်ဘဲ ရင်ထဲမှာသာ တိတ်တခိုး ကျိတ်မေးနေမိပါသည်။

ငွေစင်က ရပ်စကားပြောမနေဘဲ တဖြည်းဖြည်း အိမ်ဘက်လျှောက်နေတာဖြစ်၍ သဝဏ်က ကားကိုဘီးလိမ့်တယ် ဆိုရုံနှုန်းနှင့် ဘေးက လိုက်လာရင်း ...

"ငွေစင် ကားပေါ်တက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ကိုသဝဏ်၊ နီးနီးလေးဟာ လမ်းပဲလျှောက်ပြန်မယ်"

"ပြန်ဖို့ မဟုတ်ပါဘူး၊ စကားလေးနည်းနည်းလည်း ပြောချင်လို့ ကားနဲ့လိုက်ခဲ့ပါလားလို့ ခေါ်တာပါ၊ လမ်းထိပ်က ကော်ဖီဆိုင်လေးမှာပဲ ခဏလောက် စကားပြောရအောင်လေ၊ အဝေးကြီး မသွားပါဘူး"

ငွေစင် ခေါင်းယမ်းလိုက်ရင်း ...

"ကော်ဖီဆိုင် မလိုက်တော့ပါဘူး၊ ကိုသဝဏ် စကားပြောချင်ရင် လမ်းဘေးမှာပဲ ကားခဏရပ်ပြီး ပြောလို့ရပါတယ်"

"ဒါဖြင့် ခဏ"

သဝဏ်က ကားကိုသော့ပိတ်လိုက်ကာ ကားပေါ်က ဆင်းရပ်လိုက်၍ ငွေစင်လည်း ရပ်လိုက်ပါသည်။ စိတ်ထဲမှာ ဘာကြောင့်မှန်းမသိ ဝမ်းနည်းလာသည်။

"ခုတလော ကျွန်တော် အိမ်လာရင် ငွေစင့်ကို မတွေ့ရဘူး၊ ငွေစင် ကျွန်တော့်ကို ရှောင်နေတာလား"

"ငွေစင် မအားလို့ပါ၊ ဟိုအရင်ကကော တွေ့ရလို့လား"

"နှစ်ယောက်ချင်း မတွေ့ရပေမယ့် ဖြတ်သွားဖြတ်လာတော့ လှမ်းတွေ့နေရတယ်လေ၊ ဘာပဲဖြစ်ဖြစ် မြင်ရတာပေါ့၊ ခုနောက်ပိုင်းက အရိပ်အယောင်တောင် မမြင်ရတော့တာ"

"ငွေစင် မအားလို့ပါ"





"အန့်တီက ငွေစင်လည်း ဒီနှစ် ဆယ်တန်းပြန်ဖြေဖို့ စာကျက်နေတယ် ပြောတယ်၊ အခုလည်း ပန်းခြံမှာစာသွားကျက်တာတဲ့"

"ဟုတ်ကဲ့"

"စာမေးပွဲအတွက် အကူအညီ လိုတာရှိရင် ပြောပါ"

"ဟုတ်ကဲ့"

"သင်္ကြန်ကျတော့မယ်နော်"

"ငွေစင်တော့ သတိတောင် မထားမိဘူး၊ သင်္ကြန်ဆိုတာ ငွေစင့်အတွက် ဘာမှမထူးခြားတော့ အမှုမဲ့ အမှတ်မဲ့ပဲ"

သဝဏ်က ငွေစင့်ကို စူးစူးနှစ်နှစ်လေးကြည့်ရင်း ...

"ကျွန်တော်တို့ ခြံရှေ့မှာ ဒီနှစ် တခြားသူငယ်ချင်းတွေနဲ့ ပါပေါင်းပြီး မဏ္ဍပ်ထိုးဖြစ်လို့ ငွေစင်တို့ကို လာဖိတ်တာ"

"မဏ္ဍပ်မှာ ဘာလုပ်ရမှာလဲ"

"ရေပက်ရမှာပေါ့၊ လက်မှတ်တွေ ရောင်းတယ်လေ၊ ငွေစင်တို့အတွက်တော့ ဝယ်ဖို့မလိုဘူး၊ ကျွန်တော်က ဖိတ်တာ၊ ဗီအိုင်ပီကတ်သုံးခု အိမ်မှာပေးခဲ့တယ်၊ ဗီအိုင်ပီကတ်ဆိုတာ သုံးရက်စလုံး ပက်လို့ရတဲ့ကတ်"

"ဟင့်အင်း ... ငွေစင် ရေမပက်တတ်ပါဘူး"

"ရေပဲ ငွေစင်ရယ်၊ မပက်တတ်ဘူးရယ်လို့ ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲသလိုကြီး ပက်လည်းမပက်ဖူးတော့ ပက်လည်းမပက်ချင်ပါဘူး၊ ငွေစင် ပျော်မှာလည်း မဟုတ်ဘူး၊ ရှင်မင်းဦးနဲ့ ရှင်နှောင်းထွေးကတော့ နှစ်တိုင်း အဲသလိုပဲ သွားပက်နေကျဆိုတော့ သူတို့ကိုပဲ ဖိတ်ပါ၊ သူတို့ လာပါလိမ့်မယ်"

"ကျွန်တော်က ငွေစင့်ကိုလည်း လာစေချင်တာလေ"

ခုနေများ ရှင်မင်းဦးတို့ကို လုံးဝမဖိတ်တော့ဘူး၊ ငွေစင် တစ်ယောက်တည်းကိုပဲဖိတ်မယ်လို့ ကတိပေးရင် သွားကို သွားမိလိမ့်မယ်ထင်တယ်လို့ စိတ်ပုပ်ပုပ်နှင့်တွေးလိုက်မိသေးသည်။

"ငွေစင် မလာတော့ပါဘူး"

"ငွေစင်က စိမ်းလိုက်တာဗျာ"

"ငွေစင်နဲ့ ကိုသဝဏ်နဲ့က ဘယ်တုန်းကမှလဲ ရင်းနှီးခဲ့တာမှ မဟုတ်ဘဲ"

သဝဏ့်မျက်နှာက နွမ်းကာ ပျက်နေရင်း ...

"ကျွန်တော် ဒီအိမ်ကို လာလာနေတာဟာ ငွေစင့်ကို တွေ့ချင်မြင်ချင့်လို့ ဆိုတဲ့ အကြောင်းရင်းက ရာခိုင်နှုန်းများပါတယ်၊ အဲဒါ ငွေစင်ယုံပါ"

အဲဒါဆိုရင်လည်း ဘာဖြစ်လို့ "ငွေစင်နဲ့ တွေ့ပါရစေ"လို့ ရဲရဲဝံ့ဝံ့ ခေါင်းစဉ်တပ်ပြီး ခေါ်မထုတ်ဝံ့သလဲ။ ငွေစင်သည် ရင်ထဲမှာပဲ ပွဲတင်ရိုက်ခတ်အောင် အော်မေးနေမိပါသည်။ ဝမ်းနည်းရိပ်သမ်းနေတဲ့ ငွေစင့် မျက်နှာတင်းတင်းကလေးကို သဝဏ်က နားလည်သလို စိုက်ကာကြည့်နေသည်။





သူ့အနေနဲ့ကျတော့လည်း ဖေဖေ့ပါတနာရဲ့သမီးရင်း ရှင်မင်းဦးကို အကြောင်းမဲ့ ရိုင်းပျလို့ မရပါ။ သူ ရှက်သွားအောင် ခံပြင်းသွားအောင် လုပ်မိခြင်းအားဖြင့် အလကားနေရင်း မိဘတွေကြားက ဆက်ဆံရေး ထိခိုက်ပျက်စီးအောင်လုပ်ဖို့ မသင့်ပါ။ ရှင်မင်းဦးဟာ ငယ်ငယ်ရွယ်ရွယ် စိတ်လှုပ်ရှား ကစားတဲ့အချိန်လေးမှာ သူ့အပေါ် ခံစားယိမ်းယိုင်နေတယ် ဆိုတာ သူသိပါသည်။

သူ့ဘက်ကတော့ ရှင်မင်းဦးကို စိတ်ကူးယဉ်လောက်တဲ့ ငြိတွယ်သော အရိပ်အယောင်မျိုး ပြကိုမပြဖြစ်ခဲ့တာ အမှန်ပါ။ ပကတိ ရိုးရိုးသားသားပဲ ဆက်ဆံခဲ့တာ။

"ငွေစင် တကယ်မလာဘူးလား"

"လာဖြစ်မှာ မဟုတ်ပါဘူး ကိုသဝဏ်၊ မမျှော်ပါနဲ့"

သဝဏ့်မျက်နှာက နွမ်းမှိုင်းသွားပါသည်။

"ကောင်းပါပြီလေ၊ ငွေစင့်ကို ကျွန်တော် အတင်းအကျပ် မပြောတော့ပါဘူး၊ ကဲ ... မှောင်လာပြီ၊ ကျွန်တော်ပြန်ပို့မယ်"

"ရပါတယ် ငွေစင် သွားနေကျပါ"

"ငွေစင် ဟိုလူကြီးဆီ ဘာလာလုပ်တာလဲ၊ မျက်နှာမှာအမာရွတ်ကြီးနဲ့ လူဆိုးကြီး ကျနေတာပဲ၊ ငွေစင်နဲ့ ခင်နေတာလား"

"ခင်ပါတယ်"

"သူ့ဆီ ဘာသွားလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... သူ့ ... သူ့ခွေးလေးက ငွေစင် ပန်းခြံမှာနေတုန်း အနားရောက်လာလို့ ငွေစင် ပြန်ပို့ပေးတာ"

"အဲဒါ အိမ်ထဲထိ ဝင်ပို့တာလား ! ခြံကြီးရော အိမ်ကြီးရောက မှိုင်းညို့ပြီး ချောက်ချားစရာကြီးလိုပဲ၊ ကျွန်တော့်စိတ်ထဲမှာ ဒီလူကြီးကို ကြည့်ရတာ တစ်မျိုးကြီးပဲ၊ သူက လူသစ်ထင်တယ်"

"ဟုတ်ကဲ့"

"မိသားစုရောပါလား"

"သူ တစ်ယောက်တည်း နေတာပါ"

"ဟာ ... အဲဒါဆိုရင် ငွေစင် အလကားနေရင်း ဒီလူကြီးခြံထဲ သွားသွားမနေနဲ့လေ။ သူတစ်ယောက်တည်းဆိုတော့ လန့်စရာကြီး"

"သူက ပီအိပ်ချ်ဒီ ဒေါက်တာဘွဲ့ကို နိုင်ငံခြားက ရထားတဲ့ ပညာသိပ်တော်တဲ့ တက္ကသိုလ်ဆရာတစ်ယောက်ပါ၊ သူ့ဟာသူ အေးအေးဆေးဆေး အပင်လေးတွေစိုက်ရင်း နေနေတာပါ၊ လူကောင်းပါ ကိုသဝဏ်"

"ဖြစ်နိုင်ပါတယ် ငွေစင်၊ ဒါပေမဲ့ ဒါတွေက သူ့ဆီကနေ ငွေစင် အပေါ်ယံသိထားရတာ မဟုတ်လား၊ လူတစ်ယောက်ကို အတွင်းကျကျ မသိဘဲနဲ့ ငွေစင် သိပ်ကြီး တရင်းတနှီး မဆက်ဆံစေချင်တာပါ၊ ငွေစင့်အတွက် ပြောတာပါ၊ တစ်





ယောက်တည်းနေတဲ့ လူတစ်ယောက် ဆိုတာကလည်း သူ့ဆီ သိပ်မဝင်ထွက်သင့်တဲ့ အချက်ပဲ"

"ဦးနေမဝင်က ငွေစင့် အဖေအရွယ်ပါ ကိုသဝဏ်၊ မေမေ့ထက်ဆိုရင် သုံးနှစ်လောက် ကြီးသေးတယ်"

သဝဏ်က ငွေစင့်ကို အံ့အားသင့်သလို ကြည့်ရင်း ...

"သူ့အသက်ကအစ ငွေစင် ဘယ်လိုလုပ်ပြီးသိလဲ"

"သူများပြောတာ ကြားဖူးတာပါ၊ ဒီနားတစ်ဝိုက်မှာ သူ့ကို သိတဲ့သူတွေ ရှိပါတယ်၊ သူက တစ်ချိန်က တက္ကသိုလ်မှာ စာအသင်အပြ အရမ်းကောင်းတဲ့ ကထိကတစ်ယောက်၊ သူ့အကြောင်းကို လူတွေက ပြောနေကြတာပဲ"

သဝဏ်က ဦးနေမဝင် အပေါ် အကောင်းမြင်သဘောထား ခိုင်ခိုင်မာမာရှိနေတဲ့ ငွေစင့် စိတ်ကို အကဲခတ်မိသွားပါသည်။ ဒီတော့ ပထမဆုံးအကြိမ်မှာ ဒီလောက်ဖေဖန်ရင် သတိပေးရင် တော်လောက်ပြီလို့လည်း သဘောပေါက်လိုက်ပါသည်။

"ကိုယ် သွားလိုက်ဦးမယ် ငွေစင်၊ စာမေးပွဲဖြေဖို့ကိစ္စအတွက် လိုအပ်တာရှိရင် ကိုယ့်ကို အားမနာပါနဲ့ ပြောပါ ကူညီပါရစေ"

ငွေစင်သည် ခပ်ဖြည်းဖြည်း ထွက်ခွာသွားတဲ့ ကားလေးကို ရင်ခုန်စုန်နှင့် ရပ်ငေးမောကာ ကျန်ခဲ့ပါသည်။

❋ ❤ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၉

"ငွေစင် နေ့လယ်က မေမေ ဈန်းခြံကိုလာတော့ သမီးမရှိဘူး"

ငွေစင်က ခုတင်ပေါ်မှောက်ကာ အီကွေးရှင်းတံချို့ ရေးခြစ်နေရာမှ ထ,ထိုင်လိုက်ပါသည်။

"မေမေ ဘာလာလုပ်တာလဲ"

"နို့ဆီ သကြား မရှိတော့လို့ သမီးကိုပဲ ဝယ်ခိုင်းမယ် ဆိုပြီး မေမေက ပန်းခြံအထိ လိုက်လာခဲ့တာ၊ ပန်းခြံကျမှ သမီးကို ပိုက်ဆံပေး ဆက်လွှတ်ပြီး မေမေက အိမ်ပြန်မယ် စိတ်ကူးတာ၊ ပန်းခြံထဲမှာ သမီး ရှိမနေတော့ မေမေပဲ ဆက်သွားပြီး ဝယ်လိုက်တယ်၊ သုံးနာရီခွဲလောက်ရှိမယ်၊ သမီး ဘယ်သွားနေလဲ"

"သုံးနာရီခွဲလောက်ဆိုရင် ... ! "



ငွေစင်က အပြေးအလွှား စဉ်းစားလိုက်ရင်း ...

"သမီး ပုလဲဖြူအိမ်ရာတိုက်တန်းတွေဘက် သွားနေတယ်"

ထိုတိုက်တန်းအိမ်ရာတွေဟာ ငွေစင်တို့လမ်းနှင့် မနီးမဝေးမှာရှိသည်။ မြို့နယ်အရ တစ်မြို့နယ်တည်းပင်။

"ဘာသွားလုပ်တာလဲ"

"ဝေဝေဦးဆီ သွားတာ မေမေ"

ဝေဝေဦး ဆိုတာဟာ ငွေစင် အထက်တန်းကျောင်းတုန်းက သူငယ်ချင်း။ သူလည်း ငွေစင်နှင့်အတူ ဆယ်တန်းစာစ်နှစ် အတူတူ လိုက်ကျသည်။ သို့သော် နောက်တစ်နှစ်မှာတော့ အောင်သွားတာမို့ အခုတော့ တက္ကသိုလ်ဒုတိယနှစ်တောင် ရောက်နေပါပြီ။ သိပ်တော့ မတွေ့ဖြစ်ကြတော့ပေမယ့် တစ်ခါတစ်ရံတော့လည်း အဝင်အထွက် အလည်အပတ် ရှိပါသေးသည်။

ငွေစင်သည် ညာပြောလိုက်ရ၍ စိတ်ထဲ မလုံမလဲ ရှပ်ကာ ခေါင်းကြီးမင့်တင့်နှင့် ကယောင်ကတမ်းရှိသည်။

"ဝေဝေဦးဆီ ဘာသွားလုပ်တာလဲ သမီးရဲ့"

"ဟိုလေ ... ဝေဝေဦး မောင်လေး ရဲဦးကလည်း ဒီနှစ် ဆယ်တန်းလေ မေမေ၊ သူ့ဆီမှာ မှတ်စုနည်းနည်းသွားတောင်းတာ၊ သူက စာလည်းတော်တော့ စာနည်းနည်း သွားရှင်းခိုင်းတာပါ"

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ထံမှ အသံတိတ်သွားပါသည်။ ငွေစင်ရဲ့မလုံမလဲ ပုံစံကို မေမေက မလုံမလဲလို့ အဓိပ္ပာယ်မသတ်မှတ်ဘဲ ဝမ်းနည်းအားငယ်နေတယ်ရယ်လို့ ယူဆစိတ်မကောင်းဖြစ်သွားကာ ငွေစင့် ခုတင်ပေါ်မှာ တင်ပလ္လဲ ဝင်ထိုင်လိုက်ရင်း ...

"ရှင်မင်းဦးရဲ့ နုတ်စ်တွေ ကော်ပီကူးယူပြီး ကျက်ရင်လည်း ရပါတယ် သမီး၊ ပြဿနာမဖြစ်အောင် သမီးက ကင်းကင်းရှင်းရှင်း ရှောင်နေပေးတာတွေ မေမေ မြင်နေတော့ သမီးကို ကျေးဇူးတင်ပါတယ်၊ သကြိန်မဏ္ဍပ်ကိုလည်း ဦးနဲ့နှောင်းတို့ ညီအစ်မ သုံးရက်လုံး ဆက်တိုက်သွားတာ သမီး တစ်ရက်မှ လိုက်မသွားဘူး၊ သဝဏ် လာကြိုလည်း ရှောင်နေတယ်၊ လိုတာထက်ကိုပိုပြီး သမီး ကင်းကင်းနေပေးတယ်၊ အဲဒါလည်း ကောင်းပါတယ် သမီးရယ်၊ ဒါပေမဲ့ စာနဲ့ပတ်သက်လာရင်တော့ ဒီလောက်ကြီးလည်း ကင်းစရာမလိုပါဘူး၊ ဈေးကြီးတဲ့ သူ့ဝိုင်းထဲ သမီးလိုက်မသင်ဘူး။ သူ့ Guide နဲ့ လိုက်မထိုင်ဘူး၊ နုတ်စ်တော့ ယူကျက်လို့ ရပါတယ်၊ ဦးကတောင် မေးပါတယ်၊ မကြီး ဘာစာတွေ ကျက်နေတာလဲ၊ နုတ်စ်တွေ ဘယ်ရကလဲတဲ့၊ စာတော့ ယူလိုက်ပါလား သမီးရယ်"

"ဟင့်အင်း ...၊ မလိုချင်ဘူး မေမေ၊ မလိုပါဘူး"

တကယ်လည်း မလိုပါ။





စာသင်ကောင်းလှတဲ့ ဦးနေမဝင်ရဲ့ မှတ်စုတွေဟာ ဗလာစာအုပ်ထဲမှာသာမက ငွေစင့် ခေါင်းထဲမှာပါ စွဲနေအောင် နေရာယူပြီးပြီ။ ဦး တစ်ကြိမ်ရှင်းပြလိုက်ရင် သင်ခန်းစာတွေကို လျှော့ခနဲ ရှင်းလင်းနားလည်သွားကာ နည်းနည်းထပ်ဖတ်လိုက်ရုံနှင့် အလွတ်ရတတ်သည်။

ဦးနေမဝင်က အဓိက အကျွမ်းကျင်ဆုံး သင်ပြနိုင်သည်မှာ သချ်ာနှင့် အင်္ဂလိပ်စာ ဖြစ်သော်လည်း ကျန်တဲ့ဘာသာတွေကိုလည်း အလွယ်တကူ သင်ပြနိုင်သည်။ ဓာတုဗေဒနှင့် ရူပဗေဒကိုတော့ ငွေစင့်ကို မသင်ခင် သူ ကြိုတင်ပြန်ဖတ်တယ်လို့ ဆိုပါသည်။

"ဒီလက်ရေးက ဘယ်သူ့လက်ရေးလဲ"

မေမေက ဦးနေမဝင်ရဲ့ လက်ရေးတချို့ကို ထောက်ညွှန်ကာ မေးသည်။

"အဲဒါ ရဲဦးလက်ရေး"

"ရှင်းပြထားတာပေါ့ ဟုတ်လား၊ ဒီကလေးက စာတော်တော်တော်လား"

"ဟုတ်ကဲ့"

"အင်းလေ ... သမီးမှာ အဆင်ပြေတယ်ဆိုရင် မေမေ စိတ်ချမ်းသာပါတယ်၊ သမီး ဒီနှစ်မှာ လိုလိုချင်ချင် စာကြိုးစားနေတာ တွေ့ရလို့လည်း ဝမ်းသာတယ်၊ ဒါပေမဲ့တစ်



www.burmeseclassic.com

www.burmeseclassic.com



နေ့ကို လေးငါးနာရီ အပြင်ထွက်နေတာ မပင်ပန်းဘူးလား သမီး၊ စာသွားကျက်တယ် ဆိုပေမယ့်လည်း ကိုယ့်အိမ် ကိုယ်လောက် ဘယ်သက်သောင့်သက်သာ ရှိမလဲ"

"နေ့လယ် ဆယ့်နှစ်နာရီဆိုရင် မိဦးက ကျောင်းကပြန်လာပြီ၊ တစ်နာရီခွဲဆိုရင် သူ့ဂိုက်ဒ်က နေ့ပိုင်းဝင်ပြီ၊ အဲဒီအချိန်ကျ ငွေစင် အိမ်မှာမနေချင်ဘူး၊ ခုလို ညဘက်တွေတောင် အပြင်ထွက်လို့ မသင့်လို့သာ၊ အိမ်မှာစာကျက်ရတာ ငွေစင် စိတ်မချမ်းသာဘူး မေမေ၊ ငွေစင် စိတ်ချမ်းသာသလို ကျက်ပါရစေ"

"အင်းလေ ... အင်းပေါ့၊ ငါ့သမီး စိတ်ချမ်းသာသလို ကျက်ပါ၊ ဟုတ်ပါတယ်၊ ဒီနှစ်သာ သမီး ဆယ်တန်းအောင်သွားခဲ့ရင် မေမေ သိပ်ဝမ်းသာမှာပဲ"

ငွေစင်က မေမေ့ပါးကို နမ်းရှိုက်ရင်း ...

"အောင်သာ အောင်ပစေ၊ ဂုဏ်ထူးတွေ ဘာတွေ မတော်တဆ ပါနေရင်တောင် ငွေစင်က တက္ကသိုလ်မတက်ဘူး၊ အဝေးသင်ပဲသင်မယ်၊ အလုပ်တစ်ခုခု ဝင်လုပ်မယ် မေမေ"

မေမေက ငွေစင့် နဖူးဆံစပ်မှ ဆံပင်ကလေးများကို သပ်ကာ သပ်ကာ စိတ်မကောင်းခြင်းကို ဖုံးကွယ်သည့် အပြုံးကလေး ပြုံးနေပါသည်။ ငွေစင်က ခုတင်စွန်းမှာ ထိုင်နေတဲ့ မေမေ့ကို ဖက်လိုက်ရင်း ...





"ငွေစင့်မှာ ပိုက်ဆံရှိရင် မေမေ လိုတာတွေ သုံးလို့ရတာပေါ့၊ ပိုက်ဆံမလောက်လို့ ထပ်တောင်းရင် ဟိုလူကြီးပြောတဲ့ စကားမျိုးတွေ မေမေ မခံစားရတော့ဘူးပေါ့"

ထိုစဉ် တံခါးက ချပ်ခနဲ ပွင့်လာကာ ...

"မကြီး ... ဟင် !၊ မေမေလည်း ဒီမှာ၊ ကြည့်စမ်း မေမေ့ကို ကွယ်ရာကိုခေါ်ပြီး ဖက်ပြီးချွဲနေတယ်၊ ရုပ်ကြီးက ညာစားနေတဲ့ ရုပ်ကြီးနဲ့"

"ဟဲ့ ... ငါ့အမေကို ငါက ညာစားနေရဦးမှာလား ကြောင်စားလို့ ရတယ်၊ ငါ့အမေ ငါဖက်တာ ကွယ်ရာဖက်ဖက် လူရှေ့ဖက်ဖက် ဘာဖြစ်လဲ၊ နင့်အမေလို့ပဲ နင်ထင်မနေနဲ့၊ ငါ့ကို အရင်ဆုံး မွေးထားတာ သိရဲ့လား ... ဟွန်း"

"သွား ... မဖက်နဲ့တော့၊ ဖုန်းလာနေတယ် ဖုန်းသွားပြော"

"ငါ့ဆီ ဖုန်းလာတယ် !!"

"အင်း"

"ဘယ်သူလဲ"

"သိဘူး၊ အဘွားကြီးသံပဲ၊ ဦးတင့်ဇော် အိမ်လား အရင်မေးပြီး ဟုတ်တယ်ဆိုတော့ ငွေစင်ကြယ်နဲ့ ပြောချင်တယ်လို့ ပြောတာပဲ"

ငွေစင်က မျက်မှောင်လေးကုတ်ပြီး သူ့ဆီဖုန်းဆက်သည့် အဘွားကြီး ဘယ်သူရှိသလဲ တွေးနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... သူလေ ဟိုလူရုပ်ဆိုးကြီးနေတဲ့ ခြံဘက် သွားပြန်ပြီ"

ရှင်နှောင်းထွေးက ငွေစင်နှင့် မေမေ ချစ်ချစ်ခင်ခင် ထွေးထွေးဖက်ဖက် ဖြစ်နေလျှင် ကြည့်မရ၊ မနာလိုမြဲ ထုံးစံအတိုင်း မရှိ့ရှိတဲ့အပြစ်ကို ခပ်သွက်သွက် အတို့အထောင်လုပ်သည်။

"ဟဲ့ ... အလကားနေရင်း ဘာတွေ ကုန်းတိုက်နေတာလဲ"

"ကုန်းတိုက်တာ မဟုတ်ဘူး၊ တကယ်ပြောတာ၊ ဟိုနေ့က နှောင်း စက်ဘီးပတ်စီးရင်း မကြီး အဲဒီလမ်းထဲက လမ်းလျှောက်ထွက်လာတာ တွေ့တယ်"

ငွေစင်က "တော်ပါသေးရဲ့"လို့ ကျိတ်သက်ပြင်းချရင်း ...

"အဲဒါ ဘာဖြစ်လဲ"

"အဲဒီလူကြီးနဲ့ အရောမဝင်နဲ့လို့ မေမေ ပြောထားတယ် မဟုတ်လား"

"အရောဝင်နေတာ နင် မြင်လို့လား၊ ငါ့ဟာငါ အဲဒီနားက ဖြတ်လျှောက်တာ ဘာဖြစ်လဲ၊ လမ်းတိုလို့ အဲဒီက ဖြတ်တာပေါ့"

"အဲဒီအချိန်က ဈေးကပြန်တဲ့အချိန်လည်း မဟုတ်ဘူး၊ ညနေစောင်းကြီးဟာ၊ ဘယ်က ပြန်လာတာမို့လို့ ဖြတ်ရတာလဲ"





"နင့်ကို ငါက ဘာကိစ္စ ရှင်းပြနေရမှာလဲ၊ နင်က အမေမို့လို့လား"

မေမေက ငွေစင့် ပခုံးကို တစ်ချက်ပုတ်ရင်း ...

"သြော်... သမီးကြီးကလည်း အငယ်နဲ့ တစ်ယောက်တစ်ခွန်း ပြိုင်ပြောနေပြန်ပြီ၊ ကဲ ... ဖုန်းသွားကိုင် သွား ... ဘယ်ကလဲ မသိဘူး"

ငွေစင်က ခုတင်ပေါ်က ဆင်းကာ အိမ်ရှေ့ထွက်လာခဲ့သည်။

"ညည်းလေးကရော အဲဒီလမ်းထဲ ဘာကြောင့် ရောက်ရတာလဲ"

"မကြီးကို အဲဒီလမ်းထဲက ထွက်လာတာမြင်မှ နှောင်းက သိချင်လို့ကို တမင် အဲဒီလမ်းထဲ နင်းသွားလိုက်တာ၊ ဟိုရုပ်ဆိုးလူကြီးရဲ့ ခြံထဲမှာ အဲဒီရုပ်ဆိုးလူကြီး ရှိတယ် သိလား မေမေ၊ ဟိုးအထဲထဲမှာ မဟုတ်ဘူး၊ ခြံဝနားမှာပဲ၊ မကြီး အဲဒီလူကြီးနဲ့ စကားပြောမှာ နှုတ်ဆက်မှာ သေချာတယ်"

"ပြောချင်မှလည်း ပြောမှာပါ နှောင်းရယ်"

"မေမေကလည်း၊ မကြီးကို အဲဒီလမ်းထဲက ထွက်လာတာ၊ အဲဒီလမ်းထဲ ဝင်သွားတာတွေ နှောင်း တွေ့တွေ့နေတာ သုံး,လေးခါ ခဏ ခဏရှိပြီ၊ သူ ဘာသွားသွားလုပ်နေတာလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသွားလုပ်စရာရှိလို့လဲ မကြီးက အဲဒီလမ်းက အမြဲ ဖြတ်ပြန်နေကျပဲဟာ သမီးရယ်"

"ဈေးသွားချိန်မှ မဟုတ်တာ"

"ဈေးသွားရင်လည်း အဲဒီဘက်က ဖြတ်သွား ဖြတ်ပြန်ရင် နီးတာပဲ၊ ပြီးတော့ ပုလဲဖြူအိမ်ရာဘက်က ပြန်လာရင်တောင်း ဒါက ဖြတ်လမ်းပဲ၊ မကြီးက ပုလဲဖြူအိမ်ရာက သူ့သူငယ် ချင်းဆီလည်း သွားတတ်တယ်၊ ကျောင်းစာကိစ္စနဲ့ သွားတာ၊ မေမေ သိပါတယ်၊ မကြီးကို လိုက်လိုက်ပြီး အပြစ်မပြော ရဘူး၊ သမီးက အငယ်လေ၊ မကြီးမှာ လိုတာရှိရင် မေမေ ဆုံးမမယ်"

ရှင်နောင်းထွေးက နှုတ်ခမ်းကို စူပုပ်ပြီး ထ,ထွက် သွားပါသည်။ ညှိခန်းထောင့်မှာ ဖုန်းပြောနေတဲ့ ငွေစင့်ကိုပါ နောက်က မျက်စောင်းရွှယ်သွားလိုက်ပါသေးသည်။ ငွေစင်က တော့ ကိုယ့်အာရုံနှင့်ကိုယ် အံ့အားတသင့် ဖြစ်နေရ၍ ရှင်နောင်း ထွေးကို သတိမထားမိပေ။

"ဟယ်လို"

လို့ စ,ထူးလိုက်ကတည်းက မေးခွန်းတွေ ဒလစပ် နှင့် ရင်ဆိုင်နေရတော့တာ။

"ငွေစင်ကြယ်လား"

"ဟုတ်ပါတယ်"





"သြော် ... အေး ... အေး၊ ဦးမင်းလတ် ဒေါ်ခင်နွယ်တို့ရဲ့ သမီးနော်"

"ရှင် ... ဟုတ် ... ဟုတ်ပါတယ်"

ဖေဖေ့နာမည် ထည့်မေးလာ၍ အံ့အားသင့်ရသည်။

"ငွေစင်ကြယ် ဆိုတာ ညည်းအဖေ မှည့်ပေးခဲ့တဲ့ နာမည် လေး မဟုတ်လား"

"ဟုတ်ကဲ့ပါ၊ အန်တီက ဘယ်သူပါလဲ"

"အန်တီ မဟုတ်ဘူး၊ ကြီးကြီးလို့ခေါ်။ မင်းလတ်က မွေး ခဲ့တာ သမီးတစ်ယောက်တည်း မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်"

"သမီးအသက် အခု ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ်ပါရှင်"

"သြော် ... အသက်နှစ်ဆယ်တောင် ရှိသွားပြီကိုး၊ အေးပေါ့၊ မင်းလတ် ဆုံးတာက လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်ကိုး၊ ဒါဖြင့် အဲဒီတုန်းက သမီးက လေးနှစ်ပေါ့"

"ဟုတ်"

"အခု ပညာရေးက ဘယ်အထိ ရောက်ပြီလဲ၊ ဘွဲ့ရပြီလား"

"ဟို ... ဟို ... သမီးက ဆယ် ... ဆယ်တန်းဖြေတုန်းပါ"

"သြော် ... ဆယ်တန်း မအောင်သေးဘူးပေါ့"

"ဟုတ်ကဲ့ ... ကြီးကြီးက ဘယ်သူပါလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးက ဒေါ်ခင်ခင်လတ်၊ သမီး မသိပါဘူး၊ ဒါပေမဲ့ အခုတော့ မှတ်ထားလိုက်ပေါ့လေ"

"ဖေဖေနဲ့ ဘယ်လိုတော်တာပါလဲ"

ငွေစင်သည် တဒိတ်ဒိတ်ခုန်သောရင်ကိုဖိ၍ နှာသီးများကလေးနီကာ မေးမိသည်။ တကယ်တမ်းတွင် ဖေဖေ့မျက်နှာကိုပင် ငွေစင် ပြက်ပြက်ထင်ထင် မမှတ်မိတော့သော်လည်း အဖေကို အမြဲတမ်းတ တောင့်တမိတတ်သူဖြစ်၍ ဖေဖေ့အကြောင်း ပြောဆိုရလျှင် ဝမ်းနည်းတုန်လှုပ်လာတတ်မြဲ။

"ကြီးကြီးက သမီးအဖေရဲ့ အစ်မပါ၊ အစ်မအကြီးဆုံးပါ"

"အ ... အရင်းပေါ့နော်"

ငွေစင့် အသံလေးက ပို၍တုန်လာသည်။

"အရင်းပေါ့၊ ကြီးကြီးတို့ မောင်နှမလေးယောက်ရှိတာ၊ ကြီးကြီးက အကြီးဆုံး၊ ကြီးကြီးအောက်မှာ မောင်အကြီးက စိုးလတ်ပါ၊ နောက် ညီမကတော့ ရီရီလတ်တဲ့၊ မင်းလတ်က အငယ်ဆုံး၊ အဲဒီ ဦးလေး အဒေါ်တွေကို သမီးသိလား"

"မသိပါဘူး၊ ဖေဖေ့မှာ မောင်နှမတွေ ရှိတာရယ်၊ အဲဒီ မောင်နှမတွေနဲ့ မိဘတွေက မေမေနဲ့ သဘောမတူကြဘူး ဆိုတာရယ်၊ မေမေနဲ့ယူလို့ အမွေဖြတ်လိုက်တော့ ဖေဖေက တက္ကစီအငှားမောင်းပြီး မေမေ့ကို ရှာကျွေးခဲ့တယ်ဆိုတာ ရယ် ..."





"တော်ပါတော့ သမီးလေး"

ပြောရင်း ပြောရင်း တုန်ယင်လာတဲ့ ငွေစင့် အသံကြောင့် တစ်ဖက်က တားမြစ်လိုက်ပါသည်။ တစ်ဖက်က အသံဟာသည်း တစ်ခဏ တိတ်ဆိတ်သွားပါသည်။ ငွေစင်သည် အံ့ဩတုန်လှုပ်ခြင်းအားကြောင့် ရင်ထဲမှာ လှိုင်းထန်သလို ဖြစ်လာကာ အသက်ရှူသံလေးပြင်းလျက် မျက်ရည်ပါဝဲရစ်လာသည်။ ရင်ထဲမှာ ဝမ်းနည်းသလိုလို ဝမ်းသာသလိုလို၊ နာကျင်သလိုလို၊ ကြည်နူးသလိုလို ဘာကိုခံစားနေရတယ်ပင် မသိ။

"မင်းလတ်ဆုံးတော့ ကြီးကြီးက ဒီမှာ မရှိခဲ့ဘူး၊ မင်းလတ်က ကြီးကြီးသိပ်ချစ်တဲ့ မောင်လေးပါ၊ ကြီးကြီးက အင်္ဂလန်မှာ ဘွဲ့လွန်ဆက်တက်နေတယ်၊ မင်းလတ် သတင်းလည်း ကြားရော ပြန်လာဖို့လည်း အဆင်မပြေ၊ ရန်ကုန်က ကြီးကြီးရဲ့အမေတို့ စိုးလတ်တို့ ရီရီတို့ကိုပဲ လှမ်းပြီးအပြစ်တင် ရန်တွေ့မိတယ် ...

မခင်နွယ်ကို မင်းလတ် ခိုးပြေးသွားကတည်းက အိမ်က အမွေဖြတ်ကတည်းက ပြန်လက်ခံဖို့၊ အမွေမဖြတ်ဖို့ ကြီးကြီး တောင်းပန်နားချပါတယ်၊ ဒါပေမဲ့ ငွေကြေးဂုဏ် မနေဂုဏ်နဲ့ မာန်မာနတွေ ကြီးခဲ့တာကြောင့်ရော၊ အငယ်ဆုံး မောင်လေးကို အချစ်ကြီးတော့ အမျက်ကြီးပြီး ခွင့်မလွှတ်နိုင်ကြတာကြောင့်ရော မေမေ့ကိုရော အငယ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုပါ နားမချနိုင်ခဲ့ဘူး၊ အဲဒီနောက်မှာ ကြီးကြီး အင်္ဂလန်သွားတာ၊ အင်္ဂလန်မှာ ရှိနေတုန်း မင်းလတ် ဆုံးတာဆိုတော့ သမီးကိုလည်း ယနေ့ထိ ကြီးကြီးမမြင်ဖူးဘူးပေါ့ ...

အင်္ဂလန်က ပြန်ရောက်လာတာ လေးနှစ်ရှိပြီ၊ မခင်နွယ် နောက်အိမ်ထောင်ပြုတာတော့ ကြားတယ်၊ ကြီးကြီး စုံစမ်းနေတာ ဘာသတင်းမှ မရခဲ့ဘူး၊ ခုမှပဲ ဦးတင့်ဇော် အမည်နဲ့ ဆက်စပ်စုံစမ်းလို့ ရခဲ့တယ်”

“ဘာလုပ်ဖို့ စုံစမ်းတာလဲဟင်”

“ကိုယ့်တူမ အရင်းလေး၊ ကိုယ့်မျိုးဆက်လေး ကိုယ်တွေနဲ့ အဆက်ပြတ်နေတာမို့ စုံစမ်းရတာပေါ့ သမီး၊ အခု စိုးလတ်က လူပျိုကြီး အယ်လ်အေမှာ နေတယ်၊ ရီရီက အိမ်ထောင်ကျပြီး ယောက်ျားနဲ့ စင်ကာပူမှာ လိုက်နေတယ်၊ သားလေး တစ်ယောက်ပဲ ရှိတယ်၊ ခုလို သမီးနဲ့ အဆက်အသွယ်ရပြီဆိုတော့ ကြီးကြီး ဝမ်းသာပါပြီ၊ အမြဲဆက်ဆံ ဝင်ထွက်ချင်ပါတယ်ကွယ်၊ မခင်နွယ် အနေနဲ့များ အာဃာတတွေ ရှိနေဦးမလား၊ ဘယ်လိုသဘောထား ရှိမယ်ဆိုတာ သမီးက မေးကြည့်ပေးပါဦး၊ သမီးအနေနဲ့ကော ကြီးကြီးတို့ကို ကြီးတော်ရင်း ဘကြီးရင်းတွေအဖြစ် ချစ်ချစ်ခင်ခင် ဆက်ဆံလိုရဲ့လား”





ငွေစင်သည် မမျှော်လင့်ဘဲ ကြုံမစဉ်းစားဖူးတဲ့ အဖြစ်အပျက်နှင့် ရုတ်တရက်ကြုံရတာဖြစ်၍ ချက်ချင်းမဖြေနိုင်။ ဖေဖေ့ညီအစ်ကိုမောင်နှမတွေ ဆက်သွယ်လာကြမယ်ရယ်လို့ အိပ်မက်တောင် မမက်ဖူးခဲ့တာပါ။

“မခင်နွယ်ရဲ့ နောက်အိမ်ထောင်နဲ့ကော အဆင်ပြေရဲ့လား၊ ပထွေးက သဘောထား ကောင်းရဲ့လား”

ငွေစင်သည် ဝမ်းနည်းသံလေးနှင့်ပင် ...

“သိပ်တော့ မဆိုးပါဘူး ကြီးကြီးရယ်”

“ဪ ... အဲလိုလား၊ အေး ... အေး ... သမီးကိုလည်း တွေ့ချင်ပါတယ်၊ ဘယ်လိုများ တွေ့လို့ရမလဲ၊ အဲဒီကို ကြီးကြီးလာဖို့ အဆင်ပြေပါ့မလား”

“ကြီးကြီးကို ငွေစင် အရင်လာတွေ့ပါ့မယ်”

“အေးပေါ့လေ၊ အေးပေါ့၊ သမီး အမေကို တီးခေါက်ကြည့်ပါဦး”

“မေမေကတော့ အာဃာတတို့ ဘာတို့ ရှိမယ်မထင်ပါဘူး ကြီးကြီး၊ ငွေစင့်မှာ မေမေကလွဲလို့ ဘယ်သူမှ မရှိရာက ကြီးကြီးတို့ ရှိလာတယ်ဆိုတာကို မေမေက ဝမ်းသာပေးမှာပါ၊ ဒါပေမဲ့ ကြီးကြီး ဒီကိုလာလည်ဖို့ဆိုရင် ဦးတင့်ဇော်ကို အသိပေးရှင်းပြ၊ ခွင့်တောင်းရဦးမှာမို့ သူ့ သဘောကျမကျသာ ငွေစင် မပြောတတ်လို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



"သြော်...၊ ဒါပေါ့၊ ဒါဖြင့် သမီးပဲ ကြီးကြီးဆီ လာလည်ပါ။ ကြီးကြီး လိပ်စာမှတ်လိုက်၊ ဖုန်းနံပါတ်ပါမှတ်"

ဒေါ်ခင်ခင်လတ် ရွတ်ပြတဲ့ လိပ်စာ ဖုန်းနံပါတ်တို့ကို ငွေစင်က ရေးမှတ်ထားလိုက်ပါသည်။

"ဘယ်နေ့လာမယ်ဆိုတာ ဖုန်းဆက်၊ မြန်မြန်လာနိုင်အောင်လည်း ကြိုးစား၊ ဒီအချိန်တွေကျမှ နောက်တွေကျပြီးမှ အမျိုးရင်းတွေ ပြန်ဆုံရတာမို့ အချိန်တိုင်းက တန်ဖိုးရှိတယ်၊ နားလည်လား သမီး"

"ဟုတ်ကဲ့ပါ ကြီးကြီး"

ငွေစင်သည် ဖုန်းချပြီးတဲ့အခါ မေမေ့ကို အခုအသိမပေးသေးဘဲ ငွေစင်နှင့်တွေ့ပြီးမှ ကျေနပ်လောက်မှသာ ဖွင့်ပြောပြဖို့ ဆုံးဖြတ်လိုက်ပါသည်။

* ❤ *





## အခန်း ၁၀

"သကြိန်မတိုင်ခင် ဟိုးတလောက ညည်း ဒီခြံထိပ်က ထွက်တော့ ကားရပ်နှုတ်ဆက်တဲ့ ကောင်လေးက ဘယ်သူလဲ၊ ရှေ့နားကျတော့ ကားကိုရပ်ပြီး ညည်းတို့စကားရပ်ပြောနေကြတာလေ"

ငွေစင်က ဦးနေမဝင်ကို ခပ်ရွှံ့ရွှံ့ ကြည့်လိုက်ပါသည်။ ကားရပ်ပြီး စကားပြောတာ သိတယ်ဆိုတော့ ဦး ဆက်ရပ်ကြည့်နေလို့ပေါ့။ တမင်မြင်ရအောင် ကြည့်လို့မြင်ရတာ။ ကြာပဲကြာနေပြီ။ ခုပဲ ကျောင်းတွေပြန်ဖွင့်တဲ့ June ။ ခုမှ ဦးက ဟာကိစ္စ မေးနေပါလိမ့်။

"အဲဒီကောင်လေးက ဒီနေ့မနက်ပိုင်း ဒီလမ်းထဲက ကားကို ဖြတ်ဖြတ်မောင်းပြီး ငါ့ခြံထဲ ကြည့်သွားတာ နှစ်ခါတောင်၊ ညည်းကိုပဲ ရှာတာလား၊ ဘာလာလုပ်တာလဲ မသိဘူးငါ



www.burmeseclassic.com

www.burmeseclassic.com



က ခြံဝနားထွက် လက်ပိုက်ရပ်ကြည့်နေလိုက်တော့ ရပ်က ရှုတင်းတင်းနဲ့ ဘုကြည့်ကြည့်သွားတယ်"

ဟင် ...။ အံ့ဩစရာ။

ကိုသဝဏ်လိုလူက ဘုကြည့်ကြည့်သွားသတဲ့။ ဒီလောက် နူးညံ့အေးချမ်းတဲ့ သူကလေး။ ပြီးတော့ မနက်က အိမ်ကိုလည်း မလာပါ။ ငွေစင်တို့အိမ်ကို မဝင်ဘဲ ဒီလမ်းထဲကို ကိုသဝဏ် လာစရာ ဘာအကြောင်းရှိပါလိမ့်။

"သူက ဦးတင့်ဇော်ရဲ့ ရှယ်ယာပါတနာ ဦးထွန်းမြတ်ရဲ့ သားပါ ဦး"

"ညည်းနဲ့က !! "

"အိမ်ကို ဝင်ထွက်နေကျဆိုတော့ သိပါတယ်"

"သိရုံပဲလား"

ဦးနေမဝင်က ငွေစင့် မျက်နှာကို စေ့စေ့ကြည့် အကဲခတ်နေပါသည်။ ငွေစင်က ခေါင်းကိုငုံ့ကာ ဦးနေမဝင်နှင့် မျက်လုံးချင်း မဆိုင်ဘဲ သက်ပြင်းလေးတစ်ချက် တိတ်တဆိတ် နိုးရှိုက်လိုက်ပြီးမှ ...

"အဖေချင်း စီးပွားဖက်ဆိုတော့ သူတို့က ကိုသဝဏ့်ကို ရှင်မင်းဦးနဲ့ ရည်မှန်းထားကြတယ်လို့ မေမေက ပြောတယ်"

ဦးနေမဝင်က ငွေစင့် မျက်နှာရိပ်ကို အတိအကျ အကဲခတ်ရင်း စကားတစ်လုံးချင်းရဲ့ အဓိပ္ပာယ်သက်ရောက်မှုကို





သရုပ်ခွဲနေမိသည်။ ခံစားချက် ဝေဒနာတစ်ခုခု ရှိနေတဲ့ ငွေစင့် မျက်နှာလေးက သွေးရောင်လျှမ်းနေသည်။

"ရှင်မင်းဦးက ကလေးပဲ ရှိသေးတာပဲ"

"ဒါပေမဲ့ သူက ကိုသဝဏ့်ကို စိတ်ဝင်စားပါတယ်"

"ဒီကောင်လေးကကော ! "

"ငွေစင် မသိဘူး ဦး"

ဦးနေမဝင်က ချစ်စရာ သနားစရာ ငွေစင့် မျက်နှာကလေးကို အသေအချာကြည့်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေမိပါသည်။

"အဲဒီနေ့က ညည်းကို ခဲယဉ် ပြောနေတာက ဘာကို ပြောနေတာလဲ"

"သူတို့ရဲ့ သင်္ကြန်မဏ္ဍပ်ကို ဖိတ်တာပါ"

"ရေသွားပက်တယ်ပေါ့၊ သင်္ကြန်တုန်းက"

"သမီး မသွားခဲ့ဘူး ဦး"

ငွေစင်က စာအုပ်ပေါ် ငုံ့ကြည့်လိုက်ရင်း နဖူးရှေ့ပေါ်ကို ဝဲကျလာတဲ့ ဆံပင်လေးတွေက သပ်တင်လိုက်ကာ ဖတ်စာအုပ်ထဲမှ ပုစ္ဆာတစ်ခုကို ထောက်ပြလိုက်သည်။

"ဒီအပုဒ် မတွက်တတ်ဘူး ဦး၊ သမီးကို ပြန်ရှင်းပြပါ"

စကားကို လွှဲပစ်လိုက်ပါသည်။ ဦးနေမဝင်က ခေါင်းကိုယမ်းရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနံပါတ်ခုနစ် သေချာလား"

"ဟုတ်"

"မေးခွန်း ဖတ်ကြည့်ပါဦး၊ ညည်း တွက်တတ်ပါတယ်"

ငွေစင်က ခပ်ဖြန့်ဖြန့် မျက်လုံးရှမ်းကာ ဖတ်ရင်း ...

"ဟင့်အင်း၊ မတွက်တတ်ဘူး ဦး"

"ညည်းစာအုပ်ထဲ ငုံ့ကြည့်လိုက်ဦး ငွေစင်၊ အဲဒီနံပါတ်ခုနစ်ကို ညည်း ချတွက်ထားပြီးပြီ၊ ခုချက်ချင်းတွက်ပြီးသားကို ခုချက်ချင်းပဲ တွက်ပြီးတာတောင် မေ့တယ်ဆိုတော့ ညည်းစိတ်တွေ ဘယ်ရောက်နေလဲ"

ငွေစင်သည် သူ့လေ့ကျင့်ခန်းစာအုပ် သူပြန်ငုံ့ကြည့်ကာ မျက်နှာနီမြန်းပြီး "ကျွတ်" ခနဲ ခပ်တိုးတိုး စုတ်သတ်လိုက်သည်။ ဦးနေမဝင်က စာသင်နေကဲ့ စားပွဲမှ ထ,လျှောက်သွားကာ ဓာတ်ပုံတွေ ထည့်ထားတဲ့ ရှိုးကေ့စ်ဆီ လျှောက်သွားပါသည်။ မှန်ဗီရိုရှိုးကေ့စ်ထဲက ဓာတ်ပုံတစ်ပုံကို ထုတ်ယူလိုက်ကာ ငွေစင့်အနား ပြန်လျှောက်လာသည်။

"ကြည့်စမ်း ...၊ ဒါ ခင်စောသိုက်ဆီက နောက်ဆုံးတောင်းယူထားတဲ့ ဓာတ်ပုံပဲ၊ ကျောင်းထဲမှာပဲ ရိုက်ထားတာလေ၊ သူက ဓာတ်ပုံရိုက် ဝါသနာပါတော့ ကျောင်းဝင်းထဲက ဓာတ်ပုံဆရာတွေဆီမှာ အမြဲဓာတ်ပုံတွေ ရိုက်တတ်တယ်၊ ရိုက်သမျှပုံ အတော်များများကိုလည်း ဦးက တောင်းယူထားတယ်"





ငွေစင်သည် တက္ကသိုလ်စာကြည့်တိုက်လို့ သူသိထားတဲ့ အဆောက်အအုံရှေ့ လှေကားထစ်များမှာ ပြုံးပြုံးကလေး ထိုင်နေသော ခင်စောသိုက်ရဲ့ပုံကို ကြည့်နေမိသည်။ အင်မတန် သူပကျက်သရေရှိသော မိန်းမတစ်ယောက် ဖြစ်သည်။

"ဘယ်လောက် လှသလဲ"

ငွေစင်က ဦးနေမဝင်ကို အံ့အားတသင့် လှမ်းကြည့်သည်။ တစ်ခါမှ မပြောဖူးတဲ့ စကားမျိုးတွေ ပြောနေတာ။ ဦးရဲ့ မျက်နှာဟာ ဝမ်းသာဝမ်းနည်းခြင်း ရောစပ်၍ ဆွတ်ပျံ့နေသည်။

"လူတစ်ဖက်သားကို ယုံလွယ် သနားလွယ်တဲ့ အားနည်းချက်ကြောင့် ဦးရဲ့ဘဝမှာ ကိုယ့်အမှား ကိုယ့်အပြစ် မပါတဲ့ အမည်းစွန်းထင်ခဲ့တယ်၊ အဲဒီပြဿနာကြားမှာ အလူးအလဲ ခံစားခဲ့ရတယ်၊ ဦးကို ယုံကြည်နိုင်သူက နည်းပြီး မယုံကြည်နိုင်သူက များခဲ့တယ်၊ ဒီပြဿနာ အမှုအခင်းတွေ ဖြစ်နေတုန်းမှာ ခင်စောသိုက်ရဲ့ မိဘဆွေမျိုး ညီအစ်ကိုမောင်နှမတွေက ဦးနဲ့ ခင်စောသိုက်ကို အတင်းပဲ အဆက်ဖြတ်ကြတာပေါ့ ...

ခင်စောသိုက်ဟာ မျက်ရည်နဲ့ မျက်ခွက်၊ ဦးကို ယုံရမယ် မယုံရဘူး သူကိုယ်တိုင် ဇဝေဇဝါနဲ့ အဖြေမထွက်ဘူး၊ တကယ်တော့ အဲဒီအချိန်မှာ ဦးက သူ့ကို ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ ရှင်းပြနိုင်ရမယ်၊ ရင်ဆိုင်ရမယ်၊ လက်မပြော့



www.burmeseclassic.com

www.burmeseclassic.com



ရဘူး၊ ဒါပေမဲ့ အဲဒီတုန်းကတော့ အဲဒီစိတ်ပေါ့ေ
လက်လျှော့ခဲ့မိတယ် ...

ငါ သူ့ကို ရှင်းမပြတော့ဘူး၊ ရှင်းပြရင်လည်း
ချင်မှယုံမယ်၊ နာမည်ပျက်ကြီးနဲ့ ချစ်သူဆီကို ပြန်မရ
ကပ်ချင်ဘူး ဆိုတဲ့ အတွေးတွေနဲ့ အမှန်ကိုတောင် ရှင်း
မနေတော့ဘဲ ရှောင်လိုက်တယ် ...

သတ္တိနည်းတာလည်း ပါတယ်၊ မခံချင်တာလည်
ပါတယ်၊ လက်လျှော့လိုက်တာဟာ အရှုံးပေးတာပဲ၊ အ
ရဲ့ရလဒ်က ဘာလဲ၊ စိတ်မချမ်းသာခဲ့ရပါဘူး၊ ကျန်တဲ့အ
တစ်လျှောက်လုံးအတွက် အထီးကျန်ဖြစ်ရတယ်၊ သူလည်
အဝေးကို ထွက်သွားတယ်၊ အဲဒီတုန်းက ရှင်းပြမိရင်
ကလည်း ယုံကြည်ရင် ခုချိန်မှာ ငါ့ဘဝဟာ ဒီလိုအကျ
တန်နေမှာ မဟုတ်ဘူးဆိုတာ တွေးမိတဲ့အခါမှာ နောင်
ပြန်ရတယ် ...

အပြန်အလှန်ချစ်တဲ့ ဘဝရဲ့အဖော်ဆိုတာ တန်
ဖြတ်လို့ မရဘူး၊ အဲဒါကို ဘာမဟုတ်တဲ့ ကိုယ်မလုပ်
နာမည်ပျက်တစ်ခုကြောင့် အဆုံးရှုံးခံခဲ့မိတာဟာ သတ္တိ
တဲ့ အလုပ်ပဲ၊ သူ့အတွက် ငိုလိုက်တာလည်း တစ်
တစ်ပိုင်းပါဘယ်၊ အဲဒီ ငိုကြွက်မှုကတော့ သူ့ကို တကယ်
ငိုရာကျရဲ့လားလို့ ပြန်တွေးမိတော့ မရေမရာဖြစ်သွာ



ဦး ဘာကိုဆိုလို ရည်ရွယ်ချင်တယ် ဆိုတာ သိသလား
ငွေစင်"

ငွေစင်က မရေရာသော မျက်ဝန်းလေးနှင့် ခေါင်း
လေး အသာယမ်းလိုက်မိပါသည်။

"ဆုံးရှုံးသွားပြီးတဲ့ အရာတစ်ခုကို နောက်မှပြန်လိုအပ်လာ
တယ်ဆိုရင် နောက်ကျသွားပြီ၊ တကယ် အဆုံးရှုံးခံနိုင်
မခံနိုင်ကို မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ရမယ်၊ ဘဝမှာ
နောင်တရစရာ နည်းနိုင်သမျှ နည်းပါစေ"

ငွေစင်က ဦးနေမဝင်ကို ဘောလ်ပင်လေးကိုက်ရင်း
ကြည့်နေမိပါသည်။ ဦးနေမဝင်က တစ်ချက်ပြုံးလိုက်ပြီး ငွေစင့်
ခေါင်းကို တစ်ချက်ပုတ်၍ ကိုင်လှုပ်လိုက်သည်။ ခတ်ပုံကိုယူ
ရှိုးကေ့စ်မှာ မြတ်မြတ်နိုးနိုး နေရာတကျ ပြန်ထားလိုက်ပါ
သည်။

ငွေစင်သည် ရင်ထဲမှာ နည်းနည်းပေါ့ပါး ချောင်ချိ
သလိုပင်။ နွမ်းရိရိ မျက်နှာဟာလည်း ရှက်ပြုံးရိပ်နည်းနည်း
လာသည်။ ဦးနေမဝင်ကို ချစ်ခင်အားကိုးတဲ့စိတ်က နဂိုရှိ
သားထက် ထပ်ကာ ထပ်ကာ တိုးပွားလာတဲ့အခါ ရင်ထဲမှာ
သိမ့်သိမ့် အေးစိမ့်ငြိမ့်ညောင်းလာသည်။

အဟား ...။ ကိုယ့်တပည့်ကို ဒီလိုမြှောက်ပေးတဲ့
ရှိသလား။ ဦးပြောတာ သိပ်မှန်တာပဲ။ လုပ်သင့်တာကို

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ခဲ့မိရင်လည်း တစ်ချိန်မှာ နောင်တရ,ရမယ်။ မလုပ်သင့်တာကို လုပ်ခဲ့မိရင်လည်း တစ်ချိန်မှာ နောင်တရရမယ်။ ဦးဟာ တကယ်တော့ ငွေစင့်အတွက် ဆရာသာမက မိတ်ဆွေစစ်လည်း ဖြစ်သည်။

"ကဲ ... ညည်းစာဆက်လုပ်ဖို့ စိတ်ပါသေးလား"

"ဦးကို ငွေစင် တခြား ကိစ္စတစ်ခု တိုင်ပင်ချင်သေးတယ်"

"ဘာလဲ"

"အဲဒါကို မေမေ့ကိုတောင် ငွေစင် မပြောရသေးဘူး ဦး"

"အမေကို မပြောဘူးဆိုတော့ ဘာမို့လဲ"

"မေမေ ကြားသိလိုက်ရပြီးရင် စိတ်ထဲရှိသလို ဆုံးဖြတ်နိုင်ပါ့မလားလို့ပါ။ နောက်တစ်ခုက ငွေစင် ကိုယ်တိုင် လေ့လာကြည့်ပြီးတော့မှ တကယ် ဝမ်းသာစရာ ဖြစ်နေမှ မေမေ့ကို အတိအကျ အသိပေးချင်တာလည်း ပါလို့ပါ။ ငွေစင် တစ်ယောက်တည်း ကျိတ်ပြီးမြို့ထားတာကြာပြီ ဦး၊ ကိုယ်ဟာကိုယ်လည်း မဆုံးဖြတ်တတ်လို့"

"ကဲ ... ပြောစမ်းပါဦး"

ငွေစင်သည် ချက်ချင်းပင် အသံလေး တုန်ယင်လိုက်လှဲလာကာ ...

"သမီးဆီကို ဖေဖေ့အစ်မ ဖုန်းဆက်တယ် ဦး"





မျက်ခုံးကြီးပင့်ကာ နားထောင်နေပုံ ဦးနေ့မဝင်ကို ငွေစင်က မှတ်မိသမျှ လုံးစေ့ပတ်စေ့ ပြန်ပြောပြနေမိပါသည်။ ကိုယ်တောင် တုန်ခိုက်ပြီး မျှော်လင့်ချက်တွေ ခေါင်းထောင်လာမိတာ၊ မေမေလည်း ဒီလိုပဲ နေမှာပင်။ နောက်မှ ဘာမှလဲ မဟုတ်ဘူး ဆိုတာမျိုး အဖြစ်ဆိုးသွားရင် ပိုပြီးစိတ်ထိခိုက်ဖို့ ကောင်းမှာ။ ဒီတော့ တကယ်ဖြေရာပါတယ်ဆိုမှ မေမေ့ကို အသိပေးကာ မေမေ့ဆန္ဒကိုလည်း မေးချင်သည်။

ပြီးတော့ ဦးတင့်ဇော်ကို (ဘာပဲဖြစ်ဖြစ်) ကြောက်ရတဲ့ မေမေက ရှုပ်ရှုပ်ယှက်ယှက် ရှည်ရှည်ဝေးဝေးတွေ ကြားဆို မနေချင်တာနဲ့ပဲ ငွေစင့်ကိုပါ တန့်ပွတ်တားပြစ်မိုက်မှာမျိုးဖြစ်မှာလည်းစိုးသည်။ ဒီထက်ပိုပိုင်နိုင်နိုင် ရပ်တည်ပြောပြနိုင်ချင်သည်။

"ဒီတော့ ညည်းက ဘာလုပ်ချင်တာလဲ"

"သမီး ... ကြီးကြီးကို သွားတွေ့ချင်တယ် ဦး"

"တွေ့ချင် တွေ့ပေါ့၊ ကောင်းတာပဲ၊ အကျိုးယုတ်စရာတော့ တွေးကြည့်လို့ မရပါဘူး၊ ကောင်းဖို့ပဲ မြင်တယ်"

"သမီး တစ်ယောက်တည်း မသွားရဲဘူး ဦး"

"အဲဒါဆိုလည်း သူငယ်ချင်းတစ်ယောက်ယောက် ခေါ်သွားပေါ့"

"အဲသလို ကိုယ်ရေးကိုယ်တာ အိမ်တွင်းရေး ဖွင့်တိုင်ပင်ရလောက်တဲ့ သူငယ်ချင်း သမီးမှာ တစ်ယောက်မှမရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းကိုလည်း ပြောပြမနေချင်ဘူး၊ အခုချိန်မှာ သမီးက လွဲရင် သိတာဆိုလို့ ဦးပဲ ရှိတာ၊ ဦးတစ်ယောက်ကိုပဲ ငွေစင် ခုလိုဖွင့်ပြောရသေးတာပါ"

"အောင်မယ် ...၊ ငါကပဲ အဖော်လိုက်ရမလိုလို ညည်းလေ အသွားက"

ငွေစင်က တောက်ပသော မျက်ဝန်းလေးနှင့် ...

"ဟုတ်တယ် ဦး၊ ငွေစင့်ကို လိုက်ပို့ပေးပါလားဟင်"

"ဘာ ...၊ အာ ... မဟုတ်က ဟုတ်က၊ ငါက ညည်းကို ဘာကိစ္စလိုက်ပို့ရမှာလဲ"

"တခြားလည်း ပို့ပေးမယ့်သူ မရှိဘူး၊ ပြီးတော့ ဦးက ဆင်ခြင်တွေးခေါ် ဆုံးဖြတ်နိုင်တယ်၊ ဟိုကျရင် ပြောတာ ဆိုတာတွေကိုလည်း ဦးသိစေချင်တယ်၊ အေးမှာ ဦးထိုင်နေ မှာကို အားရှိတာ"

"အစီပွားယ် မရှိလိုက်တာ၊ ညည်းဟာက... ကျွတ်၊ တခြား သူတစ်ယောက် စဉ်းစားစမ်း"

"မရှိဘူး ဦး၊ ဦးပဲရှိတယ်"

ဦးနေမဝင်က မျက်မှောင်ကြီးကုတ်ပြီး ခေါင်းကို ယမ်းလိုက်ပါသည်။

* ❤ *





ငွေစင်သည် သူ့လက်ဖဝါးလေးကို ဆုပ်ကိုင်ထားတဲ့ အမျိုးသမီးကြီးရဲ့ လက်ဝါးပြင် နွေးနွေးကြောင့် သွေးထဲမှာ ခွန် အားတွေပင် တိုးပွားစည်ပင်လာတယ် ထင်မိသည်။ ရင်ထဲမှာလည်း ဝမ်းသာကြည်နူးခြင်းအဟုန်နှင့် တသိမ့်သိမ့် လှုပ်ရှားနေပါသည်။

"ဝမ်းသာလိုက်တာကွယ်၊ မင်းလတ်ကိုလည်း သတိရပြီး ဝမ်းနည်းမိသေးတယ်"

ဒေါ်ခင်ခင်လတ် ခမျာ မျက်ရည်စို့လာ၍ တစ်ရှူး လေးနှင့်ဖြတ်ကာ သုတ်ရပါသည်။

"သမီးက သမီးအဖေနဲ့ တစ်ပုံတည်း၊ မျက်လုံး မျက်ခုံး နှာတံ အားလုံး"

မေမေလည်း ဒီလိုပဲ ပြောပါသည်။ အိမ်မှာတစ်ပုံ တည်းရှိပြီး မေမေ့ထံကတစ်ဆင့် ငွေစင် လက်ဆင့်ကမ်းယူ သိမ်း ဆည်းခဲ့တဲ့ ဖေဖေနဲ့ မေမေရဲ့ စုံတွဲပုံကလေးထဲမှာလည်း ဖေဖေ့ ကို ကြည့်တိုင်း ကိုယ်နဲ့တူတယ်လို့ ကျေနပ်ပီတိ ဖြစ်ရသည်။ ဒီပုံကို ပလတ်စတစ်လောင်းထားတာဖြစ်ကာ အခုလည်း ထည့် သွလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပုံထဲက ဖေဖေနှင့် မေမေဟာ လက်ချင်းဆုပ်တွဲလို့။ လက်မှတ်ထိုး လက်ထပ်တဲ့နေ့ကပုံလို့ မေမေ ပြောပြဖူးသည်။ ကားပေါ်မှာ ဦးနေမဝင်ကို ပြတုန်းကလည်း ဦးက ...

"ညည်းက အဖေတူပဲ"လို့ ဆိုသည်၊

ဒီအိမ်ကိုလိုက်ဖို့ အစောပိုင်းတုန်းက ဦးနေမဝင်က ငြင်းခဲ့ပေမယ့် တကယ်တမ်းကျတော့ ငွေစင့်မှာ တကယ့်ကို ဘယ်သူမှ တိုင်ပင်ဖော် တိုင်ပင်ဖက် မရှိတာကို သိသွားကာ လိုက်ပို့ပေးပါသည်။ လိပ်စာအတိုင်း ရောက်လာတဲ့အခါ ဦးက ကားပေါ်မှာပဲ စောင့်နေရစ်မည်ဆိုသည်။

"လိုက်ခဲ့ပါ ဦးရယ်၊ အိမ်ပေါ်ကိုပါ လိုက်ခဲ့ပါ"

"အာ ... ညည်းတို့ အမျိုးချင်းချင်း လွတ်လွတ်လပ်လပ် ပြောကြဆိုကြပါ"

"ဦးလည်း လိုက်ခဲ့ပါ၊ ငွေစင်က စကားသိပ်ပြောတတ်တာ မဟုတ်ဘူး"

"ညည်းလား စကားမပြောတတ်တာ၊ သွားပါဟာ၊ ရိုးရိုးပဲ ပြောပေါ့၊ ငါ မလိုက်ချင်တာက ဒီရုပ်ကြီးနဲ့ ကျက်သရေမရှိ မင်္ဂလာမရှိ ရုပ်ပျက်ဆင်းပျက်နဲ့၊ ညည်းကိုလည်း ဘယ်က အရုပ်ဆိုးကြီး ခေါ်လာပါလိမ့်လို့ တွေးလိမ့်မယ်၊ ငါလည်း လူထဲမတိုးချင်လို့ပါ ငွေစင်ရယ်"





ငွေစင်သည် မျက်ရည်လည်လုအောင် ဝမ်းနည်းသွားကာ ...

"အဲလို မပြောပါနဲ့ ဦးရယ်၊ ဒဏ်ရာရတာက ဒဏ်ရာရတာပဲ၊ ဦးရဲ့မျက်နှာက ကျက်သရေရှိပါတယ်၊ သူများတွေအတွက် ဘယ်လိုနေနေ၊ သမီးအတွက်တော့ ဦးရဲ့ဟောဒီ မျက်နှာက ကျက်သရေလည်းရှိတယ်၊ မင်္ဂလာလည်းရှိတယ်၊ သမီးအတွက် ကြောက်စရာလည်း မကောင်းဘူး၊ ရုပ်လည်း မဆိုးဘူး၊ မေတ္တာရှိရင် မျက်စိထဲမှာ အလိုလိုလှတယ်"

ဦးနေမဝင်သည် ငွေစင်ရဲ့ ပြောပုံကလေးကြောင့် စိတ်တောင်မကောင်းမိပေ။ သက်ပြင်းကြီး တစ်ရှိုက်နှင့် ဖြိုးကာ အိမ်ပေါ် လိုက်ပါလာရပါတော့သည်။ အိမ်ရှင်တွေက ဘယ့်နှယ် လူကြီးပါလိမ့်လို့ စွံကြောက်ကြီး ဖြစ်ကြလည်းဖြစ်ပါစေတော့။ နောင်လည်း ကိုယ်နှင့်ပတ်သက်စရာ ရှိတာမှ မဟုတ်တာရယ်လို့ ပင်။

ကိုယ်ပါ အိမ်ပေါ်တက်တော့ ငွေစင့် အမျိုး ဒီအိမ်ရှင်ကိုလည်း အကဲခတ်ခွင့် ရတာပေါ့။ နံဘေးကထိုင်ကာ သူတို့တူဝရီး တွေ့ဆုံနှုတ်ဆက် စကားပြောကြ၊ မျက်ရည်စမ်းစမ်းဖြစ်ကြတာကို လေ့လာအကဲခတ်နေလိုက်ပါသည်။ ငွေစင့် ကြီးတော်ဟာ သူတို့သွေးသားထဲက ရင်းရင်းချာချာဖြစ်တဲ့ ငွေစင့်ကို တကယ့်ကို နှစ်နှစ်ကာကာ လိုလိုလားလားရှိတာ တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးကုဆရာဝန်မကြီးတစ်ယောက် ဖြစ်တဲ့ ဒေါ်ခင်ခင်လတ်ဟာ ပညာလည်းတတ် အဆင့်အတန်းလည်းမြင့်၍ ကြွယ်လည်း ကြွယ်ဝတယ်ဆိုတာ မျက်စိရှေ့မှာ မှတ်ချက်ချနိုင်နေသည်။ ငွေစင် ကံကောင်းပြီဆိုတာ သေချာတာမို့ ဦးနေမဝင် စိတ်ထဲက ကျိတ်၍ ကျေနပ်ပီတိ ဖြစ်နေမိပါသည်။

"ကြီးကြီး ... ငွေစင်က မေမေ့ကို မပြောရသေးလို့ ငွေစင်ရဲ့ဆရာကို လိုက်ပို့ပေးဖို့ အကူအညီ တောင်းရတာပါ၊ ဒါ ငွေစင့် ဆရာပါ"

"ဆရာ ဆိုတာက !! "

"ငွေစင် ဒီနှစ် ဆယ်တန်းဖြေဖို့ စာသင်ပေးနေတဲ့ ဆရာပါ၊ ဆရာက ဒေါက်တာနေမဝင်ပါ ကြီးကြီး၊ ဟိုးအရင်တုန်းကတော့ ရန်ကုန်တက္ကသိုလ် သချာင်္ဌာနမှာ လုပ်ပါတယ်"

"သြော်"

ဒေါ်ခင်ခင်လတ်က ဦးနေမဝင်ကို တစိမ့်စိမ့်ကြည့်ရင်း ...

"ကြားဖူးပါတယ် ဆရာ၊ ဆရာ့နာမည်တော့ ကြားဖူးပါတယ်"

သူကြားဖူးတာက အဆိုးကြားဖူးတာလား အကောင်းကြားဖူးတာလား မသိ၍ ဦးနေမဝင်က ခပ်ရိုရို့ရို့ပဲပြုံးကာ စိတ်ကျဉ်း





ကျပ်မှုကို ကြိုးစားပြီး ဖျောက်နေရပါသည်။ ဒါကြောင့်လည်း သူ လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲ ပြန်တိုးမဝင်ချင်တာ။

ကိုယ့်အကြောင်း ကိုယ်သာ အမှန်အကန် အသိဆုံးမို့ ကိုယ့်လိပ်ပြာကို ကိုယ်လုံနိုင်ပေမယ့်လည်း တစ်ဖက်လူက ကိုယ့်အပေါ် ဘယ်လိုသဘောထားမယ်ဆိုတာ ဘယ်လိုမှ မခန့်မှန်းနိုင်တာမို့ ဘယ်သူနှင့်မှ မပေါင်းသင်း မဆက်ဆံချင်တော့တာပင်။

"ကျွန်မက လန်ဒန်မှာ အတော်ကြာကြာ နေခဲ့[illegible]ပါတယ် ဒေါက်တာ"

"နေမဝင်ပဲ ခေါ်ပါခင်ဗျား၊ ရပါတယ်"

"ဘယ်ဟုတ်မလဲ ဒေါက်တာ၊ လူတစ်ယောက်[illegible]ချည်အချင်းကို ဖော်ပြတဲ့ ဘွဲ့ထူးဂုဏ်ဒြပ်ဆိုတာဟာ[illegible]လေးစားဂုဏ်ပြုရမယ့် အရာပါ၊ ဒေါက်တာက သိပ်တော်တယ်ဆိုတာ ဟိုးတုန်းကတည်းက ကြားဖူးထားပါတယ်။ နောက်တော့ ဒေါက်တာ့အကြောင်း သတင်းတွေကို ကျွန်မပိုပြီး ကြားခဲ့ရတယ်"

"ကျေးဇူးပြု၍ ကျွန်တော်က အရင်က နောက်ကြောင်းတွေကို မပြောချင်ပါဘူး၊ ကြားလည်း မကြားချင်ပါဘူး၊ ဒီနောက်ကြောင်းတွေနဲ့ ပတ်သက်လို့ ဘာမှမပြောဖြစ်ရင် ကောင်းမယ် ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ့ နောက်ကြောင်းကိုပြောဖို့ မဟုတ်ပါဘူး၊ ကျွန်မ အကြောင်းကိုပဲ ပြောပါရစေ၊ ကျွန်မ အင်္ဂလန်မှာရှိတုန်း ခင်စောသိုက်နဲ့ ညီအစ်မလို ချစ်ခင်ရင်းနှီးခဲ့ကြပါတယ်၊ လိုင်းချင်း ဘာသာရပ်နယ်ပယ်ချင်း မတူကြပေမယ့် မြန်မာချင်း အပျိုကြီးချင်းလည်းဖြစ် စိတ်အခြေခံချင်းလည်း ဆင်ကြတော့ ပေါင်းသင်းလို့ကောင်းပြီး တော်တော်ချစ်ခင်ရင်းနှီးခဲ့တာပါ"

ဦးနေမဝင်သည် ခေါင်းကိုငိုက်စိုက်ကြီးချကာ ငြိမ်သက်နေပါသည်။ ရင်ထဲမှာတော့ ဖောက်ဖက်ခတ်အောင် လှုပ်ရှားဆူပွက်လာသည်။ သူ့ကို "ခင်စောသိုက်"နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ အာလာပသလ္လာပပြောတဲ့သူ ဆိုတာမျိုး မကြုံခဲ့တာ နှစ်ပေါင်းများစွာ ရှိခဲ့ပြီ။

"ခင်စောသိုက်ဆီက အများကြီး ကြားခဲ့ရပါတယ်"

ဦးနေမဝင်က စိတ်ကို ငြိမ်သက်စွာ ဆက်မထားနိုင်တော့သည်ဖြစ်၍ ထိုင်ရာမှ ထ၍ရပ်လိုက်ရင်း '...

"ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ခြံထဲမှာပဲ ကားပေါ်က စောင့်ပါမယ်"

ရုတ်တရက်ကြီး အိမ်ပေါ်က ဆင်းသွားတဲ့ ဦးနေမဝင်ကို ဒေါ်ခင်ခင်လတ်ရော ငွေစင်ပါ အံ့အားတသင့် လိုက်ငေးကြည့်နေမိကြသည်။





"ဩော် ... သူက ခင်စောသိုက် အကြောင်း နားထောင်ဖို့ရာ ဒီလောက်ထိတောင် ခံနိုင်ရည် မရှိတာကိုး"

"ကြီးကြီးနဲ့ ဒေါ်ခင်စောသိုက်က ရင်းနှီးတယ်ပေါ့နော်"

"သိပ်ရင်းနှီးပါတယ်၊ သိပ်ခင်မင်ဖို့လည်းကောင်း၊ လှလည်းလှ၊ ကျက်သရေလည်းရှိ အချစ်ရေးကံမကောင်းရှာတာကို ကြီးကြီးက စိတ်မကောင်း ဖြစ်ဖြစ်နေမိတာ"

"ဦးရဲ့အိမ်မှာ ဒေါ်ခင်စောသိုက်ဓာတ်ပုံတွေချည်းပဲ ကြီးကြီး"

ငွေစင်က လှုရေးလှုရာပါပါနှင့် သင့်သင့် မသင့်သင့် ဝင်ပြောချလိုက်ပါသည်။ ဒေါ်ခင်စောသိုက်ကိုတောင် တည့်တည့်ပြောခွင့်ရရင် ပြောပြချင်သေးသည်။ ဦးနေမဝင်ဟာ ဒေါ်ခင်စောသိုက်ကို အလွန်တရာ ချစ်လှပါတယ် ဆိုတာ။ စကားများများ[illegible]ငှ် ပြောမပြဘဲနှင့်ကို သိသာနေတာ။

"သမီးနဲ့ ဒေါက်တာနေမဝင်က ဘယ်လိုဘယ်ပုံ ခင်မင်ရင်းနှီးပြီး ဆရာတပည့် ဖြစ်သွားကြတာလဲ"

"ဦးက လမ်းထဲကို ပြောင်းလာတာ မကြာသေးပါဘူး"

"ဩော် ... တစ်ယောက်တည်းသမားပဲလား"

"ဟုတ်ကဲ့၊ တစ်ယောက်တည်းပါ"

"ဘယ်လိုကနေ တပည့်ဖြစ်ဖို့ ဖြစ်လာတာလဲ"

"နည်းနည်းပါးပါးပဲ သိကျွမ်းသေးတဲ့ အခြေအနေမျိုးမှာပဲ သမီးက စာသင်ပေးဖို့ အကူအညီတောင်းလိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက ညွှန်လို့လဲ"

"ဘယ်သူမှ မညွှန်ပါဘူး၊ ဦးစာသင်ကောင်း မကောင်းလည်း သေချာသိတာ မဟုတ်ပါဘူး၊ သချာသိပ်တော်တယ်ဆိုတာ လောက်ပဲ ကြားဖူးတာပါ၊ သချာသင်ပေးဖို့ ပြောရာကနေ ဦးက သင်မယ့်သင်တော့ ဘာသာစုံ သင်ပေးနေတာပါ"

"ဪ"

"သမီးအဖို့ကတော့ စာသင်ကောင်းကောင်း မကောင်းကောင်း စာသင်ပေးမယ့်သူ နားမလည်တာ ရှင်းပြပေးမယ့်သူ လိုအပ်နေတဲ့သူဆိုတော့ သင်ပေးရင်ပဲ ကျေးဇူးတင်ရတော့မှာပါ၊ ဦးက ပထမတော့ ငြင်းပါတယ်၊ နောက်တော့ သနားပြီး သင်ပေးတာ ထင်ပါတယ်"

"ဘာကို သနားသွားတာလဲ"

"သမီးက အပြင်ကဖြေရတော့မှာဆိုတော့ ကျောင်းလည်း တက်ရတာ မဟုတ်ဘူးလေ၊ ကျူရှင်လည်း မရှိဘူးဆိုတော့ ကိုယ့်ဟာကိုယ်ပဲ ရမ်းသန်းမှန်းပြီး ဖတ်နေ ကျက်နေရတာပေါ့၊ ဒီနှစ်တော့ သမီးကလည်း အောင်ချင်တယ် ကြီးကြီးရယ်၊ ရှင်မင်းဦးက အတူတူ ဆယ်တန်းဖြေတော့မယ်၊ ဒီနှစ်မှာမှ သူ အောင်ပြီး သမီးကျကျန်ရစ်ဦးမယ်ဆိုရင် သမီး ဆယ်တန်းဆက်မဖြေတော့ဘူးလို့ စဉ်းစားထားတယ်"

"ကျူရှင် ဘာဖြစ်လို့ မတက်တာလဲ"





ငွေစင်သည် ဘာမှမဖြေဘဲ ပြုံးနေလိုက်ပါသော်လည်း အပြုံးက ငိုမဲ့မဲ့လေး စွက်လာသည်။ ခဏနေမှ ...

"ကျူရှင်ခတွေကလည်း ဈေးကြီးတော့၊ ပြီးတော့ လမ်းစရိတ်နဲ့ ဘာနဲ့၊ မေမေကလည်း ဘာဝင်ငွေမှ မရှိဘဲ ဦးတင့်ဇော် ပေးတဲ့အိမ်စရိတ်ကို လောက်ငအောင်သုံးစွဲရတာဆိုတော့ သမီးအတွက် ကျူရှင်စရိတ် ထွက်မလာပါဘူး ကြီးကြီး"

ဒေါ်ခင်ခင်လတ်က သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"အခု ဦးနေမဝင် စာသင်ပေးနေတဲ့ အတွက်ကော"

"ဦးက ဒီလိုပဲ သင်ပေးနေတာပါ"

"သမီးကကော ဘယ်လောက် ကန်တော့ရမလဲ မမေးဘူးလား"

"ဟင့်အင်း ...၊ မမေးနိုင်ဘဲနဲ့ ဘယ်လိုလုပ် မေးမလဲ ကြီးကြီး၊ အစကတည်းက အကူအညီတောင်းတဲ့ သဘောပဲပြောတာ၊ လခပေးမယ့်သဘောကို ထည့်ကိုမပြောပါဘူး၊ ဦးကလည်း ဒါနဲ့ပတ်သက်ပြီး ဘာမှမပြောဘူး၊ ဒါပေမဲ့ သမီးကတော့ ဦးအိမ်မှာ ကူလုပ်ပေးလို့ရတဲ့ လိုအပ်တာတွေ ကြုံသလို ကူလုပ်ပေးပါတယ်"

"သူက အလုပ်သမားလည်း မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"တစ်ယောက်တည်း နေတာလား"

"ဟုတ်ပါတယ် ကြီးကြီး"

ဒေါ်ခင်ခင်လတ်က အနည်းငယ် တွေဝေသွားပြ တူမငယ်လေး ငွေစင်ကြယ်ကို အငေးသား ကြည့်နေလိုက်မိ သည်။ ခေါင်းထဲလည်း အတွေးအနည်းငယ် ရှုပ်ထွေးသွားရ သည်။

ယောက်ျားနဲ့ မိန်းမဆိုသည်ဟာ အသက်အရွယ် ကွာခြားပါတယ်ပဲ ဆိုပစေဦး။ နီးနီးစပ်စပ် မရှိသင့်ဘူးဆိုတဲ့ ဆိုရိုးတွေ သင်ခန်းစာတွေ များစွာရှိပါသည်။ အဲဒါထက်က ဦးနေမဝင်ရဲ့ နာမည်ပျက်။ ဒေါ်ခင်ခင်လတ်က အသက်ပိုကြီးပေ မယ့် တစ်ခေတ်တည်းလိုတော့ ဖြစ်ခဲ့တဲ့အတွက် ကြားဖူးနား ရှိခဲ့တဲ့ ဦးနေမဝင်ရဲ့ ဇာတ်လမ်း။

အဲဒီထက်ကို အင်္ဂလန်မှာ ခင်စောသိုက်နှင့် ရင်းနှီး ချစ်ခင် ပေါင်းသင်းခဲ့တော့ ခင်စောသိုက်ဆီက တဖွဖွကြားနေခဲ့ ရတဲ့ ဤအဖြစ်သနစ်တို့ကို ဒေါ်ခင်ခင်လတ် ကြားနေ သိနေပါ သည်။

"ကိုနေက လူကောင်းတစ်ယောက်ပါ မမခင်ရယ်၊ ယောက်ျား ကောင်းတစ်ယောက်ပါ။ ကိုယ့်ချစ်သူအကြောင်း ကိုယ်အသိ ဆုံးပါ၊ စော အပေါ်မှာ ဘယ်လိုဖြူဖြူစင်စင် သိမ်သိမ်မွေ့





မွေ့ ဆက်ဆံခဲ့တယ်ဆိုတာ စောက ကိုယ်တွေ့ကြုံပြီးခံစား ခဲ့ရတဲ့သူပါ ...

ဒါပေမဲ့ မမခင်ရယ်၊ စောရဲ့မိဘ ဆွေမျိုးအသိုင်း အဝိုင်းကတော့ လုံးဝခါးခါးသီးသီးပဲ၊ သူတကယ်ပဲ အပြစ် မရှိဘူး ဖြစ်ပါစေဦးတဲ့၊ ဒီအမှုကိစ္စကြီးနဲ့တွဲပြီး ဟိုးလေး တကြော် ဖြစ်ခဲ့ပြီးမှ မကောင်းသတင်းကြီး ကျော်ကြားပြီး တော့မှ အပြစ်မရှိပါဘူးဆိုတာကိုတော့ ကိုယ်က မောင်း ကြေးနင်း လည်ခတ်လို့မှ မရတာတဲ့ ...

တစ်ယောက်ချင်းကို လိုက်ဖြေရှင်းလို့မှ မရတာတဲ့၊ ကိုယ်က ယုံပေမယ့်လည်း ကိုယ့်လိုလူ ဘယ်နှယောက်က သူ့ကိုယုံမှာလဲတဲ့၊ ဟုတ်တော့လည်း ဟုတ်တယ် မမခင် ရယ်၊ သူ တည်ကြည်တယ် ဖြောင့်မတ်တယ် ဆိုတာက စောပဲ သိတာ၊ ကျန်တဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက တိတိကျကျ သိနိုင်သူ ရှားမှာပဲလေ ...

စောကို သတ္တိနည်းတယ်ပဲ ဆိုပါတော့ မမခင်ရယ်၊ ကိုယ်နဲ့ လက်ထပ်ပြီးမှ ကိုယ့်ယောက်ျားကို လူတွေက လက်ညှိုးထိုးပြီး ဒီလူက မုဒိမ်းကောင်ပဲလို့ နောက်ကွယ် က အတင်းပြောနေကြမယ့် အဖြစ်မျိုးကို ရင်မဆိုင်ရဲဘူး၊ ကိုယ်ကောင်းရင် ခေါင်းဘယ်မရွှေ့ဘူး ဆိုပေမယ့် စော တုန်လှုပ်မိတယ်၊ စောဟာ တကယ်တော့ ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပါလို့ ယုံကြည်တဲ့ ကိုယ့်ချစ်သူဘက်ကတောင် နိုင်မာမာ ရဲရဲရင့်ရင့် ရပ်တည်မပေးဝံ့တဲ့ သူ့ရဲ့ဘောကြော တဲ့ မိန်းမတစ်ယောက်၊ ရင်မဆိုင်ရဲတဲ့ မိန်းတစ်ယောက် သတ္တိမရှိတဲ့သူ ...

မမခင်ရယ်၊ တကယ်တော့ ကိုနေ့ကို စောဘ ထပ်တူ ချစ်ခဲ့ရတာပါ၊ ခုထိလည်းချစ်တယ်၊ ယုံလည် ယုံကြည်တယ်၊ ဒါနဲ့များတောင် မပေါင်းကြရဘဲ ဝေးခဲ့ တယ်၊ သူကလည်း သိမ်ငယ်ရှက်ရွံ့စိတ်နဲ့ စောကို ရှော တယ်၊ သူကများ စောလက်ကို အတင်းဆွဲပြီး လူတွေ ဝေးရာကို တို့နှစ်ယောက် ပြေးကြပါစို့လား ဆိုရင် လိုက်သွားမိမှာ ...

ခုတော့ သူကလည်း ပတ်ဝန်းကျင်ကို အရှုံး တယ်၊ စောကလည်း ပတ်ဝန်းကျင်ကို ဂရုစိုက်လွန်းတ ဒီတော့လည်း ဝေးကြဖို့အပြင် ဘာများရှိဦးမှာလဲ မမခ ရယ်"

မျက်ရည်ဥကလေးတွေ ကသီကရီ စိုစွတ်လိမ့် လျက် တဆွေးတနင့် ပြောပြတတ်တဲ့ ခင်စောသိက်အသံကို နားထဲပြန်ကြားလာသလားတောင် ထင်မိပါသည်။ သတ္တိမရှိ ကြိတ်မှိတ်အသည်းကွဲခံနေရာတာ။ ပြစ်မှုရဲ့ တရားခံ မဟုတ် ပါလို့ သူ့ချစ်သူ မိန်းကလေးရဲ့နှုတ်ဖျားက ယုံစားစွာပြော





ခဲ့တဲ့ စကားကို နားနဲ့ဆတ်ဆတ် အကြိမ်ကြိမ် ကြားခဲ့ဖူးပေမယ့် သူဆိုသည်မှာ ပုထုဇဉ်။

ဒီလိုနာမည်ပျက်မျိုး စွပ်စွဲခံခဲ့ရဖူးတဲ့ လူတစ်ယောက် ရဲ့အိမ်မှာ ကိုယ့်ရဲ့တူမကလေးက တစ်ယောက်ထီးထီး စာသွား ခင်နေသည်။ လူတစ်ယောက်ရဲ့ စိတ်အခြေအနေဆိုတာလည်း တစ်ချိန်နှင့်တစ်ချိန် တူနိုင်တာ မဟုတ်။ ပြီးတော့ ယောကျာ်း ဆိုသည်ကလည်း ပြောရခက်သားလား။

ဘာမှသိပုံမရတဲ့ တူမငယ် အရိုးခံကလေးကိုလည်း ဒီလိုစကားမျိုးကြီးတွေ မပြောထွက်။ ရင်ထဲ မောနင့်လေးပင်ပြီး ဒါခင်ခတ်လတ် တစ်ယောက် သက်ပြင်းခိုးတွေ အကြိမ်ကြိမ် ချက်နေမိလျက်သား ရှိတော့သည်။

✻ ❤ ✻



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ဈေးကပြန်လာတဲ့ မေမေက ဈေးခြင်းကို မီးဖိုကြမ်းပြင်တွင် ချလိုက်ပြီးသည်နှင့် စာအုပ်တစ်ဖက် ထောင်ကိုင်ဖတ်ရင်း ငရုတ်သီးထောင်းနေတဲ့ ငွေစင့်ကို လှမ်းကြည့်လိုက်ကာ ...

"ငွေစင်"

"ရှင်"

"ထစမ်း ...၊ ညည်းကို ငါ မေးစရာရှိတယ်"

ငွေစင်သည် ဒီညနေ ဦးရဲ့အိမ်မှာ စာမေးပွဲဖြေရမှာမို့ ငွေစင် ခြေထောက်နာနေတယ့် အကြောင်းပြပြီး ဈေးကိုတောင် မသွားပါ။ စာတွေက နှစ်တစ်ဝက်စာ အားလုံးပေါင်းဖြေရမှာမို့ အများကြီး။ ဒီနေ့ မြန်မာစာ၊ အင်္ဂလိပ်စာ နှစ်ခုတောင်ဖြေရမှာ။ ပြန်နွှေးချင်တာမို့ ဈေးကိုမသွားချင်ပဲ ခြေနာတယ် ပြောလိုက်တော့ လိုတာလေးတွေဝယ်ဖို့ မေမေ သွားရသည်။





"ဟိုနှစ်ကောင် ကျောင်းသွားပြီလား"

"ဟုတ်"

"မော့စမ်း၊ ငါ့ကိုကြည့်စမ်း ငွေစင့်"

ငွေစင်က အံ့သြစိတ်ရှုပ်နှင့် မေမေ့ကို မော့ကြည့် မေမေ့မျက်နှာက တင်းထန်နေပါသည်။

"ဘာလဲ ... မေမေကလည်း"

"သေချာကြည့်စမ်း၊ မေးစရာရှိလို့ မျက်နှာကိုကြည့်ဖြေ"

"ဘာလဲလို့"

"ငါ ဈေးထဲက ကြားလာတာ၊ ရှေ့မှာ အာလူးချိန်နေတုန်း နောက်က မိန်းမနှစ်ယောက် စကားပြောနေသံကြားတာနဲ့ သူတို့ပြောနေတာ ဟိုခြံအိုကြီးက အနာရွတ်ကြီးနဲ့ ဒေါက်တာ နေမဝင်ဆိုတဲ့ လူရဲ့အကြောင်း၊ သူကလည်း အဲဒီမှာကုန် ခြောက်လာဝယ်နေရင်းက သူ့ အရင်လှည့်ထွက်အသွားမှာ ဟိုမိန်းမနှစ်ယောက်က ပြောတာ"

ငွေစင်က စိတ်ဝင်တစား နားလေးစွင့်ရင်း ...

"ဘာတဲ့လဲ, မေမေ"

"တစ်ယောက်က ပြောတယ်၊ ဒီလူ့အိမ်မှာ ခြိနံ့ပါတ်နှစ်ဆယ်က အကြီးမလေး နေ့စဉ်နဲ့အမျှ ဝင်ထွက်နေတာ သိသလားတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ငွေစင့်မျက်နှာလေးက ပျက်သွားရပါသည်။

"မေးတဲ့မိန်းမတော့ မေမေ မသိဘူး၊ မေမေက အပြင်သိပ် မထွက်တော့ ခြံတိုင်းစေ့ကလူတွေကို သိတာမဟုတ်ဘူး ဒါပေမဲ့ ဘေးမှာပါတဲ့ အမျိုးသမီးတော့ သိတယ်၊ အဲဒီခြံ အိုကြီးရဲ့ ဘေးအိမ်က ဦးခန့်လျှံရဲ့မိန်းမ ဒေါ်နန်းစီပဲ"

အဲဒီ ဒေါ်နန်းစီကြီးကို နှောင်းနှင့် ဦးတို့ ညီအစ်မက ဆိုရင် "ဘလစ် ဘလစ် ဗျစ်ဗျစ်"လို့ နာမည်ပေးထားကာ တစ်ပုံ တည်းတူတဲ့ အမူအရာကိုပင် နှောင်းက လုပ်ပြနိုင်သည်။ အသက် အရွယ် ကြီးသော်လည်း လူကြီးမဆန်၊ အင်မတန် စပ်စပ်စုစုနိုင် ကာ အတင်းတွေ ပြောတတ်ရာမှ နာမည်ထွက်လှတဲ့ အဘွားကြီး ဖြစ်သည်။

"ငွေစင်"

"... ... ..."

ငွေစင်က ခေါင်းငုံ့ကာ နေလိုက်သည်။

"မြောစမ်း ငွေစင်၊ နင် ဘာသွားလုပ်တာလဲ"

"... ... ..."

"ဒေါ်နန်းစီက ပြောတယ်၊ အမြဲတွေ့သားပဲတဲ့၊ တစ်ခါ တစ်ခါ ခြံထဲမှာ ခေါင်းချင်းဆိုင်ပြီး ပန်းအိုးတစ်အိုးကို အတူတူ ပြုစုပျိုးထောင်နေလိုက်ကြတာတဲ့၊ တစ်ခါ တစ်ခါ လည်း အိမ်ထဲဝင်သွားပြီး အသံတိတ်ပြီး စုပ်စမြုပ်စပျောက်





နေကြတာ ဘယ်နားမှာ ဘာမဟုတ်တာရုတ် လုပ်နေကြမှန်း မသိပါဘူးတဲ့။ နင် ဘာတွေသွားလုပ်နေလဲ၊ ဟင် ... ငွေစင်၊ အမိုက်မ"

ငွေစင်သည် ဒေါသတကြီး ဆတ်ခနဲ ခေါင်းထောင် လာကာ ...

"ဒီအဘွားကြီးဟာ အသက်ကြီးပြီး အချိန်မစီးတဲ့ဟာကြီး၊ အဲသလို သူ ပြောစရာလား၊ တော်တော်စုတ်ပဲ့တယ်"

"ဟဲ့ ... ပြောမှာပေါ့၊ ညည်း ဘာလို့သွားလဲ"

"ပြောရင်လည်း ပထမမိန်းမလို ရိုးရိုးပြောလေ၊ ဘယ်နား ဘယ်ရောက်မှန်းမသိ ဘာလုပ်မှန်းမသိ အိမ်ထဲဝင်သွားပြီး စုပ်စမြုပ်စ ပျောက်နေတယ်ဆိုတဲ့စကား အသံတောင်တိတ် နေလိုက်သေးသတဲ့၊ သူ ဘယ်လိုဟာမျိုးကို ရည်ရွယ်ပြီး ဘယ်လိုအဓိပ္ပာယ်ပေါက်အောင် ပြောတာလဲ၊ မေမေ နား လည်ရဲ့လား"

"ဟဲ့ ... ငါ နားမလည်ဘဲ နေမလား၊ အမြင်မတော်လွန်း လို့ တမင်တကာကို အမြင်ကတ်ကတ်နဲ့ ပိုးစိုးပက်စက် ပြောတာလေ"

"ဟင် ... မေမေ့သမီးကို အဲသလို ပိုးစိုးပက်စက်ပြောတာ မေမေက မနာဘူးလား၊ သမီးဘက်က မနာဘူးလား ... ဟင်၊ အဲသလို ပြောသံကြားလာတာနဲ့တင် သမီးကိုဘာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တရုတ်တွေ လုပ်နေသလဲလို့ တန်းအထင်လွဲစရာ လား မေမေ၊ ဒီလောက်တောင် သမီးကို အထင်သေးရလား"

"နင် သွားတယ် မဟုတ်လား၊ ဘာလို့သွားလဲ၊ ကဲ ..."

"သွားပါစေဦး၊ ငါ့သမီး အဲဒီကို သွားတယ်ဆိုရင် သွားလောက်တဲ့ ခိုင်လုံတဲ့ အကြောင်းကိစ္စတစ်ခုခု ရှိပါလိမ့်မယ်လို့ သမီးကို ယုံကြည်ပြီး တွေးမပေးဘဲ အပြင်က သွားပုပ်လေလွင့် ကြားလာတဲ့ အတင်းအဖျင်းနဲ့ပဲ တန်းပြီး အထင်လွဲတော့တာပဲလား မေမေရယ် ... ဟင်"

"ဒေါ်နန်စီ ဘာဖြစ်လို့ အဲသလိုပြောလဲ၊ ကဲ ... အတင်းဆိုတာ မျိုးစုံပြောလို့ ရတယ်၊ သူဘာကြောင့် ဒီလိုပြောတာလဲ"

"အဲဒါ ... သူက နှာဘူးမကြီးမို့လို့ပေါ့"

ငွေစင်က ရိုင်းရိုင်းစိုင်းစိုင်းပဲ ပြောချမိလိုက်ပါသည်။

"ဟုတ်တယ်၊ အသက်ကြီးပြီး အချိန်မစီး၊ အဖြစ်အပျက်တစ်ခုကို ညစ်တီးညစ်ပတ်ကစ,ပြီး တွေးတတ်လိုက်တာ၊ သူ့သမီးပျို့တွေအားလုံးက ဆတ်ကော့လတ်ကော့မတွေဖြစ်နေတော့ သူများသမီးကိုလည်း သူ့သမီးနဲ့နှိုင်းပြီး ရိုင်းရိုင်းပြောတတ်တာပေါ့၊ တောက် ... တွေ့မယ်၊ ငွေစင်နဲ့တွေ့မယ်"





"ဟဲ့ ... ဘာမှကြိမ်းဝါးမနေနဲ့၊ သူ ဘာမ,ကြီးဖြစ်ဖြစ် သူ့သမီးတွေ ဘာတွေဖြစ်ဖြစ် ငါ စိတ်မဝင်စားဘူး၊ လူကောင်းတစ်ယောက် မဟုတ်တူးဆိုပြီး နာမည်ဒီလောက်ပျက်နေတဲ့ လူကြီးတစ်ယောက်ရဲ့အိမ်ကို တစ်ခါမဟုတ် နှစ်ခါမဟုတ် နင် ဘာသွားသွားလုပ်နေတာလဲ ငွေစင်ကြယ် ... ဟင် !"

ငွေစင်သည် နှုတ်ကိုပိတ်ထားပြီး တင်းမာတဲ့ မျက်နှာကိုငုံ့ချထားရာ ပါးပြင်ကိုဖြတ်၍ မျက်ရည်ပေါက်များက မေးစေ့အောက်သို့ ပိုးပိုးပေါက်ပေါက် ပြုတ်ကျနေပါသည်။

"နင် သွားတော့ သွားသွားနေတယ်ပေါ့ ... ဟင် !၊ ဟဲ့ ဖြေလေ"

မေမေက ငွေစင့် ပခုံးလက်ပြင်ကို တစ်ချက်ထုပစ်လိုက်ပါသည်။

"သွားတယ်"

ငွေစင်က အံကြိတ်၍ ခပ်တိုးတိုး ဖြေလိုက်လျှင် မေမေသည် ငွေစင်ရဲ့လက်မောင်းနှစ်ဖက်စလုံးကို တဖတ်ဖတ်ရိုက်ကာချကာ ...

"ဟင် ... သွားတယ် ... သွားတယ် ... ဟုတ်လား၊ ကဲ ... ကဲ ... ငါတောင် မသိရဘဲ သွားနေတာ ဘယ်နှကြိမ်ရှိနေပြီလဲ"

"တစ်ပတ်ကို ငါးကြိမ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

မေမေသည် ငွေစင့်ကို အရိုက်ရပ်ကာ သူ့ရင်ဘတ်ကို သူ ဖြန်းခနဲ ချပစ်လိုက်ပါသည်။ ထို့နောက် မီးဖိုခန်းကြမ်းပြင် ကြွေပြားတွေပေါ်ကို အရုပ်ကြိုးပြတ်ပုံစံနှင့် ပစ်ထိုင်ချပစ်လိုက်ပါသည်။

"အန်တီ"

ရုတ်တရက် ထမင်းစားခန်းနှင့် မီးဖိုခန်းကိုကူးတဲ့ တံခါးပေါက်ဝမှာ ပေါ်လာပြီး မေမေ့ကို "အန်တီ"လို့ခေါ်လိုက်သူဟာ ကိုသဝဏ်။ ငွေစင်သည် အံ့သြတကြီးနှင့် ပါးစပ်လေးဟကာ ကြည့်နေမိတော့သည်။

"ဒီအထိ ဝင်လာမိတာ ဆောရီးပါ အန်တီ"

"အို ... ရပါတယ် မောင်သဝဏ်ရယ်"

မေမေသည် လူသူစိမ်းရှေ့ ညှော်သည်ရှေ့ ရုပ်ပျက်ဆင်းပျက်ကြီးကို ဖြစ်နေတဲ့ သူ့ပုံစံကိုလည်း သူ ရှက်ကိုးရှက်ကန်း ဖြစ်သည်။ ငွေစင့်အပေါ်ထွက်တဲ့ ဒေါသကိုလည်း ချက်ချင်း မသိမ်းနိုင်သေးရာ စကားမဆက်နိုင်ဘဲ ရှိပါသည်။

"အိမ်ရှေ့တံခါးက ပွင့်နေတော့ ကျွန်တော် ဝင်လာလိုက်တာ၊ ညှော်ခန်းမှာ ရောက်နေတာလည်း ကြာပါပြီ အန်တီ၊ ဘယ်သူမှ မတွေ့တော့ ဒီလိုပဲ ရပ်နေတုန်း အန်တီနဲ့ ငွေစင့်အသံ ကြားနေရတော့ ငြိမ်ပြီးနားထောင်နေသလို





လည်း ဖြစ်မှာစိုးလို့၊ ပြီးတော့ အန်တီပြောနေတဲ့ အကြောင်းအရာက ကျွန်တော် ငွေစင့်ကိုလည်း ပြောချင်နေတဲ့ အကြောင်းအရာ ဖြစ်နေတာနဲ့ ...

ပြီးတော့ ဟို ... ငွေစင့်ကိုလည်း တအားဆက်ဆူနေ ရိုက်နေမှာစိုးတာနဲ့ပဲ နောက်ဖေးဘက်ထဲ ဝင်လာလိုက်မိတာပါ အန်တီ"

သဝဏ့် စကားကြောင့် သဝဏ် ကြားပြီးသွားပြီဆိုတာလည်း သေချာတာမို့ ငွေစင့်အမေ ဒေါ်ခင်နွယ်က ဟန်ဆောင်ဣန္ဒြေဆည်မနေတော့ဘဲ ...

"ငွေစင်လေ ...၊ မိုက်လုံးကြီးမ၊ အန်တီ ဈေးထဲကနေကြားလာတော့မှပဲ ကိုယ့်သမီး ဘယ်ကိုသွားနေတယ် သိရတော့တယ်၊ ကိုယ့်သမီးက ကိုယ့်ကို ပြောပြမထားတော့ မအေဖြစ်ပြီး ဘာမှလဲ မသိဘူး၊ ရင်နာဖို့တောင် ကောင်းတယ်၊ ဒီလူကြီးက ကောင်းတဲ့လူကြီး မဟုတ်ဘူးလို့ သတင်းကထွက်နေတာ၊ တောက် ... သူ့ကိုပဲ လုပ်ပစ်ချင်တယ်"

သဝဏ်က ငွေစင့်ကို စူးနစ်စွာကြည့်ရင်း ...

"ငွေစင် ... အဲဒီ ဦးနေမဝင်ဆီ ခဏခဏ သွားနေတယ် ဟုတ်လား"

ငွေစင်က သဝဏ့်ကို ဖျတ်ခနဲ ကြည့်ကာ ...

"ကိုသဝဏ်နဲ့ ဒီကိစ္စ ဘယ်လိုများ ပတ်သက်နေလို့ပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



ငွေစင့်လေသံက ရိုရိုသေသေ မေးတာမဟုတ်ဘဲ မဆိုင်ဘဲ ဝင်ပါနေတယ်လို့ တမင်သွယ်ဝိုက် သတိပေးလိုက်တဲ့ ခပ်ထေ့ထေ့ လေသံမျိုးပင်။

"ကျွန်တော့်က ဆွေမျိုးသားချင်း တစ်ယောက်လည်းမဟုတ်ဘဲနဲ့ ဒီအိမ်ရဲ့မိသားစုအရေး၊ ငွေစင့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေမှာဝင်ပါမှာကို ငွေစင် မကြိုက်ဘူးဆိုတာ ကျွန်တော် သိပါတယ်၊ နားလည်းလည်ပါတယ်၊ တခြားကိစ္စတစ်ခုခုဆိုရင် ကျွန်တော် ဘာမှ ဝင်မပါတော့ပါဘူး၊ ခုကိစ္စကတော့ ကျွန်တော်ကိုယ်တိုင် ငွေစင့်ကို စိတ်ပူမိလို့ စိုးရိမ်မိလို့ပါ ..."

အခု ဒီအိမ်ကို လာတာကိုက ဒီကိစ္စနဲ့ ပတ်သက်ပြီး ငွေစင့်ကို ပြောမလို့ သတိပေးမလို့ လာတာပါ၊ တိုက်တိုက်ဆိုင်ဆိုင် အန်တီက ဒီကိစ္စပြောနေတဲ့ အချိန်ပေါ်မှာရောက်လာမိလို့ ဝင်ပြောမိတာပါ"

သဝဏ်က ဒေါ်ခင်နွယ်ဘက် ခေါင်းညွှတ်ရင်း ...

"အန်တီ ကျွန်တော့်ကို ခွင့်ပြုပါ၊ ကျွန်တော် ဒီကိစ္စနဲ့ပတ်သက်ပြီး ငွေစင့်ကို ပြောစရာရှိတာလေးတွေ ပြောပါရစေ"

"ခွင့်ပြုတယ် မောင်သဝဏ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး သူကောင်းဖို့ သတိပေးမယ့်ကိစ္စကို ကျေးဇူးတောင် တင်သေးတယ်၊ ပြောစရာရှိတာ မောင်သဝဏ် သိတာကိုပြောပါ၊





အန်တီက ဘာမှသိပ်သိတာ မဟုတ်ဘူး၊ အိမ်ထဲက အိမ်ပြင်လည်း သိပ်ထွက်ဖြစ်တာ မဟုတ်ဘူး၊ ကိုယ့်သမီးတစ်ယောက်လုံး ခုလို ဘာလုပ်နေတယ်ဆိုတာလည်း သူများတကာ တစ်ရပ်ကွက်လုံး မသိချင်အဆုံးဖြစ်မှ သိခဲ့ရတယ်"

ဒေါ်ခင်နွယ်သည် အသံတွေတုန်ကာ မျက်ရည်လည်လာသည်။ ဒီသမီးကြီးအတွက်မို့ ပိုပြီးထိခိုက်ခံစားလွယ်ပါသည်။ ဒီသမီးမှာ ကိုယ်ပဲရှိတာ။ ငွေစင် ကောင်းကောင်းဆိုးဆိုး ဦးတင့်ဇော်ကလည်း ဖအေရင်းမဟုတ်၍ စိတ်ဝင်စားမှုရှိတာ မဟုတ်။

ငွေစင် မဟုတ်တရုတ် တစ်ခုခုသာ ဖြစ်သွားလို့ကတော့ ပိုပြီးအနိမ့်ခံ အဖိခံရကာ ရစရာမရှိအောင် တံတွေးခွက်မှာ မျောမှာ ဒေါ်ခင်နွယ် အသိဆုံး။ ဒါတွေကြောင့် ကရုဏာဒေါသောနှင့် သာမန်ထက်ပို၍ ရင်ထဲထိခိုက်ခံစားရတာ။ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရတာ။

"ငွေစင်"

"…… …… ……"

"ငွေစင်က ဦးနေမဝင်နဲ့ သိပ်ရင်းနှီးလား"

ငွေစင်က သဝဏ့်ကို ဖျတ်ခနဲကြည့်ရင်း ...

"ရင်းနှီးတယ်"

"ခုနက တစ်ပတ်ကို ငါးရက်လောက်တောင် ရောက်တယ်လို့ ကျွန်တော် ကြားလိုက်ရတယ်၊ အဲဒါ တကယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်"

"နေ့တိုင်းနီးပါး ငွေစင် ဘာကြောင့် သူ့ဆီသွားနေရတာလဲ၊ သူက ငွေစင့်ကို လာဖို့ခေါ်သလား"

ငွေစင်သည် စိုးရိမ်တကြီး ဖြစ်နေတဲ့ သဝဏ်မျက်နှာကို နားမလည်သလို စိတ်တွေရှုပ်ထွေးလာသည်။ ခေါင်းလေးယမ်းရင်း ...

"သူက လာဖို့မခေါ်ပါဘူး၊ ငွေစင်က လာပါရစေလို့တောင်းဆိုပြီး သွားတာ"

"ငွေစင် ... ညည်း အစွဲကတ်ပြီး ဖြေမနေနဲ့"

ဒေါ်ခင်နွယ်က စိတ်တိုတိုနှင့် တစ်ခွန်း ဝင်အော်လိုက်ပါသည်။

"တကယ်ပြောတာပဲဟာ၊ ငွေစင် လာပါရစေလို့ ငွေစင်က စ,ခွင့်တောင်းတာ၊ ဦးက ပထမငြင်းနေပြီးမှ နောက်မှခွင့်ပြုလိုက်တာ၊ ငွေစင် အလကားနေရင်း အားအားလျားလျား သွားနေတာ မဟုတ်ပါဘူး မေမေ၊ ငွေစင် ဦးဆီမှာ စာသွားသင်နေတာပါ"

"စာသွားသင်တာ !!"

"ဦးက ငွေစင် ဆယ်တန်းပြန်ဖြေဖို့အတွက် အခုဘာသာစုံကို သင်ပေးနေတာ"

"ဟင် ... ကျူရှင်ပြတဲ့ သဘောပေါ့၊ အခကြေးငွေနဲ့လား"





"ဟင့်အင်း ... ဘယ်ယူပါ့မလဲ မေမေ၊ အလကားစေတနာနဲ့ သင်ပေးတာပါ"

"အို ... ရှုပ်ရှုပ်ယှက်ယှက်၊ ဘာမှန်း ညာမှန်းမသိတဲ့ နာမည်ပျက်နဲ့ဆိုတဲ့ လူတစ်ယောက်ဆီမှာ နင်က စာသွားသင်တယ် ဟင် ! သူ့အိမ်မှာ ဘယ်သူတွေရှိလဲ"

"သူ့ရယ် ခွေးတစ်ကောင်ရယ်ပဲ"

ငွေစင်က ခပ်တိုးတိုးဖြေလျှင် ...

"အမလေး ... ဘုရား ... ဘုရား တခြားအဖော်အလျော်လေးများ ရှိလို့များလားလို့၊ နင် တော်တော်မိုက်ပါလား ငွေစင်၊ နှုတ်ဆက်ရုံ အပေါ်ယံခင်မင်ရုံမက ဟိုးအိမ်ထဲအထိ နေ့စဉ်နဲ့အမျှ ဆိုသလို နင် ဝင်ထွက်နေတော့ ဘေးပတ်ဝန်းကျင်က ခုလိုပြောတာ နည်းတောင် နည်းသေးတယ် ...

နင် အမေ တစ်ယောက်လုံးကိုတောင် လုံးဝဖွင့်မပြောဘဲ စိုးပြီးလုပ်စရာလား ငွေစင် ... ဟင် ! ခွင့်လည်း မတောင်းဘူး၊ လုပ်ချင်သလိုကို လုပ်နေတာ"

"ငွေစင် လုံးဝမသွားပါနဲ့တော့၊ ကျွန်တော် တောင်းပန်ပါတယ်"

ငွေစင်က သဝဏ်ကို မျက်မှောင်တွန့်နှင့် ကြည့်ရင်း ...

"ဘာဖြစ်လို့လဲ"

"အင်မတန် အန္တရာယ်ကြီးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်"

ငွေစင်က နဖူးကို တစ်ချက်မော့လှန်ကာ လက်ဖဝါးနှင့် ဖျတ်ခနဲ ရိုက်ရင်း ...

"ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ရင်းရင်းနှီးနှီး ဝင်ဝင်ထွက်ထွက်လုပ်ရင် အနွံ့ရာယ်ကြီးရောလား ကိုသဝဏ်၊ ရိုးရိုးခင်မင်လို့ မရတော့ဘူးလား၊ ရိုးရိုးသံယောဇဉ်တွယ်လို့ မရတော့ဘူးလား"

"ဘုရား ... ဘုရား ... နင်က ဒီလူကြီးကို သံယောဇဉ်တွယ်တယ်ဆိုတဲ့ သဘောလား ငွေစင် ... ဟင် ! "

"ဦးက ငွေစင့် အဖေအရွယ်ပါ မေမေ၊ ငွေစင့်ကို စာသင်ပေးနေတဲ့အပြင် အဖေတစ်ယောက်လိုလည်း ဆုံးမတယ် လမ်းညွှန်တယ်၊ သိသင့်တဲ့ ဗဟုသုတတွေ ပြောပြတယ်။ စိတ်ဓာတ်ရေးရာအရလည်း အားပေးတယ်၊ ငွေစင် ရင်ဖွင့်သမျှကိုလည်း နားထောင်တယ်၊ ဆွေးနွေးတယ်၊ ငွေစင့်အတွက် ဘယ်တုန်းကမှ မရှိခဲ့တဲ့ အဖော်ကောင်းတစ်ယောက်ပါ မေမေ"

မေမေသည် ငွေစင့်ကို မျက်ခုံးပင့် မျက်လုံးပြူး၍ မျက်ရည်လည်သော မျက်လုံးကြီးများနှင့် ကြည့်နေသည်။

"ဟိုတစ်ရက်ကလည်း ဗဟန်းဘက်မှာ ဦးနေမဝင် မောင်းသွားတဲ့ ကားပေါ်မှာ သူ့ဘေးခုံမှာ ငွေစင် ထိုင်ပြီးပါသွား





တာ ကျွန်တော် တွေ့လိုက်တယ်၊ အဲဒါရော ဘယ်သွားကြတာလဲ"

ငွေစင်က ထုတ်တုတ်မလှုပ်ပါ။ ခေါင်းငုံ့ယ်သာ သူ့ရင်ဘတ်သူဖိရင်း တုန်တုန်ယင်ယင်ပင် ဖြစ်လာပါသည်။

"ငွေစင် မဖြေချင်ရင် ထားလိုက်ပါတော့၊ ဒါပေမဲ့ ငွေစင်တို့ အပြင်ကိုလည်း သွားလာနေတတ်ကြတယ့် ဆိုတာတော့ မငြင်းဘူး မဟုတ်လား"

ငွေစင်က သဝဏ်ကို ဆတ်ခနဲကြည့်ကာ ...

"အဲဒီတစ်ခါတည်း သွားတာလို့ ငွေစင်ကဖြေရင် ဒီတစ်ခါပဲမို့လို့ ဒီတစ်ခါကိုပဲ ဝန်ခံတာ၊ တခြားသွားတာတွေ ရှိဦးမှာလို့ မယုံသင်္ကာ ဖြစ်ကြဦးမှာပဲ မဟုတ်လား၊ ဟုတ်တယ် သွားတယ်၊ ဦးကို ငွေစင်က ဆရာလို အဖေလို ဦးလေးတစ်ယောက်လို ချစ်လို့ အားကိုးလို့ ငွေစင့်ကိစ္စတစ်ခုကို လိုက်ပို့ခိုင်းတယ်၊ အဲဒါ ဘာဖြစ်လဲ"

"ငွေစင်"

"... ... ..."

"ငွေစင်"

"... ... ..."

"ဆရာတစ်ယောက်အနေနဲ့ရော ဖခင်လိုပုံသဏ္ဌာန်မျိုးနဲ့ရော သူ့ကို ငွေစင် ခင်မင်သံယောဇဉ်တွယ်တာ ငွေစင့်



www.burmeseclassic.com

www.burmeseclassic.com



ဘက်က ဘာမှအပြစ်မရှိပါဘူး၊ ငွေစင့်စကားတွေ အားလုံးကိုလည်း နားလည်လက်ခံပါတယ်၊ ငွေစင့် ခံစားချက်ကိုလည်း သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ဒါတွေအားလုံးကို ချက်ချင်းပဲ ရပ်တန်းက ရပ်လိုက်ပါ ငွေစင်၊ ငွေစင့် ပညာရေးအတွက် လိုအပ်တဲ့အကူအညီ ကျွန်တော်ပေးပါရစေ၊ သူ့ဆီသွားပြီး စာဆက်မသင်ပါနဲ့"

"ခိုင်လုံတဲ့ အကြောင်းပြချက် ရှိလား"

"ရှိတယ်"

"အဲဒါ ဘာလဲ"

"ငွေစင် ကျွန်တော် မပြောချင်ပါဘူး၊ သူ့ဆရာမကြီးရဲ့အတိတ်ဇာတ်ကြောင်းကို အမနာပ မပြောလိုပါဘူး၊ ဒါပေမဲ့ ငွေစင့်အတွက်မို့ မပြောမဖြစ် ပြောရတာ၊ ဦးနေမဝင်ဟာ အလွန်ဆိုးဝါးတဲ့ လူမှုရေးပြစ်မှု နာမည်ပျက်ကြီးတစ်ခု ရှိခဲ့ပါတယ်၊ တော်တော် ဆိုးပါတယ်၊ မပေါင်းသင်းအပ်သူပါ၊ မနီးစပ်အပ်သူပါ"

"ဘာပြစ်မှုလဲ အဲဒါကို ငွေစင် သိရမှဖြစ်မယ်၊ အတိအကျ မသိရဘဲနဲ့တော့ ငွေစင် မစဉ်းစားနိုင်ဘူး"

သဝဏ်ဂ ဒေါ်ခင်နွယ့်ကို တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်မှ ...

"မုဒိမ်းမှု"



"ဘာ"

"ဘာ"

သားအမိနှစ်ယောက်လုံးထံမှ အာမေဍိတ်သံ ကိုယ်စီက နှစ်သံထပ်ကာ ခပ်ကျယ်ကျယ် တိုးထွက်လာသည်။

"ဦးနေမဝင်ဟာ သူ စာသင်ပေးနေတဲ့ ကျောင်းသူတစ်ယောက်ကို လိင်မှုဆိုင်ရာ နှောင့်ယှက်ဖျက်ဆီးမှု၊ ကိုယ်ထိလက်ရောက် မုဒိမ်းမှုတို့နဲ့ အဲဒီကျောင်းသူက အမှုဖွင့်တိုင်တောတာ ခံခဲ့ရတယ်"

"သူ စာသင်ပေးနေတဲ့ ကျောင်းသူ !"

ဒေါ်ခင်နွယ်က ခါးခါးသီးသီး ရေရွတ်လိုက်ပါသည်။ ငွေစင်ကား မရေရွတ်နိုင်တော့။ လုံးဝထင်မှတ်မထားတဲ့ စကားဟာ နားထဲမှာ ဗုံးလိုပေါက်ကွဲသွားခဲ့ပါသည်။ မလှုပ်နိုင်မယှက်နိုင် ငြိမ်သက်ကာ ကိုသဝဏ်ကို အငေးသားကြီး စိုက်ကြည့်နေမိသည်။

"ဟုတ်တယ် အန်တီ"

"ဟင် ... မိုက်ရိုင်းလိုက်တာ၊ ယုတ်မာလှချည်လား၊ တိုင်တော့ သင်း ထောင်မကျဘူးလား"

"မကျခဲ့ဘူး၊ ခဏတဖြုတ်တော့ အချုပ်အနှောင် ခံခဲ့ရပြီး သက်သေမခိုင်လုံဆိုပြီး လွတ်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သက်သေက ကျောင်းသူကိုယ်တိုင်ပဲပေါ့၊ သူ ပြောတာထက် ခိုင်လုံဦးမလား"

"မဟုတ်မမှန် လုပ်ကြံလီဆယ် တိုင်တန်းပါတယ်ဆိုပြီး သူ့ဘက်က အသရေဖျက်မှုတောင် ပြန်စွဲတယ်"

"တကယ်ပဲ လီဆယ်တာ မဖြစ်နိုင်ဘူးလား၊ အဲဒီကျောင်းသူရော !! "

ငွေစင်က ကမူးရှူးထိုး မေးလိုက်ပါသည်။

"အဲဒီကျောင်းသူ သေပြီ"

"ဟင်"

"သူနဲ့တူတူ ကားမှောက်ပြီး ကျောင်းသူက ပွဲချင်းပြီး ဆုံးသွားတယ်၊ ဆုံးတဲ့အချိန်မှာ ကျောင်းသူရဲ့ဗိုက်ထဲမှာ ကိုယ်ဝန်သုံးလ ရှိနေပြီ၊ သူကတော့ မျက်နှာသေရာပါ အနာရွတ်ဖြစ်ကျန်ရစ်တာကလွဲရင် သေလည်းမသေ လက်အကောင်းခြေအကောင်း ကျန်ရစ်ခဲ့တယ်"

"ကျွတ် ... ကျွတ်"

ဒေါ်ခင်နွယ်က ပါးစပ်မှ စုတ်သတ်ရင်း ...

"လုံးဝစောသွားမသင့်နဲ့တော့ ငွေစင်၊ သဝဏ် ပြောတာကြားတယ်နော်"

ငွေစင်က သဝဏ်ကိုသာ စေ့စေ့ကြည့်ရင်း ...





"ဒါတွေကို ကိုသဝဏ် ဘယ်ကသိလဲ၊ ကိုသဝဏ်ကို ဘယ်သူပြောလဲ"

"ကျွန်တော့်အမေ၊ မေမေက ဒီကိစ္စတွေကို ထဲထဲဝင်ဝင် သိခဲ့တယ်၊ ဘာလို့လဲဆိုတော့ မေမေ့ညီမရင်း ကျွန်တော့်အဒေါ်ဟာ ဦးနေမဝင်ရဲ့ချစ်သူ ဖြစ်ခဲ့လို့ပါ"

ငွေစင်က မျက်လုံးဝိုင်းနှင့် သဝဏ်ကို ကြည့်ရင်း ...

"ကိုသဝဏ့် အဒေါ်က ..."

"ဒေါ်ခင်စောသိုက်တဲ့၊ အခု ဒီမှာမရှိဘူးဗျ"

✻ ❤ ✻



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ခါတိုင်းစောစောတောင် ရောက်နေတတ်ပါလျက် အဲဒီနေ့ကမှ စာမေးပွဲလာဖြေဖို့ နောက်ကျနေတဲ့ ငွေစင့်ကို ဦးနေမဝင်က နာရီတကြည့်ကြည့်နှင့် မျှော်နေခဲ့မိပါသည်။ အချိန်တွေလွန်ကာ လုံးဝရောက်မလာတော့ဘူးလို့ သေချာတဲ့အခါကျတော့မှ ငွေစင် ပေးထားတဲ့ ဖုန်းနံပါတ်နှင့် လှမ်းကာ ဖုန်းဆက်မေးဖြစ်သည်။

ဖုန်းကမှားနေသည်။ ဖုန်းနံပါတ်မှန်သည်၊ သို့သော် ဦးတင့်ဇော်အိမ်လည်း မဟုတ်၊ ငွေစင်ကြယ် ဆိုတာလည်းမရှိပါတဲ့။ ဒီတော့မှပဲ ငွေစင် ဖုန်းနံပါတ်အမှားကြီး ပေးထားသလားလို့ စဉ်းစားမိလာတာဖြစ်သည်။ ဒါတောင်မှ ငွေစင် ပါးစပ်ကရွတ်တာကို သူက လိုက်ရေးမှတ်စဉ်က နားကြားများ မှားသွားလို့လားလို့ တွေးမိပါသည်။





နောက်တစ်ရက်မှာတော့ ဦးနေမဝင်သည် ဟောဟော ဒိုင်းဒိုင်း တိတိကျကျသမား ဖြစ်တဲ့အတိုင်း အောင့်အည်းမနေနိုင်ဘဲ ခြံနံပါတ်(၂၀)ရှိရာသို့ ရှာဖွေပြီး လမ်းလျှောက်လာခဲ့သည်။ ငွေစင်တို့ခြံဘက်သို့ တစ်ခါမှ မလျှောက်ဘူးပါ။ စတိုးဆိုင်လေးတွေ မုန့်ဆိုင်လေးတွေဟာလည်း တခြားတစ်ဖက်ထိပ်မှာမို့ ဆိုင်တွေရှိသောဘက် ပန်းခြံရှိရာနှင့် တစ်ဖက်တည်းသို့သာ ဦးတည်ထွက်မိတတ်သည်။

ကားနှင့်ဆိုရင်လည်း အတူတူပင်။ ကားလမ်းမကြီးပေါ်ရောက်ဖို့ လမ်းသင့်ရာဘက်ကသာ ထွက်သွားလိုက်တာ။ ခုမှပဲ ခြံနံပါတ်တွေကို ရှာဖွေဖတ်ကာ ငွေစင်တို့ခြံဘက်ရောက်လာသည်။ (၂၀)ဆိုတဲ့ နံပါတ်ရဲ့အထက်မှာ ဦးတင့်ဇော်(......) Co.Ltd "ဆိုတဲ့ ဆိုင်းဘုတ်ကြေးပြားလေး တွေ့တာမို့ ဒီခြံတော့ အမှန်ပဲလို့သိကာ အုတ်တိုင်မှ လူခေါ်ဘဲလ်ကို နှိပ်လိုက်ပါသည်။

အိမ်ထဲက ဘဲလ်သံကို ကြားရချိန်မှာ ကံကောင်းထောက်မစွာ ငွေစင်က ရေချိုးခန်းတွင်းရောက်နေပြီး အပြင်မှာ ဒေါ်ခင်နွယ်နှင့် မိနုးသာရှိသည်။ မိနုးက အဝတ်လျှော်နေရာမှ ဧည့်ခန်း ပြတင်းပေါက်ဆီထ,လာကာ ခြံတံခါးဆီ လှမ်းကြည့်လိုက်ရင်း ...

"အမာ ... ဧည့်သည်လာတယ်"

"ဘယ်က ဧည့်သည်ပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်နွယ်က ကိုယ့်ဟာကိုယ် ရေရွတ်လိုက်တာ ဖြစ်သော်လည်း မိနှုးက ...

"လမ်းထဲက ညော့်သည်ပဲ အမာ၊ ဟိုအနာရွတ်ကြီးကြီးနဲ့ ဒေါက်တာ ဆိုတာ၊ ကိုရာဂျစ် အလုပ်သွားသွားဆင်းရတဲ့ အိမ်ကပဲ"

ဒေါ်ခင်နွယ်က ရင်ဘတ်ကိုဖိကာ မျက်လုံးမျက်ဆန် ပြူးသွားရပြီး ...

"ဟယ် ... အဲဒီဒေါက်တာ လာနေတယ် ဟုတ်လား"

"ဟုတ်တယ် အမာ၊ ခြံတံခါး သွားဖွင့်ပေးလိုက်ရမလား"

"မဖွင့်နဲ့၊ ငွေစင် ဘယ်မှာလဲ ... ငွေစင်"

"ဟိုဘက်ရေချိုးခန်းမှာ ရေချိုးနေတာထင်တယ်၊ ပိုက်က ရေကျသံတွေ ကြားနေရတယ် အမာ"

"မိနှုး ... နင် အဲဒီရေချိုးခန်းနားက သွားစောင့်နေစမ်း"

"ဘာလုပ်ဖို့လဲ အမာ"

"ငွေစင် အပြင်ထွက်လာမှာစိုးလို့၊ ဒီညော့်သည် ရောက်နေတာ ငွေစင် မသိစေနဲ့၊ အပြင်ကိုလည်း ထွက်လိုက်မလာစေနဲ့၊ နင် စောင့်ကြည့်နေစမ်း၊ ကြားလား"

"ဟုတ်"

မိနှုးက အူကြောင်ကြောင်နှင့် နားမလည်နိုင်သလို ဖြစ်နေသည်။





"ဒီ ... ဒီ ..."

ဘဲလ်သံက နားလိုက် မြည်လိုက်။ ဒေါ်ခင်နွယ်သည် ခြေမကိုင်မိ လက်မကိုင်မိနှင့် ဘယ်ကစလို့ ဘယ်လိုပြောဆို ဆက်ဆံရမည် စဉ်းစားမရ ဖြစ်နေသည်။ အို ... ခပ်ရှင်းရှင်း ခပ် ပြတ်ပြတ် ပြောတာပဲ ကောင်းတယ်။ အိမ်ရှေ့တံခါးကို ဖွင့်ထွက် သွားမည် ပြင်ပြီးမှ လက်ထဲမှာ လက်သုတ်ပဝါကြီး ပါနေတာ သတိပြုမိပြီး မိနှုး လက်ထဲ ထိုးထည့်ပစ်ခဲ့ရသေးသည်။

ခြံထဲကိုဆင်းကာ ခြံတံခါးဘက် ဦးတည်လျှောက် လာတဲ့ ဒေါ်ခင်နွယ်သည် ခြံတံခါးဝအထိ စကားသွားပြောဖို့ ရည်ရွယ်ခဲ့ပေမယ့် ဦးနေမဝင်ကို လှမ်းမြင်လိုက်သောအခါ ခြံတံခါး နှင့် ဆယ့်ငါးပေလောက် ဝေးသေးတဲ့ နေရာမှာပင် ခြေကိုစုံရပ် လိုက်မိသည်။ ရိုး၍ ကြောက်တတ်ကာ ဟန်မဆောင်တတ်သူလည်း ဖြစ်ရာ လူမှုရေးတို့ ဘာတို့ကိုလည်း ရှေ့တန်းမတင်တတ်။

"ဘာကိစ္စရှိလို့လဲ"

မနှစ်မြို့တာလည်း ပါဝင်သိသာအောင် ချိုသာယဉ် ကျေးစွာပင် မပြောမိ။

"ကျွန်တော် ဦးနေမဝင်ပါ ခင်ဗျာ"

ဦးနေမဝင်ဟာ ဒီအမျိုးသမီး သူ့ကို ဦးနေဝင်မှန်း မသိလို့သာ။ သိရင်တော့ သူ့သမီးကို မေတ္တာစေတနာနှင့် စာပင်



www.burmeseclassic.com

www.burmeseclassic.com



ပေးနေတဲ့ ဆရာဖြစ်တဲ့အတွက် ကျေးဇူးတင်နေမှာဖြစ်ရာ ပျာပျာသလဲ ကြိုဆိုမှာပဲလို့ မျှော်လင့်ထားတာ ဖြစ်သည်။ သို့သော် ထိုအမျိုးသမီးက ပုံစံပြောင်းမသွားဘဲ မျက်မှောင်ကုတ်ကုတ်နှင့် မဆက်ဆံချင်တဲ့ရုပ် ဖြစ်နေရာ အိုးတိုးအမ်းတမ်း ဖြစ်သွားရပါသည်။

"ငွေစင်ကြယ် ရှိပါသလား ခင်ဗျာ"

"ဘာကိစ္စရှိလို့လဲ"

ဒေါ်ခင်နွယ်က ဒါပဲ ထပ်မေးသည်။

"ကျွန်တော် ငွေစင့်ကို စာသင်ပေးနေတဲ့ ဆရာဦးနေမဝင်ပါ၊ မနေ့က စာမေးပွဲရှိရက်နဲ့ လာမဖြေတော့ နေပဲမကောင်းလို့လားလို့ပါ၊ တစ်ခါမှ ကျောင်းမပျက်ဖူးလို့ ဘာများဖြစ်လို့လဲဆိုပြီး သတင်းလာမေးတာပါ"

ဒေါ်ခင်နွယ်က ခေါင်းကိုယမ်းခါလိုက်ကာ အသံကတုန်ကယင်နှင့် ...

"ကျွန်မ သူ့အမေပဲ၊ ဆရာ့ဆီမှာ သူ စာသင်နေတာကို ကျွန်မ ခွင့်မပြုဘူး"

"ဗျာ"

"သူ နောက်ကို ဘယ်တော့မှ စာလာသင်တော့မှာ မဟုတ်ဘူး"

"ဘာ ... ဘာဖြစ် ..."





"ကျွန်မ သဘောမတူဘူး၊ အရင်က မသိလို့ပါ၊ ခုတော့ ကျွန်မက မလွှတ်တော့ဘူးဆိုတော့ သူ့ကို ဘာကိစ္စအတွက်မှ ထပ်ဆက်သွယ်ဖို့ မကြိုးစားပါနဲ့တော့"

"ဗျာ"

ဦးနေမဝင်သည် ရင်ထဲ အောင့်သွားရကာ ...

"ကျွန်တော်က သူ့ကို အလကား လာဆက်သွယ်နေတာ မဟုတ်ဘူးဗျ၊ သူက ဆက်သွယ်လာပြီး စာသင်ပေးဖို့ အကူညီတောင်းခဲ့တာ၊ စာသင်တဲ့ကိစ္စ ပညာရေးကိစ္စအတွက်ကလွဲရင် တခြားဘာကိစ္စနဲ့မှလဲ ကျွန်တော်ကဆက်သွယ်ဖို့ မရှိပါဘူး"

"ဟုတ်ပါတယ် ... ကောင်းပါတယ်၊ သူလည်း လာတော့မှာ မဟုတ်ဘူး"

ဦးနေမဝင်သည် ခံပြင်းအောင့်သက်စွာ မျက်မှောင်ကြီးလည်း ကုတ်မိကာ ...

"ကျွန်တော့်ဆီ ငွေစင် စာလာသင်ဖို့ကို ခင်ဗျား လက်ခံသဘောတူခဲ့ပြီးသား မဟုတ်လား"

"မဟုတ်ပါဘူး၊ ဘယ်တုန်းမှ ကျွန်မ သဘောမတူခဲ့ဘူး၊ သိတောင် မသိခဲ့ဘူး၊ သူ တိတ်တိတ်လေး ခိုးပြီးသွားသင်နေတာ၊ မနေ့ကမှ ကျွန်မသိတာ၊ ကျွန်မ မသိလို့ပေါ့၊ ကျွန်မသိရင် လုံးဝခွင့်မပြုခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမဝင်သည် ပါးကို အရိုက်ခံရတာလို နာကြည်းခံပြင်းသွားကာ မျက်နှာတွေပင် နီရဲလာသည်။ သူ့စိတ်ကို နာကျင်ထိခိုက် ဒဏ်ရာရစေသော စကားမျိုးကို လူတွေမကြားတကြား ကွယ်ရာက အတင်းပြောနေကြမှာ သိသော်လည်း ဒီလိုတည့်တည့်ကြီး တိုက်ရိုက်အပြောခံရတာ မကြားရတာတော့ ကြာခဲ့ပြီမို့ သွေးတွေပင် ပူလောင်ဆူဝေလာပါသည်။

"ကျွန်မ တကယ်မသိတာ၊ သိရင် ဘယ်ခွင့်ပြုပါ့မလဲ၊ ရှင့်ရဲ့ကိုယ်ရေးကိုယ်တာ အကြောင်းအရာတွေလည်း ကျွန်မကြားပါတယ်၊ နောက်လည်း ငွေစင့်ကို ခုလိုလာမရှာပါနဲ့၊ လာမခေါ်ပါနဲ့၊ ငွေစင့်ကိုလည်း ကျွန်မက ဘယ်တော့မှ မလွှတ်တော့ဘူး"

ဦးနေမဝင်က ငွေစင့်အမေကို စေ့စေ့အကဲခတ်လျက်ကြည့်သည်။ ဒီမိန်းမဟာ ခပ်ရိုးရိုး တုံးတုံး အေးအေးစက်စက်နှင့် မျက်နှာက ကလေးတစ်ယောက်နီးပါး အပြစ်ကင်းစင်လှသည်။ သူတစ်ပါးကို နာကျင်ထိခိုက်စေလိုကာ တမင်တကာ ထိုးနှက်မယ့် မိန်းမစားမျိုး ဟုတ်ပုံမရ။ စကားအပြောအဆို မတတ်တာ။

ဦးနေမဝင်က သက်ပြင်းကြီး မှုတ်ထုတ်ရင်း ပခုံးတစ်ချက် တွန့်လိုက်ပါသည်။

"ပြီးတာပါပဲဗျာ၊ ကျွန်တော်က နေမကောင်းဘူးလားလို့ သတင်းလာမေးတာပါ၊ မလွှတ်တော့လို့ မလာတာဆိုရင် ပြီးတာပါပဲ၊ နောက်လာမရှာပါဘူး"



"အပြင်မှာလည်း သူ့ကို မခေါ်ပြော မဆက်ဆံပါနဲ့"

ဦးနေမဝင်က ခဏငြိမ်ကာ ရပ်နေပြီး ခေါင်းတညိတ်ညိတ်နှင့် လှည့်ထွက်သွားပါတော့သည်။ အမူမဲ့ အမှတ်မဲ့ပုံစံနှင့် အသာအယာ လှည့်ထွက်လာသော်လည်း ရင်ထဲမှာ နာကျင်ပြီး အတော်ကြီး ခံစားလာခဲ့ရပါသည်။ သူ့အရိပ်မည်းဟာ မပြီးသေးပါလား။ ရိုက်ခတ်ဆဲပါလား။ သူ့နောက်က တကောက်ကောက်လိုက်ကာ ကပ်ပါခြောက်လှန့်ဆဲပါလား။

သူသည် ငွေစင်ကလေးကို အတော်သံယောဇဉ်ကြီးမိသည်ဖြစ်၍ ရင်ထဲမှာ တော်တော်နာနာကျင်ကျင် ခံစားရပါသည်။ သံယောဇဉ်ကြီးခဲ့သည်မှာလည်း သူ့ရဲ့ ခုနောက်ပိုင်းသက်တမ်းအနှစ် နှစ်ဆယ်နီးပါးမှာ ဘယ်မိန်းကလေး ကြီးကြီးငယ်ငယ်နှင့်မှ မပတ်သက် မခင်မင်မိတော့၍ ဖြစ်သည်။

ငွေစင့်ကိုကျမှပဲ ကိုယ့်ဆွေမျိုးသားချင်းမလေးတစ်ယောက်နှယ် သူ့အဖြစ်ကလေးကိုပါ ကိုယ်ချင်းစာပြီး ကြင်နာရာကတိုးလာခဲ့တဲ့ သံယောဇဉ်ပါ။ တကယ်လည်း မကျူးလွန်ခဲ့ရတဲ့ပြစ်မှုနာမည်ပျက်ကြီးဟာ ဒီလောက်နှစ်တွေပေါင်းများ ပွာ ကြာတဲ့အထိ မကျေပျက်သေးဘူးလား။

ကိုယ့်အိမ်အထိ လမ်းလျှောက်ပြန်လာတဲ့ ဦးနေမဝင်သည် ကြေကွဲယူကျုံးမရသော အတွေးတွေနှင့် ရင်ထဲမှာ နှလုံးသားကို ညှစ်ကိုင်ဆုပ်ဆွဲထားသလို အောင့်ကျိန်းနာကျင်လာပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အသက်ရှုရတာပင် မော၍ပြီးကျပ်လာသည်။ သူဟာ နလုံးသွေးကြောကျဉ်းတဲ့ ဝေဒနာကို ခံစားခဲ့ရတာလည်း နှစ်ပေါင်းများစွာ ရှိခဲ့ပါပြီ။

သူ့သက်တမ်းတစ်ဝက်နီးပါးလောက်ဟာ အသားမသေ အဖေးမတက်ဘဲ ယောက်ပက်ကြီး ဖြစ်နေတဲ့ ဒဏ်ရာဝေဒနာကြီးကို ရင်ထဲ ကျိတ်မြိုအောင်းပိတ်ပြီး မချိတရိ ခံစားနာကျင်နေခဲ့ရတာ။

မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းတွေနဲ့ပင် အဆက်အသွယ်ဖြတ်ပြီး လူ့ပတ်ဝန်းကျင်ထဲကနေ ရှောင်ပြေးလျက် တစ်ကိုယ်တည်း အထီးကျန်ကျန် နေလာခဲ့တာ။

ဤအတောအတွင်းတွေထဲမှာ သူ့ဘဝဟာ အချိန်ပြည့် နာကျင်ဆိတ်သုန်းနေခဲ့တာပင်။ ငွေစင် ဆိုတဲ့ ကလေးမလေးနဲ့ကျတော့ ရေးရေစက်ပါလာခဲ့သလို သံယောဇဉ်ဖြစ်ပြီး သနားမိပြီး သူ တစ်သက်လုံး ပြန်မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားတဲ့ စာသင်တဲ့အလုပ်ကိုတောင် ပြန်လုပ်ဖြစ်ခဲ့တာ။

ဦးနေမဝင်သည် အတွေးတွေနှင့် လူကြီးတန်မဲ့ ယောကျာ်းတန်မဲ့ ဝမ်းနည်းလာသည်။ ငိုချင်လာသည်။ အိမ်ပြန်ရောက်ကတည်းက ငူငူကြီး ထိုင်နေလိုက်သည်မှာ ထမင်းလည်း ထမစားဖြစ်၊ ဘာမှမလုပ်ဖြစ်ဘဲ ထိုင်နေကျ ကုလားထိုင်ကြီးမှ မထစတမ်းပင်။





ငွေစင်တို့အိမ်မှာတော့ မိန္နးသည် ညှော်ခန်းပြတင်းပေါက်မှ ဒေါ်ခင်နွယ်နှင့် ဦးနေမဝင် စကားပြောနေတာကို ချောင်းကြည့်နေခဲ့ပြီး ဦးနေမဝင် အတွက် စိတ်မကောင်းဖြစ်နေခဲ့ပါသည်။ သူ့ယောက်ျား ကိုရာဂျစ်က သူ့ကို မကြာခဏ ခေါ်ခေါ်နိုင်းတဲ့ ဦးနေမဝင်ကို ခင်မင်သည်။ တခြားခြံတွေက အတင်းအဖျင်း စကားမျိုး ကြားရရင်တောင် သူက သေချာလည်း မသိဘဲ ဝင်ဝင်ငြင်းကာ ဦးနေမဝင်ဘက်က ကာကွယ်တတ်သည်။

ဦးနေမဝင် လှည့်ပြန်ခါနီး အချိန်မှာပဲ ရေချိုးခန်းတံခါးဖွင့်၍ ငွေစင် ထွက်လာရာ ငွေစင် အပြင်မထွက်လာအောင် ထိန်းဖို့နေနေသာသာ မသိသေးတာကို မသိသလိုသာ မထားဘဲ ...

"ငွေစင် ... ငွေစင်၊ ဟို ဒေါက်တာကြီး လာတယ်တော့"

"ဘယ်ဒေါက်တာကြီးလဲ"

"ငွေစင် စာသွားသင်တဲ့ ဒေါက်တာကြီးဟာလေ၊ ဒေါက်တာနေမဝင်လေ"

"ဟင် ... ဘယ်ကိုလာတာလဲ"

"ဟိုမှာလေ ခြံဝကို၊ ဟင် ! မရှိတော့ဘူး၊ ဟော ... ဟော ဟိုမှာလှည့်ပြန်သွားနေပြီ"

ငွေစင်သည် ညှော်ခန်းပြတင်းပေါက်တစ်ခုမှ ဦးနေမဝင် ကျောပြင်ကို ရိပ်ခနဲ လှမ်းတွေ့လိုက်ရာ စိတ်မကောင်းဖြစ်မိခြင်းနှင့်အတူ ခြံထဲကို အပြေးဆင်းဖို့ အိမ်ရှေ့တံခါးပေါက်



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ဦးတည်လိုက်သော်လည်း မမီလိုက်တော့ပါ။ ချက်ချင်း အိမ်ပေါ်ပြန်တက်လာတဲ့ မေမေက သံတံခါးကို ချက်ချင်းသော့ ခတ်ချလိုက်သည်။

"မေမေ ဦးကို ဘာပြောလိုက်တာလဲ"

"ဘာပြောလိုက်ရမှာလဲ၊ ညည်းကို စာဆက်သင်ခွင့်မပေးတော့ဘူးဆိုတာ ပြောလိုက်တာပေါ့"

"ဦးက ဘာလာပြောတာလဲ မေမေ"

"ညည်း ဘာဖြစ်လို့ သိချင်နေသေးတာလဲ၊ ညည်းလည်း သူ့ဆီသွားစရာ မလိုတော့ဘူး ပြီးပြီပေါ့၊ သူလည်း နောက်လာမှာ မဟုတ်ဘူး"

ငွေစင်သည် သက်ပြင်းလေးတစ်ချက်ချရင်း ...

"မေမေ ဦးနေမဝင်ဟာ သမီးရဲ့ကျေးဇူးရှင်ပါ၊ အခုဟာက သူ့ဆီကို ထပ်သွားဖို့ သမီး တောင်းဆိုနေတာ မဟုတ်ပါဘူး၊ သူ ဘာလာပြောလဲ မေမေ ဘာပြောလိုက်လဲ မေးကြည့်နေတာပါ"

"ညည်း မလာလို့ သူက ဘာကြောင့်လဲ လာမေးတာပေါ့"

"အဲဒီတော့ မေမေ ဘယ်လို ပြောလိုက်လဲဟင်"

"ဘာပြောရမှာလဲ၊ ရှင့်အကြောင်းတွေ အားလုံးကြားတယ်၊ ငွေစင် ခုလိုရှင့်ဆီလာနေတာ မသိလို့၊ သိရင်မလွှတ်ဘူး၊





အခုသိတော့ နောင်ကို မလွှတ်တော့ဘူး၊ လာလည်းမခေါ်နဲ့၊ လမ်းတွေ့ရင်လည်း မဆက်ဆံပါနဲ့လို့ပေါ့၊ ဒါပဲပေါ့"

ငွေစင်သည် ခေါင်းကလေး ဖြည်းဖြည်းယမ်းကာ မျက်နှာကို လက်ဝါးလေးနှစ်ဖက်နှင့် အုပ်လိုက်ပါသည်။

"ရက်စက်လိုက်တာ မေမေရယ်"

"ဘာရက်စက်တာလဲ၊ ငါမှ ဆက်ဌင့်မပြုနိုင်ဘဲ"

"မေမေ ခွင့်မပြုနိုင်တာ မှန်ပေမယ့် ဒီထက် စိတ်သက်သာရာရမယ့် အကြောင်းပြချက်ပေးပြီး နားခံသာအောင်ပြောသင့်ပါတယ် မေမေရယ်၊ ဦး စိတ်မကောင်း ဖြစ်သွားတော့မှာပေါ့"

"မဖြစ်ပါဘူးအေ၊ ခပ်တည်တည်ပါပဲ၊ ခေါင်းတညိတ်ညိတ်နဲ့ အေးအေးဆေးဆေးပဲ လှည့်ထွက်သွားတာပါ"

"မေမေ့ရှေ့မှာ မျက်ရည်ပေါက်ပေါက် ကျသွားမှ မေမေက စိတ်မကောင်း ဖြစ်သွားတယ် ထင်မှာလား၊ မေမေ့စကားတွေကို စဉ်းစားကြည့်ပါဦး။ လူတစ်ယောက်ရဲ့သိက္ခာနဲ့ မာနကို ဘယ်လောက်တောင် ထိပါးထားသလဲ၊ ငွေစင် နေမကောင်းသေးလို့ ဆိုတာမျိုး၊ အို ... တစ်ခုခုဘာပဲဖြစ်ဖြစ် လိမ်ညာပြီးတော့ပဲ အကြောင်းပြလိုက်တာကမှ တော်ပါသေးတယ် မေမေရယ်၊ ဦး အရမ်းကို စိတ်ထိခိုက်သွားမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းက 'ဦး' ... 'ဦး'နဲ့ ဘာဖြစ်လို့ ဒီလောက်တောင် ခင်တွယ်နေရတာလဲ၊ ဘုရားသိကြားမ,လို့ ညည်း ခုထိ ဘာမှမဖြစ်သေးတာ၊ အရင်တစ်ခါကလည်း စာသင်ပေးရတဲ့ ကျောင်းသူကိုဆိုတာတောင် ညည်းနည်းနည်းကလေးမှ ထိတ်လန့်တဲ့စိတ် မဝင်ဘူးလား ငွေစင် ... !"

"သူ့မှာ အပြစ်မရှိလို့ သူ လွတ်တာပေါ့ မေမေ"

"ဒါတော့ အတိအကျ ဘယ်ပြောလို့ရမလဲ၊ သက်သေမနိုင်လို့ဘူးဆိုတာဟာ အပြစ်မရှိဘူး ဆိုတာနဲ့ တခြားစီပါအေ"

"မေမေ ...၊ ဦးက သိက္ခာရှိတဲ့ လူကြီးလူကောင်း တစ်ယောက်ပါ၊ သမီး အဲဒီမှာ စာသွားသင်နေတာ မနှစ်က နှစ်မကုန်ခင် ဒီနှစ်ထဲ မကူးခင်ကတည်းကပါ၊ ခုဆိုရင် တစ်နှစ်နီးပါးတောင် ကပ်လာပါပြီ၊ လူယုတ်မာဆိုရင် အသိသာကြီးပါ မေမေရယ်"

ငွေစင့် ပါးပြင်ပေါ် မျက်ရည်လေးများ တလိမ့်လိမ့် စီးကျနေပါသည်။

"အဲဒါ အယုံသွင်းနေသေးတာပေါ့"

မေမေဟာ စွဲမိစွဲရာနှင့် ကိုသဝဏ် စကားကို စွဲမြဲ ယုံကြည်ကာ အစိုးရိမ်လွန်ကဲနေတော့တာပင်။

"ငွေစင် ... သမီး၊ သမီး လိမ္မာပါတယ်ကွယ်၊ ခုဆိုရင်လေ မေမေ့ကို သဝဏ်က ဘာပြောသွားသလဲ သိလား သမီး"





"ဘယ်သိမှာလဲ"

"ရှင်မင်းဦးကို သူက ညီမတစ်ယောက်လိုပဲ ခင်မင်ပါတယ်တဲ့၊ တော်ကြာ သူ့ကို ရှုပ်ရှုပ်ယှက်ယှက်သမားလို့ အမေဖြစ်တဲ့ မေမေက ယူဆနေမှာစိုးလို့ ပြောပြတာတဲ့၊ သူ့အဖေက စီးပွားဖက်ချင်းမို့ ဦးတင့်ဇော်နဲ့ ခမည်းခမက်တော်ရရင်လည်း နှစ်သက်တယ်ဆိုတဲ့ သဘောပြောဖူးတာမှန်ပေမယ့် သူက ဦးတင့်ဇော်ရဲ့ မယားပါသမီးဖြစ်တဲ့ သမီးကြီး ငွေစင်ကြွယ်ကိုသာ သဘောကျတယ်ဆိုတာ အိမ်ကို ပြောပြလိုက်ပြီတဲ့၊ သူ့အိမ်ဘက်က မီးစိမ်းပဲတဲ့၊ မေမေ့ကို ကြိုဖွင့်ပြောရတာက ဦးတင့်ဇော်ရော ရှင်မင်းဦးရော သဘောပေါက်အောင် နည်းနည်းပါးပါး စကားသွင်းထားနိုင်ဖို့တဲ့"

ငွေစင်သည် ရင်တွေခုန်လှုပ်လာရသော်လည်း ...

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ သမီး၊ သမီး ကံကောင်းတာပေါ့၊ မေမေတော့ သဘောတူတယ်၊ သူကိုယ်တိုင် စိတ်ပူနေတဲ့ ဒီကိစ္စကြီးကို ရပ်တန်းကရပ်ပြီး ယတိပြတ်ဖြတ်ပါ သမီးရယ်၊ သမီး ယုံကြည်တာဟာ မှန်ပစေဦး၊ သူ့ကို အဆက်အဆံ ရပ်လိုက်တဲ့အတွက် သူ့မှာလည်း ဘာမှအကျိုးယုတ်စရာ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုယ်ကစ,အကူအညီတောင်း။ ကိုယ့်ကို စေတနာမေတ္တာနဲ့ ပညာသင်ပေးနေတုန်း ကိုယ့်ဘက်က သူ့သိက္ခာကို ထိခိုက်စေတဲ့ စကားမျိုးပြောပြီး ယတိပြတ်ဖြတ်ချလိုက်လို့ပဲတော့ ဘယ်ဖြစ်နိုင်မလဲ။ ဦးကို စော်ကားရာကျတော့မပေါ့ မမေရယ်။

* ❤ *





## ၁၃

"ဦး ..."

"ကလောင် ... ကလောင် ... ကလောင်"

"ဦးရေ"

ငွေစင်သည် ဆက်တိုက် အာခေါင်ခြစ် အော်နေရ၍ လည်ချောင်းတွေပင် ကွဲလာသလား ထင်မိသည်။ မမေ နေ့လယ်ခင်း တစ်ရေးတစ်မှေး အိပ်ပျော်တုန်း အိမ်တံခါး ခြံတံခါးတို့ကို သော့ဖွင့်ပြီး ခိုးထွက်လာတာ။ စောစောပိုင်းကတော့ မမေသည် ငွေစင့်ကို မျက်ခြည်မပြတ် စောင့်ကြည့်နိုင်သော်လည်း ဆယ်ရက်လောက် ကြာလာချိန်မှာတော့ နည်းနည်းပေါ့ဆလာပါသည်။

အိမ်မှုကိစ္စတွေကလည်း တစ်ဖက်မို့ မမေဟာ အချိန်ပြည့်တော့ ငွေစင့်ကို မျက်စိဒေါက်ထောက် မကြည့်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးနေမဝင် ...၊ ဦးရေ"

အိမ်နဲ့ ခြံတံခါးဝဟာ လှမ်းစာယ်ဆိုပေမယ့် အော်ခေါ်သံကို မကြားနိုင်လောက်တဲ့ အထိတော့လည်း မဟုတ်ပေ။ နေပူကြီးထဲ မြန်မြန်ရောက်အောင် ပြေးလာခဲ့ရ၍ ငွေစင့် တစ်ကိုယ်လုံး ချွေးတွေရွှဲကာ နဖူးပြင်က ချွေးသီးချွေးပေါက်တွေကတော့ တစ်ကိုယ်လုံးပေါ်ကို စီးသွယ်ကျနေတော့တဲ့အထိ အပေါက်ပေါက်ပင်။

စက်ဘီးကို မေမေက ကားဂိုဒေါင်ထဲမှာ သံကြိုးချည် သော့ခတ်ထားလိုက်တာမို့ စက်ဘီးနှင့် လာလို့မရတော့၍ ဒလကြမ်း ပြေးလာတာဖြစ်ရာ ရင်ကလေးနိမ့်ချည် မြင့်ချည်ဖြစ်တဲ့အထိ အသက်ပြင်းပြင်းရှူကာ မောဟိုက်နေပါသည်။

"ဦး ...၊ ဦးနေမဝင်"

ကုန်းအော်ကာ ခေါင်းလောင်းလေးကိုလည်း အဆက်မပြတ်တီးနေဆဲ တစ်ဖက် ခြံနှင့်ခြံစည်းရိုးအစပ်မှ တစ်စုံတစ်ယောက် ဘွားခနဲ ပေါ်လာကာ ...

"ဒီလောက် အော်နေ ခေါ်နေတာ ထွက်မလာမှတော့ မရှိလို့ ဖြစ်မှာပေါ့ကွယ့်"

ပျစ်နှစ်နှစ် ချိုပျဲ့ပျဲ့ အသံကြီးကြောင့် ငွေစင်က လှည့်ကြည့်လိုက်လျှင် ဒေါ်နန်းစိကြီးရဲ့မျက်နှာကို မြင်လိုက်ရပါသည်။ မေမေသိအောင် အာကျယ်ကျယ်နဲ့ အတို့အထောင်လုပ်





လိုက်တဲ့ မိန်းမကြီးပဲ။ သိပ်အ,မနာပ အတင်းအဖျင်း ပြောချင်တဲ့ မိန်းမကြီး။ ကိုယ်ဂဃနဏမသိဘဲ သူတစ်ပါးကို ပက်ပက်စက်စက် ချိုးဖဲ့ပြောချင်တဲ့ မိန်းမကြီး။ ငွေစင်သည် အလိုအလျောက် တင်းမာခက်ထန်သွားတဲ့ မျက်နှာနှင့် ဒေါ်နန်းစိကြီးကို မျက်စောင်းတစ်ချက် ထိုးလိုက်ကာ ...

"ဟိုမှာ ဦးရဲ့ကား ရပ်ထားတာတွေ့လို့ ကျွန်မ ခေါ်နေတာ"

"ကားရပ်ထားလည်းပဲ လမ်းလျှောက်ပြီး ထွက်သွားတာမျိုးဆိုရင် ညည်း ဘယ်လိုလုပ်ပြီး အော်ခေါ်နေလို့ ရမလဲ"

"ဒီမှာ သော့ကို အတွင်းဘက်က ခတ်ထားတာ"

"အပြင်ထွက်ပြီးမှ အတွင်းကို လက်ပြန်လျှိုပြီး ခတ်လည်း ရတာပေါ့"

ကျွတ် ...။ ဘယ်သူက အပင်ပန်းခံပြီးတော့ ခက်ရာခဲဆစ် လက်ပြန်လျှိုဝင်ပြီး သော့ခတ်နေမှာလဲ။ အပြင်မှာပဲ ခတ်လိုက်မှာပေါ့။ အဲဒီထက်ကို ဦးနေမဝင် ရှိကိုရှိတယ်လို့ ဘယ်ဟာက သေချာစေမှန်း မသိဘဲ ငွေစင် သေသေချာချာကို သိနေတာ။

ဒီခြံရှေ့ရပ်လိုက်ကတည်းက အထဲမှာ ဦးရှိနေတယ်ဆိုတဲ့ အငွေ့အသက် တစ်မျိုးကို စိမ့်ပျံ့ပြီး ခံစားနေရတာ။

"ဦး ... ဦးရေ၊ တံခါးလာဖွင့်ပါ၊ ငွေစင်ပါ"

ငွေစင်က ပါးစပ်ဝမှာ လက်ဝါးနှစ်ဖက်ကာပြီး ထပ်အော်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဒီမှာ၊ ညည်း ဘယ်အချိန်ထိ ဆက်တိုက်အောင်းနေမှာလဲ"

"ကျွန်မဟာ ကျွန်မ အောင်းနေတာ၊ အန်တီက ဘာဖြစ်လို့ စိတ်ဝင်စားနေရတာလဲ"

"ဟဲ့ ... အော်၊ ညည်း လူလိုမသိတတ်ဘူးလား၊ အသံဆိုတာ ပတ်ပတ်လည်ရှိသမျှ နားရွက်တွေ အားလုံးထဲဝင်တာ၊ ညည်းရဲ့ ဦးနေမဝင် နားတစ်ပေါက်တည်းကိုပဲ ကွက်ဝင်တာ မဟုတ်ဘူး၊ ညည်းအောင်းနေသမျှ အိမ်နီးပါးချင်းဖြစ်နေတဲ့ ငါတို့မှာ နားဒုက္ခခံစားနေရတာ မတွေးတတ်ဘူးလား"

"အန်တီက ကျွန်မ အောင်းနေတဲ့နား လာရပ်နေတာကိုး၊ ကိုယ့်အိမ်ထဲ ကိုယ်နေနေရင် အန်တီတို့အိမ်က ဒီလောက်အတွင်းဘက်ရောက်နေတာ၊ ဘာသံမှကြားရစရာအကြောင်း မရှိပါဘူး၊ ဒီနား လာရပ်နေရင်တော့ နားဒုက္ခခံစားရမှာပေါ့"

ငွေစင်သည် မှိုချိုးမျှစ်ချိုး ပြောတတ်တဲ့ မိန်းမကြီးကို အမြင်ကပ ကတ်ကတ်နှင့် စိတ်ထဲ လုံးဝလည်း မလေးစားလေရာ ခပ်စွာစွာပဲ ပြန်ပက်ပစ်ပါသည်။ ဒေါ်နန်းစီဟာ သူ့သမီးလောက်ရှိတဲ့သူက တစ်ခွန်းမခံ ပြန်ပက်နေ၍ မျက်နှာကြီးရဲခနဲဖြစ်လိုက်၊ မည်းခနဲဖြစ်လိုက်။





"ဟဲ့ ... ဒီမှာ၊ ငါ့ဟာငါ ငါ့အိမ်ထဲနေနေ ခြံထဲနေနေ၊ ငါ့ပိုင်နက်ထဲ ငါနေချင်တဲ့နေရာ နေမှာပေါ့"

"ကျွန်မကလည်း အန်တီ့မြေပေါ်မှာ အောင်းနေတာ မဟုတ်ပါဘူး အန်တီ၊ အများပိုင်လမ်းမပေါ်မှာရပ်ပြီး ကျွန်မရဲ့ ဆရာအိမ်ထဲကို လှမ်းအောင်းနေတာပါ"

"ဟဲ့ ... ညည်း ဘယ်လိုအတန်းအစားတုန်း ... ဟင် ! စကားပြောတာကလည်း လူကြီးသူမကို ရိုင်းလှချည်လား၊ မိဘကကော ဆုံးမရဲ့လား၊ ညည်းတို့ဆရာတပည့်ပြသနာကို ညည်းတို့ဘာသာ ဆရာနဲ့တပည့် နှစ်ကိုယ်ကြားရှင်းပေါ့၊ ဘာလို့ဆောပတ်ဝန်းကျင်ရပ်ကွက်ကို အနှောင့်အယှက်ပေးချင်ရတာလဲ၊ အိမ်ထဲရှိတယ် ဆိုရင်လည်း ဟိုကထွက်မလာချင်လို့ကို မထူးတာပေါ့၊ ညည်း မိန်းကလေး တစ်ယောက်ဖြစ်ပြီး မတွေ့ချင်တဲ့သူကို ဒီလောက် မရှက်မကြောက် အောင်ခေါ်နေစရာလား၊ ညည်း ဆက်အောင်နေဦးမယ်ဆိုရင် ငါ ရပ်ကွက်ရုံးကို ဖုန်းလှမ်းဆက်ပြီး တိုင်မယ်၊ ခြံရှေ့မှာ ဆူပူနှောင့်ယှက်နေတဲ့ မိန်းကလေးတစ်ယောက် ခုချက်ချင်း လာအရေးယူပေးပါလို့"

ငွေစင်သည် ဒေါ်နန်းစီကြီးကို အဲကလေးခဲကာ ကြည့်နေမိစဉ် အိပ်ဘက်ဆီမှ "ဘာဒီ"က တဝုတ်ဝုတ်ဟောင်ရင်း ပြေးထွက်လာပါသည်။ သူ့နောက်မှ တစ်လှမ်းချင်း ဖြည်းဖြည်း လျှောက်ထွက်လာသူက ဦးနေမဝင်။



www.burmeseclassic.com

www.burmeseclassic.com



"ဦး"

ငွေစင့် မျက်နှာက ဝင်းပကြည်လင်သွားကာ အဓေးကြီးကနေပဲ အကျယ်ကြီး လှမ်းနှုတ်ဆက်လိုက်ပါသည်။ ဒေါ်နန်စီကြီးက ငွေစင့်ကိုတစ်လှည့် ဦးနေမဝင်ကိုတစ်လှည့် ကြည့်ရင်းတင်းမာခက်ထန်တဲ့ ဦးနေမဝင် မျက်နှာကိုမြင်လျှင် မျက်နှာပြောင်ပြောင်နှင့် ဆက်ရပ်နေဖို့ မဝံ့ရဲသလို "ဟွန့်"ခနဲ မလိုတမာသံတစ်ချက်ပြုရင်း သူ့အိမ်ဘက်ကို ခပ်သုတ်သုတ် လှည့်လျှောက်သွားသည်။

"ဦး"

ဦးနေမဝင် နီးကပ်လာလျှင် ငွေစင်က နောက်တစ်ခွန်း ထပ်နှုတ်ဆက်သည်။

"တမင်တကာ ထွက်မတွေ့ချင်လို့ မထူးတာကို မင်းအလိုက်ကောင်းဆိုး မသိဘူးလား၊ ဘာဖြစ်လို့ ပတ်ဝန်းကျင်ဘေးဘီပါကြားအောင် သံကုန်ဟစ်နေရတာလဲ၊ ဟိုအဘွားကြီးကိုရော ဘာတွေပြောနေတာလဲ"

"ငွေစင် အော်ခေါ်နေတာကို သူက လာငေါက်လို့"

"ငေါက်မှာပေါ့၊ မင်း အော်နေပုံကို ကြည့်ဦးလေ၊ ကြားတဲ့လူ အနှောင့်အယှက် ဖြစ်စရာ၊ သူ လာငေါက်တာဘာမှအပြစ်တင်နေစရာ မလိုဘူး၊ မင်းသာ တစ်ခွန်း နှစ်ခွန်းခေါ်မရကတည်းက လှည့်ပြန်ရမှာ"





ငွေစင်သည် မျက်နှာထားတင်းတင်းနှင့် ဟိန်းဟောက်ပြောနေတဲ့ ဦးနေမဝင်ကို မျက်လုံးလေးဝိုင်းအောင် စေ့စိုက်ကြည့်နေရင်း မျက်ရည်က လည်လာသည်။

"ဦး ... သမီး ဦးကို တောင်းပန်ဖို့ လာတာပါ၊ ဟိုးတစ်နေ့က မေမေ ..."

"တော်တော့ ... မင်းပြန်တော့"

"ဦး စိတ်ဆိုးသွားမှာစိုးလို့ ခုလည်း မေမေ့အလစ်မှာ ပြေးလာတာပါ၊ သမီးလေ ..."

"တော်ပါတော့ ...၊ မင်းအမေ မသိဘဲ ခွင့်မပြုဘဲနဲ့ ငါ့ကိုလိမ်ပြောပြီး မင်း စာလာသင်ခဲ့တဲ့အတွက် မင်းအမေက ငါ့ကို ခါးခါးသီးသီး ပြောလွှတ်ပြီးပြီ၊ ခုတစ်ခါလည်း အမေ့မသိအောင် ခိုးပြီးလာပြန်ပြီလား ငွေစင်ကြယ်၊ မင်းမိဘ မင်းအမေ ခွင့်မပြုဘူးဆိုရင် အရင်ကတည်းက ငါမင်းကို လက်လည်းမခံဘူး၊ စာလည်း မသင်ဘူး ...

လူတွေရဲ့ သံသယမကင်းမှု မယုံကြည်မှုတွေကနှစ်ပေါင်းများစွာ ငါ့ကို အသေသတ်ခဲ့တာ ရစရာတောင်မရှိတော့တာ၊ မင်းကြောင့် မင်းအမေရဲ့ အယုံအကြည်မဲ့ခြင်းကို ငါ ထပ်ခံစားရပြန်ပြီ၊ ငါ့ဟာငါ နေပါရစေတော့၊ မင်း ပြန်တော့၊ ငါ ထွက်မလာရင် ဟိုအဘွားကြီးနဲ့ မင်းအချီအချ ပြောနေတာ၊ ပြီးတော့မှာ မဟုတ်လို့ ထွက်လာတာ၊ မင်း ခုချက်ချင်း ထွက်သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



ငွေစင့် မျက်လုံးလေးမှ မျက်ရည်ပေါက်တို့က ပေါက်ခနဲ ပေါက်ခနဲ လွင့်ကျလာပါသည်။

"ဦး ..."

"... ... ..."

"သမီး တစ်ခုတော့ မေးပါရစေ"

"... ... ..."

"အခု ... အခု ... အပြင်မှာ ပြောနေကြတဲ့ ဦးရဲ့ ... ဦးရဲ့ အတိတ်က ပြစ်မှုဆိုတာ၊ အဲဒါ တကယ်မဟုတ်ဘူးမို့လား ဟင်၊ ဦး တကယ်မကျူးလွန်ခဲ့ဘူး မဟုတ်လားဟင် ဦး၊ သမီးကို ပြောပြပါဦး"

ငွေစင့် အသံ ကတုန်ကယင်နှင့် ရှိုက်သံစွက်ကာ မေးနေတာကို ဂရုမစိုက်ဘဲ ဦးနေမဝင်က အထဲကို ပြန်လှည့်ကာ လျှောက်သွားပါသည်။ သူ ဆက်လည်း ရပ်မနေနိုင်တော့လို့။ ဒီရက်အတွင်း Angina ရောဂါ သူ့ရင်ဘတ်က တအားကိုစူးအောင့်နေသည်။ လှုပ်လှုပ်ရှားရှား လုပ်လို့မရ။ တောက်လျှောက် အိပ်ရာထဲပဲ လှဲနေတာ။ ဘာမှလဲ သွားမဝယ်နိုင် မချက်ပြုတ်နိုင်။

ရာဂျစ်ကို သုံးလေးရက်တစ်ခါ ဆက်ဆက်လာဖို့ မှာထားပြီး ရာဂျစ် လာတဲ့နေ့မှာ ရာဂျစ်ကို ဝယ်စရာတွေ သွားဝယ်နိုင်းသည်။ နလုံးရောဂါ ထနေတယ်ဆိုရင် ရာဂျစ်မိန်းမ မိန္နူကတစ်ဆင့် သတင်းတွေ ပျံ့နေနိုင်ဦးမည်စိုးလို့ လမ်းမလျှောက်နိုင်ဘဲ ခြေထောက်နာနေလို့ဟုပဲ အကြောင်းပြထားရသည်။





အထားခံတဲ့ စက္ကူနို့ဘူးတွေ ဝယ်ထားကာ နို့နဲ့ ပေါင်မုန့်စားလိုက်၊ ခေါက်ဆွဲထုပ်လေး ပြုတ်စားလိုက်။ ထမင်းရော ဟင်းရော ချက်မစားနိုင်သော ဗိုက်ပြည့်နိုင်ရုံကလေး ကြံဖန်စားသောက်နေရတာ။ ခုလည်း ဟိုဘက်က မိန်းမကြီးနဲ့ ငွေစင်" တစ်ယောက်တစ်ခွန်း ပြောရင်း ပြဿနာကြီးထွားလာရင် ဖြေရှင်းကြရရင် သူက ကြားကညပ်ပြီး အမည်ပါလာဦးမည်စိုး၍ ရပ်သွားအောင်သာ အားခဲပြီး ထ,ထွက်လာတာ။ တကယ်တော့ သူ ငွေစင့်ကို တွေ့ဖို့ စိတ်ကူးကိုမရှိ။

"ဦး"

"... ... ..."

"အဲလို လုပ်မသွားနဲ့"

ငွေစင့်အသံက ငိုသံကြီးပါလာ၍ ဦးနေမဝင် ရင်ထဲပိုအောင့်ကာ စိတ်တွေပိုပြီး မကောင်းပါ။ ဒီကောင်မလေးရဲ့ သံယောဇဉ်ကို သူ သိပါသည်။ သူ့ရင်ထဲက သံယောဇဉ်ကိုလည်း သူပဲ သိပါသည်။ ညည်းကို ချစ်ပါတယ် ခင်ပါတယ် ကလေးရယ်။ ဒါပေမဲ့ ညည်း အပေါ် စေတနာ ထားမိတာကြောင့်ပဲ နာမည်တော့ ဆိုးဆိုးဝါးဝါး ထပ်အပျက်ခံချင်တော့ဘူး။

"ဦး ...၊ ငွေစင် မေးနေတာကို ဘာဖြစ်လို့ လှည့်ဝင်သွားတာလဲ၊ ဘာလဲ ... ဦး မဖြေရဲလို့လား ဟုတ်လား၊ အမှန်အတိုင်း မပြောရဲလို့လား၊ ဦးမှာ အပြစ်ရှိနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမဝင် စိတ်ထဲ တင်းခနဲဖြစ်ကာ ခြေလှမ်းတွေ ရပ်သွားပါသည်။

"ဘယ်သူ ဘာပြောပြော၊ ဦး တကယ်အပြစ်မရှိခဲ့ရင် ဘာဖြစ်သလဲ၊ ဘာဂရုစိုက်ရမှာလဲ၊ ဦးဘာမှ ပြန်မဖြေနိုင်တာ ရှောင်ထွက်သွားတာဟာ ဒီပြစ်မှုတွေကို ဦး တကယ်ကျူးလွန်လို့ မဆွေးနွေးရဲလို့လား"

ငွေစင် ရန်စပြီ။ ရန်စမှန်း ဦးနေမဝင် သိသည်။ ဦးနေမဝင်က စိတ်တိုတိုနှင့် လှည့်ကြည့်လိုက်ပါသည်။ ငွေစင်ဟာ ထင်တဲ့အတိုင်း ဂျစ်ကန်ကန် ပမာမခန့်ရုပ်နှင့် လက်ပိုက်ရပ်နေသည်။ အတော်ခေါင်းမာတဲ့ ကလေး။

"နင့်မေးခွန်းကို ငါ ဖြေစရာလိုလား"

"လိုတယ်"

"ဖြေစရာ မလိုဘူး"

"လိုတယ်"

ငွေစင်က ငိုနေပြီဖြစ်သည်။

"နင်က ငါ့တပည့်၊ ငါက ဆရာ၊ နင့်ကို ငါက ဘာမှ ဖြေ ရှင်းပြနေစရာ အကြောင်းမရှိဘူး၊ ဘယ်တော့မှလဲ ဘယ်သူ့ ကိုမှ လိုက်ဖြေရှင်းနေလိမ့်မယ် မထင်နဲ့၊ ငါ့ဘဝရဲ့ တစ်ခြမ်း ဖြစ်တဲ့ ခင်စောသိုက်ကိုတောင်မှ တကူးတက လိုက်မရှင်း ပြခဲ့တာ နင့်လောက်တော့ ငါက ရှင်းပြနေစရာလား"





ငွေစင်သည် တမင်တကာသာ ဂျစ်တိုက်နေသော်လည်း မျက်နှာတစ်ခုလုံး ပျက်အောင် စိတ်ဒဏ်ရာရနေပုံရတဲ့ ဦးနေမဝင်ကို ကြည့်ကာ ဝမ်းနည်းစိတ်မကောင်း ဖြစ်လာသည်။ မျက်ရည်တွေကိုသုတ်ကာ ဦးနေမဝင်ကို ငေးစိုက်ကြည့်နေမိပါသည်။

"ညည်းမှာ ဦးနှောက်ရှိတယ် ငွေစင်"

ဦးနေမဝင် အသံက ဖျော့တော့သွားပါသည်။

"ညည်းကို ငါ စာတစ်ခုတည်း သင်ပေးနေတာ မဟုတ်ဘူး၊ လ,ပေါင်းများစွာအတွင်းမှာ ညည်းဦးနှောက်ထဲကို စဉ်းစားတွေးခေါ် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း အရည်အချင်းတွေလည်း ငါ ထည့်ပေးထားတာ၊ နင်နဲ့ ကျောင်းစာမဟုတ်တဲ့ အာလာပသလ္လာပ ပြောသမျှ စကားတိုင်းဟာ နင် လူ့အသိုင်းအဝိုင်း လူ့လောကမှာ ရပ်တည်တဲ့အခါ အရာရာကို ဝေဖန်ပိုင်းခြားနိုင်အောင် အတွေးအခေါ်တွေ မသိမသာ ထည့်ပေးခဲ့တာတွေ ....

အဲဒီဦးနှောက်နဲ့ ညည်းဟာညည်း စဉ်းစားလိုက်စမ်းပါ ငွေစင်၊ ညည်း ငါ့အိမ်ထဲမှာ လပေါင်းများစွာ ရက်ပေါင်းများစွာ တစ်နေ့ နာရီပေါင်း သုံးလေးငါးနာရီ လာလာနေခဲ့တာပဲ၊ အဖြေကို ညည်း အသိဆုံးပဲ၊ ညည်းကို ငါက ဘာမှထပ်ပြီး ရှင်းပြဖွင့်ပြောပြနေစရာ မလိုဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ညည်းပြန်တော့၊ နောင်လည်း ဘယ်တော့မှ မလာခဲ့
နဲ့တော့ ငွေစင်”

ငွေစင်သည် မျက်နှာကို လက်ဝါးလေးနှစ်ဖက်နှင့် အုပ်၍ အသံမထွက်ဘဲ ပခုံးလေးသာ သိမ့်သိမ့်လှုပ်အောင် ငိုရင်း ဦးရဲ့ကျောပြင်ကို ငေးကြည့်ကျန်ရစ်သည်။ မုန်းလိုက်တာ။ လူတွေကို မုန်းလိုက်တာ။

လောကကြီးမှာ သန့်ရှင်းစင်ကြယ်တဲ့ အဖြူရောင်ဆိုတာ ရှိတယ်ဆိုတာကို နားမလည်နိုင် မယုံကြည်နိုင်တဲ့ လူတွေရဲ့ အတွက်ကို မုန်းတယ်။ ကိုယ်တိုင် မဖြူစင်နိုင်တဲ့ လူတို့ဟာ ဖြူစင်ခြင်းကို ဘယ်လိုလုပ်ပြီး နားလည်နိုင်ပါ့မလဲ။ ကိုယ့်မှာ စွန်းထင်နေတဲ့ အရောင်နဲ့ တစ်ဖက်သားကို ဟပ်ပြီးကြည့်နေတတ်ကြတာပဲ ထင်ပါရဲ့။ သစ္စာတရားကို မယုံကြည်တတ်တဲ့သူဆိုတာ သစ္စာတရား သူတို့ကိုယ်တိုင်မှာ အပြည့်အဝ မရှိလို့ဘဲ။

သူတို့ကြောင့် ဖြူဖြူစင်စင် ချည်နှောင်ထားတဲ့ သံယောဇဉ်ကြိုးကို ငွေစင်တို့ ဖြတ်တောက်ကြရမယ်ပေါ့။ ဘာမှ အသုံးမကျတဲ့၊ သူများကို အတင်းအဖျင်းပြောဖို့ပဲ ထက်သန်တဲ့၊ ကောင်းတာနဲ့ မကောင်းတာမှာ မကောင်းတာကိုပဲ ရွေးဖြစ်စေချင်တတ်ကြတဲ့ ဖောက်ပြန်တဲ့လူတွေရဲ့ စကားကြောင့် အပြစ်ကင်းစင်တဲ့ လုပ်ရပ်ကို မလုပ်ဝံ့ဘဲ ဆင်ခြင်ရှောင်ရှားနေရမယ်တဲ့လား။

နောင်လည်း ဘယ်တော့မှ မလာခဲ့နဲ့တော့ ... တဲ့။





ဦးလည်း စိတ်ထိခိုက်သွားရတာ သမီး သိပါတယ်။ ကျောခိုင်းလျှောက်သွားတဲ့လမ်းမှာ ဦး မျက်ရည်တောင် ကျချင်ကျသွားမှာပါ။ ထိခိုက်ပွန်းပဲ့ခဲ့တဲ့ ဝေဒနာတွေနဲ့ ခြောက်သွေ့ဆိတ်သုန်းနေခဲ့တဲ့ ဦးရဲ့ဘဝထဲမှာ နောက်ထပ် ခံပြင်းစရာ ဒဏ်ရာဝေဒနာအသစ်တွေ ခံစားရဖို့ ငွေစင် လုပ်မိသလို ဖြစ်ခဲ့ပြီလား။

ဦးကို သူများတွေ အပြစ်မြင်မယ်၊ အထင်လွဲမယ်၊ သွားပုပ်လေလွင့် အတင်းအဖျင်းပြောကြမယ်၊ သံသယမျက်လုံးနဲ့ ကြည့်ကြမယ် ဆိုရင် ငွေစင် နောက်ကိုမလာတော့ပါဘူး ဦးရယ်။ ပါးစပ်က မမှန်တာတွေ ပြောနေတဲ့သူတွေက အပေါ်စီးရနေကြတဲ့ လောကကြီးမှာ မှန်တာကိုလုပ်ဖို့တောင် သတ္တိမရှိဘဲ ပတ်ဝန်းကျင်ကို ကြောက်ကြောက်နဲ့ ဆင်ခြင်ရပ်တန့်လိုက်ရတယ်ဆိုတဲ့ ကိစ္စဟာ အင်မတန်ကို နာကြည်းဖို့ ကောင်းလှပါတယ်။ ဦးအဖြေမပေးခဲ့ပေမယ့် ဦးဟာ ဘာအပြစ်မှ မကျူးလွန်ခဲ့ဘူးဆိုတာ ကိုယ့်ဦးနှောက်နဲ့ကိုယ် ငွေစင် သိပါတယ် ဦးရယ်။

✱ ❤ ✱

ခုတော့ ကြီးကြီး ဒေါ်ခင်ခင်လတ်ဆီ ဦးနေမဝင်နှင့် အတူသွားခဲ့တာကို မေမေ့ကို ဝန်ခံရင်းက ကြီးကြီးဒေါ်ခင်ခင်လတ်နှင့် အဆက်အသွယ် ရနေခဲ့တာကိုလည်း မေမေ သိခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးပါပြီ။ အဲဒါကိုတော့ မေမေ့ခများ လှိုက်လှိုက်လှဲလှဲ ဝမ်းသာနေခဲ့သည်။

"စောစောကတည်းက မေမေ့ကို ပြောရောပေါ့ သမီးရယ်"

"မသိဘူးလေ၊ ဖေဖေ့အမျိုးတွေနဲ့ ဆက်သွယ်တယ်ဆိုရင် မေမေ့ကို ဦးဇော်က ပစ်ပစ်လုပ်နေဦးမှာလည်း စိုးလို့၊ ပြီးတော့ မေမေက ဦးဇော်ကို တင်ပြမနေချင်တော့တာနဲ့ပဲ ငွေစင့်ကို ယတိပြတ် ပိတ်ပင်ချလိုက်မှာလည်းစိုးလို့၊ ပြီးတော့ သွားမတွေ့ရသေးခင် ကြီးကြီးရဲ့ ဆက်ဆံရေးတို့ ဘာတို့ကိုပါ သေချာကိုယ်တိုင် မကြုံရသေးခင် မေမေ့ကို ပြောမိပြီး မေမေကလည်း သမီးအတွက် သိပ်မျှော်လင့်ထားမိရင် မျှော်လင့်သလို မဟုတ်ဘူးဆိုရင်လည်း စိတ်ဓာတ်ပြန်ကျရမှာစိုးလို့၊ နောက်မှပဲ မေမေ့ကို ပြောမလို့ပါ၊ ပြောမယ် စဉ်းစားတော့လည်း သမီးက ဦးနေမဝင်နဲ့သွားထားတာဖြစ်တော့ ပြောလိုက်ရင် မေမေ အပြစ်တင်မှာလည်း စိုးရိမ်ပြီး ... ..."

"အမေ ခွင့်ပြုမယ် မထင်တာ၊ အမေ သဘောမကျနိုင်ဘူးထင်တာတွေကို ခုလို အမေ မသိအောင် ခိုးလုပ်ရမယ်လို့ ညည်းယူဆနေသလား၊ ညည်းရဲ့ ခွတ်တရွတ်ဆန်မှု ခေါင်းမာမှုတွေကို ဆင်ခြင်တော့ သမီး၊ ခုကိုပဲကြည့်စမ်း၊ ...





ကောင်းလို့ ငါ့သမီးလေး ဘာမှမဖြစ်၊ ဘဝမပျက်လိုက်ရဘဲ ..."

"အာ ... မေမေရာ၊ လာပြန်ပြီ"

"ဘာလာပြန်ပြီလဲ၊ ဟုတ်တာကို ပြောနေတာ"

ငွေစင်သည် ဝမ်းနည်းပက်လက်နှင့် ...

"မေမေရယ် ... တစ်လောကလုံးမှာ ဖြူစင်ခြင်းဆိုတာ မရှိရတော့ဘူးလား"

ယူကျုံးမရ မေးခွန်းထုတ်မိသည်။ မေမေက မဖြေဘဲ နှုတ်ခမ်းသာ မဲ့နေသည်။

ညည်း ငယ်ပါသေးတယ်ဆိုတဲ့ ရုပ်ရည်နှင့်ပင်။ ကြီးသည်ငယ်သူမဟုတ်ပါ။ ငွေစင်ကတော့ ကိုယ်ဟာ ဖြူစင်ခြင်းနှင့် ထိုက်တန်သူမို့ ဖြူစင်ခြင်းကို အရသာရှိရှိ စားသုံးခွင့်ရဖူးသူအဖြစ် ကြံဖန်ဖြေသိမ့်ရပါသည်။

မေမေ့ကိုလည်း အပြစ်မတင်လိုတော့ပါ။ ခုနေခါ ငွေစင့်ကို ကောင်းကင်ပေါ်မှာ Angel ရှိတယ်လို့ လာပြောခဲ့သူရှိရင်လည်း မျက်စိနဲ့ ကိုယ်တိုင်ကိုယ်ကျ မတွေ့ရဖူးဘဲနဲ့ ငွေစင် ဘယ်ယုံနိုင်ပါ့မလဲ။

ခုတော့ ကြီးကြီးနှင့် ဆက်သွယ်ခွင့်ကိုလည်း တရားဝင်ရခဲ့ပြီ။ ကြီးကြီးက ငွေစင့်အတွက် စာကျက် Guide အစ်မကြီးတစ်ယောက်ကို သူ တာဝန်ယူစီစဉ်ကာ အိမ်ကို လွှတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့စာကြည့်ခန်းမှာ ရှင်မင်းဦး သူ့ Guide နှင့် စာကျက်နေချိန်မှာ ငွေစင်သည်လည်း အခန်းထဲက စာကြည့်စားပွဲလေးမှာ ကိုယ့်Guide နှင့်ကိုယ် စာကျက်နေပါပြီ။

ကိုသဝဏ်က ရှင်မင်းဦးထံမှ သိသိသာသာ ခြေလှမ်းရုပ်ရောင်ဖယ်သော်လည်း ရှင်မင်းဦးက လုံးဝ မခံစားရတော့ပေ။ ဘာကြောင့်လဲဆိုတော့ သူ ခွတ်အတင်းထွက်ထိုင်စကားပြောနေရင်းတောင် အိမ်ထဲဘက် မျက်လုံးဝေ့ဝဲကာ ငွေစင့်ကို ရှာဖွေတတ်တဲ့။ သူပူဆာသော်လည်း မလိုက်လျောတတ်တဲ့။ သူကပ်လွန်းလို့သာ နီးကပ်နေရတာမျိုးဖြစ်ပြီး သူ့အပေါ် တိမ်းညွတ်မှုမရှိဘူးဆိုတာ သူကိုယ်တိုင် ရိပ်မိနေတဲ့ ကိုသဝဏ်ထက် သူ ပိုစိတ်ဝင်စားရမယ့်သူ သူ့မှာ ရှိနေပြီလေ။

သူ့ကို Guideလုပ်ပေးနေသူမှာ ဆေးတက္ကသိုလ်မှာ ဒုတိယနှစ်ရောက်နေပြီဖြစ်တဲ့ ဆရာဝန်လောင်းလေး 'လင်းယုန်'ဆိုတာ။ အရွယ်ချင်းလည်း မတိမ်းမယိမ်း။ Guide အလုပ်ကို လုပ်နေပေမယ့် သူ့အဖေက လုပ်ငန်းကြီးလုပ်ငန်းရှင်မို့ ဘက်ဂရောင်းကလည်း တောင့်တင်းခိုင်မာကြွယ်ဝတဲ့သူ။

ရှင်မင်းဦးကိုလည်း လင်းယုန်ကိုယ်တိုင်က တိမ်းညွတ်မှုရှိပုံရကာ စာမေးပွဲမပြီးသေးလို့သာ ဣန္ဒြေရရနှင့် မိကောင်းဖခင်သားပီပီ တည်တည်ကြည်ကြည်ဆက်ဆံနေသေးတာဖြစ်ပုံပင်။ ကောင်ကလေးဟာ ရုပ်လည်း တော်တော်သန့်ပြန့်ချောမောသည်။





အသက်အစိတ်ရှိတဲ့ ကိုသဝဏ်နှင့်စာတော့ ဆယ့်ကိုးနှစ်ပဲရှိသေးတဲ့ လိုက်ဖက်ညီအရွယ် လင်းယုန်ကို ရှင်မင်းဦးက ပိုပြီးရင့်ခုန်လာတာပင်။

လင်းယုန်လာလျှင်လည်း ပျော်နေတတ်တာ၊ မလာခင်မှာလည်း ပျော်နေတတ်တာပါပဲ။ လူတိုင်းရိပ်မိရသည်။ နှောင်းက ဆိုလျှင် ...

"မဦး တစ်ယောက်ကို မျက်စိကိုနောက်နေတာပဲ၊ တစ်ခါတည်း ကိုလင်းယုန် ရောက်လာလို့ ပျော်ယာခတ်တာကိုမပြောဘူး၊ မလာခင် နှစ်နာရီ သုံးနာရီကြိုပြီးတော့ ဘာကျွေးမှာလဲ၊ ဘာဝယ်ထားလဲနဲ့ ဟိုဟာလေး ဖျော်ပေးဦး၊ ဟိုအသီးလေးခွဲပေးဦးနဲ့ မျက်စိထဲမှာ ခရော့စ်ကို ဖြစ်နေတာပဲ"

အဲသလိုတောင် ဖွင့်ပြောတဲ့အထိ။ ရှင်မင်းဦးကလည်း ဒါကို မဖုံးကွယ်ပါ။ တစ်ခါတစ်ရံ နောက်နေ့ ကျောင်းမှာစာမေးပွဲရှိလို့ အချိန်ပိုစာမေးပေးနေရပြီး လင်းယုန် အပြန်နောက်ကျနေတဲ့ ရက်မျိုးတွေမှာ သူ့အဖေဦးတင့်ဇော်နှင့် တစ်ဝိုင်းတည်းပင် ထမင်းအတူစားဖို့ ခေါ်ကျွေးတဲ့အထိ ရှိလာသည်။

ဦးတင့်ဇော်ကလည်း လင်းယုန်ကို သဘောကျပုံရပါသည်။ သူ့သမီးပုံစံကို အကဲခတ်ပြီး လင်းယုန်ကို အရေးထားဆက်ဆံပါသည်။ သဝဏ်နှင့် ရှင်မင်းဦးကို ရည်ရွယ်ထားပါသည်လို့ လွန်ခဲ့တဲ့ တစ်နှစ်နီးပါးက သူ မပြောခဲ့ဖူးသလိုပင်။ အဲဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com

တုန်းကတော့ လင်းယုန်ဆိုတာလည်း မရှိသေး။ မျက်စိအောက်မှာရှိတဲ့ သဝဏ်ဟာ သူ့သမီးက အရောတဝင်ပြုတာတောင်မှ ညွတ်တိမ်းမလာဘဲ ငွေစင့်ကို အမြဲအသံတိတ် ရှာဖွေနေတတ်တာ ရိပ်မိတုန်းကတော့ 'ဒီသဝဏ်ဟာ သူ့သမီးဖို့' ဆိုပြီး လက်ဦးမှုယူကာ ခပ်တည်တည် ဖမ်းကြေညာထားလိုက်တာမျိုး။

အခုတော့ သူ့သမီး ပြောင်းလဲငြိတွယ်တဲ့ ကောင်ကလေးက ဆရာဝန်လောင်းကလေးကလည်းဖြစ်၊ ငွေကြေးကလည်း ပြည့်စုံဆိုတော့ သဝဏ်နဲ့ ရည်ရွယ်ထားပါတယ်ဆိုတဲ့ စကားကို သူ့ဟာနဲ့သူပင် လေထဲမှာ ပျောက်ဖျက်ပစ်လိုက်ပြီပေါ့။

ရှင်မင်းဦးလည်း အဲဒီအတိုင်းပင်။ သူ ရည်ရွယ်ထားတဲ့ သဝဏ်ကို စထရော်ဘယ်ရီ Milk Shake တစ်ခွက်တိုက်မိတဲ့ ပြစ်မှုနဲ့ အမှတ်တွေယူတာလား မရှက်ဘူးလားနှင့် အစ်မကို ကက်ကက်လန် ရန်စွာခဲ့ဖူးတာ သူ မဟုတ်သလို မေ့ထားပြီ။ သဝဏ်လာလျှင် အတင်း သူချည်း စကားထွက်ထိုင်ပြောဖို့ နေနေသာသာ ထွက်မလာတော့တာ။

ဒေါ်ခင်ခင်လတ်က ငွေစင့်အတွက် စာကျက် Guide ကို သူ တာဝန်ယူငှားရမ်းကာ ပို့ပေးတယ်ဆိုတော့ ဦးတင့်ဇော်အဖို့ အနေရအထိုင်ရခက်စရာ ဖြစ်လာသည်။ အိမ်မှာ သူ့သမီးရဲ့ Guide နဲ့လည်း ဝင်မကျက်ရ၊ သူ့သမီးဝိုင်းထဲ လိုက်မတက်ရဆိုတဲ့ အချက်က ဘွားဘွားကြီး ပေါ်သွားသလို ဖြစ်ရသည်မဟုတ်လား။





လူတွေဟာ အတော်ခက်ပါသည်။ ကျောထောက်နောက်ခံမရှိ၊ အားကိုးရာမရှိ၊ မျက်နှာမွဲ အချိန်မျိုးမှာကျတော့ ကြင်နာစာနာဖို့ ခေါင်းထဲ မထည့်ပါ။ သူ ဘယ်လိုဆက်ဆံ ဆက်ဆံ အထင်သေးမည့် ဝေဖန်မည့်သူ မရှိတော့ နှိမ်ထားရဲသည်။ ကျောထောက်နောက်ခံ အခိုင်အခံ့ကြီး ပေါ်လာတဲ့အခါကျတော့ မှုစရာဖြစ်လာသည်။ သူ့ကို အထင်သေးမှာ စိုးရိမ်လာသည်။

ဒေါ်ခင်ခင်လတ် ဆိုသူဟာ နိုင်ငံခြားက ပြန်လာတဲ့ အထူးကုဆရာဝန်မကြီးလည်းဖြစ်၊ ဥစ္စာနေလည်း ကြွယ်ဝသူဖြစ်လေရာ ငွေစင်ကြယ်ဟာ ဒေါ်ခင်ခင်လတ် ပံ့ပိုးမှုကိုခံရမည့်သူမ ဖြစ်လာသည်နှင့်တစ်ပြိုင်နက် သူ့ဘက်ကလည်း မျက်နှာလွှဲပစ် နှိမ်မထားပါဘူးဆိုတဲ့ အချိုးအချိတ်မျိုးကို ပြချင်လာပါသည်။

ကြီးကြီးအိမ်ကို ငွေစင်သွားမည်ဆိုလျှင် သူ့သမီးတွေ အပြင်သွားသလိုပင် ကားနှင့် ဒရိုင်ဘာနှင့် ပို့ပေးတာမျိုး ဖြစ်လာသည်။ ပထွေးက ကားနှင့်ပို့ပေးပါတယ်ပေါ့။ ဟိုးအရင်နှစ်တွေ အပြင်ကျူရှင် သွားတက်နေတုန်းက ဝေးဝေးလံလံ အထိလည်း တစ်ယောက်တည်း ဘတ်စ်ကားစီးသွားခဲ့ရတာမျိုး မဟုတ်တော့။

အိမ်ကို Guide ရောက်လာတဲ့နေ့ကစပြီး အိမ်မှာ အိမ်ဖော်တစ်ယောက် အမြန်ရှာဖို့ မေမေ့ကို ရာဇသံချပါသည်။ ငွေစင်လည်း စာမေးပွဲနီးပြီမို့တဲ့။ ဟား ဟား ...။ ငွေစင်သည် တစ်ခါတစ်ရံတွင် လောကကြီးကို အရွဲ့တိုက်ကာ သရော်ရယ်



www.burmeseclassic.com

www.burmeseclassic.com



ရယ်ပစ်လိုက်ချင်သည်။ ဒါပေမဲ့ သရော်ရယ်မောနေလို့လည်း ဘာမှ အကျိုးမထူးပါဘူးဆိုတာ ငွေစင် တွေးတတ်နေပါပြီ။

မေမေဟာ အိမ်မှာအတူနေ အိမ်ဖော်ကတစ်ယောက်၊ အဝတ်လျှော် မီးပူတိုက်လာလုပ်တဲ့ မိန်းကတစ်ယောက်နှင့် သက်သောင့်သက်သာ ပြန်ဖြစ်နေပြီး ဖိုသီဖတ်သီ အချိန်ပြည့်ဖြစ်မနေရတော့ဘဲ သန့်ပြန့်သပ်ရပ်ကာ သနပ်ခါးလေး ခြေဆုံးခေါင်းဆုံး လူး၍ ပြန်နေနိုင်လာတဲ့ မေမေ့အနေအထားကို မြင်ရတာတစ်ခုနဲ့ပဲ ဟိုအရင်ကနဲ့ အခုနဲ့ မတူတဲ့ ဗလောင်းဗလဲနိုင်တဲ့ ဦးတင့်ဆော်ကို ငွေစင် ဖွေမယူတော့ပါ။

ဖွေယူလို့လည်းမရပါဘူးလေ။ ကျေးဇူးတင်တတ်ရင်တော့ ခုချိန်ထိ အသက်ရှင်သန်ဖို့ ထမင်းအလကားကျွေးထားတဲ့ ကျေးဇူးတရားကို မမေ့သင့်ဘူးမဟုတ်လား။

"ငွေစင်က သချ်ာတော့ တော်တော်ကျွမ်းသားပဲ"

Guide ဆရာမက ငွေစင့်ကို ချီးကျူးသည်။

"ဟုတ် ... အရင်က စာသင်ပေးတဲ့ဆရာက သချ်ာဘာသာနဲ့ ဩစတေးလျကနေ ပီအိပ်ချ်ဒီ ရထားတဲ့ ဒေါက်တာပါ၊ သချ်ာကို အရင်ဆုံး ခပ်စောစော သင်ရိုးပြတ်အောင်သင်လိုက်တာ၊ ငွေစင်က သချ်ာကို အရင်က တအားညံ့တာ၊ တအားကြောက်တာ၊ အခုတော့ မကြောက်တော့ဘူး အစ်မ၊ အားလုံးရတယ်"





အရင်ဆရာကို တဖွဖွအမွှန်းတင်လှ၍ Guide ဆရာမလေးဟာ ဦးနေမဝင် အမည်ကို မကြားချင်မှအဆုံး။ အလွတ်တွေရနေသည်။

"ဘာဖြစ်လို့ အဲဒီဆရာနဲ့ ဆက်မသင်ဘဲ ရပ်လိုက်တာလဲ"ဟု မေးတဲ့အခါ ...

"ဆရာက သိပ်မအားတော့ဘူး အစ်မရဲ့။ အဲဒါကြောင့် ရပ်လိုက်တာပါ"ဟု ငွေစင်က ခပ်တည်တည်ကလေးပဲ လီဆည်ကာဖြေသည်။ ဦးနေမဝင်ကို မတွေ့ရတာ တစ်ရက်ပြီး တစ်ရက် တစ်ပတ်ပြီးတစ်ပတ် တစ်လပြီးတစ်လ ကြာညောင်းခဲ့သော်လည်း သတင်းစကားလေးတော့ဖြင့် အဆက်မပြတ်မေးကာ ကြားရတတ်ပါသည်။

အကြောင်းမှာ မန္တးတစ်ယောက် ဦးနေမဝင်အိမ်မှာ အဝတ်လျှော်မီးပူတိုက်လုပ်ပေးနေရလို့ဖြစ်သည်။ ဦး နေကောင်းရဲ့လား၊ အစားစားရဲ့လား၊ တစ်နေ့တစ်နေ့ ဘာလုပ်လဲတွေ မန္တးကတစ်ဆင့် မေးကြည့်ရသည်။

"ဆရာက နေတော့ကောင်းပါရဲ့၊ အိပ်ရာထဲမှ လဲမနေတာ၊ ဒါပေမဲ့ တစ်နေရာမှာ ကျောက်ချထားသလိုပဲ ငြိမ်ပြီးနေတာပဲ၊ ကိုရာဂျစ်ကိုပဲ ပန်းအိုးခွဲတာတွေ အိုးပြောင်းတာစင်လုပ်တာတွေခိုင်းပြီး သူက ထိုင်ပဲကြည့်နေတာ၊ အအိပ်အနေ အစားအသောက်က တယ်နည်းတာပဲ၊ ဒီတော့ ပိန်လာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးက အစက အစားနည်းသူမဟုတ်ပါ။ ဦးက ဒိန်ချဉ်ကြိုက်သည်။ ရှောက်သီးသုပ် ကြာဆံဟင်းခါး၊ တို့ဟူးသုပ်လိုတိုလီမိုလီစာတွေ ကြိုက်သည်။ တစ်ခါတစ်ရံတော့ ဦးနေမဝင်ကြိုက်တတ်တာတွေကို မိန္နးကို ဝယ်သွားဖို့ ပိုက်ဆံပေးကာ 'ငွေစင် ဝယ်ပေးခိုင်းတာလို့မပြောနဲ့'ဟု မှတ်ပိတ်ရသေးသည်။

*❤*





## ၁၄

ကိုသဝဏ်က ငွေစင့်အတွက် လိုအပ်တဲ့ အထူးထုတ်စာအုပ်လေးတွေ ဝယ်လာပေးတာတို့၊ စာကျက်ရင်းစားဖို့ မုန့်ဝယ်လာပေးတာတို့ စသဖြင့် ဂရုတစိုက် အရေးထားတဲ့အပြုအမူလေးတွေ ရှိလာသည်။ ညဘက်တချို့မှာလည်း ဖုန်းဆက်တတ်ပါသည်။

အခုတော့ နှောင်းသည်ပင်လျှင် ...

"မကြီး ကိုကိုသဝဏ့်ဖုန်း"လို့ အပြေးလာခေါ်ပေးဖော်ရပြီပေါ့။ စာမေးပွဲဖြေပြီးချိန်လောက်မှာ ဒေါ်ခင်ခင်လတ်က ငွေစင့်ကို တချုပ်စာတမ်းနှင့် အခမ်းအနားနှင့် တရားဝင် မွေးစားမည်ဆိုတာကို ဒေါ်ခင်ခင်လတ် အသိပေးကြေညာလိုက်တဲ့အတွက် တစ်အိမ်သားလုံးရဲ့ ဆက်ဆံရေးပုံစံပါ ပြောင်းလဲသွားခဲ့တာဟု စဉ်းစားကြည့်ရင် တရားသံဝေဂ ရစရာပင်။



www.burmeseclassic.com

www.burmeseclassic.com



‘ငွေစင်ကြယ်’က ဘာမှပြောင်းလဲသွားတာ မဟုတ်ဘဲ ဒေါ်ခင်ခင်လတ်က စကားလေးတစ်ခွန်း ပြောဆိုရုံရှိသေး။ ထိုစကားလေးတစ်ခွန်းဟာ လူတစ်ယောက်ရဲ့အနေအထားကို တွန်းတင်လိုက်သလို မြင့်မားသွားစေတယ်ဆိုတာဟာ အံ့သြစရာကြီး။ နဂိုမူလ ‘ငွေစင်ကြယ်’ဟာ ထိုစကားလေး တစ်ခွန်းလောက်ပင် တန်ဖိုးမကြီးခဲ့တာ တွေးကြည့်ရင် ရင်နာဖို့ကောင်းပါသည်။

ဘာပဲဖြစ်ဖြစ် ကိုယ့်အနေအထား အခြေအနေမြင့်တက်လာချိန်မှာ ငွေစင်က အားလုံးကို ဥပေက္ခာပြုခွင့်လွှတ်ပါသည်။

ကိုသဝဏ်ရဲ့မေတ္တာကတော့ ဒါတွေဘာတစ်ခုမှ ဖြစ်မလာသေးခင် သူ ဘာမှ မသိသေးခင်ကတည်းက အစစ်အမှန်ထားရှိခဲ့တဲ့မေတ္တာမို့ ငွေစင်က ကိုသဝဏ့်ကို အမြဲ ရင်ထဲက လေးစားသည်။ နဂိုကပင် တိတ်တခိုးချစ်ခဲ့ရတဲ့သူမို့ ခုချိန်မှာ ငွေစင့်လောက် ပြီးပြည့်စုံစိတ်ချမ်းသာရသူ ရှိမယ်မထင်။ ကိုသဝဏ်ရဲ့မိဘတွေသည် ဟိုးအရင်က ကိုသဝဏ်က အိမ်မှာ ပြန်ဖွင့်ပြောလိုက်တယ်ဆိုကတည်းက ကန့်ကွက်စကား ထွက်မလာခဲ့သူတွေ။

အင်္ဂလန်မှာ ဒေါ်ခင်စောသိုက်နှင့် အင်မတန်ခင်မင်ခဲ့တဲ့ ဒေါက်တာဒေါ်ခင်ခင်လတ်ဆိုတာကိုလည်း အရင်ကတည်းကပင် လူကြုံပစ္စည်းပေးတာ ယူတာမျိုးနှင့် ဝင်ထွက်သိကျွမ်းပြီးဖြစ်သည်။ ဒေါ်ခင်စောသိုက်ရဲ့အစ်မ ဒေါ်ခင်မေထိုက်ဟာ ဒေါ်ခင်ခင်





လတ်နှင့်လည်း ကျန်းမာရေးကိစ္စ တိုင်ပင်ပြသနေတဲ့ ပေးရှင့်ဖြစ်သေးရာ ဒေါ်ခင်ခင်လတ်ကို ခင်မင်လေးစားမှုရှိကြသည်။

ဒီဒေါ်ခင်ခင်လတ်ဟာ ‘ငွေစင်ကြယ်’ရဲ့ ကြီးတော်ရင်း၊ အမွေစားအမွေခံလည်း မွေးစားတော့မည်ဆိုတဲ့အခါ အတိုင်းထက် အလွန်ဆိုသလို ငွေစင့်ကို လိုလားနှစ်ခြိုက် ကြိုဆိုကြတော့တာပင်။ သူတို့အိမ်ရဲ့ အလှူမင်္ဂလာ၊ ဘုရားပင့် စသဖြင့် ပွဲလမ်းတို့ကို သဝဏ်မှတစ်ဆင့် ဖိတ်သော်လည်း ငွေစင်က မသွားဖြစ်ခဲ့ပါ။ ငွေစင်မှ ကိုသဝဏ်ကို အဖြေမပေးရသေးတာ။

ဟိုးအရင်ကလည်း ဒီအိမ်က ပွဲလမ်းအလှူတွေကို တစ်ကြိမ်မှ သွားခွင့်မရခဲ့ဖူးတာမို့ ခုချိန်မှာ မသွားချင်သေးဘဲ ရှိုးတိုးရှန့်တန့်ရှိသည်။

တစ်ညသောအခါ ကိုသဝဏ် ဖုန်းဆက်လာတဲ့အခါမှာတော့ ...

“ငွေစင် ကျွန်တော်တို့အိမ်က အလှူပွဲလမ်းဖိတ်လည်းမလာ၊ သကြိန်မဏ္ဍပ်ဖိတ်လည်း မလာနဲ့ ဒီတစ်ကြိမ် တစ်ခါတော့ လာခဲ့ပါလို့ ကျွန်တော် အလေးအနက် ဖိတ်ချင်တယ်၊ မေမေကလည်း သေချာပြောပြီး သေချာဖိတ်ဖို့ မှာထားတယ်”

“ငွေစင်တို့ စာမေးပွဲလည်း ဘာမှမလိုတော့ဘူး ဆိုတော့ ဒီကြားထဲ အာရုံသိပ်မများချင်ပါဘူး ကိုသဝဏ်ရယ်”



www.burmeseclassic.com

www.burmeseclassic.com



"အချိန်လည်း ဘယ်လောက်မှပေးရတာမဟုတ်ပါဘူး ငွေစင်ရယ်၊ ငွေစင့်ကြီးကြီးကိုလည်း ဖိတ်ထားတာမို့ပါ၊ ကြီးကြီးလည်းလာမှာ"

"ဟုတ်လား ... ဘာလုပ်တဲ့ အလှူပွဲလဲဟင်"

"ရှေ့အပတ်ထဲမှာပဲ ကျွန်တော့်အန်တီ ခဏပြန်လာလည်မယ်၊ သူ့ရဲ့ ..."

ငွေစင်သည် စိတ်လှုပ်ရှားသောအသံလေးနှင့် ...

"ဒေါ်ခင်စောသိုက်လားဟင်"

"ဟုတ်တယ် ငွေစင်၊ သူ့ရဲ့ လေးဆယ့်ခုနစ်နှစ်မြောက်မွေးနေ့ကလည်း ရှေ့အပတ်ရဲ့ တနင်္ဂနွေနေ့ပေါ်မှာကျတယ်၊ အဲဒါနဲ့ ဘုန်းကြီးဆယ်ပါးလောက် အိမ်ကိုပင့်ပြီး မွေးနေ့ဆွမ်းလေး ကျွေးချင်တယ်ဆိုလို့ မေမေက ကြိုတင်စီစဉ်ပေးထားတာပါ၊ လူလည်းနည်းနည်းပဲ၊ ဖေဖေတို့မေမေတို့နဲ့တော့ အန်တီနဲ့ပါခင်တဲ့ အနည်းအကျဉ်းလောက်ပဲ ဖိတ်မှာပါ ...

ကြီးကြီး ဒေါ်ခင်ခင်လတ်ကို ဖိတ်ထားတာမို့လို့ မေမေက 'ငွေစင်ကြယ်'ကိုလည်း ဖိတ်လိုက်ဦးလေလို့ သေသေချာချာပြောတာ၊ ဒီတစ်ကြိမ်တော့ လာခဲ့ပါလို့ ကျွန်တော် တောင်းဆိုပါတယ်၊ အလွန်ဆုံးနှစ်နာရီလောက်ပဲ အချိန်သုံးရမှာပါ ငွေစင်ရယ်၊ ကျွန်တော် လာကြိုပေးပါ့မယ် ...





အန်ကယ်ဦးတင့်ဇော်က အဲဒီနေ့မှာ ဂေါ့ဖ်ရိုက်ရှိမယ်၊ ရှင်မင်းဦးနဲ့ ရှင်နှောင်းထွေးကိုတော့ မဖိတ်တော့ပါဘူး၊ တကူးတက ဖြစ်နေဦးမယ်၊ အန်တီနွယ်နဲ့ ငွေစင်နဲ့ သားအမိနှစ်ယောက်ကိုပဲ ဖိတ်တော့မယ်၊ ခဏပဲဖြစ်ဖြစ် လာလိုက်ပါလား ငွေစင်"

ငွေစင်သည် သိပ်ကြာကြာကြီးပင် စဉ်းစားမနေတော့ဘဲ ...

"ငွေစင် မေမေ့ကိုပြောပြလိုက်မယ်လေ ကိုသဝဏ်၊ ကြီးကြီးလည်း လာမှာဆိုတော့ ဒီပွဲကိုတော့ လာလိုက်ပါ့မယ်"

"ဟာ ... တကယ်လာမှာနော်၊ ဝမ်းသာလိုက်တာ ငွေစင်ရယ်"

"တကယ်လာပါ့မယ်"

"တော်ပါသေးရဲ့ဗျာ၊ အိမ်မှာဆိုရင် ဖေဖေက ကျွန်တော့်ကို တော်တော်နှိမ်တာဗျ၊ ဘာပဲဖိတ်ဖိတ် မလာမှတော့ မင်းကောင်မလေး ငွေစင်က မင်းကို ခေါင်းညိတ်မယ့်ပုံ မပေါ်ပါဘူးတဲ့"

"အမယ် ... ခုဟာကလည်း ခေါင်းညိတ်ခေါင်းခါနဲ့ မဆိုင်ပါဘူးနော်"

"ဘာကြောင့်ပဲဖြစ်ဖြစ်ပါ လာတာကိုပဲ ဝမ်းသာလှပါပြီ



www.burmeseclassic.com

www.burmeseclassic.com



"အရင်ပွဲတွေက မလာဖြစ်တာလည်း ဘာကြောင့်မှမဟုတ်ပါဘူး ကိုသဝဏ်ရယ်၊ ဟိုးရှေ့ယခင်ကတည်းက ဦးဇော်နဲ့ လိုက်လာနေကျက ဦးတို့ နှောင်းတို့ မဟုတ်လား၊ အရင်က မလိုက်ဖြစ်ဘဲ နောက်မှ ခုမှ လိုက်လာရမှာကိုလည်း တစ်မျိုးကြီး ဖြစ်နေတာမို့ပါ"

"ဒီပွဲက ကြီးကြီးဒေါ်ခင်ခင်လတ်ကိုပါ ဖိတ်လိုက်တာလည်း ပါမယ်ထင်တယ်"

"ဟုတ်ကဲ့ ... ကြီးကြီးလည်းလာမယ်ဆိုတော့ ကိုယ့်လူသိလည်း ရှိတာပေါ့"

တကယ်တော့ ဒီပွဲကိုသွားဖြစ်အောင် သွားမယ်လို့ ငွေစင် တစ်ထိုင်တည်း ဆုံးဖြတ်လိုက်ရခြင်းအကြောင်းရင်းဟာ ဒေါ်ခင်စောသိုက်ကြောင့် ဆိုတာ ကိုသဝဏ်က သိမှာမဟုတ်ပါ။ ငွေစင်ကဖြင့် စိတ်လှုပ်ရှားခြင်းကြောင့် ခုကတည်းကပင် ရင်တွေ တုန်နေရပါပြီ။

ဦးရဲ့ငယ်ချစ်ဦး။ ဦးရဲ့တစ်ဦးတည်းသော အချစ်ဆုံး။ ဦးရဲ့အသည်းနှလုံး။ ဦးရဲ့ လှပတဲ့အတိတ်။ ဦးရဲ့ထာဝရအမှတ်သညာဖြစ်တဲ့ အမျိုးသမီးကို ငွေစင် မြင်ချင်လှပါသည်။ အဲဒီအမျိုးသမီးဟာ ဦးအပေါ် ဘယ်လို သဘောထားခံစားချက် ရှိတယ်ဆိုတာကိုလည်း နှလုံးတွေတုန်လာတဲ့အထိ သိချင်လှပါသည်။

* ❤ *





အနောက်နိုင်ငံမှာ နှစ်ပေါင်းများစွာ နေလာခဲ့ပေမယ့် အဲသလို မထင်ရအောင် မြန်မာဆန်ပြီး ကျက်သရေရှိလှတဲ့ ဒေါ်ခင်စောသိုက်ကို ငွေစင် ငေးလို့သာကြည့်နေမိပါသည်။ ဒီပွဲဟာ သူ့ပွဲဖြစ်တဲ့အတွက် လာသမျှဧည့်သည်တိုင်းဟာလည်း သူ့အသိအကျွမ်းတွေဖြစ်နေတဲ့အတွက် ဒေါ်ခင်စောသိုက်သည် တစ်စားပွဲပြီး တစ်စားပွဲကူးကာ မအားလပ်အောင်ရှိနေပါသည်။

လှသည်။ လှတာထက် ကျက်သရေရှိတာကပိုသည်။ အင်မတန်လှပတဲ့ မျက်နှာပေါ်မှာ အပြုံးကလေးတစ်ခု အချိန်ပြည့်ရှိနေသော်လည်း ဒေါ်ခင်စောသိုက်ရဲ့ မျက်လုံးများဟာ ဆွေးရိပ်သမ်းနေတယ်လို့ ငွေစင် ထင်မိသည်။

"ကြီးကြီး ... ဒေါ်ခင်စောသိုက် မျက်လုံးတွေက ပြုံးနေတဲ့ အချိန်မှာတောင် ငိုနေသလိုပဲနော်"

ကြီးကြီးက ငွေစင့်ကို အံ့အားတသင့် လှည့်ကြည့်သည်။ ဒေါ်ခင်စောသိုက်ကို ငွေစင် စိတ်ဝင်စားနေတာကို ထူးဆန်းနေတာဖြစ်သည်။ ငွေစင် ပြောခဲ့ဖူးသလို ဦးနေမဝင်ရဲ့အိမ်မှာ ဒေါ်ခင်စောသိုက် ဓာတ်ပုံတွေ အများကြီးရှိနေတယ်ပဲ ထားပါဦး။ မျက်လုံးတွေ တဖျပ်ဖျပ်တောက်လက်တဲ့အထိတော့ ဒေါ်ခင်စောသိုက်ကို စိတ်ဝင်စားနေရအောင် မခိုင်လုံသေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"အသက်ကြီးလာပေမယ့် သူက အိုမသွားဘဲ ရင့်ကျက်တဲ့ နောက်တစ်မျိုးအလှနဲ့ ပိုလှလာတယ်၊ ဒီအန်တီကို တွေ့ရ တာ သမီး ရင်တွေခုန်လိုက်တာ"

"ဦးနေမဝင်နဲ့ သမီး တွေ့သေးလား"

"မတွေ့ကြရတော့ပါဘူး ကြီးကြီး၊ မေမေက ဦးရဲ့နောက် ကြောင်းက သတင်းတွေကို အပြင်ကကြားပြီးတော့ သမီး ကို လုံးဝမသွားရလို့ တားလိုက်တယ်"

မေမေ ပါမလာခဲ့၍ ငွေစင်က ပြောချင်နေတာကို ပြောင်ပဲ ဖွင့်ပြောချလိုက်သည်။

"ဘယ်အမေ မဆို ဒီလိုပဲ တားမှာပဲလေ သမီး"

ဒေါ်ခင်ခင်လတ် ကိုယ်တိုင်ပင် ဒေါ်ခင်စောသိုက်ထံ မှ ဦးနေမဝင်ကို ယုံကြည်တဲ့စကားတွေချည်း အတပ်ထပ်ကြားခဲ့ ရပါလျက် ငွေစင် ဦးနေမဝင့်ထံ တစ်ယောက်တည်း စာသွားသင် နေသည်ကြားတော့ စိတ်ထဲ တစ်မျိုးကြီး ဖြစ်ခဲ့ရသေးတာပဲ။

"မမခင်"

"စောရေ ဒါတူမလေးလေ၊ မောင်အငယ်ဆုံး မောင်မင်း လတ်ကမွေးတဲ့သမီးလေးလေ၊ အဆက်ပြတ်နေကြတာ ဟိုမှာတုန်းက မမခင် ပြောဖူးပါရော"

"သြော် ... ဟုတ်ကဲ့၊ စော မှတ်မိပြီ၊ မမခင် မောင်လေး တော့ ဆုံးသွားပြီနော်"



"ဟုတ်တယ် သူ့အမေရဲ့နောက်အိမ်ထောင်က သဝဏ်အဖေ နဲ့ လုပ်ငန်းအတူ လုပ်ကြတယ်လေ"

"သြော် ... ပြောတယ်၊ ပြောတယ်၊ သဝဏ် ပြောပါတယ်၊ ဒီသမီးလေးကို၊ ချစ်စရာလေး ချောလိုက်တာနော်"

ငွေစင်သည် ဘာစကားမှမပြောနိုင်ဘဲ အနီးကပ်ထိုင် နေတဲ့ ဒေါ်ခင်စောသိုက် မျက်နှာကိုသာ တဖျပ်ဖျပ်တောက်ပတဲ့ မျက်လုံးကြီးများနှင့် ငေးစိုက်ကြည့်နေမိသည်။

"ငွေစင် အောင်မလေး ... ငါ့တူမနှယ်၊ စောကို ကြည့်နေတာ မျက်လုံးကြီးတွေ ကျွတ်ကျကုန်ပါဦးမယ်ကွယ်"

"အန်တီ ... အန်တီ့ကို ငွေစင် ဓာတ်ပုံထဲမှာ မြင်ဖူးကတည်း က ချစ်နေတာမို့လို့ အပြင်မှာမြင်ရတော့ ကြည့်လို့မဝနိုင် အောင်ဖြစ်နေတာပါ"

ငွေစင်က တိုးတိုးကလေးနှင့် အတုန်တုန်အလှုပ်လှုပ် ပြောမိပါသည်။

"ဟုတ်လား ဩမီးက အန်တီ့ဓာတ်ပုံကို ဘယ်မှာမြင်ဖူးတာ လဲ"

"ဦး ... ဦးနေမဝင်ရဲ့အိမ်မှာပါ"

ဒေါ်ခင်ခင်လတ်က သက်ပြင်းရှိုက်ရင်း ...

"ဒေါက်တာနေမဝင်နဲ့ သိပ်ခင်ရာတယ်၊ မမခင် သူ့ကို ဆက်သွယ်လိုက်တော့တောင် ဒေါက်တာနေမဝင်ပဲ မမခင်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို လိုက်ပို့တာ၊ သူ ဆယ်တန်းဖြေဖို့ ဒေါက်တာနေမဝင်က စာသင်ပေးနေခဲ့တာပါ"

ဒေါ်ခင်စောသိုက် မျက်ဝန်းများက ဦးနေမဝင်နှင့် ရင်းနှီးခင်မင်သူကို တွေ့လိုက်ရရုံနှင့်ပင် ရွှန်းလက်တောက်ပလာခဲ့ပြီး ...

"အို ... ဟုတ်လား၊ သမီးက သူနဲ့ စာသင်နေတယ်လား"

"ခုတော့ သူ့အမေက အပြင်က သတင်းပလင်းတချို့ကြားသွားပြီး စာသွားမသင်ရတော့ဘူးဆိုလို့ မသွားရတော့ဘူးပေါ့ စောရယ်"

"ဪ"

ညှိုးသွားတဲ့ ဒေါ်ခင်စောသိုက် မျက်နှာကိုကြည့်ကာ ငွေစင်သည် မျက်ရည်ပင် ရစ်လည်လာတဲ့အထိ ဝမ်းနည်းသွားပြီး ...

"ခုတော့ ဦးက သမီး ... သမီးကိုတောင် အိမ်အလာမခံ အတွေ့မခံတော့ပါဘူး အန်တီ၊ မေမေ ပြောလိုက်တာကို ဦး နာကြည်းသွားပါပြီ၊ ဦးနဲ့ မတွေ့ကြတာ ကြာပါပြီ၊ ဒါပေမဲ့ ဦးဆီမှာ စာသွားသင်ခဲ့တဲ့ရက်တွေတိုင်းမှာ အန်တီ့ပုံတွေကို အမြဲတောက်လျှောက် တွေ့နေခဲ့ရ၊ ဦး ပြောပြတဲ့ အန်တီ့အကြောင်းတွေကို အမြဲကြားနေခဲ့ရတော့ သမီးရင်ထဲ အသည်းထဲမှာ ရင်းနှီးနေတဲ့ အန်တီနဲ့ ခုလိုအပြင်မှာတွေ့





ရတာ သမီး သိပ်ဝမ်းသာတာပဲ အန်တီ၊ ပြီးတော့ ဦးကို သတိရမိပြီး သိပ်လည်းဝမ်းနည်းမိပါတယ်"

ဒေါ်ခင်စောသိုက်က ဆွေးဆွေးမြည့်မြည့်ပြုံးရင်း ...

"ဪ ... ဒါဖြင့် သမီးက အန်တီတို့အကြောင်းတော့ သိထားတာပေါ့"

"နည်းနည်းပဲ သိပါတယ် အန်တီ၊ သေချာသိတာတစ်ခုကတော့ ဦးက အန်တီ့ကို သူသေတဲ့အထိ သူ့အသက်မက ချစ်သွားမှာကိုပါ၊ အန်တီဟာ သူအင်မတန်မြတ်နိုးတန်ဖိုးထားတဲ့ ရတနာတစ်ပါး ဆိုတာကိုပါ"

ဒေါ်ခင်စောသိုက် ပြုံးကာ ငွေစင့်ကို ကြည့်နေရင်း နှုတ်ခမ်းကလေးတွေ တုန်လာပါသည်။ မျက်ရည်တွေလည်ကာ သေးလေးနက်နက်ခံစားပြီး ပြောနေတဲ့ ငွေစင့်လက်ဖဝါးကလေးတစ်ဖက်ကို တရင်းတနှီး ဆွဲယူဆုပ်ကိုင်ကာ ...

"ဦးနေမဝင်က သမီးကို အတွေ့မခံတော့တာဟာ နာကြည်းသွားလို့ မဟုတ်နိုင်ပါဘူး၊ သမီးရဲ့အမေ မကြိုက်ဘူးဆိုတာလည်း သိသွားလို့သာ နောက်ဆုတ်နေလိုက်တာ ဖြစ်မှာပါ၊ ကိုနေက သိပ်စိတ်ထားပြည့်ဝတဲ့သူပါ သမီးရယ်"

"လူတွေဟာ ဘာဖြစ်လို့ အမှန်ကို လက်မခံချင်ကြတာလဲ မသိဘူး၊ မဟုတ်တာကြီးကိုပဲ ဆုပ်ကိုင်ပြီး ယုံကြည်ချင်နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုးဆိုးဝါးဝါး နာမည်ပျက်မျိုးကြီး တစ်ကြိမ်ကြုံရပြီးရင် လွတ်လွတ်ကျွတ်ကျွတ် ပြန်အဖတ်ဆယ်ဖို့ဆိုတာ လွယ်တာမှမဟုတ်တာ သမီးရယ်၊ နာမည်တစ်လုံးဟာ ပျက်သွားဖို့ လွယ်သလောက် ပြန်တည်ဆောက်ဖို့ခက်တယ်၊ မကောင်းသတင်းက ပြန့်လွယ်သလောက် ကောင်းသတင်းကျတော့ တစ်နားကနေ နောက်တစ်နားကို ပေါက်ဖို့လွယ်တာမဟုတ်ဘူး၊ လူစေ့တက်စေ့ကို လိုက်ရှင်းပြဖို့ဆိုတာ လွယ်တာမဟုတ်ဘူး ...

ကိုနေ့အမှားက တစ်ဖက်သားကို သနားတတ်တာ၊ ယုံလွယ်တာ၊ အားနာတာ၊ အခုကိုပဲ တစ်သက်လုံး စာလည်း မသင်တော့ဘူး၊ ဘယ်မိန်းမပျိုလေးနဲ့မှလဲ တရင်းတနှီးမနေတော့ဘူးလို့ ကြုံးဝါးခဲ့တဲ့သူဟာ သမီးကို တစ်ခုခုကြောင့် ကရုဏာသက်ပြီး စာသင်ပေးဖြစ်ခဲ့တာ ဖြစ်ပါလိမ့်မယ်"

"ဦးက အကြာကြီး ငြင်းခဲ့တာပါ၊ နောက်တော့ သမီးတကယ် စာမေးပွဲအောင်ချင်နေတာကို သနားသွားတာပါ"

"အဲဒီတုန်းကလည်း သူဟာ အဲဒီကောင်မလေးကို အားနာခဲ့တာ"

"ဘယ်ကောင်မလေးလဲဟင်"

"သူ့ကို နာမည်ပျက် အရှက်ရစေခဲ့တဲ့ မိန်းကလေးပါ၊ ခုတော့ သူလည်း သေရှာပါပြီလေ၊ အဲဒီတုန်းက အဲဒီအန်တီက ကိုနေ့ကို သတိပေးခဲ့ပါသေးတယ်၊ ကလေးသာသာဆိုပြီးတော့ ပေါ့ပေါ့မတွက်ပါနဲ့လို့၊ ဒီကောင်မလေး ပုံစံဟာ ကိုနေ့ဆီမှာ ကြွေကိုကျနေတာ၊ ကိုနေ့ ခူးဆွတ်ခံဖို့ အရမ်းကို အဆင်သင့် ရှိနေတာ၊ ဒါကို သတိတော့ပေးပေမယ့် လုံးဝ စာသင်မပေးရဘူးလို့ တားရင် သဘောထားသေးရာကျမှာစိုးလို့ သဝန်တိုရာ ကျမှာစိုးလို့ သူ့ကို မယုံကြည်ရာလည်းကျမှာစိုးလို့ အန်တီက အတင်းအကျပ် မတားမြစ်ခဲ့မိဘူး"

ငွေစင်က ဒေါ်ခင်စောသိုက်ကို ငေးကြည့်နေပါသည်။ ဒေါ်ခင်စောသိုက်က ခပ်ဆွေးဆွေးငေးရီရင်း ...

"ကောင်မလေးခမျာလည်း ဝဋ်ကြွေးပါလေ၊ ကိုနေ့အတန်းတွေ လိုက်တက်၊ တစ်ဖက်သတ် တအားကိုကြိုက်ရှာတာ၊ ကိုနေ့မှာ ချစ်သူရှိမှန်းသိသိနဲ့လည်း ကြိုက်ကိုကြိုက်တာ၊ ကျူရှင်သဘောစာသင်ပေးဖို့ကို လူနိုင်နဲ့ကိုင်ပြီး အတင်းအကျပ် ကြိုးစားခဲ့တာ၊ နောက်ဆုံးတော့ ကိုနေက သင်ပေးဖြစ်သွားတယ်"

ဇာတ်ကြောင်းကို စိတ်ဝင်စားလှတဲ့ ငွေစင်သည် မျက်တောင်ပင်မခတ်မိ။

"ကောင်မလေးကိုလည်း တစ်ဖက်သတ် သိပ်ချစ်တဲ့သူငယ်ချင်း ကောင်လေးတစ်ယောက်က ရှိတယ်၊ ကောင်မလေးက







www.burmeseclassic.com

www.burmeseclassic.com



တော့ အဲဒီသူငယ်ချင်းကောင်လေးအပေါ် ခါးခါးသီးသီးပဲ၊ သူ့ကိုတော့ ပစ်ပစ်ခါခါနဲ့ အသက်ကြီးကြီး လူတစ်ယောက်ကိုတော့ လိုက်ချစ်နေတဲ့ ကောင်မလေးအပေါ် ကောင်လေးက မခံချင်စိတ်နဲ့ အရယူလိုက်တာပါ"

"ဟင် !... ဒါကို ကောင်မလေးက !!..."

"ဝဋ်ကြီးတယ်ဆိုတာ အဲဒါကိုပြောတာပဲ၊ ကိုယ်ဝန်ရှိသွားတာတောင် ဟိုကောင်လေးကို သူက လက်မထပ်ဘူး၊ သူ့အိမ်က သိသွားပြီး ဘယ်သူလဲလို့ စစ်မေးတော့ ကိုနေလို့ သူက မျက်စိစုံမှိတ် ညာလိုက်တာ၊ သူ့အိမ်က ကိုနေ့ကို လိုက်တွေ့တယ်၊ ကိုနေက ငြင်းလည်းငြင်း တာဝန်မယူနိုင်ဘူးလည်းပြောတော့ သူ့အိမ်က ကိုနေ့ကို တရားစွဲတဲ့အထိ ဖြစ်ခဲ့ကြတာပဲ၊ ပြဿနာကြီးကျယ်သွားတာပေါ့ ...

ကောင်မလေးက ကိုနေ့ကို သူ့ကို လက်ထပ်ပါလို့ ငိုငိုပြီးတောင်းပန်တယ်၊ တော်တော်အချစ်ကြီးတယ်ပဲပြောရမလား၊ ဆိုက်ကိုတစ်မျိုးမျိုးလား မှတ်ချက်မချတတ်တော့ပါဘူး၊ ဟိုကောင်လေးကလည်း အဲဒီအချိန်က ဘာဝင့်လုပ်လို့လုပ်ရမှန်းကို မသိဘူးတဲ့၊ သူချစ်တဲ့ကောင်မလေးက ထောင်ချောက်ဆင်ထားတဲ့အမှုကို သူကပဲ ကဖျက်ယဖျက်လုပ်ရမှာလား၊ ဘာလားပေါ့၊ ကောင်မလေးနဲ့လည်း ရန်တွေဖြစ် ...





တရားရုံးက စစ်ဆေးတော့လည်း အဖြစ်အပျက်တွေကို တစ်ခါပြောတစ်မျိုး၊ ယုတ္တိသိပ်မရှိတာမျိုး ဘာသက်သေမှလဲ မပြနိုင်ဖြစ်နေတော့ မခိုင်လုံဘူးဆိုပြီး ကိုနေကွင်းလုံးကျွတ် လွတ်ခဲ့ပါတယ်၊ ကိုနေက အသရေဖျက်မှုနဲ့ တစ်ခါပြန်ပြီးစွဲခဲ့တယ်၊ အပြစ်မခံရပေမယ့် အမှုက ဟိုးလေးတကျော်ဖြစ်လွန်းတော့ အန်တီ့ဆွေမျိုးမိဘတွေက လုံးဝသဘောမတူတော့ဘူး၊ အတင်းခွဲကြ ဖြတ်ကြတယ် ...

အန်တီလည်း တွေဝေခဲ့ပါတယ်၊ ဘဝမှာ တစ်ခါမှ စိတ်ကူးထဲမထည့်ခဲ့ဖူးတဲ့ ပြဿနာကြီး ကြုံရတော့ တအား Depression ရခဲ့တယ်၊ ပတ်ဝန်းကျင်ကလည်း ယုံသူတစ်ဝက်၊ မယုံသူတစ်ဝက်လေ၊ ပတ်ဝန်းကျင်ကို ရင်ဆိုင် ရင်ကော့ပြီး ကိုနေ့ကို ပြန်လက်တွဲရဲလားလို့ ကိုယ့်ကိုယ်ကိုယ်ဆန်းစစ်တဲ့အခါ အန်တီ သတ္တိနည်းခဲ့တယ် ...

ကိုနေကသာ ဇွတ်ပြန်တောင်းပန်ချဉ်းကပ်ရင်တော့ စိတ်ယိုင်ကျသွားမှာပါ၊ ကိုနေ့ခမျာ သိပ်အရှက်လွန်သွားတော့ အားလုံးကို အဆက်ဖြတ်ထားတာ၊ အန်တီ့ကိုလည်း လာကိုမဆက်သွယ်ဘူး"

"ဟိုအစ်မကြီးက ဘယ်လိုသေသွားတာလဲဟင်"

"ကိုနေ့ကို လာတောင်းပန်တယ်၊ သူ ချစ်လွန်းလို့ ကြံမိကြံရာ ကြံမိပါတယ်ဆိုတာ လာဝန်ခံတယ်တဲ့၊ အဲလိုနိမ်



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ဖို့ကိုလည်း သူနဲ့ တကယ်ဖြစ်ခဲ့တဲ့ ကာယကံရှင် ကောင်လေးက တိုက်တွန်းနားချတာပါ၊ ပြီးရင် သူတို့နှစ်ယောက် လက်ထပ်ကြတော့မှာ၊ ဖြစ်ချင်တော့ ကိုနေက အဲဒီနေ့က ကျောင်းကို ကွားပါမလာဘူး၊ ကျောင်းကိုလာတာကလည်း နှုတ်ထွက်စာ လာတင်တာ ...

ကောင်မလေးက ဝန်ခံတောင်းပန်ပြီ၊ လက်လည်း ထပ်တော့မယ်ဆိုတော့ ကိုနေလည်း စိတ်လျှော့လိုက်တဲ့ပုံရပါတယ်၊ ကောင်မလေး ကားပေါ် ကိုနေပါသွားတာဟာ သူ့အိမ်ကို ကောင်မလေးက ပြန်ပို့မှာပဲဖြစ်မယ်လို့ အန်တီယူဆတယ်၊ ကားမှောက်တာဟာ သူ့အိမ်ကိုသွားမယ့်လမ်းပေါ်မှာပဲလေ၊ ကောင်မလေးဟာ စိတ်တွေပူလောင်နေမှာပေါ့လေ၊ ကားတိုက်မိမလိုဖြစ်တာကို ရှောင်ရင်း ကားမှောက်သွားခဲ့တာ၊ သူ့ခမျာတော့ ပွဲချင်းပြီးဆုံးရှာတယ်"

"ဦး မောင်းတာ မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး၊ ဒါပေမဲ့ ဒီသတင်းကြားပြန်တော့ လူတွေက သေချာမသိဘဲ ကောလာဟလလောက် ကြားရုံနဲ့ ကိုယ်ထင်ရာ ဇာတ်လမ်းဆင်ပြောကြပြန်ရော၊ ကိုနေက အမှုမပေါ်အောင် ကောင်မလေးကိုတောင် ကားမှောက်ပြီးပဲ သတ်ပစ်သလိုလို၊ ဒီအထိတောင် သံသယဝင်ခံရတော့ ကိုနေဟာ အမှုကိစ္စတွေ ရှင်းလင်းကတည်းက အသိုင်းအဝိုင်းနဲ့ဝေး



ရာကို ထွက်သွားတော့တာ၊ သူ့အမေလည်း ဒီကြားထဲမှာပဲ ဆုံးခဲ့ရတာလေ ...

ကောင်မလေးရဲ့ ယေသူငယ်ချင်း ကောင်လေးဟာ လွန်ခဲ့တဲ့ ငါးနှစ်လောက်က အင်္ဂလန်ကို ရောက်လာတယ်၊ သူက အန်တီ့ကို သိထားနှင့်တော့ ဟိုမှာ မိတ်ဆက်ရင်း နှုတ်ဆက်ရင်း ခင်လာတယ်ပေါ့လေ၊ သူ ပြောပြလို့ ကားမှောက်တဲ့နေ့ရဲ့ နောက်ဆက်တွဲလေးကို အန်တီ သိရတာပါ၊ သူလည်း ခုထိ လူပျိုကြီး၊ အချစ်ကြီးတဲ့သူလေးပါပဲ"

ငွေစင်သည် မအောင့်ထိန်းနိုင်ဘဲ ...

"အန်တီ ... အန်တီလည်း ဦးကို ယုံကြည်တဲ့သူပဲ၊ အဖြစ်မှန်တွေလည်း အကုန်သိတာပဲ၊ ခုချိန်မှာ ဦးဆီကို ပြန်သွားဖို့ မစဉ်းစားတော့ဘူးလားဟင်၊ ဦးဘဝက အရမ်းခြောက်ကပ်လွန်းပါတယ် အန်တီ၊ ပတ်ဝန်းကျင်က ရိုက်ခတ်တဲ့ဒဏ်ကို ခုထိခံရတုန်းဖြစ်ပြီး သိပ်သနားဖို့ကောင်းပါတယ်"

မဆီမဆိုင် စွက်စွက်ဖက်ဖက် ဝင်ပြောရာကျလည်းကျ။ စိတ်ဆိုးလည်း တောင်းပန်လိုက်မည်။ ကိုယ်က ကလေးသာသာပဲ။

"အန်တီရော ကိုနေရော တစ်ယောက်တည်း အထီးကျန်ကျန်နေကြခြင်းမှာ နေသားကျနေပါပြီ သမီး၊ နေတတ်နေပြီပါပြီ၊ ခုနေ အန်တီတို့ချင်း ပြန်ဆက်သွယ်ရင် ဟိုအရွယ်ကိုစ

www.burmeseclassic.com

www.burmeseclassic.com



တွေကို တစ်ခါပြန်ပြီး ပတ်ဝန်းကျင်က ချေးခြောက်ရေနှုး ကြဦးမှာ၊ စိတ်ထင်ရာဝေဖန် မှတ်ချက်ချကြဦးမှာ၊ အဲဒီ ရိုက်ခတ်မှုဒဏ်ကို အန်တီ မခံချင်တော့ဘူးကွယ်၊ အန်တီ က ချစ်သူကို အသည်းနင့်အောင် ချစ်တတ်ပေမယ့် ပတ်ဝန်းကျင်ကို ရင်ဆိုင်ရဲတဲ့သတ္တိ နည်းတဲ့သူတစ်ယောက်ပါ"

ဒီလိုကြီး ဆုံးဖြတ်တာ မှန်ပါ့မလား။ သူတို့အသက် တွေလည်း ငါးဆယ်နားတောင်နီးကပ်ကြပြီ။ ကိုယ့်ဘဝရဲ့ဆည်းဆာ ချိန် နေဝင်ချိန်တွေကို ချစ်သူ့ရင်ခွင်မှာ ခွန်အားရှိရှိလေး မှေးမှိ ကျော်ဖြတ်ခြင်း မပြုလိုဘူးလား။ ငွေစင့် ရင်ထဲ အားမလိုအားမရ နှင့် တစိမ့်စိမ့် တသိမ့်သိမ့် အသည်းတွေ ယားနေပေမယ့်လည်း ခုမှ မြင်ဖူးတဲ့သူတစ်ယောက်အပေါ် ဒီထက်ပို၍ စွက်ဖက်မပြော ရဲတော့ပါ။

ထိုနေ့က မပြန်ခင် ငွေစင်သည် ...

"အန်တီနဲ့သမီး အမှတ်တရ ဓာတ်ပုံတစ်ပုံလောက် ရိုက် ပါရစေ"

ဒေါ်ခင်စောသိက်ထံ တောင်းဆိုလိုက်ပါသည်။ အလှူ မွဲမှာ ရိုက်ပေးနေတဲ့ ဓာတ်ပုံဆရာကလည်း အသင့်။ ကိုသဝဏ်က အတူတူတွဲကပ်ယှဉ်ပြီး ဝင်ပါမည်ပြုတာကိုပင် ငွေစင်က အပါမခံ။ နှစ်ယောက်တည်း ရိုက်ချင်လို့ပါလို့ တောင်းဆိုပြီး နှစ်ယောက် တည်း ရိုက်ဖြစ်ခဲ့ပါသည်။



BURMESE CLASSIC .com



အဲဒီပုံကို ကိုသဝဏ် အိမ်လာပို့ပေးတဲ့ နေ့မှာပဲ ငွေစင်က စာအိတ်ထဲထည့်ပြီး ဦးရဲ့ လိပ်စာတပ်ကာ စာတိုက်မှ တစ်ဆင့် သွားထည့်ပို့လိုက်ပါလေသည်။

"ဦးရေ ...

သမီး ပို့လိုက်တဲ့လက်ဆောင်ဟာ ဦးအတွက် တန်ဖိုး မဖြတ်နိုင်စရာ ကျေနပ်စရာ လက်ဆောင်တစ်ခုဖြစ်လိမ့် မယ်လို့ သမီး မျှော်လင့်ပါတယ်။ အန်တီ ဒေါ်ခင်စောသိက် ဟာ ခုချိန်ထိ သူ့ချစ်သူအပေါ် ယုံကြည်မှု၊ မြတ်နိုးမှု၊ သစ္စာရှိမှု၊ အချစ်ကြီးမှုတို့ကို ရင်နဲ့အပြည့် တွေးပိုက်ထား ဆဲပါ။ ဦးနှစ်သိမ့်ကျေနပ်နိုင်ပါစေ။

သမီး

ငွေစင်"

* ❤ *

အောင်စာရင်းကို တိုးကြည့်ပြီး ကျပ်ညပ်နေတဲ့ လူ အုပ်ကြားထဲက တိုးထွက်လာခဲ့တဲ့ ငွေစင့် မျက်နှာပေါ်က အပြုံးက လေးသည် မလှမ်းမကမ်းမှာ တွေ့လိုက်ရတဲ့ ကားတစ်စီးကိုအမြင် မှာ တန့်ခနဲရပ်ကာ ဝမ်းပန်းတနည်း ဆို့နင့်သွားခဲ့ရပါသည်။ ဦး ...။ ဦး အောင်စာရင်း လာကြည့်တာလား။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းဝမ်းသာ ရင်မှာတုန်လှုပ်ရင်း မျက်ရည်ကြည်တွေ မျက်ဝန်းအိမ်ထဲ ပြည့်လျှံခဲ့ရတဲ့ ငွေစင့်ကို ကားပေါ်မှ ဦးနေမဝင်က ပြည့်ပြည့်ဝဝကြီး တစ်ချက်ပြုံးပြကာ လက်မတစ်ချောင်းကို ဆတ်ခနဲ မြှောက်ထောင်ပြခဲ့ရင်း ကားကို မောင်းထွက်သွားခဲ့ပါတော့သည်။

ဆုတစ်ခုလောက် တောင်းခွင့်ရှိခဲ့ရင်တော့ ငွေစင်က ဆုတောင်းချင်သည်။ ဘဝတစ်လျှောက်မှာ သိသိနှင့်ဖြစ်စေ မသိလို့ဖြစ်စေ အမှတ်မထင် ပြုမူမိတဲ့ ကိုယ့်အပြုအမူကြောင့် လူတစ်ဖက်သားရဲ့ သန့်စင်တဲ့ အဖြူရောင်ကို စွန်းထင်းညစ်နွမ်းသွားစေခြင်းမျိုး ဘယ်သောအခါမှ မပြုမိရပါစေနဲ့လို့ပင်။

BURMESE CLASSIC .com

* ❤ *

လမင်းမိုမို

www.burmeseclassic.com